
ကျော်ဝင်း



# သူတို့အမြင်
# သူတို့အပြော

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။"

## ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- ✱ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်စီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေ မှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✱ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာရေးကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၁၂၀/ ၂၀၀၄ (၁၁) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၁၂၈/ ၂၀၀၄ (၁၂) |
| ပုံနှိပ်ခြင်း | ပထမအကြိမ် (ဒီဇင်ဘာ၊ ၂၀၀၄) |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ) |
| | ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့၊မင်္ဂလာဒုံ။ |
| ပုံနှိပ်သူ | ဒေါ်ခင်အေးမြင့် |
| | ရာပြည့်ပုံနှိပ်တိုက်၊ အမှတ် (၁၉၉)၊ |
| | လမ်း(၅၀)၊ ပုဇွန်တောင်မြို့နယ်၊ |
| | ရန်ကုန်မြို့။ |
| မျက်နှာဖုံးသရုပ်ဖော် | မျိုးမြင့်ဝင်း |
| တန်ဖိုး | ၉၀၀ ကျပ် |

ကျော်ဝင်း

# သူတို့အမြင်သူတို့အပြော

**ပန်းသက်တံစာပေ**

အမှတ်(၁၃)၊ (၁)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

# သူတို့အမြင်

## OPINION

ပီတာအက်(ဖ)ဒရပ်ကာ

ရှီမွန်ပီရက်

အယ်(လ)ဗင်းတော်ဖလာ

ကိုဖီအာနန်

ဂျင်မီကာတာ

ကာလပ်ရှဝက်

ကီရှိုးမာဘူဘာနီ

ဂျိုးဇက်စတစ်ဂလစ်

နီး(လ)ဖာဂူဆန်

ပန်းသက်တံစာပေ

မာတိကာ

ဤစာစုနှင့်ပတ်သက်၍ . . .

**သူတို့အမြင် (OPINION)**


၁။ အရင်းလွှန် လူ့အဖွဲ့အစည်း

၂။ မုဆိုးရာသီကုန်တော့မည်

၃။ လူချမ်းသာများ တော်လှန်ရေး

၄။ ငြိမ်းခြောက်မှု အပျော့အမာနှင့်
လုံခြုံစိတ်ချရသောကမ္ဘာ

၅။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေး

၆။ သမုဟ ကမ္ဘာ့ စီမံချက်

၇။ မြို့နေပြီ၊ မြင်ကြစို့

၈။ အာရှခေတ်ဆန်းချိန်

၉။ အီရတ်ကန်ကွန်ဓာတ်လမ်းမဆုံး

၁၀။ အမေရိကန် တာဝန်နေတာ


**သူတို့အပြော (INTERVIEW)**


၁၁။ အမေရိကန် လူထုအသံ

၁၂။ ကုလသမဂ္ဂသည်သာလျှင် အဘယ်ကြောင့်

၁၃။ ပထဝီနိုင်ငံရေးအဆုံး၊ ယဉ်ကျေးမှုနိုင်ငံရေးအစ

၁၄။ သမိုင်းနိဂုံးသို့ မျှော်ကြည့်ခြင်း

၁၅။ ကော့စမိုပိုလီတန်စကားဝိုင်း

၁၆။ ပေါ့ပျက်ပျက် မကွာရာဗီလီ

၁၇။ အဒမ်စမစ်မှန်တယ်

၁၈။ ဒုတိယအတွက်ကို ရှာဖွေခြင်း

***စာအုပ်အညွှန်း (BOOK REVIEW)***

၁၉။ သမိုင်းနိဂုံးဖြည့်စွက်ချက်

၂၀။ ဖွံ့ဖြိုးရေးကွန်ခြာ

ဤစာစုနှင့်ပတ်သက်၍. . .

* ပီတာအက်(ဖ)ဒရပ်ကာ

ဆယ်မျူရယ်ဟန်တင်တန်

ဖရန်ဆစ်ဖူကူယားမား

အူးရစ်(ချ)ဘက်(ခ)

အယ်(လ)ဗင်းတော်ဖလာ

. . . စသော ကမ္ဘာ့သိပ္ပညာရှင်များ

* ကိုဖီအာနန်

ရှီမွန်ပီရက်

ဂျင်မီကာတာ

မိုက်ကယ်မန်လေ

ကီရှီးမာဘူဘာနီ

. . . စသော ကမ္ဘာ့သိခေါင်းဆောင်များ၏ သဘော

ထား အမြင်များကို စုစည်း တင်ပြထားပါသည်။

ပန်းသက်တံစာပေ

# ပီတာအက်(ဖ)ဒရပ်ကာ

## အရင်းလွန် လူ့အဖွဲ့အစည်း

*ယခုစာစုမှာ "ပီတာအက်(ဖ)ဒရပ်ကာ" (Peter. F. Drucker) ၏ ၁၉၉၄ ခုနှစ်ထုတ်စာအုပ် "အရင်းလွန် လူ့အဖွဲ့အစည်း (Post Capitalist Society) မှ ဖြစ်သည်။ စာအုပ်တစ်ခုလုံး၏ ဆိုလိုချက်ကို ငုံမိစေသည်ဟု ယူဆရသော နိဒါန်းပိုင်း "အပြောင်းအလဲ" (The Transformation) ကို ၇၅ အခြေခံ၍ "ဒရပ်ကာ" ၏ အခြားစာအုပ်များမှ ထုတ်နုတ်ဘာသာပြန် မိတ်ဆက်လိုက်ခြင်း ဖြစ်ပါသည်။*

ပန်းသက်တံစာပေ

## နိဒါန်း

အနောက်တိုင်း၏သမိုင်းကို အကြမ်းဖျင်းကြည့်လိုက်လျှင်ပင် ရာစုအနည်းငယ်မျှကြာပြီးတိုင်း ကြီးမားနက်ရှိုင်းသည့် အပြောင်းအလဲများနှင့် ကြုံတွေ့ရလေ့ရှိသည်ကို သတိပြုနိုင်ပါသည်။ ဤသို့ပြောင်းလဲသည့်အခါတိုင်း လူ့အဖွဲ့အစည်းတစ်ရပ်၏ လောကအမြင် အခြေခံတန်ဖိုးများ၊ လူမှုရေးနှင့် နိုင်ငံရေးအဆောက်အအုံ၊ ယဉ်ကျေးမှုအနုပညာနှင့် အဓိကကျသော အဖွဲ့အစည်းများ အားလုံးကို ဆယ်စုအနည်းငယ်အတွင်းမှာပင် အသစ်ပြန်လည်စုစည်းပုံဖော်လေ့ရှိကြသည်။ ဤသို့ဖြင့် နှစ်ပေါင်း (၅၀)မျှ ကြာသွားသောအခါ အဟောင်းနှင့် ဘာမှမဆိုင်တော့သော လောကသစ်တစ်ရပ် ပေါ်ထွက်လာရတော့သည်။ ဤတွင် အခြေအနေသစ်၊ လောကသစ်တွင် လူဖြစ်လာရသော မျိုးဆက်သစ်လူငယ်များ အနေနှင့် မိမိတို့ မိဘများမွေးဖွားပြီး ကြီးပြင်းခဲ့ရာ မိမိတို့အဘိုးအဘွားများ ဖြတ်သန်းခဲ့ရာ ခေတ်ဟောင်း၊ လောကဟောင်းကို စိတ်ကူးမျှနှင့်ပင် မှန်းဆမရတော့လောက်အောင် အဆက်ပြတ်သွားရတော့သည်။

မျက်မှောက်ခေတ်ပြိုင်ကမ္ဘာတွင် ဤကဲ့သို့သော အပြောင်းအလဲကြီးတစ်ခု အရှိန်အဟုန်နှင့် ဖြစ်ပေါ်လျက်ရှိနေပေပြီ။ စင်စစ် ကျွန်တော်တို့ အားလုံးမှာ ဆိုခဲ့ပါ အပြောင်းအလဲ ဖြစ်စဉ်ကြီးကို ဖြတ်သန်းနေသူများ ဖြစ်သည်။ ဤဖြစ်စဉ်ကြီးကို ဖြတ်သန်းရင်းမှပင် ကျွန်တော်တို့သိထားသော အရင်းရှင်စနစ်ဆိုသည့်ကြီးကို သမိုင်းထဲတွင် ချန်ထားခဲ့ရပေတော့မည်။ ကျွန်တော်တို့ အားလုံးရှေးရှုပုံဖော်နေကြသည်မှာ အရင်းလွန်လူ့အဖွဲ့အစည်း တစ်ရပ်ပင် ဖြစ်တော့သည်။

## မှတ်တိုင်များ

လက်လှမ်းမီသလောက် သမိုင်းကို ပြန်ကြည့်လိုက်သောအခါ ဤကဲ့သို့သော အပြောင်းအလဲမျိုးကို (၁၃) ရာစုက တစ်ကြိမ်ကြုံခဲ့ရသည်။ ထိုစဉ်က ဥရောပလူ့အဖွဲ့အစည်းအများစုမှာ အသစ်ဖြစ်ထွန်းလာသော ''မြို့ကြီးများ'' (Cities) တွင် ဗဟိုပြု စုစည်းလာကြသည်။ ''ကုန်သည်များနှင့် လက်မှုပညာသည်များ၏ အစည်းအရုံးများ'' (guilds) မြို့အရပ်မှာပင် အခြေတည် ပေါ်ထွက်လာပြီး အဓိကလွှမ်းမိုးသော လူမှုအင်အားစု ဖြစ်လာသည်။ စီးပွားရေးဘက်တွင် ''ရပ်ဝေးမြေခြား ကုန်သွယ်ရေး'' (Long distance trade) ပြန်လည် စန်းပွင့်လာသည်။

ပန်းချီ၊ ပန်းပုနှင့်ဗိသုကာမှုတွင်လည်း ပုံသဏ္ဌာန်သစ်၊ ဟန်သစ်တို့ ဖွံ့ဖြိုးလာခဲ့သည်။ ပညာရေးဘဝတွင် ကျေးလက်ဘုန်းတော်ကြီးကျောင်းများနေရာသို့ မြို့ပြဒေသ၏ ကနဦးတက္ကသိုလ်များက ဝင်ရောက်နေရာယူစ ပြုလာသည်။ ဘာသာရေး ဖနှင့် ယဉ်ကျေးမှုဘက်တွင် 'စိန့်ဒိုမိနစ်' ၏ နောက်လိုက်များဖြစ်သော 'ဒိုမစ်နင်ကင်ဂိုဏ်း' နှင့် 'စိန့်ဖရန်စစ်'၏ နောက်လိုက်များ ဖြစ်သော 'ဖရန်စစ်စကင်ဂိုဏ်း' တို့ အပြိုင်ပေါ်ထွက်လာကြသည်။ ဘာသာစကား ဘက်မှဆိုလျှင် 'လက်တင်' ဘာသာမှ ဒေသန္တရဘာသာစကား အသီးသီးသို့ ရွေ့သွားပြီး စာပေအနုပညာဘက်မှပြောရလျှင် 'ဒန်တီ'၏ ခေတ်ဟု ဆိုနိုင်ပါလိမ့်မည်။

ဤသို့ဖြင့် နှစ်ပေါင်း (၂၀၀)မျှ ကြာသွားသောအခါ နောက်ထပ် အပြောင်းအလဲကြီးတစ်ရပ်နှင့် ကြုံလိုက်ရပြန်ပါသည်။ 'ဂူတင်ဘတ်' ပုံနှိပ်စက် တီထွင်လိုက်သော (၁၄၅၅) ခုနှစ်နှင့် မာတင်လူသာ၏ ပရိုတက်စတင့် လှုပ်ရှားမှုကာလ (၁၅၁၇) ကြား နှစ်ပေါင်း (၆၀) ကျော်ကျော် ဖြစ်သည်။ (၁၄၇၀) နှင့် (၁၅၀၀) ပြည့်နှစ်ကြားတွင် 'ဖလောရင့်' နှင့် 'ဗင်းနစ်' မြို့များ၌ အထွတ်အထိပ် ရောက်လာသော ပြန်လည်ဆန်းသစ်ရေး ကာလလည်းဖြစ်ပါသည်။ ရှေးဟောင်းယဉ်ကျေးမှု အနုပညာများကို ပြန်လည်ဖော်ထုတ်ခြင်း၊ အမေရိကတိုက်ကို ရှာဖွေတွေ့ရှိခြင်း၊ ရောမခေါ်ဘဏ်တပ်ကြီးများနောက်ပိုင်း ပထမဆုံး အမြဲတမ်းစစ်တပ်အဖြစ် စပိန်ခြေလျင်တပ်ဖွဲ့ ပေါ်ပေါက်လာခြင်း၊ အာရေဗျကိန်းဂဏန်းများကို အခြေခံ၍ သင်္ချာပညာ ပေါ်ထွန်းလာခြင်း စသည်တို့မှာ ထင်ရှားသော မှတ်တိုင်များ ဖြစ်ပါသည်။ သို့ဖြင့် (၁၅၂၀) လွန်သည်နှင့် အလယ်ခေတ်ကြီး တစ်ခုလုံးကို ကျော်နိုင်းလိုက်သည့် ခေတ်သစ်တစ်ခု အစပြုလာခဲ့တော့သည်။

နောက်တစ်ကြိမ် အပြောင်းအလဲကို (၁၇၇၆) ခုနှစ်က မွေးထုတ်ပေး လိုက်သည်ဟု ဆိုနိုင်ပါလိမ့်မည်။ ဤနှစ်မှာပင် အမေရိကန် လွတ်မြောက်ရေးစစ်ပွဲ ပေါ်ထွက်လာခဲ့သလို ဂျိမ်းဝပ်၏ ရေနွေးငွေ့အင်ဂျင်လည်း စတင်လည်ပတ်ခဲ့သည်။ ထို့ထက် 'အဒမ်စမစ်'၏ ''နိုင်ငံများ၏ ဓန'' (wealth of Nations) မှာလည်း ဤနှစ်မှာပင် ထွက်လာခဲ့သည်။ ဤမျှ အရေးကြီးသော (၁၇၇၆)မှ စတင်ခဲ့သော အပြောင်းအလဲကြီးမှာ နှစ်ပေါင်း (၄၀) မျှ ကြာမြင့်ခဲ့ပြီး 'ဝါတာလူးစစ်ပွဲ' ရောက်မှ ဆုံးခန်းတိုင်သွားခဲ့သည်။ ဤ နှစ်ပေါင်း (၄၀) ကာလအတွင်း စက်မှုတော်လှန်ရေးကြီး ပေါ်ထွက်လာခဲ့သလို ပထမဆုံး ခေတ်သစ်တက္ကသိုလ်များလည်း ပေါ်ပေါက်

လာခဲ့သည်။ အရင်းရှင်စနစ်၊ ကွန်မြူနစ်စနစ် စသောခေတ်သစ် အိုင်ဒီအိုလိုဂျီများ၏ မြစ်ဖျားခံရာမှာလည်း ဤဆယ်စုများပင်ဖြစ်သည်။ ပြောရလျှင် ခေတ်သစ် ဥရောပ ယဉ်ကျေးမှုကို အပီအပြင်ပုံဖော်ခဲ့သော အပြောင်းအလဲကြီး ဖြစ်ပါသည်။ ဤသို့ဖြင့် ၁၈၂၀ နောက်ပိုင်းမှစ၍ ''ခေတ်သစ် အရင်းရှင် စနစ်'' ဆိုသော အခင်းအကျင်း သစ်တစ်ခု ဖြစ်တည်လာရတော့သည်။

နောက်ထပ် နှစ်ပေါင်းနှစ်ရာအကြာ ကျွန်တော်တို့ခေတ်သို့ ရောက်သော အခါတွင် နောက်ထပ် အပြောင်းအလဲကြီးတစ်ခုနှင့် ဒုတ်ဒုတ်ထိ ရင်ဆိုင်နေရပေပြီ၊ ဤအကြိမ်တွင်တော့ အပြောင်းအလဲ၏ 'ခွင်' မှာ၊ အနောက်တိုင်း လူ့အဖွဲ့အစည်း အတွင်းမှာပင် ကန့်သတ်ထား၍ မရတော့ပါ။ သမိုင်းရေစီးသည် အနောက်ကို ကျော်၍ ကမ္ဘာလုံးအတိုင်းအတာသို့ ရောက်ရှိလာပြီဖြစ်ပါသည်။ လက်ရှိအပြောင်း အလဲ၏မူလအစကို သတ်မှတ်ရာတွင်လည်း မတူသောအဆိုပြုချက် အမျိုးမျိုး ရှိနိုင်သည်။ အချို့က အနောက်မဟုတ်သော နိုင်ငံတစ်ခုဖြစ်သည့် ဂျပန်နိုင်ငံ စီးပွားရေးအင်အားကြီး ဖြစ်လာသော (၁၉၆၀) တစ်ဝိုက်ဟု ယူဆကြသည်။ အချို့ကလည်း အင်ဖော်မေးရှင်းကို ဗဟိုအချက်အချာနေရာသို့ ပို့လိုက်သော ကွန်ပျူတာကို အမှတ်ပေးကြသည်များရှိသည်။ ကျွန်တော်၏ သီးခြားအယူအဆ အရဆိုလျှင် ဒုတိယကမ္ဘာစစ်ကြီးအပြီး ထွက်ပေါ်လာသော ''အမေရိကန် စစ်မှု ထမ်းများရပိုင်ခွင့်ဥပဒေ''(American G .I Bill of Kights) ကိုလည်း ထည့်သွင်း စဉ်းစားဖို့ လိုမည်ထင်သည်။ ဤဥပဒေအရ အမေရိကန်စစ်မှုထမ်းများကို တက္ကသိုလ်ပညာ သင်ကြားခွင့်ရရန် ငွေကြေးထောက်ပံ့ရမည် ဖြစ်သည်။ ဤအချက်က ပညာလူ့အဖွဲ့အစည်းသို့ ဦးတည်လှည့်ပြောင်းသွားစေနိုင်သည့် အစပြုချက်ဟု ယူဆနိုင်မည်ထင်သည်။

အကယ်၍ သမိုင်းကိုသာ လမ်းပြမြေပုံအဖြစ် အသုံးပြုနိုင်မည်ဆိုလျှင် လက်ရှိအပြောင်းအလဲမှာ ခရစ်နှစ် (၂၀၀၀) သို့မဟုတ် (၂၀၂၀) လောက်ထိ ခရီးဆက်ဦးမည့် အလားအလာရှိသည်၊ သို့နှင့်တိုင် ကမ္ဘာကြီး၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အပြောင်းအလဲများကိုမူ ယခုပင် မျက်မှောက်ပြုနေရပြီ ဖြစ်ပါသည်။ ပြောရလျှင် ကျွန်တော်တို့တတွေမှာ အပြောင်းအလဲ ဖြစ်စဉ်ကြီး တစ်ခု၏ ခရီး တစ်ဝက်တွင် ရောက်ရှိနေပြီဟု ဆိုနိုင်ပါလိမ့်မည်။

## ပုံပျက်လာသော အရင်းရှင်စနစ်

လွန်ခဲ့သော ဆယ်စုအနည်းငယ်သာဆိုလျှင် 'အရင်းလွန် လူ့အဖွဲ့အစည်း' ဟု ဆိုလိုက်သည်နှင့် မာက်ဝါဒက ရည်ညွှန်းဖော်ထုတ်ခဲ့သော ဆိုရှယ်လစ်စနစ်ဟု အများစုက နားလည်ကြပါလိမ့်မည်။ ယခုအခါ မာက်ဝါဒ၏ ကံကြမ္မာကို သမိုင်းက သက်သေပြခဲ့ပြီးဖြစ်ပါသည်။ သို့နှင့်တိုင် အရင်းရှင်စနစ် ကိုယ်တိုင်သည်လည်း မယိမ်းမယိုင်ကျောက်စာတိုင်ကြီးနှယ် အပြောင်းအလဲမရှိ တည်တံ့နေခဲ့သည် မဟုတ်ပါ။ ဖွံ့ဖြိုးပြီးနိုင်ငံအများစု၏ တိုးတက်ဖြစ်ထွန်းမှုများမှာ အစဉ်အလာ အရင်းရှင်စနစ် နယ်ပယ်ကို သိသိသာသာ ကျော်လွန်ခဲ့ပြီ ဖြစ်ပါသည်။

အစဉ်အလာ အရင်းရှင်လူ့အဖွဲ့အစည်းကို လူမှုအလွှာနှစ်ခုက လွှမ်းမိုးထားသည်။ ကုန်ထုတ်အရင်းအနှီးများကို ပိုင်ဆိုင်ချုပ်ကိုင်ထားသော 'အရင်းရှင်' များနှင့် ကား(လ)မက်စ်က 'ပစ္စည်းမဲ့' ဟု ဝိဂြိုဟ်ပြုခဲ့သည့် အလုပ်သမားထုတို့ ဖြစ်သည်။ ကား(လ)မာက်စ် သက်ရှိထင်ရှား ရှိချိန်တွင် အလုပ်သမားထု၏ အခြေအနေမှာ လုပ်အားမှလွဲပြီး ဘာမှရောင်းစရာမရှိ၍ ပစ္စည်းမဲ့ဟု ဆိုနိုင်စရာရှိပါသည်။ သို့နှင့်တိုင် မာက်စ် ကွယ်လွန်သော (၁၈၈၃) နောက်ပိုင်း 'ကုန်ထုတ်သတ္တိ တော်လှန်ရေး' (Productivity Revolution) အကျိုးဆက်ကြောင့် တစ်စုံတစ်ရာ ချောင်လည်သော လူလတ်တန်းစားအဖြစ် ဖွံ့ဖြိုးလာခဲ့သည်။ ဤသို့ ဆက်လက် ဖွံ့ဖြိုးခဲ့ရာမှ စက်မှုနိုင်ငံအသီးသီးရှိ အလုပ်သမားထု၏ အခြေအနေမှာ ဒုတိယ ကမ္ဘာစစ်အပြီးတွင် အမြင့်ဆုံးအမှတ်သို့ ရောက်လာခဲ့တော့သည်။ သို့နှင့်အမျှ (၁၉၅၀) တစ်ဝိုက်ရောက်သောအခါ စက်မှုအလုပ်သမား လူတန်းစားမှာ ဖွံ့ဖြိုးပြီး နိုင်ငံများ၏နိုင်ငံရေးဘဝတွင် အရေးကြီးသော အင်အားစုတစ်ရပ် ဖြစ်လာခဲ့ပါသည်။ သို့သော် ၁၉၆၀ ဝန်းကျင် ''စီမံခန့်ခွဲမှု တော်လှန်ရေး'' (Management Revolution) အရှိန်ရလာခြင်းနှင့်အတူ ကော်လာပြာအလုပ်သမား၏ အနေအထားမှာ အရေအတွက်အရသော်လည်းကောင်း၊ အရေးပါမှုအရ သော်လည်း ကောင်း အကျဘက်သို့ ရောက်လာခဲ့ရသည်။ ခရစ်နှစ် (၂၀၀၀) အရောက်တွင် စက်မှုဖွံ့ဖြိုးပြီး နိုင်ငံအားလုံးရှိ ကော်လာပြာအလုပ်သမားဦးရေမှာ အလုပ်အင်အားစု တစ်ခုလုံး၏ ခြောက်ပုံတစ်ပုံ (သို့မဟုတ်) ရှစ်ပုံတစ်ပုံခန့်သာ ရှိတော့သည်။

အစဉ်အလာ အရင်းရှင်လူတန်းစား၏ ဖွံ့ဖြိုးမှု အမြင့်ဆုံးအမှတ်မှာ ထို့ ထက်ပင်စောသေးသည်ဟု ဆိုရပါလိမ့်မည်။ (၂၀)ရာစုဆန်းခါစ (အတိအကျ

ပြောရလျှင် ပထမကမ္ဘာစစ် အကြိုကာလ) ကပင် အစဉ်အလာ အရင်းရှင်တို့၏ ဘုန်းမီးနေလမှာ အကျဘက်သို့ရောက်လာခဲ့သည်။ ထိုအချိန်လောက်မှစ၍ အမေရိကန်မှ မော်ဂန်၊ ရော့ဖဲလား၊ ကာနက်ဂျီဖို(ဒ်) တို့လို၊ ဂျာမနီမှ ဆိုင်မင်၊ သိုင်ဆင်၊ ခရု(ပ)တို့လို ဗြိတိန်မှ ကုနတ်၊ လီဗာ၊ ဗစ်ကာ၊ အန်းစထရောင်းတို့လို အရာရာ ချုပ်ကိုင်ခြယ်လှယ်နိုင်သော အရင်းရှင်ဆို၍ မရှိတော့ပါ။ ဒုတိယကမ္ဘာစစ်အပြီး ကာလလောက်မှစ၍ အဆိုပါလက်ဝါးကြီးအုပ် အရင်းရှင်ကြီးများနေရာတွင် စီမံခန့်ခွဲမှု တော်လှန်ရေးက မွေးထုတ်လိုက်သော 'ပရော်ဖက်ရှင်နယ် မန်နေဂျာများ' က အစားဝင်လာခဲ့သည်။ ယခုအခါ မီဒီယာမျက်နှာစာများတွင် နေရာယူထားသော ခေတ်သစ်ဇောတိကများ မရှိမဟုတ် ရှိပါသည်။ သို့နှင့်တိုင် သူတို့တတွေမှာ ကုန်ထုတ်အရင်းအနှီးများကိုပိုင်ဆိုင်ထားသော အရင်းရှင်များမဟုတ်၊ အလွန်မြင့်မားသော လခနှင့်ဘောနတ်များရနေသည့်တိုင် ဝန်ထမ်းများသာဖြစ်သည်။ ကော်လာဖြူအလုပ်သမားများသာဖြစ်ပါသည်။

အထူးသဖြင့် အမေရိကန်ပြည်ထောင်စုမှာဆိုလျှင် တိုင်းပြည်၏ အရင်းအနှီးအများစုမှာ လက်ဝါးကြီးအုပ် အရင်းရှင်ကြီး တစ်ယောက်စ၊ နှစ်ယောက်စ၏ အိတ်ကပ်ထဲတွင်ရှိနေသည်မဟုတ်၊ စတော့ရှယ်ယာဈေးကွက်ထဲတွင် လည်ပတ်လျက်ရှိနေသည်။ ဤသို့ လည်ပတ်နေသော အရင်း၏ တစ်ဝက်ကျော်မှာလည်း ပင်စင်လစာငွေများသာဖြစ်နေသည်။ ဤပင်စင်ငွေ၏ တကယ့်ပိုင်ရှင်အစစ်မှာ အရင်းရှင်များမဟုတ်။ ဝန်ထမ်းများသာဖြစ်သည်။ မာက္ခ်ဝါဒ ဆိုလိုချက်အရ ဆိုရှယ်လစ် လက္ခဏာမှာ ကုန်ထုတ် အရင်းအနှီးများကို အလုပ်သမားထုက ပိုင်ရမည်ဟုဆိုလျှင် လက်ရှိကမ္ဘာပေါ်တွင် ဆိုရှယ်လစ်အကျဆုံးနိုင်ငံမှာ အရင်းရှင်ထိပ်သီး အမေရိကန်ဟူ၍ပင် ဆိုရတော့မလို ရှိတော့သည်။

ဤတွင် ပြောလိုသည်မှာ အစဉ်အလာ အရင်းရှင်စနစ်၏ အဓိက အင်အားစုနှစ်ရပ်ဖြစ်သော အလုပ်သမား (ကော်လာပြာ အလုပ်သမား) သည်လည်းကောင်း၊ အရင်းရှင် (ကုန်ထုတ်အရင်းအနှီးပိုင်ရှင်) သည်လည်းကောင်း၊ မိမိတို့၏ မူလအနေအထားမှ ယုတ်လျော့ကျဆင်းနေပြီ ဆိုသည့်အချက် ဖြစ်ပါသည်။ သူတို့နေရာတွင် အစားထိုးဝင်လာပြီး ရှေ့တန်းသို့ တဖြည်းဖြည်း တက်လာကြသူများမှာ ပညာဖြင့် အသက်မွေးသော ''ပညာအလုပ်သမား'' (Knowledge worker) နှင့် ''ဝန်ဆောင်မှုအလုပ်သမား'' (Service worker) တို့ပင် ဖြစ်တော့သည်။

## စိန်ခေါ်ချက်များ

အရင်းလွှန် လူ့အဖွဲ့အစည်းသို့ စတင်ရွေ့လာခဲ့သည်မှာ ဒုတိယကမ္ဘာစစ်ပြီးခါစကတည်းက ဖြစ်သည်။ ဤအကြောင်းကို ၁၉၅၀ မတိုင်မီကပင် ''ဝန်ထမ်းလူ့အဖွဲ့အစည်း'' (employee society) ဆောင်းပါးတွင် ကျွန်တော်ရေးခဲ့ဖူးသည်။ နောင်ဆယ်နှစ်အကြာ (၁၉၀၀) တွင် 'ပညာအလုပ်' နှင့် 'ပညာအလုပ်သမား' ဆိုသော ဝေါဟာရများကို စတင်သုံးစွဲခဲ့သည်။ (၁၉၆၉) ခုနှစ်က ထုတ်ဝေခဲ့သော ''အဆက်ပြတ်သွားသောခေတ်'' (The Age of Discoritinuily) တွင်မှ 'အရင်းလွှန် လူ့အဖွဲ့အစည်း' ဆိုသည်ကို သုံးစွဲခဲ့ခြင်းဖြစ်သည်။ ပြောလိုသည်မှာ ကျွန်တော်၏ လေ့လာချက်မှာ ဆိုဗီယက်ယူနီယံမပြိုကွဲမီ နှစ်ပေါင်း (၄၀) ကတည်းက ဆိုသည်ကို ထင်ရှားစေလို၍ ဖြစ်ပါသည်။

ဆိုဗီယက်ယူနီယံပြိုကွဲမှုအပေါ် 'သမိုင်းနိဂုံး'ဟု ကောက်ချက်ချလိုက်ခြင်းကိုမူ ကျွန်တော့်အနေနှင့် လက်မခံနိုင်ပါ။ စင်စစ် မာက်စ်ဝါဒမှာ အိုင်ဒီအိုလိုဂျီတစ်ရပ်အနေနှင့် ပြိုကွဲသွားပြီး ကွန်မြူနစ်ဝါဒမှာ စနစ်တစ်ရပ်အနေနှင့် ဆုံးခန်းတိုင်သွားခြင်းဖြစ်ပါသည်။ (၁၉၈၉–၉၀) ဖြစ်ရပ်သည် ခေတ်တစ်ခေတ် နိဂုံးချုပ်သွားခြင်းထက်တော့ ပိုသည်။ သို့သော် သမိုင်းနိဂုံးချုပ်ခြင်းတော့မဟုတ်။ လောကီဆိုင်ရာဘာသာရေးတစ်ခုလို အစွဲအလမ်းကြီးလွန်းသော သမိုင်းအမျိုးအစားတစ်ခု သက်တမ်းကုန်သွား ရုံမျှသာဖြစ်သည်။ မာက်စ်ဝါဒနှင့် ကွန်မြူနစ်စနစ်ကို ကျဆုံးစေသော အင်အားစုများကပင် အရင်းရှင်စနစ်ကိုလည်း မပြတ်စိန်ခေါ်ခဲ့သည်သာ ဖြစ်သည်။ (၁၈) ရာစု၏ ဒုတိယတစ်ဝက်မှစပြီး နှစ်ပေါင်း (၂၅၀) မျှ အရင်းရှင်စနစ်မှာ လွှမ်းမိုးထားနိုင်ခဲ့သော လူမှုအရိုတရား ဖြစ်ခဲ့သည်။ ဤနှစ်ပေါင်း (၂၅၀)ထဲမှ နောက်ဆုံးနှစ်တစ်ရာတွင် မာက်စ်ဝါဒမှာ လွှမ်းမိုးထားနိုင်ခဲ့သော လူမှုအိုင်ဒီအိုလိုဂျီ ဖြစ်ခဲ့သည်။ ယခုအခါ ဤနှစ်ခုလုံးမှာ မထူးခြားနားသော အမျိုးအစားသစ် လူ့အဖွဲ့အစည်းနှင့် အစားထိုးခံရတော့မည် ဖြစ်ပါသည်။

ဤအမျိုးအစားသစ်သည်ပင် အရင်းလွှန် လူ့အဖွဲ့အစည်း ဖြစ်တော့သည်။ ဤလူ့အဖွဲ့အစည်းက ဈေးကွက်ကို မဖျက်သိမ်းပါ။ စီးပွားရေး လုပ်ဆောင်မှုများ၏ ထိရောက်သောအစုအဝေးအဖြစ် အသိအမှတ်ပြုရုံမျှမက ပို၍ထက်မြက်စွာ အသုံးချဦးမည် ဖြစ်ပါသည်။ ထို့ကြောင့် 'အရင်းရှင် ဆန့်ကျင်ရေး လူ့အဖွဲ့အစည်း မဟုတ်ပါ။ ဤလူ့အဖွဲ့အစည်းက အရင်းရှင်စနစ်၏ အဖွဲ့အစည်းများကို အပြီးတိုင်

ဖျက်သိမ်းလိမ့်မည် မဟုတ်ပါ။ ဘဏ်ကဲ့သို့သော အဖွဲ့အစည်းများ အခန်းကဏ္ဍတွင် အပြောင်းအလဲအချို့ ရှိနိုင်သည့်တိုင် အရင်းရှင်စနစ်၏ အဖွဲ့အစည်းမူဘောင်ကို မဖျက်ရုံမျှမက ထပ်မံတိုးချဲ့ဦးမည် ဖြစ်ပါသည်။ ထို့ကြောင့် 'အရင်းရှင်စနစ် မဟုတ်' ဟူ၍ပင် ဆိုနိုင်လိမ့်မည် မဟုတ်ပါ။ သို့နှင့်တိုင် လူမှုရေး၊ စီးပွားရေး၊ ဖွဲ့စည်းပုံများ၊ ဒိုင်းနမစ်တွန်းအားများနှင့် ဆက်ဆံရေးများမှာမူ လွန်ခဲ့သော နှစ်ပေါင်း (၂၅၀) နှင့် ဘယ်လိုမှ တူနိုင်တော့မည် မဟုတ်ပါ။ အစဉ်အလာ အရင်းရှင်စနစ်ကို သမိုင်းထဲတွင် ချန်ထားခဲ့ပြီး ဆက်လက် ဖွံ့ဖြိုးသွားမည့် သဘောရှိပါသည်။ ထို့ကြောင့် 'အရင်းလွန်လူ့အဖွဲ့အစည်း' ဟု ဆိုလိုက်ခြင်းဖြစ်ပါသည်။

အစဉ်အလာ အရင်းရှင်စနစ်တွင် အခြေခံစီးပွားရေး အရင်းအမြစ်များ (ထုတ်လုပ်ရေး ဖက်တာများ) (factors of production) အဖြစ်၊ မြေယာ (သယံဇာတအားလုံးကိုဆိုလို)၊ အရင်းနှင့် လုပ်အားတို့ကို သတ်မှတ်ကြသည်။ အရင်းလွန်လူ့အဖွဲ့အစည်းတွင် မလုံလောက်တော့ပါ။ ရှိရင်းစွဲသုံးခုထက်ပို၍ အရေးပါသော စတုတ္ထဖက်တာ ပေါ်လာသည့် ပညာ (Knowledge) ဖြစ်ပါသည်။ ယခင်က ဥစ္စာနေရာဖွေရေး၏ အဆုံးအဖြတ်နေရာတွင် အရင်းကိုထားသည်များရှိသလို လုပ်အားကိုနေရာပေးသည်လည်း ရှိခဲ့သည်။ ဤသည်ပင် ကျမ်းရိုးဘောဂဗေဒ၊ မာက်စ်ဝါဒ၊ ကိန်းဝါဒနှင့် ကျမ်းရိုးသစ်ဘောဂဗေဒ စသော (၁၉) နှင့် (၂၀)ရာစု စီးပွားရေးသီအိုရီများ၏ အစွန်းနှစ်ဖက်ဖြစ်ပါသည်။ ယခု အဆုံးအဖြတ် နေရာမှာ ဤအစွန်းနှစ်ခုလုံးကိုကျော်၍ 'ပညာ' ဆီသို့ ရောက်လာသည်။ သို့နှင့်အမျှ အဓိကဦးဆောင်မည့် လူမှုအုပ်စုမှာလည်း အရင်းရှင် မဟုတ်တော့သလို အလုပ်သမားမဟုတ်တော့ဘဲ ပညာအလုပ်သမား ဖြစ်လာသည်။ ပညာ အလုပ်သမားက ထုတ်လုပ်ရေးအတွက် ပညာကို မည်သို့စုစည်းရမည်ကို သိသည်။ စတော့ဈေးကွက်နှင့် ပင်စင်ရန်ပုံငွေများမှတစ်ဆင့် ကုန်ထုတ် အရင်းအနှီးများကို ပိုင်ဆိုင်သူ ဖြစ်လာသည်။ မိမိသွားလေရာ ယူဆောင်သွားနိုင်သော မိမိနှင့် ခွဲခြား မရသော ကိုယ်ပိုင်ပညာကို ကိုင်ထားနိုင်သူဖြစ်၍လည်း 'ကုန်ထုတ်ကိရိယာ' (tools of production) ပိုင်ဆိုင် သူဟူ၍လည်း ဆိုနိုင်သည်။ သို့ဖြင့် အရင်းလွန်လူ့အဖွဲ့အစည်း၏ စီးပွားရေး စိန်ခေါ်ချက်မှာ ပညာအလုပ်၏ ကုန်ထုတ်သတ္တိနှင့် ပညာဖန်တီးရေးတို့ ဖြစ်လာသည်။ တစ်နည်းပြောရလျှင် ပညာအလုပ်သမား၏ အခန်းကဏ္ဍနှင့် အဆင့်နေရာပင် ဖြစ်တော့သည်။

အရင်းလွှန် လူ့အဖွဲ့အစည်းတွင် အရေးကြီးသော ဒုတိယလူမှု အလွှာလည်း ရှိသေးသည်။ ကော်လာဖြူ အလုပ်သမားဟု သတ်မှတ်ကြသော ဝန်ဆောင်မှု အလုပ်သမားများဖြစ်ပါသည်။ သူတို့သည် ပညာအလုပ်သမားလောက် ပညာရေး ရေချိန်မမြင့်သည့်တိုင် ဖွံ့ဖြိုးပြီးနိုင်ငံအများစုတွင် အရေအတွက်အများဆုံး အလုပ် အင်အားစု ဖြစ်သည်။ အဆိုပါ ဝန်ဆောင်မှုအလုပ်သမားများ၏ အခန်းကဏ္ဍနှင့် အဆင့်နေရာသည်ပင် အရင်းလွှန်လူ့အဖွဲ့အစည်း၏ လူမှုရေးစိန်ခေါ်ချက် ဖြစ်ပါ သည်။

အရင်းလွှန်လူ့အဖွဲ့အစည်းတွင် တန်ဖိုးဆိုင်ရာနှင့် အလှရသဆိုင်ရာ ဟူ၍ အကောက်အယူ နှစ်မျိုးရှိနိုင်သည်။ (Value and aesthtic perceptions) သို့နှင့်တိုင် အင်္ဂလိပ်လူမျိုး ဝတ္ထုဆရာနှင့် သိပ္ပံပညာရှင် 'ပီစီစနိုး' ပြောသလို ယဉ်ကျေးမှုနှစ်မျိုး ကွဲနေသည်တော့ မဟုတ်ပြန်ပေ။ တန်ဖိုးဆိုင်ရာကို မန်နေဂျာ များက တာဝန်ယူ၍ အလှရသဆိုင်ရာကို ပညာရှင်များက တာဝန်ယူထားသော အလုပ်ခွဲခြားမှု မတူညီသည်မျိုးဖြစ်သည်။ မန်နေဂျာများက လူ၊ အလုပ်တို့နှင့် ပတ်သက်ပြီး ပညာရှင်များက စကားလုံးများ၊ အိုင်ဒီယာများနှင့် သက်ဆိုင်သည်။ ဤအင်အားစုနှစ်ရပ်ကို 'သမူဟသစ်' (New Synthesis)အဖြစ် ပေါင်းစည်းနိုင်ရေး သည်ပင် အရင်းလွှန်လူ့အဖွဲ့အစည်း၏ ဒဿနဆိုင်ရာနှင့် ပညာရေးဆိုင်ရာ စိန်ခေါ် ချက်ဖြစ်ပါသည်။

## အမျိုးသားနိုင်ငံများ၏အနာဂတ်

(၁၉၈၉) ဘာလင်တံတိုင်း ပြိုကျသွားခြင်းမှာ မာက်စ်ဝါဒနှင့် ကွန်မြူနစ်စနစ်တို့ ကျဆုံးခန်း၏ အမြင့်ဆုံးဇာတ်ကွက်ဟု ယူလျှင် (၁၉၉၀) ခုနှစ်က ကူဝိတ်ကို ကျူးကျော်သော အီရတ်နိုင်ငံအပေါ် ဆန့်ကျင်ရေးအတွက် နိုင်ငံစုံ ညွှန့်ပေါင်း တပ်ဖွဲ့များ ဖွဲ့စည်းခြင်းမှာလည်း အခြားသော ဇာတ်လမ်းရှည်ကြီးတစ်ခု၏ အမြင့်ဆုံးဇာတ်ကွက်တစ်ခု ဖြစ်ပါလိမ့်မည်။ ဤဇာတ်လမ်းရှည်ကြီးမှာ အခြား မဟုတ်၊ အမျိုးသားနိုင်ငံ အစိုးရများက အဓိက သရုပ်ဆောင် (တစ်ဦးတည်းသော သရုပ်ဆောင်သဘောပင် မကြာခဏဖြစ်တတ်သည်) အဖြစ် ကပြအသုံးတော်ခံခဲ့ သည့် နှစ်ပေါင်းလေးရာသမိုင်း ဖြစ်ပါသည်။

အနာဂတ်သမိုင်းဆရာများအနေနှင့် (၁၉၉၁) ခုနှစ် ဖေဖော်ဝါရီလကို

'ရာဇဝင်တွင်ရစ်မည့် နေ့စွဲတစ်ခု' အဖြစ် မှတ်တမ်းတင်ကြပါလိမ့်မည်။ မိမိတို့၏ အမျိုးသားရေးခံစားမှုနှင့် အမျိုးသား အကျိုးစီးပွားကို ကျော်လွန်၍ ကမ္ဘာ့မိသားစု တစ်ခုလုံး၏ ဘုံအကျိုးစီးပွားတစ်ရပ်ကို ကန့်ကွက်သူမရှိ သဘောညီခဲ့သည်မှာ ယခင် သမိုင်းတွင်မကြုံစဘူး၊ မရှိစဘူးဟု ဆိုရပါလိမ့်မည်။ အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးမှာ အမျိုးသားနိုင်ငံတစ်ခု၏ အရေးမျှမဟုတ်။ အမျိုးသားလွန် အရေးတော်ပုံကြီးတစ်ခုအနေနှင့် လောကလုံး သဘောဆောင်နိုင်ခဲ့သည်မှာလည်း သမိုင်းတွင် ပထမဆုံးအကြိမ်ဟု ဆိုရပါလိမ့်မည်။

လွန်ခဲ့သော နှစ်ပေါင်း လေးရာခန့်က ပြင်သစ်ရှေ့နေနှင့် နိုင်ငံရေးသမားဖြစ်သူ 'ယန်းဘိုင်' (၁၅၃၀–၁၅၉၆) စတင်အဆိုပြုလိုက်ကတည်းက အမျိုးသားနိုင်ငံများမှာ ပြည်တွင်းပြည်ပ နိုင်ငံရေးအာဏာ၏ တစ်ခုတည်းသော အဆောက်အအုံဖြစ် လာခဲ့သည်။ လွန်ခဲ့သောနှစ်ပေါင်းနှစ်ရာ 'ပြင်သစ်တော်လှန်ရေး' နောက်ပိုင်းသို့ ရောက်သောအခါ ဤသဘောမှာ ပို၍ပင်ထင်ရှားပြတ်သားလာခဲ့သည်။ လွန်ခဲ့ သော နှစ်ပေါင်းတစ်ရာ (၂၀)ရာစု တစ်ခုလုံးနီးပါးမျှ အမျိုးသားနိုင်ငံများသည်ပင် နိုင်ငံတကာရေးရာ၏ အဓိကသရုပ်ဆောင်ဖြစ်လာခဲ့သည်။ အထူးသဖြင့် ကမ္ဘာစစ် ကြီးများ အတွင်းကဆိုလျှင် သာမန် အမျိုးသားနိုင်ငံအဆင့်မှ 'မဟာနိုင်ငံတော်များ' (megastate) အဆင့်သို့ပင် သန္ဓေပြောင်းလာခဲ့သည်များရှိသည်။

သို့နှင့်တိုင် လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်၊ ဒုတိယကမ္ဘာစစ်ပြီးကာစ လောက်မှစ၍ အမျိုးသားနိုင်ငံများ၏ အခန်းကဏ္ဍမှာ တစ်ခုတည်းသော ပါဝါ အဆောက်အအုံအဖြစ်မှ တစ်စစရွေ့လာခဲ့တော့သည်။ ဖွံ့ဖြိုးပြီးနိုင်ငံ အများစု၏ ပြည်တွင်းရေးရာတွင် နိုင်ငံတော်နှင့်အပြိုင်၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အပြိုင်းအရိုင်း ပေါ်ထွက်လာရာ ဗဟိုလူ့အဖွဲ့အစည်းသဘောသို့ ရောက်လာသည်။ ပြည်ပရေးရာ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင်လည်း အမျိုးသားနိုင်ငံ တစ်ခု တည်း၏ စွမ်းဆောင်ရည်နှင့်မလုံလောက်တော့သော ပြဿနာသစ်များ ပေါ်ထွက် လာနေသည်။ သို့အတွက် အပြန်အလှန် အမှီသဟဲပြုရမှုများကို ရှောင်မရ ဖြစ် လာရာမှ အမျိုးသားလွန် အနေအထားသို့ရောက်လာသည်။

ဤသို့ဆိုသည်နှင့် 'အမျိုးသားနိုင်ငံများ' အပြီးတိုင် ကွယ်ပျောက်တော့ မည်ဟု အဆောတလျင် ကောက်ချက်ချလိုက်လျှင်မူ တက်တက်စင်လွဲပါလိမ့် မည်။ အမျိုးသားနိုင်ငံများမှာ ဩဇာကြီးသော နိုင်ငံရေးအဖွဲ့အစည်းအဖြစ်

ကာလကြာရှည်စွာ ဆက်လက်တည်ရှိနေဦးမည်သာဖြစ်သည်။ တကယ့်အပြောင်းအလဲမှာ တစ်ခုတည်းသော လုပ်ပိုင်ခွင့်အာဏာ အပြည့်ရှိ သည့်အဖွဲ့အစည်း အနေအထားမျိုး မရနိုင်တော့ခြင်းပင် ဖြစ်ပါသည်။ ဤအခင်းအကျင်းသစ်တွင် ရုတ်တရက် အဖြေပေးဖို့မလွယ်သည့် အမေးပုစ္ဆာများလည်း လျှံကျလာတော့သည်။ အမျိုးသားနိုင်ငံတစ်ခု၏ လုပ်ပိုင်ခွင့်နယ်ပယ်ကို မည်သို့ သတ်မှတ်မည်နည်း။ **"အမျိုးသားလွန်" (Supranational) နှင့် "အမျိုးသားကျော်" (Transnationl) ဆိုသော ဝေါဟာရများကို မည်သို့ အဓိပ္ပာယ်ဖွင့်ဆိုကြမည်နည်း။ ဤပုစ္ဆာများသည်ပင် (၂၁) ရာစု၏ ဗဟိုအချက်အချာနေရာတွင် ရှိလာမည့် နိုင်ငံရေး ပြဿနာအထွေထွေ ဖြစ်ပါလိမ့်မည်။**

အဆိုပါ အမေးပုစ္ဆာများကို အဖြေထုတ်၍ ရှေ့ဘာဆက်ဖြစ်မည်ကို အတိအကျခန့်မှန်းဖို့မှာ မဖြစ်နိုင်ဟူ၍သာ ဆိုရပါလိမ့်မည်။ ယခု လောလောဆယ်တွင် အသေအချာ ပြောနိုင်သည့်အချက်မှာ လွန်ခဲ့သော နှစ်ပေါင်းလေးရာ (ပို၍အတိအကျပြောရလျှင်) နှစ်ပေါင်းနှစ်ရာ၊ ပြင်သစ်တော်လှန်ရေးက မွေးဖွားပေးလိုက်သော သမိုင်းအမျိုးအစားတစ်ခု နိဂုံးချုပ်ပြီဟူ၍သာ ဆိုနိုင်ပါလိမ့်မည်။ 'လူ့အဖွဲ့အစည်းက ကယ်တင်သွားလိမ့်မည်ဆိုသော ယုံကြည်မှု' (The belief in salvation by society) ပြိုကျသွားခဲ့ပြီဟူ၍သာ ဆိုရပါလိမ့်မည်။

ဤနေရာတွင် ဇာတ်ရည်လည်စေရန် ပြင်သစ်တော်လှန်ရေး၏ သဘောတရားရေးရာ ခေါင်းဆောင်တစ်ဦးဖြစ်သူ 'ယန်းဒယန်းကပ်ရူးဆိုး' က အစပြုဖို့လိုမည်ထင်သည်။ 'ရူးဆိုး' က လူ့အဖွဲ့အစည်းအနေနှင့် တစ်ဦးချင်း လူသားကို ထိန်းချုပ်သင့်သည်။ ထိန်းချုပ်နိုင်ရမည်ဟု ဆိုသည်။ သို့အတွက် 'လောကလုံးဆိုင်ရာ ပြီးပြည့်စုံသောလူသား'၊ 'အာဒမ်အသစ်' (New Adam)ကို ဖန်တီးရမည်ဟုဆိုသည်။ ဤ 'အာမ်အသစ်' သည် လူပုဂ္ဂိုလ်မဟုတ်သော လူသား၏ အထက်တွင်ရှိသော ယေဘုယျ ဆန္ဒမွန်ဖြစ်ပြီး ပုဂ္ဂလိကလူသားမှာ 'အာဒမ်အသစ်' ၏လက်အောက်ခံ ဖြစ်ရမည် ဟုဆိုသည်။ ဤသည်ပင် ပြင်သစ်တော်လှန်ရေးက ထူထောင်ခဲ့သော နိုင်ငံတော် ပုံသဏ္ဌာန်ဟု ဆိုနိုင်ပါလိမ့်မည်။ 'လူ့အဖွဲ့အစည်းက ကယ်တင် သွားလိမ့်မည်ဆိုသော ယုံကြည်မှု' ကိုပေးသည့် 'လောကီဆိုင်ရာ ဘာသာရေး' (Secular religion) သဘော ဖြစ်လာခဲ့ပါသည်။

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာအတွင်း အဆိုပါ 'လောကီဆိုင်ရာ ဘာသာရေး'

ကိုအမြင့်ဆုံး အကောင်အထည်ဖော်ခဲ့သည်မှာ မာက်ဒ်ဝါဒဟု ဆိုရပါလိမ့်မည်။ သာမန်လူတို့ လိုက်မမီနိုင်လောက်အောင် ရှုပ်ထွေးသော အိုင်ဒီအိုလိုဂျီနှင့် လက်တွေ့မကျ စိတ်ကူးယဉ်ဆန်သော စီးပွားရေး ပေါ်လစီများရှိသည့်တိုင် မာက်ဒ်ဝါဒကို ပညာတတ်များကိုယ်တိုင်က ခံတွင်းတွေ့ခဲ့သည်မှာ လောကီဆိုင်ရာ ဘာသာရေးကြောင့် ဖြစ်နိုင်သည်။ သို့နှင့်တိုင် ခေတ်သစ်၏လှိုင်းလုံးများနှင့် ရင်ဆိုင်လိုက်ရသောအခါတွင် မာက်ဒ်ဝါဒလည်း ပြိုကျသွားခဲ့ရသည်။ စီးပွားရေးစနစ်ဘက်မှကြည့်လျှင် ခနကိုမဖန်တီးနိုင်ဘဲ ဆင်းရဲမွဲတေမှုကိုသာရခဲ့သည်။ တန်းတူညီမျှမှုကို မဖန်တီးနိုင်ဘဲ အီလစ်တစ်ခု၏ပဒေသာပင်သာ ဖြစ်ခဲ့ရသည်။ နိုင်ငံရေးနှင့် ဒဿနဆိုင်ရာဘက်မှဆိုလျှင် လောကီဆိုင်ရာ ဘာသာရေးက ညွှန်းဆိုသော 'စံပြလူသား' (အာဒမ်အသစ်) မဖန်တီးနိုင်ခြင်းပင် ဖြစ်တော့သည်။ မာက်ဒ်ဝါဒက ဖန်တီးလိုက်သော 'အာဒမ်အသစ်'မှာ 'အာဒမ်အဟောင်း'၏ မတော်လောဘ၊ အကျင့်ပျက်ခြစားမှု၊ အပြန်အလှန် အယုံအကြည်ကင်းမဲ့မှုများသာမက ပါဝါကို ခံမင်လွန်းသည့် 'ငါ့မင်းငါချင်းလူသား' ဖြစ်လာခဲ့ရသည်။

အရင်းလွန်လူ့အဖွဲ့အစည်းတွင် အဆိုပါ 'အာဒမ်အသစ်' သက်ဆိုးရှည်နိုင်စရာ မရှိတော့ပါ။ သူ၏နေရာတွင် နောက်ထပ်အာဒမ်အသစ်များ အစားဝင်လာနိုင်စရာ ရှိမရှိကိုမူ ယတိပြတ် ပြောနိုင်ဦးမည် မဟုတ်ပါ။ နောင်ဖြစ်လာမည့် 'လူသားအသစ်' (New Men) သည် မည်သို့သော ပုံသ္ဏာန်နှင့် ပေါ်ထွက်လာသည်ဖြစ်စေ 'အပြန်အလှန် ထိန်းညှိနိုင်စွမ်း' (check and balance) နှင့် ကင်းလွတ်နေလျှင်မူ အရင်းလွန် လူ့အဖွဲ့အစည်းနှင့် သဟဇာတဖြစ်လိမ့်မည် မဟုတ်ဟု မှန်းဆရပါသည်။

## စီးပွားလွန်ခေတ်

ဆက်လက်ပြီး အရင်းလွန် လူ့အဖွဲ့အစည်း၏ ဘိဇနက်လောကကို အကြမ်းဖျင်း မှန်းဆကြည့်ပါမည်။ သမားရိုးကျဘိဇနက် နားလည်ချက်များကို ကျော်လွန်သွားဖို့များရာ 'စီးပွားလွန်ခေတ်' (post businessera) ဟု ဆိုနိုင်ပါလိမ့်မည်။

စီးပွားလွန်ခေတ်တွင် 'စီးပွားရေး မိုးလေဝသ' ***(Economic weather)*** ကို ထိန်းနိုင်ဖို့မလွယ်။ 'စီးပွားရေးရာသီဥတု' ***(Economic Climate)*** ကိုသာ အမြော်အမြင်ရှိပါက ထိန်းသိမ်းနိုင်စရာ ရှိလိမ့်မည်။ ဆိုလိုသည်မှာ ရေတိုသဘော

ဆောင်သော စီးပွားရေးမိုးလေဝသတွင် အကျုံးဝင်သည့် အတက်အကျ သံသရာများကို ထိန်းနိုင်မည်မဟုတ်၊ ကွပ်ကဲနိုင်စရာမရှိဟု မှန်းဆရသည်။ ရေရှည်သဘောဆောင်သော စီးပွားရေး ရာသီဥတုကိုသာ ပညာဖြင့်တည့်မတ်ယူနိုင်စရာရှိပါလိမ့်မည်။

စီးပွားရေးဆိုင်ရာ အကောက်အယူတို့တွင်လည်း ယခင်နှင့်မတူ အကြီးအကျယ် ပြောင်းလဲသွားလိမ့်မည်ဟု ယူဆရသည်။ ယခင်က စီးပွားရေးလုပ်ဆောင်မှု၏ အဓိကရည်မှန်းချက်မှာ 'ဘဝလုံခြုံမှု' (life security) ဖြစ်သည်။ အင်ဖော်မေးရှင်းတက္ကနိုလိုဂျီ ပေါက်ကွဲမှုနှင့် စွန့်ဦး တီထွင်မှုများခေတ်တွင် 'လုံခြုံမှု' ဆိုသည်မှာ စိတ်ကူးယဉ်ဖြစ်သွားပြီး 'စွန့်စားလုပ်ကိုင်ရသောယဉ်ကျေးမှု' (Risk culture) ပေါ်လာသည်။ ဤသို့ စွန့်စားကြရာတွင် အံ့မခန်းဖွံ့ဖြိုးလာသော ပညာရပ်အသီးသီးကို အမီလိုက် နိုင်သူတို့သာ ဘဝလုံခြုံမှုကို တည်ဆောက်နိုင်စရာရှိပါလိမ့်မည်။ သို့ဖြင့် အရင်းလွှန် လူ့အဖွဲ့အစည်း၏ စီးပွားရေး အကောက်အယူရည်မှန်းချက် သည်ပင် 'မိုဘိုင်း' သဘောဆောင်လာရတော့သည်။ Mobile security ဖြစ်ပါသည်။

အလားတူ ကုန်သွယ်ရေး၏ ရည်မှန်းချက်မှာလည်း သိသိသာသာပင် ပြောင်းလာရသည်။ ယခင်က ကုန်သွယ်ရေး၏အဓိက ရည်မှန်းချက်မှာ အမြင့်ဆုံးအမြတ်ရရေးဖြစ်သည်။ Profit Maximization ဖြစ်ပါသည်။ ယခု အကြီးအကျယ်ယှဉ်ပြိုင်ရသောခေတ်သို့ ရောက်လာရာ အမြင့်ဆုံးအမြတ်ကို မျှော်လင့်ခြင်းသည်ပင် စိတ်ကူးယဉ်ရာ ရောက်လာတော့သည်။ ဈေးကွက်ဝေစု အများဆုံးရရေး (Market Share Maximization) သည်သာ အရင်းလွှန် လူ့အဖွဲ့အစည်း ကုန်သွယ်ရေး ရည်မှန်းချက် ဖြစ်လာရတော့သည်။

ဤသို့ ပြောင်းလဲလာသော အကောက်အယူ အသီးသီးကို ဆုပ်မိကိုင်မိဖို့ ဆိုလျှင် 'ပညာဖန်တီးရေး' (creation of Knowledge) နှင့် 'ပညာကို အသုံးချရေး' (application of Knowledge) တို့သည်ပင် ဆုံချက်အကျဆုံး အခြင်းအရာဖြစ်လာရသည်။ သို့နှင့်အမျှ 'ပညာအလုပ်သမား' ၏ အခန်းကဏ္ဍသည် သာလျှင် အရင်းလွှန် လူ့အဖွဲ့အစည်း၏ ဒိုင်နမစ် အင်အားစု ဖြစ်ပါလိမ့်မည်။ ဤအဓိပ္ပာယ်အရပြောရလျှင် စီးပွားလွှန်ခေတ်ဆိုသည်မှာ ပညာခေတ်ပင် ဖြစ်တော့သည်။

**နိဂုံး**

ယခုအထိ ဖော်ပြပြီးခဲ့သော အရင်းလွှန် လူ့အဖွဲ့အစည်း၏ တူရှုချက်မှာ ဖွံ့ဖြိုးပြီးနိုင်ငံများ၏အခြင်းအရာဟု ဆိုနိုင်စရာရှိပါသည်။ ဤသို့ ဆိုသည်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှာ အရေးမကြီး၊ သူတို့နှင့် ဘာမှမဆိုင်ဟု ဆိုလိုသည် မဟုတ်ပါ။ ယခုလောလောဆယ်အချိန်တွင် ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်လျက်ရှိပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အရင်းလွှန် လူ့အဖွဲ့အစည်း ပြည့်ပြည့်ဝဝ ပုံပေါ်လာနိုင်သည့် ၂၀၁၀ (သို့မဟုတ်) ၂၀၂၀ သို့ ရောက်လျှင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လူဦးရေမှာ ကမ္ဘာ့လူဦးရေ၏ လေးပုံသုံးပုံပင် ရှိလာပါလိမ့်မည်။ ဤသို့ အများစုကြီးဖြစ်သော တတိယကမ္ဘာ၏ အရေးကို အရေးမကြီးဟု ပစ်ပယ်လိုက်လျှင် သဘာဝကျနိုင်လိမ့်မည် မဟုတ်ပါ။

လာမည့် ဆယ်စုတစ်ခု နှစ်ခုအတွင်း တတိယကမ္ဘာ နိုင်ငံအချို့တွင် အံ့မခန်းစီးပွားရေး ဖွံ့ဖြိုးမှုကြီးများ ဖြစ်ထွန်းလာလိမ့်မည်ဟု မှန်းဆရသည်။ အထူးသဖြင့် တရုတ်၊ အိန္ဒိယနှင့် ဘရာဇီး(လ်)တို့တွင် ဖြစ်သည်။ ဤကာလအတွင်း တတိယကမ္ဘာ၏အပြောင်းအလဲများမှာ လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်၊ ဖွံ့ဖြိုးပြီးနိုင်ငံများ ကြုံခဲ့ရသည်ထက်ပင် ပိုမိုအပြန့်ကျယ်ကာ ပိုမိုနက်ရှိုင်းစရာ ရှိပါသည်။ ဤအပြောင်းအလဲများအတွင်းမှာပင် အရင်းလွှန်လူ့အဖွဲ့အစည်းသို့ တူရှုချက်များ အထိုက်အသင့် ပါဝင်နေပါလိမ့်မည်။

စင်စစ် အရင်းလွှန် လူ့အဖွဲ့အစည်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ အရပ်ရပ် အခြေအနေမှ ပေါ်ထွက်လာသည်ဖြစ်သည့်တိုင် ပထဝီအပိုင်းအခြားဖြင့် ကန့်သတ်ထားသည်တော့လည်း မဟုတ်ပါ။ အရင်းလွှန် လူ့အဖွဲ့အစည်း ကိုယ်တိုင်သည်ပင် ဖွံ့ဖြိုးမှု၏ အသီးအပွင့်ဖြစ်ရာ ကမ္ဘာမြေအနှံ့ ခြေဆန့် သွားမည့် အလားအလာများ ရှိနေပါသည်။ သို့အတွက် အရင်းလွှန် လူ့အဖွဲ့အစည်းသို့ တူရှုချက်သည် ကမ္ဘာလုံးဆိုင်ရာ အခြင်းအရာဟု ဆိုရမည်သာ ဖြစ်ပါသည်။

**စာညွှန်း**


၁။ Post Capitalist Society

၂။ Managing for the Future

၃။ The Age of Disconuity

# ရှိမွန်ပီရက်

## မုဆိုးရာသီ ကုန်တော့မည်

ပန်းသက်တံစာပေ

## မိတ်ဆက်နိဒါန်း

*၁၉၉၅ ခုနှစ်ကဖြစ်ပါသည်။ New Perspectives Quarterly မဂ္ဂဇင်းကြီးက နိုင်ငံတကာမှ ကျော်ကြားသော ပညာရှင်များ၊ နိုင်ငံရေး ခေါင်းဆောင်များ၊ စီးပွားရေးခေါင်းဆောင်များနှင့် ဆက်သွယ်ညှိနှိုင်း၍ စာအုပ်တစ်အုပ် ပြုစုခဲ့သည်။ 'ရာစုနှစ်တစ်ခု၏ နေဝင်ချိန်' At Century's End ဆိုသော စာအုပ်ဖြစ်ပါသည်။ ယခုစာစုမှာ အဆိုပါစာအုပ်ထဲတွင် ပါသော 'ရှိမွန်ပီရက်' Shimon Peres ၏ အက်ဆေးတစ်ပုဒ်ကို ဆီလျော်သလို ဘာသာပြန်ထားခြင်းဖြစ်သည်။*

*အားလုံးသိကြသည့်အတိုင်း 'ရှိမွန်ပီရက်' မှာ အစ္စရေးနိုင်ငံ၏ ထင်ရှားသော နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီး၊ ဝန်ကြီးချုပ်စသော တာဝန်များကို ယူခဲ့ဖူးသူဖြစ်သည်။ ထို့ထက် ၁၉၉၃၊ အစ္စရေး–ပါလက်စတိုင်းငြိမ်းချမ်းရေး သဘောတူညီချက်ကို အကောင်အထည် ဖော်ခဲ့သူများထဲမှ တစ်ဦးလည်းဖြစ်ပါသည်။ ၁၉၉၅– ခုနှစ်က ထုတ်ဝေခဲ့သော သူ၏ 'ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဆင်ခြင်း' Battling For Peace စာအုပ်ကြောင့်လည်း ငြိမ်းချမ်းရေးဝါဒီတစ်ဦးအဖြစ် ပညာရှင်အသိုင်းအဝိုင်းမှ လေးစားခံရသူဖြစ်သည်။ ပီရက်က ၂၀ ရာစု၏ နောက်ဆုံးဆယ်စုမှာ 'မုဆိုးရာသီ' ဆည်းဆာချိန်ဖြစ်သည်။ ၂၀ ရာစုမှာ ငြိမ်းချမ်းရေး အခါသမယကြီး ဖြစ်လာလိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့သည်။*

*သို့နှင့်တိုင် ၁၉၉၆ ရွေးကောက်ပွဲတွင်မူ ပီရက်ရှုံးသွားပြီး သဘောထားတင်းမာသော 'ဘင်ဂျာမင်နေ တန်ယာဟု' ဝန်ကြီးချုပ်ဖြစ်လာသည်။ ထိုစဉ်မှစ၍ ငြိမ်းချမ်းရေးအသံပျောက်ပြီး စစ်ပွဲများသို့ ပြန်ရောက်ခဲ့ရသည်မှာ ယခုထက်တိုင်ဖြစ်သည်။ ဤတွင် ပီရက်အဆိုပြုခဲ့သော 'မုဆိုးရာသီ ကုန်မကုန်' မှာ အငြင်းပွားစရာဖြစ်လာရတော့သည်။ သူ၏ မူလအဆိုပြုချက်ကို စာဖတ်သူကိုယ်တိုင်ဖတ်ပြီး ကိုယ်တိုင်ဝေဖန် ချင့်ချိန်နိုင်ကြရန် မိတ်ဆက်ဖော်ပြလိုက်ခြင်း ဖြစ်ပါကြောင်း။*

## ရှုပ်ထွေးတာချိန်း

နှစ်ဆယ်ရာစုမှ နှစ်ဆယ့်တစ်ရာစုသို့ အကူးအပြောင်းကာလမှာ ဖြစ်ရပ်များ၏ မှတ်တမ်းသက်သက်မျှ မဟုတ်တော့ပါ။ အပြောင်းအလဲများ၏ သမိုင်းဟု ဆိုရပါတော့မည်။ အပြောင်းအလဲဆိုရာတွင်လည်း လူအများ လက်ခံအတည်ပြု

ထားကြသော အစဉ်အလာနှုန်းစံများနှင့် သမားရိုးကျ ချိန်စက်စဉ်းစား၍ ရနိုင်တော့မည်မဟုတ်ပါ။ နိုင်ငံရေးပါဝါ၊ စစ်ပါဝါနှင့် စူပါပါဝါစသော ယန္တရားများမှာ ဂန္ထဝင်ဖြစ်သွားခဲ့ပါပြီ။ ဤသည်ပင် ရာစုဟောင်းမှ နောက်ဆုံးအဖြစ်အပျက်များ၏ သရုပ်သကန် ဖြစ်သလို ရာစုသစ်၏ ရှေ့ပြေးနိမိတ်များလည်း ဖြစ်တန်ရာသည်။

ဆိုဗီယက်ယူနီယံ၏ နောက်ဆုံးဇာတ်ကွက်ကို ကြည့်လိုက်လျှင်ပင် ဤသဘောကို အထိုက်အသင့် မှန်းဆနိုင်ပါလိမ့်မည်။ မော်စကိုသားများက 'အိမ်ဖြူတော်'ဟု ခေါ်ကြသော ရုရှပါလီမန် အဆောက်အအုံရှေ့တွင် ဖြစ်သည်။ ထူးထူးခြားခြား စိတ်မပါလက်မပါဖြစ်နေသော တပ်နီတော် စစ်သားလေးကို ရုရှအမယ်အိုတစ်ဦးက ဤသို့ပြောလိုက်သည်။ ''သားတို့ ဒီမှာ ဘာလာလုပ်နေကြတာလဲဟင်၊ အိမ်ပြန်ကြပါကွယ်'' စစ်သားလေးက ခေါင်းညိတ်ပြပြီး သေနတ်ကို အောက်စိုက်ချလိုက်သည်။ ဆိုဗီယက်ယူနီယံ၏ တပ်နီတော်ကြီးကို အဓိမ္မပေးလမ်းညွှန်နေသည်မှာ 'ကရင်မလင်' မှ ပေါ်လစ်ဗျူရို မဟုတ်တော့ပါ။ လမ်းပေါ်မှ အဘွားအိုတစ်ဦးသာ ဖြစ်နေတော့သည်။

စင်စစ် ဆိုဗီယက်ယူနီယံ ပြိုကွဲသွားရသည်မှာ အမေရိကန်ဖိအားကြောင့်မဟုတ်ပါ။ အနောက်ဥရောပ၏ ကျူးကျော်မှုကြောင့် မဟုတ်သလို တရုတ်ပြည်၏ခြိမ်းခြောက်မှုကြောင့်လည်း မဟုတ်ပါ။ ဆိုဗီယက်ယူနီယံဆိုသော ကျယ်ပြောလှသည့် နယ်မြေကြီးတွင် မှီတင်းနေထိုင်ကြသည့် သာမန်အရပ်သားများ ကိုယ်တိုင်က အလိုမရှိတော့သောကြောင့်ဖြစ်ပါသည်။ ကွန်မြူနစ်ပါတီ၏ဇီဝိန်ကို ခြွေလိုက်သည့် နောက်ဆုံးရိုက်ချက်မှာလည်း ပြိုင်ဘက်ပါတီများက လာသည်မဟုတ်ပါ။ ပါတီ၏မျိုးဆက်သစ်၊ သားသမီးများကိုယ်တိုင်က စိတ်မပါတော့သောကြောင့်ဖြစ်ပါသည်။ အပြောင်းအလဲမှာ အပြင်ဘက်မှလာသည်မဟုတ်၊ အတွင်းမှ ကန်ထွက်ခြင်း ဖြစ်သည်။ သေနတ်တစ်ချက်မဖောက်ဘဲ နိုင်ငံရေးအလံတစ်ခုမှ မလွှင့်ဘဲ စူပါပါဝါပယောဂ တစ်စုံတစ်ရာမှမပါဘဲ လူ့သမိုင်း၏အကြီးကျယ်ဆုံးဖြစ်ရပ်ကြီးတစ်ခု မျက်ဝါးထင်ထင် ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။ ဤမုန်တိုင်းမှာ အရှေ့ဥရောပတွင်သာ တန့်ရပ်သွားခဲ့သည်မဟုတ်ပါ။ စစ်ပြီးခေတ် တစ်လျှောက်လုံး ယမ်းနံ့တွေဝေနေခဲ့ရသည့် အစ္စရေး–ပါလက်စတိုင်း ပဋိပက္ခတွင်လည်း အလားတူဖြစ်ခဲ့ပါသည်။ ဇာတ်၏အစမှာ မှောင်မိုက်တိတ်ဆိတ်သော နော်ဝေညများဟုဆိုရပါလိမ့်မည်။ အပြောင်းအလဲကို ဖန်တီးလိုက်သည်မှာ စစ်မြေပြင်မဟုတ်။

လမ်းပေါ်ဆန္ဒပြပွဲမဟုတ်။ စူပါပါဝါ အဓိနိုဗြပြန်တမ်းမဟုတ်။ နှစ်ဖက်လူထု၏ ငြိမ်းချမ်းရေးဆာလောင်မှု ကစားပွဲဝိုင်းယဉ်ကျေးမှုကို မွေးဖွားစေလိုက်ခြင်း ဖြစ်ပါသည်။ ဤယဉ်ကျေးမှုသစ်မှာ အနောက်ဘက်ကမ်းဂါဇာနှင့် တဲလ်အဗစ်တို့တွင်သာ ပြည်ဖုံးကားချသွားခဲ့သည်မဟုတ်ပါ။ ဘောစနီယား၊ ဆိုမာလီယာနှင့် ဘူရွန်ဒီတို့တွင်လည်း ဤအတိုင်းဖြစ်ခဲ့သည်။ အသားအရောင်ခွဲခြားမှု၊ အမုန်းမီးပွားများဖြင့် လောင်မြိုက်နေခဲ့သော တောင်အာဖရိကတွင်လည်း ငြိမ်းချမ်းရေးရေစင် သွန်းဖြန်းနိုင်ခဲ့သည်။ ပြောရလျှင် ကမ္ဘာမြေပြင်အနှံ့ ခြေဆန့်တော့မည် ဖြစ်ပါသည်။

အဆိုပါအချက်များက ဘာကိုဖော်ပြနေသနည်းဆိုလျှင် ကျွန်တော်တို့ သိပြီး ကျွမ်းပြီး ကမ္ဘာဟောင်း၏ နေဝင်ချိန်နှင့် ကျွန်တော်တို့ မသိသေးမကျွမ်းသေးသော ကမ္ဘာသစ်၏ နေထွက်ချိန်တို့ကို ရည်ညွှန်းလိုက်သည့် သင်္ကေတအစုတစ်ခု ဖြစ်နိုင်သည်။ ကမ္ဘာဟောင်းကပါဝါမှာ ရုပ်ပိုင်း အရင်းအမြစ်များမှ ထွက်ပေါ်လာခဲ့သည်။ နယ်မြေပိုင်နက်၊ သယံဇာတ၊ လူဦးရေ စသည်တို့ဖြစ်သည်။ ကမ္ဘာသစ်၏ ပါဝါအသစ်က ရုပ်သဘောကို ကျော်သွားသည်။ ပညာအရင်းအမြစ်မှ အခြေခံပေါ်ထွက်လာသော သိပ္ပံနည်းပညာနှင့် သတင်းအချက်အလက်၊ အသိပညာ စသည်တို့ဖြစ်သည်။ ရုပ်ပိုင်းပါဝါကို သေနတ်ပြောင်းက ဆုံးဖြတ်နိုင်ခဲ့သည်မှန်သော်လည်း ရုပ်လွန်ပါဝါခေတ်တွင် ဖြစ်နိုင်စရာမရှိတော့ပါ။ သို့နှင့်အမျှ ဇာတ်ကွက်ဟောင်းတွင် အဓိကပါဝင်လှုပ်ရှားခဲ့ကြသော ယန္တရားဟောင်းများမှာလည်း ဇာတ်ကွက်သစ်အတွက် အသုံးမဝင် ဖြစ်လာရတော့သည်။ ဤသည်ပင် ရာစုသစ် အပြောင်းအလဲကာလ၏ စိတ်လှုပ်ရှားရင်ခုန်ဖွယ် အကောင်းဆုံး 'ရှုပ်တာချိန်း' တစ်ခုဖြစ်ပါ၏။

## ဇာတ်ကွက်သစ်

ဤအချိန်တွင် အစဉ်အလာနိုင်ငံရေးပါတီများသည်လည်း မျှော်လင့်မထားသော အခြေအနေသစ်တစ်ရပ်နှင့် ရင်ဆိုင်ရလျှက်ရှိနေသည်။ ဤသို့ဆိုသည်နှင့် 'အိုင်ဒီအိုလိုဂျီ' နိဂုံးချုပ်ပြီဟူ၍တော့ ယတိပြတ်ပြောနိုင်လိမ့်မည် မဟုတ်ပါ။ လူတွင်ပိုမိုကောင်းမွန်သော အနာဂတ်နှင့် ပိုမိုမြင့်မားသော အသိပညာအတွက် အိုင်ဒီအိုလိုဂျီနှင့်ယုံကြည်မှုများ လိုအပ်မြဲလိုအပ်နေပါလိမ့်ဦးမည်။ သို့နှင့်တိုင် အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်ဆိုသလို ထိပ်တိုက်ရင်ဆိုင်ရေးကိုသာ

ဖော်ပြသော အစဉ်အလာ အိုင်ဒီအိုလိုဂျီမျိုးနှင့်တော့ အလုပ်ဖြစ်နိုင်စရာ မရှိတော့ပါ။ ယနေ့ နိုင်ငံရေးပါတီများ မျက်မှောက်ပြုနေရသောတာဝန်မှာ တရားမျှတသည်နှင့် အမျှ စီးပွားရေးစွမ်းဆောင်ရည်ပြည့်ဝသော လူ့အဖွဲ့အစည်းကို ဖန်တီးတည်ဆောက်ကြဖို့ဖြစ်သည်။ ဤတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်ဖို့ဆိုလျှင်လည်း အစဉ်အလာနယ်နိမိတ်ဘောင်အတွင်း ကန့်သတ်ထားသော အစဉ်အလာ အကောက်အယူများနှင့် မလုံလောက်နိုင်တော့ပါ။

သိပ္ပံက နယ်နိမိတ်များကိုမသိပါ။ နည်းပညာတွင် အလံတော် မရှိပါ။ အလားတူပင် အင်ဖော်မေးရှင်းသည်လည်း ပတ်စ်ပို့လိုလိမ့်မည် မဟုတ်ပါ။ ဇာခန်းဆီး၊ သံကန့်လန့်ကာများနှင့် မည်သို့ပင် တံတိုင်းခတ်ထားစေကာမူ အင်ဖော်မေးရှင်းမျိုးစုံ၊ အိုင်ဒီယာမျိုးစုံက မိမိတို့တံခါးပေါက်ကို လာခေါက်နေချိန်ဖြစ်ပါသည်။ ခေတ်သစ်၏အခြင်းအရာသစ်များက အစဉ်အလာယူနစ်ပြင်ပသို့ ပေါက်ကွဲလျှံကျနေသည့်ကာလဖြစ်သည်။ ဤအခင်းအကျင်းသစ်တွင် နိုင်ငံရေးပါတီများအနေနှင့် ပြည်တွင်းပြည်ပရုပ်ဝတ္ထုပစ္စည်းနှင့် ပညာ၊ နိုင်ငံတော်ဈေးကွက် စသော ရွေးချယ်စရာ ခွင်သစ်များကို ရင်ဆိုင်ဆုံးဖြတ်ရတော့မည်ဖြစ်ပါသည်။ အဆိုပါရွေးချယ်မှုသည်ပင်လျှင် အနာဂတ်တံခါးကို ဖွင့်နိုင်ပိတ်နိုင်မည့် သော့ချက်ဖြစ်ပါလိမ့်မည်။

နိုင်ငံတကာဆက်ဆံရေး နယ်ပယ်တွင်လည်းလက်ရှိ လူအများ နားလည်ထားကြသော ရူပါပါဝါ အကောက်အယူကိုပင် ပြန်လည်ဆန်းစစ် ကြရတော့မည် သဘောရှိသည်။ ယခင်ရူပါပါဝါနှစ်ခု ယှဉ်ပြိုင်ခဲ့ကြသောခေတ်တွင် စစ်ပါဝါမှာ အဆုံးအဖြတ်ခန်းတွင်ရှိသည်။ အိုင်ဒီအိုလိုဂျီတိုက်ပွဲမှာအဓိက အခြင်းအရာဖြစ်သည်။ ရန်–ငါ သဘောထားမှာ လွှမ်းမိုးသည့် ဆက်ဆံရေးပုံစံဖြစ်သည်။ ပြောရလျှင် စစ်အေးခေတ်တစ်လျှောက်လုံး အထာကျခဲ့သည့် ရူပါပါဝါဗျူဟာ အခင်းအကျင်းမှာ ဤအခြေခံများ အပေါ်မှပေါ်ထွက်ခဲ့ခြင်းဖြစ်ပါသည်။ စစ်အေးလွန်ခေတ်၏ ထီးတည်းကြီးကျန်ရစ်ခဲ့သော လက်ကျန်ရူပါပါဝါ အမေရိကန်အတွက် အဆိုပါဗျူဟာဟောင်းမှာ အလုပ်ဖြစ်နိုင်စရာ မရှိတော့ပါ။ ယခုရင်ဆိုင်ရမည်မှာ ခေတ်ဟောင်းက ရန်သူဟောင်းမျိုးမဟုတ်။ ခေတ်သစ်၏ စိန်ခေါ်ချက် အသစ်များဖြစ်သည်။ ဆင်းရဲမွဲတေမှု၊ ပတ်ဝန်းကျင်ယိုယွင်းမှု၊ ချူကလီးယား လက်နက်များ အစုအစည်းပြေသွားမှု စသော အန္တရာယ်သစ်များဖြစ်သည်။

သေချာသည့်အချက်ကိုပြောရလျှင် ကျွန်တော်တို့ သိထားခဲ့သော နိုင်ငံရေး၊

နိုင်ငံရေးပါတီ၊ စုပါပါဝါ၊ နိုင်ငံတကာဆက်ဆံရေး စသည်တို့မှာ ရာစုဟောင်းနှင့်အတူ သမိုင်းထဲသို့နက်ရှိုင်းစွာ တိုးဝင်ကြတော့မည် ဖြစ်ပါသည်။ ကျွန်တော်တို့အားလုံး ဆက်လက်ရင်ဆိုင်ရတော့မည်မှာ ကျွန်တော်တို့ မသိသေးသော ကမ္ဘာကြီးသာ ဖြစ်ဖို့များပါသည်။

## မီဒီယာပုံရိပ်

ဆိုခဲ့ပြီးသည့်အတိုင်း စစ်ရေးပါဝါ၊ အိုင်အိုလိုဂျီနှင့် စုပါပါဝါ အနေအထား တို့တွင် ဖြစ်ပေါ်လာသော အပြောင်းအလဲများက ခေါင်းဆောင်မှုနှင့်ပတ်သက်သော ယုံကြည်မှုတွင်ပါ သိသာထင်ရှားသော သက်ရောက်မှုများကို သယ်ဆောင် လာခဲ့ပါသည်။ သို့နှင့်အမျှ ခေါင်းဆောင်မှု၏ ပုံရိပ်မှာလည်း လှုပ်လာရတော့သည်။ ခေါင်းဆောင်များ၏ လူထုအာရုံကို နှိုးဆွနိုင်စွမ်းမှာ သိသိသာသာ အကျဘက် သို့ရောက်လာသည်။ ပညာဆာလောင်လာသောလူထုက အပေါ်ကိုမော့ကြည့်ဖို့ သာ အားသန်လာကြသည်။ ခေါင်းဆောင်ဆိုသည်ကို ရှေ့ဆောင်လမ်းပြသဘော ထက် တီဗီဇာတ်ကောင်များလို ကြည့်မြင်လာကြသည်။ ခေါင်းဆောင်ကိုးကွယ်မှုကို ဦးထိပ်ပန်ဆင်ဖို့ထက် ကိုယ့်လမ်းကိုကိုယ်တိုင်ဖောက်ဖို့ စိတ်ညွတ်လာကြသည်။

စင်စစ် ခေတ်ပြိုင်ဖြစ်ရပ်များမှာ ခါတိုင်းလိုအပေါ်မှအောက်သို့ လာသည်မျိုး မဟုတ် အခြေခံမှစ၍ ထိပ်ဆုံးကိုပါ လှုပ်ခါပစ်လိုက်သော အပြောင်းအလဲမျိုး ဖြစ်သည်။ ကွန်မြူနစ်ဝါဒ၊ အသားအရောင်ခွဲခြားမှုနှင့် အစွရေး–ပါလက်စတိုင်း ပဋိပက္ခတို့ကို ဆုံးခန်းတိုင်စေခဲ့သည်မှာ ခေါင်းဆောင်မှု၏ စိတ်ဆန္ဒနှင့်မဆိုင်။ သူတို့ပယောဂနှင့်ကင်းသည်။ တီဗီ၊ ရေဒီယို၊ သတင်းစာ စသော မီဒီယာ ပရိသတ်များကိုယ်တိုင်က အပြောင်းအလဲကို အာရုံရလာခြင်းဖြစ်သည်။ တစ်နည်း ပြောရလျှင် လူထုကိုယ်တိုင်က သမိုင်းကိုစိတ်ကြိုက်ရေးဖို့ ကြိုးပမ်းလာကြခြင်း ဖြစ်သည်။ ရိုမေးနီးယားရုပ်မြင်ကင်မရာများက 'နီကိုလေချောင်ဆက်စကူး'၏ ပုံရိပ်များကို ကြီးသည်ထက်ကြီးအောင် ချဲ့နေကြစဉ်တွင် တီဗီပရိသတ်များက အချစ်မဝင်နိုင်ဘဲ အမုန်းမြင်နေကြသည်။ မော်စကို တီဗီဖန်သားပြင်ထက်မှ 'မစ်ခေးဂေါ်ဘာချော့'က စနစ်ကြီးတစ်ရပ်လုံးကိုဝေဖန်လိုက်ရာ ရုရှတစ်နိုင်ငံလုံး တီဗီပရိသတ်ဖြစ်သွားသည်။ သို့နှင့်တိုင် တည်ဆဲစနစ်ဘောင်ထဲမှ ပြုပြင်ပြောင်း လဲရေးကို ဆော်ဩလိုက်သောအခါတွင်မူ တီဗီကိုကျော်နိုင်းသွားကြပြန်သည်။

'ဂလပ်စနော့' ပရိသတ်မှာ 'ပယ်ရီစတွိုက်ကာ' ကိုမှ ခပ်အင်အင် ဖြစ်သွားကြဟန် ရှိသည်။

ဤအခြေအနေတွင် အင်ဖော်မေးရှင်း တက္ကနိုလော်ဂျီနှင့်အတူ ကွဲကူးရေပါ ဖြစ်လာသော ကမ္ဘာတစ်ဝန်းလုံးမှ ပုံရိပ်များကလည်း လူထုအာရုံထဲသို့ အလု အယက်ပြေးဝင်လာကြသည်။ ဤနေရာတွင်လည်း စူပါပါဝါနှင့် နေတိုး၏ စစ်အင် အားကို ခံ့မင်အားကျကြသည်မျိုးမဟုတ်။ ဟယ်ဆင်ကီးကွန်ဖရင့်မှ လျှံကျလာ သော လူ့ပိုင်ခွင့်နှင့်လူ့ကျင့်ဝတ်များကိုသာ တမြတ်တနိုး ခံယူလာကြခြင်းဖြစ်သည်။ ဤအချက်ကပင် တောင်အာဖရိကသမ္မတသစ် 'ဖရက်ဒီကလပ်' ကို 'အသား အရောင်ခွဲခြားမှု' မှဝေးရာသို့ ခေါ်သွားစေပြီး လူထုသမ္မတပုံရိပ် အပ်နှင်းလိုက်ခြင်း ဖြစ်နိုင်သည်။ 'လူမျိုးများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်စိတ်ဓာတ်' ကို အစ္စရေးလူထု၏ ဦးနှောက်နှင့် အသည်းနှလုံးထဲသို့ ထည့်ပေးလိုက်ခြင်း ဖြစ်နိုင်သည်။

အလားတူပင် ရာစုနှစ်ပေါင်းများစွာ ခေတ်နောက်ကျမှု၊ ဆင်းရဲချို့တဲ့ မှုများနှင့် နပမ်းလုံးနေခဲ့ရသော အာရှတိုက်ကြီးသည်လည်း ကမ္ဘာက ကြည့်ကြည့်လာကြ သည်။ သူတို့၏အမြင်သစ်တွင် တောင်၊ မြောက်မရှိ။ အရှေ့အနောက် မရှိ။ အဖြူ၊ အဝါ၊ အမည်း မရှိ။ စီးပွားရေးကောင်းနှင့် စီးပွားရေးဆိုးသာ ရှိသည်။ တောင်ဖြစ်စေ၊ မြောက်ဖြစ်စေ၊ အရှေ့ဖြစ်စေ၊ အနောက်ဖြစ်စေ၊ ဖြူသည်၊ ဝါ သည်၊ မည်းသည် ဘယ်လိုပင်ဖြစ်စေ ပညာနှင့်ခုန်ကူးလျှင် အမီလိုက်နိုင်လိမ့် မည်ဟု ယုံကြည်လာကြသည်။ သို့နှင့်အမျှ ပညာကွန့်မြူးနိုင်မည့် ပတ်ဝန်းကျင် အခင်းအကျင်းသစ် ဖန်တီးနိုင်ဖို့ လုံးပမ်းလာကြသည်။ ဤယုံကြည်မှုနှင့် ဤလုံးပမ်း မှုများမှပင် အာရှကျား ထွက်ပေါ်လာခြင်း ဖြစ်တန်ရာသည်။

ခေတ်ပြိုင် အပြောင်းအလဲများကို တော်လှန်ရေးဟု သဘောယူလျှင် အဆိုပါ တော်လှန်ရေးကြီးမှာ စစ်မြေပြင်တွင် ဖြစ်ပွားနေသည်မဟုတ်ပါ။ လမ်းမပေါ်မှ လျှံကျလာခြင်းလည်း မဟုတ်ပါ။ ရေဒီယို၊ တီဗီ၊ အင်တာနက် စသော ကမ္ဘာ့ ပင့်ကူအိမ်ကြီးထက်တွင် လှုပ်ရှားနေခြင်းဖြစ်ပါသည်။ အစဉ်အလာ ခေါင်းဆောင်မှု ၏ ပညာလက်ဝါးကြီးအုပ်အနေအထား ပြိုကျသွားရာမှ ပေါ်ထွက်လာခြင်း ဖြစ်ပါ သည်။ အရမ်းအကာန်း နာခံမှုများကို ခဝါချလိုက်ရာမှ မွေးဖွားလာသော ကိုယ့် ကြမ္မာကိုယ်ဖန်တီးရေး စိတ်ဓာတ်ခွန်အား ဖြစ်ပါသည်။ လူတိုင်းသည် မိမိဘဝ၏ အရှင်သခင်များ ဖြစ်လာသလို မိမိရည်မှန်းချက်များ၏ အုပ်ချုပ်ရေးမှူးလည်း

ဖြစ်လာသည်။ မိမိဆက်ဆံရေး၏ သံအမတ်ကြီးများလည်း ဖြစ်လာရတော့သည်။ ဤသည်ပင် မီဒီယာပုံရိပ်များက ဖန်တီးပေးလိုက်သော ခေတ်ရေစီးဖြစ်ပါသည်။

## ခေတ်ဆန်းချိန်

အဆိုပါ ခေတ်ရေစီးကို (၂၀) ရာစုအတွင်း ဖြစ်ပွားခဲ့သော အင်ဖော်မေးရှင်း တက္ကနိုလိုဂျီ(အိုင်တီ) တော်လှန်ရေးနှင့် စတင်ဖွင့်လှစ်ပြီး သူ၏ အကျိုးဆက်များမှာ စီးပွားရေးနှင့် နိုင်ငံရေးဘ၀အထိ ပျံ့နှံ့သွားခဲ့သည်။ စင်စစ် ဤခေတ်ရေစီး၏အဆုံးကို မမှန်းဆနိုင်သေးပါ။ ယခုမှ အစဟုဆိုရပါလိမ့်မည်။ သို့နှင့်တိုင် ပိုမိုရှုပ်ထွေးသည်နှင့် အမျှ ပိုမိုနက်ရှိုင်းနိုင်သည့် နောက်ထပ်ရေစီးကြောင်းအသစ် တစ်ခုကလည်း အသင့်စောင့်ကြိုလျက် ရှိနေပြန်သည်။ ဘိုင်အိုတက္ကနိုလိုဂျီ(ဘီတီ) တော်လှန်ရေး ဖြစ်ပါသည်။ ဤတော်လှန်ရေးကြီးက ဆောင်ကြဉ်းလာမည့် မျိုးဗီဇအင်ဂျင်နီယာ ပညာမှာ ကျွန်တော်တို့၏ အတွေးအခေါ်၊ အယူအဆများကိုသာမက လူဖြစ် တည်မှု တစ်ခုလုံးကိုပါ မှောက်လှန်ပြောင်းလဲနိုင်သည့် အလားအလာများ ရှိနေ သည်။ အိုင်တီနှင့်ပတ်သက်လျှင်ပင် ကျွန်တော်တို့မှာ လုံလောက်အောင် မပြင်ဆင် ရသေးပါ။ ဤအခြေအနေမျိုးနှင့် ဘီတီကိုမည်သို့ ရင်ဆိုင်ကြပါမည်နည်း။ အနာဂတ်ကို မျက်နှာမူထားရသူတိုင်း ကိုယ့်ကိုယ်ကို ပြန်ပေးရမည့် မေးခွန်းဟု ယူဆရပါမည်။

အသင့်ထုပ်ပိုးပြီး အိုင်ဒီယာဟောင်းများနှင့် အနာဂတ်ကို ရင်ဆိုင်နိုင်လိမ့်မည် မဟုတ်ပါ။ အနာဂတ်မှာ အတိတ်နှင့် လမ်းခွဲခဲ့ပြီးဖြစ်ပါသည်။ လူသမိုင်းက ကျွန်တော်တို့ သိပြီးကျွမ်းပြီးအတိတ်ကို ချန်ထားခဲ့ကာ မသိသေးမကျွမ်းသေးသော အနာဂတ်ကို အရှိန်ပြင်းပြင်း ခရီးနှင်လျက်ရှိသည်။ ဤခရီးကို မလွဲမရှောင်သာ သွားကြရမည့်သူများအနေနှင့် ပညာမှတစ်ပါး အားကိုစရာမမြင်ပါ။ (၂၁) ရာစု အတွက် ဝင်ခွင့်လက်မှတ် ဝယ်ထားပြီးသူများအတွက် လေးနှင့်မြားမလို တော့ပါ။ သေနတ်နှင့် အမြောက်များလည်း လိုတော့မည်မဟုတ်ပါ။ မုဆိုးရာသီ လွန်ခဲ့ပြီ ဖြစ်သောကြောင့်ဖြစ်ပါသည်။ မုဆိုးရာသီကဆိုလျှင်တော့ လူသည်မိမိ ထမင်းပိုင်းအတွက် တိရိစ္ဆာန်လောကကို အနိုင်ယူကြရပါသည်။ မိမိလျှာရင်း ထမင်းပိုမြိန်ရေးအတွက် မုဆိုးအချင်းချင်းလည်း ယှဉ်ပြိုင်ကြရပါသည်။ ဤအတွက် လေးနှင့်မြားမရှိ၍မဖြစ်ပါ။ သို့နှင့်တိုင် ဤအခင်းအကျင်းနှင့် ဤအကောက်အယူမှာ

အတိတ်ဖြစ်သွားခဲ့ပါပြီ။ အနာဂတ် ကာလလူသား၏ ရုပ်ပိုင်း၊ စိတ်ပိုင်း အာဟာရမှာ ပညာ၏ထွက်ကုန်များသာ ဖြစ်ပါလိမ့်မည်။ **ပညာကို လေး၊ မြားနှင့် ချိန်ပစ်၍ မရပါ။ လက်နက်အားကိုး မိုလ်ကျနည်းဖြင့် ပိုင်စိုးနိုင်လိမ့်မည်လည်းမဟုတ်ပါ။ ကျွန်တော်တို့ ရင်ဆိုင်ယှဉ်ပြိုင်ရမည့် စစ်မြေပြင်သစ်မှာ အမဲလိုက်ကွင်း မဟုတ်တော့ပါ။ ပညာစစ်တလင်း ဖြစ်ပါသည်။**

ဤစစ်တလင်းသစ်တွင် လေးနှင့်မြားမှာ အထောက်အကူထက် အဟန့် အတားသာ ဖြစ်ဖို့များပါလိမ့်မည်။ လေး၊ မြား အစွဲမှလာသော အကောက်အယူမှာ လည်း အခုအခံများသာဖြစ်ပါလိမ့်မည်။ လေး၊ မြား အတတ်နှင့်ယှဉ်သော ယဉ်ကျေးမှုဟောင်းသည်လည်း အတားအဆီးသာ ဖြစ်ပါလိမ့်မည်။ ကျွန်တော်တို့ အနေနှင့် ကိန်းနှင့်အေဘယ်လ်တို့၏ ရန်ညှိုးကို သင်ပုန်းချေကြရပါတော့မည်။ မုဆိုးကြီးနိမ့်ရော့ကိုလည်း အားကျနေ၍ မဖြစ်တော့ပါ။ ပြောရလျှင် ဇီအုံတောင်ကုန်း ထက်မှ မောရှ သယ်ဆောင်လာသော ကမ္ပည်းစာသားများကိုပင် အသစ်တစ်ဖန် အပီအပြင် မသိသေးသည့်တိုင် ယခုလောလောဆယ် အသေအချာပြောနိုင်မည့် အမှာစကား တစ်ခုတော့ရှိပါသည်။ **မုဆိုးရာသီကုန်တော့မည်မို့ လေးနှင့်မြားတို့ မလိုတော့ပါ။**

**စာညွှန်း**

**The End Of Huntings Season In History.**

**(By Shimon Peres)**

# အယ်(လ)ဗင်းတော်ဖလာ

## လူချမ်းသာများ တော်လှန်ရေး

*ယခုစာစုမှာ အနာဂတ်ဆရာ အယ်(လ)ဗင်းတော်ဖလာ၏ သဘောထား အမြင်များ ဖြစ်ပါသည်။*

ပန်းသက်တံစာပေ

## ပြောင်းပြန်ရေစီး

လူ့အဖွဲ့အစည်းတစ်ခုရှိ ထိပ်ဆုံးမှဇောတိကများအနေနှင့် အောက်ဆုံးမှ မောင်ကာကတို့၏ တော်လှန်ရေး ပုန်ကန်မည့်အရေးကို စိုးတထိတ်ထိတ် ဖြစ်ခဲ့ရသည်မှာ ရာစုနှစ်များနှင့်ချီ၍ ကြာမောခဲ့ပြီဖြစ်ပါသည်။ စိုက်ပျိုးရေးအခြေခံ ပထမလှိုင်းတွင်သော်လည်းကောင်း၊ စက်မှုအခြေခံ ဒုတိယလှိုင်းတွင်သော်လည်းကောင်း၊ လူ့သမိုင်းမှာကျေးကျွန်များ၊ မြေကျွန်များနှင့် အလုပ်သမားများ၏ သွေးစွန်းသော အုံကြွမှုများနှင့် မကြာခဏဆိုသလို ပုဒ်မချခဲ့ရသည်။ သို့နှင့်တိုင် ဗဟိုချုပ်ကိုင်မှု အစည်းပြေသွားသည့် ပညာအခြေခံတတိယလှိုင်းကမူ တစ်မူထူးသော ဖြစ်ထွန်းမှု အသစ်တစ်ခုကို ဆောင်ကြဉ်းလာခဲ့ပါသည်။ 'လူချမ်းသာများ တော်လှန်ရေး' ဖြစ်ပါ၏။

## ဖော်လင်ဂါ

ဆိုဗီယက်ယူနီယံ၏ ဆည်းဆာညရိပ် အခါသမယ ဖြစ်ပါသည်။ နှစ်ပေါင်း (၇၀) သက်တမ်းရှည်ခဲ့ပြီဖြစ်သော ခေတ်သစ်အင်ပါယာကြီးမှာ၊ ညောင်ညိုပင်စခန်းသို့ ရောက်ရှိနေပေပြီ။ ဤအချိန်တွင် နှုတ်ဆက်တေးကို အကျယ်လောင်ဆုံး ဟစ်ကြွေးလျက် ရှိနေကြသူများမှာ ဘောလတစ် သုံးနိုင်ငံနှင့် ယူကရိန်းတို့ ဖြစ်ပါသည်။ သူတို့တွေမှာ အနောက်ဥရောပ နှင့် အနီးဆုံးဖြစ်သလို စက်မှုဖွံ့ဖြိုးပြီးသား၊ ချမ်းသာသည့် လူ့အဖွဲ့အစည်းများလည်း ဖြစ်ကြသည်။ ဒုတိယလှိုင်း၏ သင်္ကေတဟု ဆိုနိုင်သော မီးခိုးခေါင်းတိုင်များသည်ပင် အဆိုပါနိုင်ငံများ၏ အမှတ်အသား သရုပ်ဖြစ်ပါသည်။ မော်စကို၏ အခွန်အတုတ်ဝန်ပိနေသောသူတို့တွေမှာ တံကောက်ကြောကို အဖြတ်ခံထားရသလို မလှုပ်နိုင်မရှားနိုင်ဖြစ်နေရသည်။ သူတို့၏ အနောက်ကိုကြည့်လိုက်တော့ တတိယလှိုင်းသို့ ဦးတည်နေသည့် ငှက်သွင်ပျံကြွနိုင်ငံများကို တွေ့လိုက်ရသည်။ သူတို့ဘာလုပ်ကြမည်နည်း။ ကရင်မလင်ကို နောက်ဆုံးအကြည့်ဖြင့် နှုတ်ဆက်ရင်း ထွက်တော်မူ နန်းကခွာဖို့ ဆုံးဖြတ်လိုက်ကြသည်။

ဤအချိန်တွင် ဥရောပနှင့် အဝေးဆုံးတွင်ရှိသည့် ရိုးပြတ်ကွင်းထဲမှ ပထမလှိုင်းနိုင်ငံများမှာ ကရင်မလင်နှင့် မခွဲနိုင်မခွာရက် ဖြစ်နေကြဟန်ရှိသည်။ သူတို့ခေါင်းဆောင်များမှာ အနီဦးထုပ်ဆောင်းထားသည့်တိုင် ကွန်မြူနစ်နှင့်မတူ။

အလယ်ခေတ် ဘယ်ရွန်ကြီးများနှင့် တူနေသေးတော့သည်။ သူတို့၏ အာရုံကျက်စားရာမှာ မိသားစုအသိုင်းအဝိုင်းနှင့် ကျေးလက်အစုအဝေးမျှသာဖြစ်သည်။ သူတို့၏ တစ်ခုတည်းသော မျှော်မှန်းချက်မှာ မော်စကို၏ ကာကွယ်စောင့်ရှောက်မှုနှင့် စောင်မကြည့်ရှုမှုဖြစ်သည်။ ကရင်မလင်ပြိုကျမည့်အရေးမှာ သူတို့၏ ပိုင်စားနယ်မြေများအတွက် ရတတ်မအေးစရာ အန္တရာယ်ဖြစ်သည်။ ဤသို့ဖြင့် ဆိုဗီယက်အင်ပါယာအတွင်းမှ ပထမလိုင်းနှင့် ဒုတိယလိုင်းတို့မှာ ကျောခြင်းကပ်၍ တရွေ့ရွေ့ ခွာ ဖြစ်နေရတော့သည်။

သို့နှင့်တိုင် ဆန့်ကျင်ဘက်ရေစီးကိုမူ အလွယ်နှင့်မြင်ချင်မှ မြင်နိုင်ပါလိမ့်မည်။ မျက်နှာဖုံးစွပ်၍ကရသော ကပွဲကြီးဖြစ်သည်နှင့်အညီ လူမျိုးရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု စသော အလံတွေတလူလူ လွှင့်နေကြသည့် ရှုခင်းကသာ ပေါ်လွင်ထင်ရှားနေသည်။ မျက်နှာဖုံး၏ နောက်ကွယ်တွင်မူ သုန်မှုန်မျက်နှာထားများရှိနေကြသလို အလံများ၏အခြားတစ်ဖက်တွင်လည်း ဆန့်ကျင်ဘက်၊ စီးပွားရေး၊ နိုင်ငံရေး တူရူချက်များ ရှိနေသည်။ အကွဲအပြဲမှာ မြင်သာထင်သာ မရှိလှသည့်တိုင် နက်ရှိုင်းသည်။ နက်ရှိုင်းသည်နှင့်အမျှ ပြင်းထန်လှသည်လည်းဖြစ်ရာ နောက်ဆုံးဇာတ်ဆရာ 'ဂေါ်ဘာချော့(ဖ)' အတွက် မနိုင်ဝန်ဖြစ်လာရတော့သည်။ သို့ဖြင့် ဆိုဗီယက်ယူနီယံ အလံတော်ရှိ တူတံစဉ်ဘေးမှ ကြယ်ပွင့်များမှာ တစ်စစီ ပြုတ်ထွက် ပြယ်လွင့်သွားရတော့သည်။

## ယန္တရား

ဤသည်ပင် ဆိုဗီယက်ယူနီယံ၏ နောက်ဆုံးဇာတ်ကွက်မှ အထုပ်ဖြေပြလိုက်သော အတွင်းသရုပ်ဖြစ်ပါသည်။ ဇာတ်ကွက်သစ်များ ပန္နက်ချရာ အန္တရာယ်လမ်းကြောင်းများမှာ ပထမလိုင်း၊ ဒုတိယလိုင်းနှင့် တတိယလိုင်းဆိုသော လူမှုစီးပွားရေး ကွာဟချက်များတွင်ရှိသည်ဆိုသောအချက် ဖြစ်သည်။ ဤသဘောကို ဆိုဗီယက်ယူနီယံကဲ့သို့ပင် ကြီးမားကျယ်ပြန့်သော အခြားဆိုရှယ်လစ်နိုင်ငံကြီးတစ်ခုတွင်လည်း အထင်အရှား တွေ့နေရသည်။ လူဦးရေသန်းတစ်ထောင်ကျော်ရှိသော တရုတ်ပြည်ကြီးဖြစ်ပါ၏။

ပထမဆုံး တရုတ်ပြည်ကြီး၏ ကုန်းတွင်းပိုင်းဒေသများမှ စတင်ပါမည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာကနှင့် ဘာမှမကွာလှသော ရှုမြင်ကွင်း ဟု ဆိုရပါ

လိမ့်မည်။ သန်းရှစ်ရာကျော်မျှရှိသော လယ်သမားများမှာ သူတို့ အဘိုးအဘွား များကဲ့သို့ပင် မြေယာကိုဖက်တွယ်ထားကြ၏။ ချောင်းကြို့ချောင်းကြားတွင် ဖားရှာ၊ ငါးရှာထွက်နေကြသော မျက်တွင်းဟောက်ပက်၊ ဗိုက်ပူနံကားကလေးများမှာ ယခင် ကလိုပင် စာသင်ခန်းနှင့် ဝေးနေကြ၏။ ဤသည်ပင် ပထမလှိုင်း တရုတ်ပြည်၏ နိစ္စဓူဝမြင်ကွင်း ဖြစ်ပါသည်။

သို့နှင့်တိုင် ကမ်းရိုးတန်းဒေသများတွင်မူ ဘဝချင်းမတူသည့် တရုတ်ပြည် တစ်ခုမှာ မိုးယံသို့ပျံတက်တော့မည့်ဟန် ဖျတ်လတ်သွက်လက် လျက်ရှိနေသည်။ မီးရောင်စုံလင်းလက်နေသော မိုးပျံအဆောက်အအုံသစ်များက ပင်လယ်ကိုကျော်၍ ကျယ်ပြောလှသည့် ကမ္ဘာကြီးကိုမျှော်လျက်ရှိနေကြသည်။ သူတို့၏ ဦးတည်ရာမှာ သူတို့က ကျားသုံးကောင်ဟု အားကျစိတ်နှင့်မြိန်မြိန်ယှက်ယှက်ကြီး ခေါ်နေကြ သော ဟောင်ကောင်၊ တိုင်ဝမ်နှင့် စင်္ကာပူတို့ ဖြစ်သည်။ ဤသည်ပင် တတိယ လှိုင်းကို ငံ့လင့်နေကြသော ဒုတိယလှိုင်းတရုတ်ပြည် ဖြစ်ပါသည်။

အဆိုပါ ဝိရောဓိရှုမြင်ကွင်းကို နောက်ခံပြုဖြတ်သန်းရင်း တရုတ်ပြည်ကြီးမှာ ကမ္ဘာကြီးနှင့် ပိုနီးလာဟန်ရှိသည်။ ပါတီပေါ်လစ်ဗျူရိုနှင့် အစိုးရအဖွဲ့တွင် ခရီးရှည် ချီတက်ပွဲပြန် ပထမလှိုင်းမျိုးဆက်များက တဖြည်းဖြည်းနေရာဖယ်ပေးလာပြီး ပိုငယ်ရွယ်သည်နှင့်အမျှ ပိုပညာတတ်သော ပြုပြင်ပြောင်းလဲရေး တတိယလှိုင်း မျိုးဆက်သစ်က နေရာယူလာသည်။ သူတို့က ဩဝါဒအမှာစကားတွေခြွေဖို့ထက်၊ ကွန်ပျူတာဆော့ဝဲ(လ)ကို အာရုံညွှတ်သည်။ မိုက်ခရိုဖုံးကိုင်ဖို့ထက်၊ ဆဲ(လ)ဖုံးကိုင် ဖို့ ဝါသနာထုံသည်။ မန်ဒရင်းစကားထက် ကန်တုံစကားကို ပိုလျှာသွက်သည်။ အိုင်ဒီအိုလိုဂျီထက် ဘောဂဗေဒကို ခံတွင်းတွေ့ကြသူများဖြစ်သည်။ ယခု လောလောဆယ်တွင် သူတို့၏အရေအတွက်မှာ မများလှသေးသည့်တိုင် သူတို့၏ အင်အားမှာ တရုတ်ပြည်နယ်နိမိတ်ကိုပင် ကျော်လွန်လျက်ရှိသည်။ ဗင်ကူးပါးမှ လော့အိန်ဂျယ်လိ(စ)ထိ၊ ဂျာကာတာမှ၊ ကွာလာလမ်လာပူ၊ မနီလာထိ။ ပြောရလျှင် ကမ္ဘာမြေအနှံ့မှ ပင်လယ်ရပ်ခြား တရုတ်အမျိုးသားအားလုံး မှာသူတို့နှင့် တစ်ဆက် တစ်စပ်တည်းလို ဖြစ်နေသည်။

စင်စစ် ဤမျိုးဆက်သစ်လူငယ်ခေါင်းဆောင်များသည်ပင် တရုတ်ပြည်ကြီး၏ အနာဂတ်ဖြစ်ပါသည်။ သူတို့ အနေအထား၏ အတက်အကျပေါ်မူတည်၍ တရုတ် ပြည်ကြီး၏ အဆန်း၊ အဆုတ်တို့ ဖြစ်ပေါ်လာလိမ့်မည်ဟု မှန်းဆရသည်။

ပန်းသက်တံစာပေ

## ဂင်္ဂါ

လူဦးရေသန်းတစ်ထောင်နီးပါးမျှရှိသော အိန္ဒိယပြည်ကြီးမှာ ဒုတိယအကြီးဆုံး လူ့ သမဂ္ဂကြီးတစ်ခုဖြစ်ပါသည်။ အိန္ဒုနှင့် ဂင်္ဂါမြစ်ဝှမ်းမှာ လူ့ယဉ်ကျေးမှုစတင်ခါစက အထူးကြီးကျယ်ခမ်းနားခဲ့သည် မှန်သော်လည်း ယခုအခါ လှိုင်းသုံးလှိုင်းတို့ ဆုံစည်းရာ ဒေသကြီးတစ်ခု ဖြစ်နေတော့သည်။ မြေဆီထက်သန်ရာ မြစ်ဝှမ်းဒေသများမှာ လွန်ခဲ့သောရာစုနှစ်ပေါင်းများစွာကအတိုင်းပင် ပထမလှိုင်းတွင်သာ ကျောက်ချရပ်တန့်နေသည်။ မီးခိုးခေါင်းတိုင်ကြီးများ မိုးတိုးမတ်တတ်ရှိနေကြသော မြို့ပြဒေသများတွင်မူ ဟောင်းနွမ်းအိုမင်းစ ဒုတိယလှိုင်းက နေရာယူထားသည်။ သို့နှင့်တိုင် အဆိုပါလှိုင်းနှစ်လုံးကိုကြည့်၍ အိန္ဒိယကို ခေတ်နောက်ကျသော နိုင်ငံတစ်ခုဟု သတ်မှတ်လိုက်မည်ဆိုလျှင်မူ တက်တက်စင်လွဲသွားပါလိမ့်မည်။

အာရှစီလီကွန်ဟူ၍ပင် တင်စားခေါ်ကြရသည့် ဘင်္ဂလားနယ်မှာ အိန္ဒိယ တတိယလှိုင်း၏ ခြေကုပ်ယူရာဖြစ်ပါသည်။ ဤနေရာတွင် စက်ရုံမရှိ၊ ဆိုက်ဘာကဖေးများသာရှိသည်။ ဤနေရာမှ သီးနှံသရ မရနိုင်သလို စက်မှုထုတ်ကုန်များကိုလည်းမပေး။ ဆော့ဝဲ(လ)နှင့်ဟိုက်တက်(ချ) ကုန်စည်များကိုသာ ထုတ်လုပ်သည်။ ဒေလီတောင်ပိုင်း၏ ဈေးကြီးထဲသို့ တစ်ချက်မျှ လျှောက်လိုက်လျှင် ဤဒေသ၏ ထူးခြားချက်ကို ခြေရာခံနိုင်စရာရှိပါသည်။ အိန္ဒိယ၏အစဉ်အလာ ထွက်ကုန် လက်ဖက်စို၊ လက်ဖက်ခြောက်နှင့် ချည်ထည်များကို တွေ့နိုင်မည် မဟုတ်ပါ။ ဂြိုဟ်တုစလောင်း၊ ဗီဒီယိုကက်ဆက်နှင့် ကွန်ပျူတာဒီဇိုင်းသစ်မျိုးစုံသည်သာ အဓိကကုန်စည်တွေ ဖြစ်နေတော့သည်။

အိန္ဒိယနိုင်ငံကြီးမှာ လူမျိုးရေးနှင့် ဘာသာရေးဆိုင်ရာ အမုန်းမီးပွားများဖြင့် လောင်မြိုက်နေသော နိုင်ငံကြီးတစ်ခု ဖြစ်ပါသည်။ တစ်ခါတစ်ရံ မီးပွားများမှ သွေးစက်များသို့ အသွင်ပြောင်းသွားတတ်သည်များလည်း မနည်းမနောရှိနေသည်။ သို့နှင့်တိုင် အဆိုပါထင်သာမြင်သာသော ဝိရောဓိများ၏နောက်ကွယ်တွင်၊ တရုတ်နှင့် ရုရှားမှာကဲ့သို့ပင် မတူသော ရေစီးကြောင်းအသီးသီး ရှိနေကြပါသည်။ အစဉ်အလာတွင် ရပ်တန့်ပျော်ပိုက်လိုသည့် လှိုင်းဟောင်းများနှင့် ကမ္ဘာပင့်ကူအိမ်ကြီးသို့ ချိတ်ဆက်လှုပ်ရှားလိုသည့် လှိုင်းသစ်တို့၏ တဝုန်းဝုန်းရိုက်ပုတ်သံကို ကြားနေရသည်။ ဤလှိုင်းတိုက်မှုကြီးကပင် ဂင်္ဂါမြစ်ဝှမ်းယဉ်ကျေးမှုကို အသစ်ရေးခြယ်တော့မည့် သဘောရှိပါသည်။

**အမေရှန်**

လူဦးရေ (၁၅၅)သန်းမျှရှိသော ဘရာဇီးလ်မှာလည်း မတူသော လိုင်းလုံးကြီးများ၏ တိုးတိုက်ဒဏ်ကို မရှုမလှခံနေရသည်။ လူဦးရေ၏ (၄၀) ရာခိုင်နှုန်းနီးပါးမှာ၊ မြေယာစီးပွားရေးမှ မတက်နိုင်သေးဘဲ၊ ဆင်းရဲမှုနှင့် နပန်းလုံးနေရဆဲဖြစ်သည်။ ကျန်ဒေသအများစုမှာ ဒုတိယလှိုင်းစက်မှု စီးပွားရေးတွင်တန့်ရပ်နေပြီး၊ ခေတ်မီရေးနှင့်အလှမ်းဝေးနေရဆဲဖြစ်သည်။ နိုင်ငံတောင်ပိုင်းရှိ 'ရိုင်ယို – ဂရန်ဒီ–ဒိုဆူး(လ)' မြို့တော်တစ်ဝိုက်သည်သာ တတိယလှိုင်းသို့ အားကောင်းမောင်းသန် တက်လှမ်းဖို့ အားသစ်လျက်ရှိသည်။ ဤအပိုင်းတွင်မူ လူဦးရေ (၈၉) ရာခိုင်နှုန်းမှာ စာတတ်ပြီး၊ အိမ်ထောင်ငါးခုတွင်လေးခုက တယ်လီဖုန်း ဆက်သွယ်အသုံးပြုနိုင်သည်။

သို့နှင့်တိုင် တောင်ပိုင်းမှာထင်သလောက် အားမတက်နိုင်ခဲ့ပါ။ မိမိတို့က တိုင်းပြည်ထုတ်ကုန်၏ (၇၆) ရာခိုင်နှုန်းကို ဖန်တီးပေးနေချိန်တွင်၊ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းမှာ (၁၈) ရာခိုင်နှုန်းမျှကိုသာ ဖြည့်ဆည်းပေးနိုင်သည်။ တောင်ပိုင်းဝင်ငွေ၏ ၁၅ ရာခိုင်နှုန်းကို နှစ်စဉ်နိုင်ငံမြို့တော် ဘရာဇီးလီးယားသို့ ထောက်ပံ့နေရသည့်တိုင်၊ ဗဟိုအစိုးရက မိမိတို့အတွက် ဘာမှတုံ့ပြန်ဖန်တီးမပေးနိုင်ပါ။ ထို့ထက် မြောက်ပိုင်းမှ လှိမ့်ဝင်လာသော လူလှိုင်းလုံးကြီးများကလည်း တောင်ပိုင်းကိုအမြဲလို ဒုက္ခပေးလျက်ရှိနေသည်။

'ဘရာဇီးလ် လူမျိုးတစ်ယောက်အနေနဲ့ အလုပ်လုပ်ချင်လျှင် တောင်ပိုင်းတွင်နေ၊ အလုပ်မလုပ်ဘဲ ထောက်ပံ့ကြေးရလိုလျှင်မြောက်ပိုင်းသို့ရွှေ့' ဆိုသော ပြက်လုံးတစ်ခုပင်ရှိနေသည်။ ဤပြက်လုံးကို တောင်ပိုင်းသားတို့က မရယ်နိုင်ကြပါ။ မြောက်ပိုင်းနှင့် ဝေးဝေးမနေနိုင်သရွေ့၊ ဆင်းရဲတွင်းက တက်နိုင်မှာမဟုတ်ဟူ၍ပင် ညည်းတွားပြောဆိုနေကြသည်။ ဤအခြေအနေတွင် ဗဟိုအစိုးရမှာ လယ်သမား၊ အလုပ်သမားတို့၏ မကျေနပ်ချက်ထက် ချမ်းသာသော တောင်ပိုင်း၏ ခွဲထွက်ရေး အန္တရာယ်ကိုသာ သတိကြီးကြီး စောင့်ကြည့်နေရတော့သည်။

ပြောကြစတမ်းဆိုလျှင် ဤအန္တရာယ်မှာ ဘရာဇီးလ်လို ဖွံ့ဖြိုးဆဲနိုင်ငံမဆိုနှင့် ဥရောပကဲ့သို့သော ပေါင်းစည်းရေးကြိုးပမ်းမှုကာလ အနှစ်(၃၀)မျှ ရှိပြီဖြစ်သော ဖွံ့ဖြိုးပြီးနိုင်ငံများမှာပင် ကြိုကြားကြိုကြား ထွက်ပေါ်လျက်ရှိသည်။ ဤအတွက် သာဓကတင်ဖို့လိုမည်ဆိုလျှင် အီတလီ ကို ပြရပါလိမ့်မည်။ 'မီလန်' ဗဟိုပြုဖွံ့ဖြိုးမှု

ရှေ့တန်းရောက် မြောက်ပိုင်းက၊ 'ရောမ' ဗဟိုပြုဖွံ့ဖြိုးမှု နောက်ကျသောတောင်ပိုင်း အပေါ် အစာမကြေဖြစ်နေသည်မှာ လှိုင်းချင်းမတူသောကြောင့် ဖြစ်ပါသည်။

## လှိုင်းလုံးများ တိုးတိုက်မိခြင်း

ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒ၊ အကြမ်းဖက်တိုက်ခိုက်မှုနှင့် လူမျိုးရေး ဘာသာရေး တင်းမာမှု စသည်များမှာ လာတော့မည့်ရာစု၏ အကြိုတေးသံများဟု ဆိုရလောက်အောင်ပင် ကမ္ဘာမြေအနှံ့ သောသောညံလျက်ရှိပါသည်။ ဤသည် တို့မှာ အကင်းမသေတတ်သေးသော စစ်အေးလက်ကျန် အာဃာတများဟု အကဲဖြတ်သူများရှိသလို၊ ယဉ်ကျေးမှုများ တိုးတိုက်မိခြင်း၏ ရှေ့ပြေးနိမိတ်ဟု ယူဆသူများလည်းရှိသည်။ စင်စစ် ပြဿနာအရင်းခံမှာ အိုင်ဒီအိုလိုဂျီနှင့် မဆိုင် သလို၊ ယဉ်ကျေးမှုနှင့်လည်း တိုက်ရိုက်ပတ်သက်သည်တော့ မဟုတ်ပါ။ အိုင်ဒီအို လိုဂျီ အလံများနှင့် ယဉ်ကျေးမှု မျက်နှာဖုံးများ၏ နောက်ကွယ်တွင် ကမ္ဘာကြီးမှာ တစ်ရာ့ရှစ်ဆယ်ဒီဂရီ လှည့်ပြောင်းခဲ့ပြီဖြစ်ပါသည်။

လက်ဝဲနှင့်လက်ယာ၊ အရှေ့နှင့်အနောက်၊ ခေတ်မီခြင်းနှင့် ခေတ်နောက် ကျခြင်းစသော ဆန့်ကျင်ဘက်နှစ်ခုဖြင့် သရုပ်ဖော်နိုင်သော 'ဒွိစုံ' ကမ္ဘာကြီးမှာ သမိုင်းဖြစ်သွားခဲ့ပါပြီ။ ယခုအခါ စိုက်ပျိုးရေး ပထမလှိုင်း၊ စက်ရုံခေါင်းတိုင် ဒုတိယလှိုင်းနှင့် အင်ဖော်မေးရှင်း တတိယလှိုင်းတို့ အပြိုင်တည်ရှိနေသော 'တြိစုံ' ကမ္ဘာကြီးမှာ တစ်စစပုံပေါ်လာနေပြီဖြစ်သည်။ သို့နှင့်အမျှ လှိုင်းလုံးချင်း တိုးတိုက် မိနိုင်သည့် အန္တရာယ်မှာလည်း၊ ရှေ့တန်းသို့ ခုန်ပျံထွက်လာသည့် စိန်ခေါ်ချက် ဖြစ်လာရတော့သည်။ ဤသည်ပင် နှစ်ဆယ့်တစ်ရာစု ကမ္ဘာကြီးက မျက်မှောက် ပြုရတော့မည့် သမိုင်းရေးအဆက်အစပ်သစ် ဖြစ်ပါသည်။

ဤအဆက်အစပ်သစ်တွင် စစ်ပွဲများ၏ ယဉ်ကျေးမှုသည်လည်း သမားရိုးကျ ရှိနိုင်တော့မည် မဟုတ်ပါ။ အစုလိုက်အပြုံလိုက် သေကျေပျက်စီးနိုင်သော လက် နက်များ ပျံ့နှံ့သွားခြင်းနှင့်အတူ နိုင်ငံအစိုးရများ၏ စစ်ရေးပါဝါမှာ လက်ဝါးကြီး အုပ်အဆင့်မှ လျှောကျသွားရတော့သည်။ ရှေ့လာမည့်စစ်ပွဲများမှာ နိုင်ငံအချင်းချင်း ကြားမှာထက်၊ နိုင်ငံအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပေါ်ထွက်လာနိုင်စရာ ရှိသည်။ နှစ်ဆယ်ရာစုအဆုံးက ကြုံခဲ့ရသော ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံ ဖုံးကွဲမှု၊ တိုကျိုမြေအောက်ရထားလိုင်း အဆိပ်ငွေ့နှင့် နှစ်ဆယ့်တစ်ရာစု အစက

ရင်ဆိုင်လိုက်ရသော စက်တင်ဘာ(၁၁) အရေးအခင်းတို့မှာ စစ်ပွဲသစ်များ၏ သရုပ်သဏ္ဍာန်ဖြစ်ပါသည်။ အဆိုပါစစ်ပွဲများ၏ ချိန်ရွယ်ချက်မှာလည်း တရားဝင် ဝါဒဖြန့်ချိရေး အသံများက မည်သို့ပင်ဆိုစေ တတိယလိုင်းသာ ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် လူချမ်းသာ တော်လှန်ရေးကို ခုခံတားဆီးရန်ကြိုးပမ်းကြသည့် ခေတ်နောက်ပြန်ဆွဲမှု၏ တန်ပြန်တော်လှန်ရေးသာ ဖြစ်ပါသည်။

ဤသို့သော အခင်းအကျင်းသစ်တွင် တတိယလိုင်း၏ ငြိမ်းချမ်းရေး ယဉ်ကျေးမှုမှာ မည်သို့သော သဘောသဘာဝ ရှိလေမည်နည်း။ မှန်းဆရသလောက် ပြောရလျှင် ပညာနှင့်ပါဝါမှာ ဗဟိုမှခွာလာမည့် သဘောဟု ယူဆရပါကြောင်း။

**စာညွှန်း**

Revolt Of The Rich

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်

# ကိုဖီအာနန်

## ခြိမ်းခြောက်မှု အပျော့အမာနှင့် လုံခြုံစိတ်ချရသောကမ္ဘာ

[illegible]

ကျွန်တော်တို့အားလုံးမှာ သမိုင်း၏အဆုံးအဖြတ်အချိန်တွင် ရောက်ရှိနေကြပြီ ဖြစ်ပါသည်။ တစ်ခေတ်တစ်ခါက အကြီးမားဆုံး ခြိမ်းခြောက်မှုဖြစ်ခဲ့သည့် နယူးကလီးယားထိပ်တိုက်တွေ့မှုကို ကျော်လွှားနိုင်ခဲ့ပြီဖြစ်သည့်တိုင် အသွင်သဏ္ဍာန်မျိုးစုံနှင့် အသစ်ဖြစ်ထွန်းလာသော ခြိမ်းခြောက်မှုမျိုးစုံက ကမ္ဘာကြီးကို စိန်ခေါ်လျက်ရှိနေသည်။ ကျွန်တော်တို့၏ လက်ရှိနိုင်ငံတကာ ဆက်ဆံရေးယန္တရားမှာ အဆိုပါ ခြိမ်းခြောက်စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ပါမည်လော။ အကယ်၍ မျှော်မှန်းသည့်အတိုင်းမဖြစ်ခဲ့လျှင် ဘာလုပ်ကြမည်နည်း။

ပြီးခဲ့သည့်နှစ် (၂၀၀၃)က ဖြစ်ရပ်များကိုကြည့်လိုက်လျှင် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများကြား အလွန်ကြီးမားနက်ရှိုင်းသော သဘောကွဲလွဲမှုများ ရှိနေသည်ကို တွေ့ရပါလိမ့်မည်။ ဤကွဲလွဲမှုများမှာ ပေါ်လစီပိုင်းနှင့် မူပိုင်းဆိုင်ရာ အခြေခံပြဿနာများလည်း ဖြစ်နေသည်။ နိုင်ငံတကာ အကြမ်းဖက်ဝါဒနှင့် အစုလိုက်၊ အပြုံလိုက် ဖျက်ဆီးနိုင်သောလက်နက်များ အန္တရာယ်မှ မည်သို့မည်ပုံ ကာကွယ်ကြမည်နည်း ဆိုသော ကိစ္စဖြစ်သည်။ ဤကိစ္စအတွက် အင်အာသုံးဖြေရှင်းမှုကို မည်သို့သော အချိန်နှင့် အခြေအနေတွင် ခွင့်ပြုမည်နည်း။ မည်သည့်အင်အားစုက အဆုံးအဖြတ်ပေးမည်နည်း။ အမျိုးသားနိုင်ငံတစ်ခုတည်း၏ လုပ်ပိုင်ခွင့်နှင့် ဆုံးဖြတ်ဆောင်ရွက်ရမည်လော။ သို့မဟုတ် နိုင်ငံစုံညှိနှိုင်း၍ လက်တွဲကြိုးပမ်းကြမည်လော။ 'ကြိုတင်ကာကွယ်ရေးစစ်ပွဲ' (preventive war) ဆိုသည်ကိုလည်း မည်သည့်ခေါင်းစဉ်အောက်တွင်ထားမည်နည်း။ တရားသော စစ်လော၊ ကျူးကျော်ရေး စစ်လော။ ဝင်ရိုးတစ်ခုတည်းဆီသို့ ညွှတ်စပြုလာသော ကမ္ဘာကြီးတွင် ကုလသမဂ္ဂအဖွဲ့ကြီး၏ အခန်းကဏ္ဍကိုမည်သို့သတ်မှတ် ကြမည်နည်း။

ဤသည်တို့မှာ (၁၉၉၀) ခုနှစ်ကတည်းက ထွက်ပေါ်လာခဲ့သော အငြင်းပွားစရာများထဲမှ ထိပ်ဆုံးသို့ တက်လာသောပြဿနာများ ဖြစ်ပါသည်။ ဤပြဿနာများနှင့် ဆက်စပ်နေသော စိန်ခေါ်နေသည့် မေးခွန်းများလည်း ရှိနေပြန်သည်။ နိုင်ငံတို့၏ အချုပ်အခြာအာဏာပိုင်မှုသည် အကြွင်းမဲ့လော နှိုင်းရလော။ နိုင်ငံများကြား ပဋိပက္ခများကိုကာကွယ်ရန်နှင့် ဖြေရှင်းရာတွင် နိုင်ငံတကာမိသားစု၏ တာဝန်ယူနိုင်စွမ်းမှာ မည်သည့်အနေအထားတွင် ရှိနေသနည်း။ အထူးသဖြင့် မျိုးဖြုတ်စစ်ပွဲများ၊ လူမျိုးရေးအမုန်းမီးပွားများနှင့် အခြေခံလူ့ပိုင်ခွင့်များ ဆိုးဆိုးဝါးဝါး ချိုးဖောက်ခံနေရသည့် ပြဿနာများတွင် မည်သို့သဘောထားကြမည်နည်း။

ကျွန်တော်တို့တွင် ထိထိရောက်ရောက် ဖြေရှင်းနိုင်မည့် ယန္တရားတစ်ရပ် မရှိတော့ပြီလော။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၏ အသည်းနှလုံး တည့်တည့်ကို ချိန်ပစ်နေသော မေးခွန်းများဖြစ်ပါသည်။

သို့နှင့်တိုင် ဤမျှနှင့်မပြီးသေးပါ။ ပြောရလျှင် ယခုဖော်ပြခဲ့သည်တို့မှာ 'ခြိမ်းခြောက်မှုအမာများ' (Hard Threads) ဖြစ်ပါသည်။ ဤသို့သော 'အမာ' များထက်မလျော့သော အန္တရာယ်ကိုပေးနိုင်သည့် 'ခြိမ်းခြောက်မှု အပျော့များ' (Soft Threads) များလည်း မနည်းမနောရှိနေပါသေးသည်။ ကမ္ဘာ့နိုင်ငံအများစုအတွက်ဆိုလျှင် ခြိမ်းခြောက်မှုအမာများမှာ အန္တရာယ်ကြီးသည့်တိုင် အဝေးမှဖြစ်နေပြီး မိမိတို့၏နိစ္စဓူဝဘဝကို အနီးကပ်ဒုက္ခပေးနေသော 'နီးရာဓား'မှာ ခြိမ်းခြောက်မှုအပျော့များဖြစ်နေပါသည်။ အလွန်အကျွံ ဆင်းရဲမွဲတေမှု၊ စားနပ်ရိက္ခာ မလုံလောက်မှု၊ သန့်ရှင်းသောသောက်သုံးရေ မရတတ်နိုင်မှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုနှင့် ကပ်ရောဂါကြီးများဖြစ်သည်။ ခြိမ်းခြောက်မှုအမာများလို စစ်ပွဲများဆီသို့ ချက်ချင်းကူးမသွားသော်လည်း အပျော့စား ခြိမ်းခြောက်မှုများကြောင့် နှစ်စဉ် လူ့အသက်ပေါင်းသန်းနှင့်ချီ၍ စတေးနေရသည်မှာ ခါးသီးလှသော အမှန်တရားသာဖြစ်တော့သည်။

စင်စစ် ခြိမ်းခြောက်မှု အမာများနှင့် အပျော့များမှာ မဆက်မစပ်ဘဲ သီးခြားဖြစ်တည်နေသည် မဟုတ်ပါ။ အမာများကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု အချိန်မရွေး ပျက်စီးသွားနိုင်သလို မငြိမ်းချမ်း၊ မတည်ငြိမ်သော ပတ်ဝန်းကျင်ကြောင့်လည်း အပျော့များ၏ အန္တရာယ်မှာ ပိုဆိုးလာနိုင်သည်။ တိုင်းပြည်များကြားနှင့် တိုင်းပြည်တစ်ခုအတွင်း ဆင်းရဲချမ်းသာကွာဟမှု ကြီးမားနေချိန်၊ သန်းပေါင်းများစွာသော လူသားများမှာ စုတ်ပြတ်နွံချာလှသောဒုက္ခတွင်းထဲ ကျရောက်နေရချိန်၊ လူ့လိုအပ်ချက်များနှင့် လူ့ဂုဏ်သိက္ခာတို့ ဆိုးဆိုးဝါးဝါး ပုံပန်းပျက်နေချိန်မျိုးတွင် လုံခြုံစိတ်ချရသော ကမ္ဘာဆိုသည်ကို အိပ်မက်မျှပင် မက်နိုင်လိမ့်မည် မဟုတ်ပါ။ ဤအခြေအနေတွင် ကမ္ဘာသားအားလုံး လက်တွဲကြိုးပမ်းနိုင်သည့် 'ဘုံရပ်တည်ရာ' (common ground) တစ်ခုကို မဖြစ်မနေ ရှာဖွေရ ပါတော့မည်။ လက်ရှိ ကုလသမဂ္ဂအဖွဲ့ကြီးမှာ အဆိုပါ 'ဘုံရပ်တည်ရာ' အနေအထားတွင် ရှိ၊ မရှိ ဆိုသည်ကို အလေးအနက် ဆန်းစစ်ကြရပါတော့မည်။

ဤသည်တို့မှာ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက ကျင်းပခဲ့သော နိုင်ငံတကာ

ပညာရှင်များ ညီလာခံတွင် ကျွန်တော်တင်ပြခဲ့သော လုပ်ငန်းတာဝန်များ ဖြစ်ပါသည်။ အဆိုပါ ညီလာခံတွင် ကမ္ဘာတစ်ဝန်းမှ လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကျွမ်းကျင်သူပညာရှင် (၁၆) ဦး တက်ရောက်ခဲ့ပါသည်။ ညီလာခံ၏ ရည်ရွယ်ချက်များမှာ–

(၁) ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် လောလောဆယ်နှင့် အနာဂတ်ကာလတွင် ပေါ်ထွက်လာနိုင်သည့် ခြိမ်းခြောက်မှုများကို စိစစ်သုံးသပ်ကြရန်။

(၂) ဤခြိမ်းခြောက်မှုများကို စုပေါင်းရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် အသေးစိတ် အစီအစဉ်များ ညှိနှိုင်းရေးဆွဲရန်နှင့်

(၃) လက်ရှိ ကုလသမဂ္ဂအဖွဲ့ကြီးကို ထိရောက်သောစုပေါင်းဆောင်ရွက်မှုအတွက် တရားဝင်အဖွဲ့အစည်းဖြစ်လာစေရန် လိုအပ်သော ပြင်ဆင်မှုများ အကြံပြုရန် တို့ ဖြစ်ပါသည်။

ညီလာခံ၏ အဓိကရည်ရွယ်ချက်မှာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတွင် တည်ထားသော်လည်း ဆက်စပ်နေသော ပြဿနာအားလုံးကို တတ်စွမ်းသမျှ ကိုင်တွယ်သွားရန်ဖြစ်သည်။ ပြောရလျှင် ခြိမ်းခြောက်မှု အမာရော၊ အပျော့များနှင့်ပါ သက်ဆိုင်ပါသည်။

ပညာရှင်ညီလာခံမှ အကြံပြုချက်များကို လက်တွေ့ အကောင်အထည်ဖော်ရာတွင် လုံခြုံရေးကောင်စီနှင့်သာမက အထွေထွေညီလာခံနှင့်ရော စီးပွားရေးနှင့် လူမှုရေးကောင်စီတို့နှင့်ပါ ဆက်စပ်လုပ်ဆောင်သွားဖို့ ဖြစ်သည်။ ထို့ထက် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သော ‘နယ်ပယ်ထိန်းသိမ်းစောင့်ရှောက်ရေးကောင်စီ’ (Trusteeship Council) နှင့်ပါ လက်တွဲဆောင်ရွက်ဖို့ ရည်ရွယ်ထားသည်။ ဤအဖွဲ့ကြီးမှာ ကုလသမဂ္ဂ အစောင့်အရှောက်ခံ နယ်မြေများကို တာဝန်ယူခဲ့ရသော်လည်း အဆိုပါနယ်မြေများ လွတ်လပ်ရေးရသွားသည်နှင့် (၁၉၉၄) ကတည်းက ရပ်ဆိုင်းထားခဲ့ရသည်။ ယခုအခါ ကုလသမဂ္ဂသို့ တာဝန်ပေးလာသော စစ်ဒဏ်ကြောင့် ယိုယွင်းပြိုကွဲနေသော နိုင်ငံများအရေးကို ဤအဖွဲ့ကြီးက တာဝန်ယူသွားဖို့ ဖြစ်ပါသည်။

ပညာရှင်ညီလာခံ၏တာဝန်မှာ အကြံပြုချက်များကို ပြုစုတင်ပြပေးဖို့သာဖြစ်သည်။ လာမည့်ဆောင်းဦးပေါက်လောက်ဆိုလျှင် ပြည့်စုံသော အကြံပြုချက်များ

ပန်းသက်တံစာပေ

ထွက်ပေါ်လာလိမ့်မည်ဖြစ်ရာ လာမည့်အထွေထွေညီလာခံသို့ တင်ပြနိုင်ပါလိမ့်မည်။ အမှန်တကယ်ဆုံးဖြတ်လုပ်ကိုင်ရန်မှာမူ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ တာဝန်သာ ဖြစ်ပါသည်။ ကျွန်တော်တို့အားလုံး ညီညီညွတ်ညွတ်နှင့် လက်တွဲကြိုးပမ်းနိုင်လျှင် လောလောဆယ် ရင်ဆိုင်နေရသော အကျပ်အတည်းများသည်ပင် အခွင့်အလမ်းများအဖြစ် ပြောင်းလဲသွားနိုင်ပါသည်။ **နိုင်ငံတကာမှ အကောင်းဆုံး ဦးနှောက်များ၏ အမြော်အမြင်ဖြင့် နိုင်ငံတကာမိသားစုကို ခိုင်မာအောင်ဖွဲ့စည်း နိုင်ပြီး ရာစုသစ်၏လိုအပ်ချက်များနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်လျှင် လူသမိုင်းက ကျွန်တော်တို့အားလုံးကို အမှတ်တရ ဖြစ်နေမည်မှာ သေချာလှပါသည်။**

စာညွှန်း

**Working together of a Safer World**

**(By Kofi Annan)**

အမေရိကန် သမ္မတဟောင်း

# ဂျင်မီကာတာ

## ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေး

ပန်းသက်တံစာပေ

ယနေ့ ကျွန်တော်တို့ ရင်ဆိုင်နေကြရသော အကြီးမားဆုံး စိန်ခေါ်မှုမှာ အချိန်နှင့်အမျှပို၍ နက်ရှိုင်းကျယ်ပြန့်လာနေသော နိုင်ငံများကြား ဆင်းရဲချမ်းသာ ကွာဟမှု ချောက်ကမ်းပါးကြီးပင် ဖြစ်ပါသည်။ ဤပြဿနာ အပေါ် ထိထိရောက်ရောက်တုံ့ပြန်ဖြေရှင်းနိုင်ရေးမှာ ကျင့်ဝတ်ဆိုင်ရာလူ့ ကရုဏာနှင့်ယှဉ်သော တာဝန်ဖြစ်ရုံမျှမက အကြမ်းဖက်မှုဆန့်ကျင်ရေး တိုက်ပွဲအတွက်လည်း အရေးကြီးသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်နေသည်။ လွန်ခဲ့သောဆယ်စုများအတွင်း လူ့ပိုင်ခွင့်၊ လူ့တာဝလုံခြုံရေးနှင့် ပတ်သက်သော ကျွန်တော်တို့၏နားလည်ချက်များမှာ ပိုမိုပြည့်စုံကျယ်ပြန့်လာခဲ့သည်ဟု ဆိုနိုင်ပါလိမ့်မည်။ စင်စစ် နိုင်ငံရေး ဌ်မင်းဌါချင်းဝါဒကို ဖယ်ရှားပေးနိုင်ပြီဆိုရုံမျှနှင့် ပြဿနာအားလုံး ပြေလည်သွားပြီဟု မဆိုနိုင်သေးပါ။ ငြိမ်းချမ်းသော ပတ်ဝန်းကျင်သစ်တွင် လူပီပီဆက်လက်ရှင်သန်နိုင်စေရေးအတွက် ဆက်လက်လုံးပန်းရပါလိမ့်ဦးမည်။ လုံလောက်သော ကျန်းမာရေး စောင့်ရှောက်မှုနှင့်အတူ စားဝတ်နေရေး အခြေခံလိုအပ်ချက်များသာမက စီးပွားရေးအခွင့်အလမ်းများကိုပါ ဖန်တီးပေးကြရပါလိမ့်မည်။

ဝမ်းနည်းယူကျုံးမရစရာကောင်းလှသော စက်တင်ဘာ (၁၁) အဖြစ်အပျက်က ဖွင့်လှစ်ပြသလိုက်သည့် အချက်တစ်ချက်ရှိပါသည်။ ချွတ်ခြုံကျ ဆင်းရဲမွဲတေမှုမှ မျှော်လင့်ချက်ကင်းမဲ့မှု၊ နာကြည်းစိတ်ပျက်မှုနှင့် တစ်ခါတစ်ရံတွင် အကြမ်းဖက်မှုကိုပါ မွေးထုတ်နိုင်သည်ဆိုသော အမှန်တရားဖြစ်သည်။ ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းလှသော အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုကြီး၏ နောက်ကွယ်တွင် ဖွံ့ဖြိုးမှုနောက်ကျခြင်းဆိုသော အကြောင်းတရား တစ်ရပ်ရှိနေသည်ကို တော်တော်များများက သတိပြုမိကြဟန်မရှိပါ။ တရားမျှတမှုကင်းမဲ့ခြင်း၊ အလုပ်အကိုင်မရှိခြင်း၊ လူမှုရေး ခွဲခြားဆက်ဆံမှုများနှင့် ရင်ဆိုင်နေရခြင်း စသော လူမှုဒုက္ခ အပေါင်းသည် ပြဿနာ၏ အရေးကြီးသောဆက်ထုံးများ ဖြစ်နေသည်ကို နားလည်သဘောပေါက်ဖို့ လိုပါသည်။

ပြောရလျှင် ဆင်းရဲမှုသည်ပဋိပက္ခများ၊ မတည်ငြိမ်မှုများနှင့် နီးနီးကပ်ကပ် ဆက်စပ်လျက်ရှိနေပါသည်။ **အားနည်းသော၊ မတည်ငြိမ်သော၊ အောင်မြင်မှုနှင့် အလှမ်းဝေးနေသော နိုင်ငံများမှာ အကြမ်းဖက် သမားများအတွက် နားခိုရာ၊ တပ်သားသစ် စုဆောင်းရာ၊ ကျကျနန အသုံးချချင်စရာ ဘူမိနက်သန် ဖြစ်လာရသည်။ ဤကဲ့သို့သော နိုင်ငံများသည်ပင်လျှင် မူးယစ်ဆေးဝါး မှောင်ခို**

**မှု၊ ငွေမည်းကို ငွေဖြူပြောင်းမှု၊ ကပ်ရောဂါကြီးများပျံ့နှံ့မှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုနှင့် ဒုက္ခသည် ပြဿနာတို့၏ မွေးရပ်မြေ ဖြစ်နေရတော့သည်။** လူ့အဖွဲ့အစည်းတစ်ရပ်ရှိ လူထုများအတွက် မျှော်လင့်ချက်နှင့် အခွင့်အလမ်းများ ဖန်တီးမပေးနိုင်သည်နှင့်အမျှ ထိုသူများ၏ စိတ်ဓာတ်နှင့် အသည်းနှလုံးမှာ မတည်ငြိမ်မှုမျိုးစေ့ကို စိုက်ပျိုးလိုသူများအတွက် ရေခံမြေခံကောင်း ဖြစ်နေပါလိမ့်မည်။

ဤအခြေအနေတွင် အကြမ်းဖက်ဝါဒကို တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် ဝိုင်းဝန်းဆန့်ကျင်နိုင်ရေးအတွက် ပထမဆုံး ချမ်းသာသောနိုင်ငံများမှ လူထုကို ပညာပေးရမည့်သဘောရှိသည်။ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့ပိုင်ခွင့်၊ လူ့ဘဝလုံခြုံရေးတို့၏ အဆက်အစပ်ကို လူထုကိုယ်တိုင်က သဘောပေါက် နားလည်နိုင်ပါမှ သက်ဆိုင်ရာ အစိုးရများကို တွန်းအားပေးနိုင်ပါလိမ့်မည်။ ဤကိစ္စနှင့်ပတ်သက်ပြီး (၂၀၀၂)ခုနှစ်က ကျင်းပခဲ့သော 'ကာတာစင်တာ'၏ ဖွံ့ဖြိုးရေးကွန်ဖရင့်တစ်ခုတွင် အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဟောင်း 'ရောဘတ်ရူဘင်' က အဆိုပြုချက်တစ်ခု တင်သွင်းဖူးသည်။ ဆေးလိပ် ဆန့်ကျင်ရေး၊ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးတို့လို ဖွံ့ဖြိုးရေးကိစ္စတွင်လည်း လူထုအာဘော် ဖန်တီးနိုင်ဖို့ ဖြစ်ပါသည်။ သို့မှသာ ဖွံ့ဖြိုးရေး အကူအညီနှင့် ပတ်သက်လျှင် စိတ်မပါလက်မပါ လက်တွန့်နေကြသော ချမ်းသာသည့် အစိုးရများကို အရပ်ဘက်လူ့အဖွဲ့အစည်းဖြင့် ကျားကန်နိုင်ပါလိမ့်မည်။

စင်စစ် ကျွန်တော်တို့တစ်တွေမှာ သမိုင်းတွင်မကြုံဖူးသေးသော ဖွံ့ဖြိုးရေး ခေတ်ကြီးထဲသို့ ရောက်ရှိနေကြပြီဖြစ်ပါသည်။ ချမ်းသာသော နိုင်ငံများအနေနှင့် ခရစ်နှစ် (၂၀၁၅) အရောက်တွင် တစ်ရက်ဝင်ငွေ တစ်ဒေါ်လာအောက်ရှိသော အရေအတွက်ကို လက်ရှိ၏တစ်ဝက်မျှထိ လျှော့ချနိုင်ရန် ကတိပေးခဲ့ပြီးဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများဘက်မှလည်း အကျင့်ပျက်ခြစားမှုများကို ဖယ်ရှားရန်နှင့်ရရှိလာမည့် အကူအညီများကို သင့်တင့်လျောက်ပတ်စွာ အသုံးချနိုင်ရန် ကတိကဝတ်ပြုခဲ့ကြပြီး ဖြစ်သည်။ ခရစ်နှစ် (၂၀၀၀) က မွန်ထရီနှင့် ဂျောနသန်ဘတ်တို့တွင် ကျင်းပခဲ့သော ထောင်စုနှစ်ညီလာခံများက ဤအချက်များကို သဘောတူညီခဲ့ပြီးဖြစ်သည်။ ပြဿနာမှာ လက်တွေ့အကောင်အထည်ဖော်သည့် အပိုင်းတွင်ရှိနေသည်။ ဤသို့ လက်တွေ့အကျိုးများနိုင်စရာရှိသည့် ဖွံ့ဖြိုးရေးအကူအညီကိစ္စတွင် စိတ်မပါလက်မပါ ဖြစ်နေကြပြီး၊ စစ်ရေးတစ်ခုတည်းကိုသာ ဗဟိုပြု၍ အကြမ်းဖက်ဝါဒကို ဆန့်ကျင်ဖို့ အားသန်နေကြသည်။ ဤတူရူချက် အတိုင်းသာဆိုလျှင် ကျွန်တော်တို့၏

ထောင်စုနှစ်ရည်မှန်းချက်များမှာ မလိုလားအပ်သော ဆုတ်ဆိုင်းမှုများနှင့် ရင်ဆိုင်ရ စရာ ရှိပါလိမ့်မည်။

အချမ်းသာဆုံးနိုင်ငံများမှ ခေါင်းဆောင်များအနေနှင့် ဖွံ့ဖြိုးရေး အကူအညီများ ပေးရေးကို အခါအားလျော်စွာ ထုတ်ပြန်လေ့ရှိပါသည်။ သို့နှင့်တိုင် စေတနာ အထက်သန်ဆုံး နိုင်ငံများသည်ပင်လျှင် ဖွံ့ဖြိုးဆဲကမ္ဘာ၏ လက်တွေ့လိုအပ်ချက်ကို ထိထိရောက်ရောက် မဖြည့်စွမ်းပေးနိုင်ဖြစ်နေသည်။ ဤသည်မှာလည်း မိမိတို့၏ စီးပွားရေးကိုယ်ကျိုးစီးပွားနှင့် ဆက်စပ်နေသောကြောင့်ဖြစ်နိုင်သည်။ ဥပမာ – 'မာလီ' နိုင်ငံဆိုလျှင် အမေရိကန် ပြည်ထောင်စု၏ ဝါဂွမ်းအမတော်ကြေး ပေါ်လစီကြောင့် နှစ်စဉ် ဒေါ်လာ (၄၅)မီလီယံမျှ ဆုံးရှုံးနစ်နာနေရသည်။ ဤအချိန် တွင် အမေရိကန်ကပေးသော အကူအညီမှာ ဒေါ်လာ (၃၇) မီလီယံမျှသာရှိသည်။ 'မာလီ' အတွက် အမှန်တကယ်လိုအပ်နေသည်မှာ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက် ဝင်ရောက်ခွင့်ရရေး ဖြစ်ပါသည်။

'မာလီ'မှာ အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများကဲ့သို့ပင် ပြည်တွင်းစွမ်းဆောင်ရည် အားနည်းဆဲနိုင်ငံတစ်ခု ဖြစ်သည်။ အလှူရှင်နိုင်ငံများဘက်မှ အကူအညီနှင့်အတူ များပြားလှသော လုပ်ထုံးလုပ်နည်းများကိုလည်း ချမှတ်လေ့ရှိကြရာ 'မာလီ'၏ အတွေ့အကြုံနနယ်ဆဲ စီမံခန့်ခွဲမှုအတွက် မနိုင်ဝန်လိုဖြစ်နေရသည်။ ဤအခြေအနေ မျိုးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ဒီမိုကရက်တစ်အဖွဲ့ အစည်းများ တည်ဆောက်ရေးကိုလည်း တတ်စွမ်းသမျှ ကူညီဖြေရှင်းဖို့ လိုပါလိမ့် မည်။ 'အဖွဲ့အစည်းဘောင်သွင်းခြင်း' (Institutionalization) မရှိဘဲ ခေတ်သစ် နှုန်းစံတန်ဘိုးများကို လက်တွေ့ကျင့်သုံးနိုင်လိမ့်မည် မဟုတ်ပါ။ ဤသို့သော လက်တွေ့ဆောင်ရွက်မှုအပိုင်းများ ချို့တဲ့နေလျှင် နိုင်ငံခြားအကူအညီ ဆိုသည်မှာ လည်း 'ပေးကားပေး၏မရသည်ပမာ' ဆိုသလိုသာဖြစ်ပါလိမ့်မည်။

နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်းများတွင်လည်း ပြုပြင်ပြောင်းလဲစရာများ မနည်းမနောရှိနေသည်။ အထူးသဖြင့် သူတို့၏ ပေါ်လစီချဉ်းကပ်မှုမှာ 'ပုံစံခွက် တစ်ခုတည်းဖြင့် အရာရာဝင်ဆံ့ရမည်' (One-size-fits-all) ဆိုသလိုမျိုးဖြစ်နေ သည်။ အကျိုးဆက်အနေနှင့် ဖွံ့ဖြိုးဆဲနိုင်ငံ တစ်ခုချင်း၏ အမှန်တကယ် လိုအပ်ချက်များကို မဖြည့်ဆည်းနိုင် ဖြစ်နေရသည်။ ဤအတွက် အထင်ရှားဆုံး သာဓကမှာ တောင်အမေရိကန်နိုင်ငံများဖြစ်ပါသည်။ လောလောဆယ်

အခြေအနေတွင် ဤဒေသကြီးမှာ အကျပ်အတည်းများနှင့် နပန်းလုံးနေရချိန် ဖြစ်သည်။ ပါရာဂွေး၊ ဘိုလစ်ဗီးယားနှင့် ဥရုဂွေးတို့မှာ စီးပွားရေးရပ်တန့်မှုနှင့် မအီမလည်ဖြစ်နေသည်။ အာဂျင်တီးနား၊ စီးပွားရေးမှာ လုံးဝပြိုးကျခဲ့ပြီဖြစ်သည်။ ဘရာဇီး(လ)မှာ ဒေါ်လာ ၂၆၀ ဘီလီယံ အကြွေးဝန်ပိနေသည်။ ဤမျှ အတိဒုက္ခ ရောက်နေသော ဒေသကြီးအတွက် နိုင်ငံတကာမိသားစုဘက်မှ ဘာတစ်ခုမှအကူ အညီမပေးနိုင် ဖြစ်နေသည်။

အပြန်အလှန် အမှီသဟဲပြုရမှုများနှင့် မကင်းနိုင်သောကမ္ဘာကြီးတွင် ဆင်းရဲ– ချမ်းသာ အဟပ်ကွာနေရသည်မှာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် တိုက်ရိုက်ခြိမ်းခြောက်မှုဟု ဆိုရပါလိမ့်မည်။ ကျွန်တော်တို့ ဖြတ်သန်းနေရသည့် ရာစုသစ်တွင် ရေရှည်ဖွံ့ဖြိုးမှု၊ ငြိမ်းချမ်းရေးနှင့် လုံခြုံမှုကို အောင်အောင်မြင်မြင် ဖန်တီးနိုင်ဖို့ဆိုလျှင် ထိရောက်၍ လက်တွေ့ကျသော ပေါ်လစီများချမှတ်ရပါ လိမ့်မည်။ ဤအတွက် ထက်သန်သောဆန္ဒ အမှန်ရှိဖို့လိုပါသည်။ ဤတာဝန်များကို ဥပေက္ခာပြုလိုက်သည်နှင့် ဝမ်းနည်းနာကြည်းဖွယ်ရာ အကျိုးဆက်များက ကျွန် တော်တို့ အားလုံးကို စောင့်ကြိုနေလိမ့်မည်ဖြစ်ပါသည်။

**စာညွှန်း**

The human right to peace
(By Jimmy Carter)

ကမ္ဘာ့စီးပွားရေးဖိုရမ် ဥက္ကဋ္ဌ

# ကလပ်ရှဝက်

## သမှူဟာကမ္ဘာ့စီမံချက်

ပန်းသက်တံစာပေ

'ဝန်စတန်ချာချီ'ကြီး၏ စကားတစ်ခွန်းရှိသည်။

**အကောင်းမြင်သမားတွေက၊ အန္တရာယ်တွေထဲက အခွင့်အလမ်းကို မြင်ကြတယ်။ အဆိုးမြင်သမားတွေကတော့ အခွင့်အလမ်းတွေထဲက အန္တရာယ်ကိုပဲမြင်ကြတယ်။** ၂၁–ရာစု၏ ပထမဆုံးနှစ်များကို ဖြတ်သန်းပြီးသောအခါ 'အကောင်းမြင်ဝါဒီ'များအတွက် ဝမ်းမြောက် ဝမ်းသာဖြစ်စရာ မကြုံရသေးဟု ဆိုရမလိုရှိတော့သည်။ လုံခြုံရေးနှင့် ချမ်းသာကြွယ်ဝရေးမှာ အခြိမ်းခြောက်ခံရလျက်ရှိနေသည်။ မတည်ငြိမ်မှုနှင့် ပဋိပက္ခများမှာ အနာဂတ်မြင်ကွင်းကို တိမ်သလ္လာဖုံးလျက်ရှိနေသည်။

ဒီဇင်ဘာလအတွင်းက ဆဒမ်ဟူစိန်ကိုဖမ်းမိပြီး လစ်ဗျားတွင် အခြေအနေကောင်းများပေါ်ထွက်လာသည့်တိုင် မကြာလှသေးသည့်လများ အတွင်းက ဘဏ္ဍာရေးဈေးကွက်တွင် ပြန်လည်နာလန်ထလာခဲ့သည့်တိုင် ကမ္ဘာကြီးမှာ အလွန်အန္တရာယ်ကြီးပြီး အလွန်မတည်ငြိမ်သော နေရာတစ်ခုသာ ဖြစ်မြဲဖြစ်နေဆဲဟု ဆိုရပါလိမ့်မည်။

အစုလိုက်အပြုံလိုက် ဖျက်စီးနိုင်သော လက်နက်များ၊ ကမ္ဘာလုံး ဆိုင်ရာ အကြမ်းဖက်ဝါဒ၊ စစ်ပွဲများ၊ အောင်မြင်မှုနှင့် အလှမ်းဝေးနေဆဲ နိုင်ငံများ၊ လူမျိုးရေး ဘာသာရေး ယဉ်ကျေးမှုနှင့် နယ်ပယ်ပိုင်နက်ဆိုင်ရာ ပဋိပက္ခများ၊ ဆင်းရဲတွင်းမှ မတက်နိုင်သေးသော လူများစု၊ သန့်ရှင်းသော သောက်သုံးရေရှားပါးမှု၊ ကူးစက်ရောဂါများ၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းမှု၊ စီးပွားရေးနှင့် ဘဏ္ဍာရေး မတည်ငြိမ်မှုများ၊ ဘီဇနက်လောကမှ မသမာမှုများ၊ အနိဋ္ဌာရုံ မာတိကာများကား ဆုံးပဲမဆုံးနိုင်တော့ပါ။ အကောင်းမြင် ဝါဒကို စိန်ခေါ်နေသော အန္တရာယ်ကြီးများ ဖြစ်ပါသည်။

သို့နှင့်တိုင် ဤအန္တရာယ်တောကြီးထဲမှပင် အခွင့်အလမ်းကောင်းများကိုလည်း လှမ်းမြင်နေရပြီဖြစ်ပါသည်။ အကောက်အယူဟောင်းများနှင့် အကွဲအပြဲ ဇာတ်လမ်းဟောင်းများကို စိန်ခေါ်သည့် အခွင့်အလမ်းများ၊ စဉ်းစားပုံအသစ်နှင့် ထိုးထွင်းသိမြင်ပုံအသစ်ကို ဖွံ့ဖြိုးစေမည့် အခွင့်အလမ်းများ၊ မဟာမိတ်သစ်များ၊ ပေါင်းစည်းမှုသစ်များကို ပုံဖော်မည့် အခွင့်အလမ်းများ၊ ခေါင်းဆောင်မှုအသစ်နှင့် ဖြေရှင်းမှုအသစ်များကို ဆောင်ကြဉ်းလာစေမည့် အခွင့်အလမ်းများ၊ ပြောရလျှင် အန္တရာယ်များသည်ပင်လျှင် ဤအခွင့်အလမ်းကောင်းများ ဖြစ်နေတတ်ပါသည်။

တစ်ခုတော့ရှိသည်။ ကျွန်တော်တို့အနေနှင့် အခြေအရာတစ်ခုကိုမူ ရဲရဲရင်ဆိုင်ကြရပါလိမ့်မည်။ ချမ်းသာကြွယ်ဝမှုအလားအလာ ကင်းမဲ့နေလျှင် ဘဝလုံခြုံမှုအတွက် မျှော်လင့်ချက်မရှိနိုင်သလို လုံခြုံမှုမဖန်တီးနိုင် သရွေ့လည်း စိတ်ချခိုင်မာသော ရေရှည်စီးပွားရေးဖွံ့ဖြိုးမှုကို ရရှိနိုင်မည်မဟုတ်ဆိုသည့် အခြေခံ ဆက်စပ်မှုဖြစ်ပါသည်။ စင်စစ် ဆင်းရဲမှုက ပဋိပက္ခများကို မွေးထုတ်စေသလို ပဋိပက္ခများကလည်း ဆင်းရဲမှုကို သက်ဆိုးရှည်စေပါသည်။ ဤသည်ပင် ကမ္ဘာကြီးက ရင်ဆိုင်နေရသော 'အဆိုးကျော့ သံသရာ' ဖြစ်တော့သည်။

မှန်တိုင်းထန်သည့် ခြိမ်းခြောက်မှုကာလမျိုးတွင် လုံခြုံရေးမှာ အစိုးရများ၏ ဦးစားပေးတာဝန်ဖြစ်သင့်သည်မှာ မှန်ပါသည်။ သို့နှင့်တိုင် ဖွံ့ဖြိုးရေး (အထူးသဖြင့် ရေရှည်စိတ်ချခိုင်မာသောဖွံ့ဖြိုးရေး) ကိုမူ ဥပေက္ခာမပြု အပ်ပါ။ အကြောင်းမူ ဖွံ့ဖြိုးမှုနောက်ကျခြင်းသည်လည်း အကြမ်းဖက် တိုက်ခိုက်မှုများလို၊ စစ်ပွဲများလိုပင် 'ဘဝလုံခြုံမှု' ကို ခြိမ်းခြောက်နိုင်သော ကြောင့်ဖြစ်ပါသည်။

ဘဝလုံခြုံမှုဆိုရာတွင် ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုသာမက စိတ်ပိုင်းဆိုင်ရာလုံခြုံမှုကိုလည်း အလေးထားကြရပါလိမ့်မည်။ လုံခြုံရေးအလံအောက်တွင် တစ်ဦးချင်းဘဝ၏လွတ်လပ်မှုများကို စတေးလိုက်မည်ဆိုလျှင် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုကိုရနိုင်စရာမရှိတော့ပါ။ ဆက်သွယ်ရေး ပညာရေး၊ ပညာရှာဖွေရေးစသော နယ်ပယ်အသီးသီးဝယ် တီထွင်ဖန်တီးမှုများဖြင့် ဖောက်ထွက်လမ်းရှာကြရသော ခေတ်သစ်တွင် လုံခြုံလွတ်လပ်သော စိတ်အခံမရှိဘဲ မည်သို့မျှရှေ့ဆက်နိုင်စရာ မရှိတော့ပါ။ မရှိမဖြစ် 'ပညာကွန့် မြူးမှု'အတွက် လွတ်လပ်သောစိတ်အခံကို တည်ဆောက်ကြရပါလိမ့်မည်။

**ကျွန်တော်တို့ ဖြတ်သန်းနေရသော ခေတ်မှာ လမ်းသစ်ထွင်သူများ၊ စွန့်ဦးတီထွင်သူများ၊ အန္တရာယ်နှင့်ဆော့ကစားလိုသူများ၏ ဉာဏ်အလင်းခေတ် ဖြစ်ပါသည်။** အစိုးရ၊ ဘိဇနက်လောကနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းကို လက်တွဲ၍ လူ့အကျိုးစီးပွားအတွက် လမ်းသစ်ဖောက် ကြရမည့်ကာလမျိုး ဖြစ်သည်။ ပြောရလျှင် ၂၁ ရာစု ခေါင်းဆောင်မှုမှာ လူတို့၏ နိစ္စဓူဝဘဝကိုသာမက အနာဂတ်မျှော်လင့်ချက်များကိုပါ တည်ဆောက်ပေးနိုင်ပါမှ အဓိပ္ပာယ် ပြည့်စုံနိုင်မည် ဖြစ်ပါသည်။

ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ချမ်းသာကြွယ်ဝရေးအတွက် ဘိဇနက်

ကဏ္ဍမှာ အဓိကအင်ဂျင်ဟု ဆိုနိုင်စရာရှိပါသည်။ သို့နှင့်တိုင် ဘိဇနက်အင်ဂျင် တည်တည်ငြိမ်ငြိမ် လည်ပတ်နိုင်ရေးအတွက် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးနိုင်ဖို့မှာ တင်ကူးလိုအပ်ချက်ဖြစ်နေသည်။ တည်ငြိမ်သည့် နိုင်ငံရေး အခြေအနေ၊ လုံခြုံစိတ်ချရသည့် လူမှုအနေအထားနှင့် မိုက်ခရိုစီးပွားရေးတည်ငြိမ်မှုတို့မှာ ဘိဇနက်ကဏ္ဍ အပြည့်အဝ ရှင်သန် စေရေးအတွက် မရှိမဖြစ်လိုအပ်ချက်များ ဖြစ်ပါသည်။

ကျွန်တော်တို့၏ ရှေ့မှောက်တွင် အန္တရာယ်များ ခြိမ်းခြောက် စိန်ခေါ်မှုများ အမှန်ပင်ရှိနေပါသေးသည်။ ဤသည်တို့ကို ကျော်လွှားနိုင်ရန် နည်းလမ်းသစ်များ ရှာဖွေဖို့ အပြုသဘော မဆောင်သော ထပ်ကျော့မှုများမှ ဖောက်ထွက်နိုင်ဖို့ အနာဂတ် မျှော်လင့်ချက်များ ရှင်သန်နေစေဖို့မှာ ကျွန်တော်တို့အားလုံး၏ တာဝန် ဖြစ်ပါသည်။ အထူးသဖြင့် ဂလိုဘယ် သဘောဆောင်လာသော ကမ္ဘာကြီးတွင် လူသားတိုင်း ပူးပေါင်းဆောင်ရွက်ကြရမည့် ကမ္ဘာလုံးဆိုင်ရာ တာဝန်ကြီးတစ်ရပ် ဖြစ်ပါသည်။ ဤအတွက် ကျွန်တော်တို့အားလုံး နှုန်းစံချိန်တန်ဘိုးတစ်ခု၏ အလင်း ရောင်အောက်တွင် လက်တွဲကြိုးပမ်းနိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။ ဤသို့ ကြိုးပမ်းနိုင်သည်နှင့်အမျှ ပဋိပက္ခများကြားမှ လွတ်မြောက်ရေးလမ်းစကို တွေ့နိုင်သလို အန္တရာယ်များကြားမှ အခွင့်အလမ်းများကို ဆုပ်ကိုင်နိုင်လိမ့်မည်ဟု ယုံကြည်ရပါသည်။

**စာညွှန်း**

Partnening for security and prosperity

(By Klus Schwab)

ကမ္ဘာ့စီးပွားရေးဖိုရမ် ဥက္ကဋ္ဌ

# ကလပ်ရှဝက်

## ပြုံးနေပြီ ပြင်ကြစို့

*ယခုစာစုမှာ 'ကမ္ဘာ့စီးပွားရေးဖိုရမ်' (World Economic Forum)ကို စတင်ထူထောင်ခဲ့သူနှင့် လက်ရှိ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ 'ကလပ်ရှဝက်' (Klaus Schwab)၏ ကမ္ဘာ့အဖွဲ့အစည်းသစ်တစ်ရပ် ထူထောင်ရန်အဆိုပြုချက် ဖြစ်ပါသည်။*

ပန်းသက်တံစာပေ

**ဆိုးမွေ**

ခေတ်သစ်ကမ္ဘာကြီးမှာ စည်ဆက်မပြတ် ဆန်းသစ်တီထွင်ရင်း ခရီးနှင်ခဲ့ရသည် သာဖြစ်ပါသည်။ သို့နှင့်တိုင် ကျွန်ုပ်တို့၏ နိုင်ငံတကာစနစ်မှာ ပြီးခဲ့သောရာစုထဲတွင် နက်ရှိုင်းစွာနစ်ဝင်နေခဲ့ပါသည်။ စင်စစ် ဤစနစ်ကြီးမှာ အမျိုးသား အကျိုးစီးပွားများ ချိန်ခွင်လျှာညီမျှရေးကို ကိုယ်စားမပြုနိုင်သော ထီးပြိုင်နန်းပြိုင်နိုင်ငံများဖြင့် စုစည်းထားရသည့် အဖွဲ့အစည်းများပေါ် အခြေခံခဲ့ရခြင်းဖြစ်သည်။ ဤသို့ ဖြစ်ရသည်မှာလည်း ကမ္ဘာလုံးစီးပွားရေး စိန်ခေါ်မှုများ အားနည်းစွာ ဖြစ်ထွန်း ခဲ့သောကြောင့် ဖြစ်နိုင်ပါသည်။ ထို့ထက် အမေရိကန်ပါဝါနှင့်ပတ်သက်သော ငြင်းခုံပွဲများမှနေ၍ ဆန့်ကျင်ဘက် အစွန်းနှစ်ဖက်သို့ ရောက်သွားခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

မည်သို့ပင်ဆိုစေ ယခုလောလောဆယ် အမှန်တကယ် လိုအပ်နေသည်မှာ နိုင်ငံတကာအုပ်ချုပ်ရေး လုပ်ထုံးလုပ်နည်းတစ်ရပ် ဖြစ်လိမ့်မည် ဟု ယူဆရသည်။ အဓိက စက်မှုနိုင်ငံကြီးများ (ဂျီ–၈) သာမက၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အခြားအရေးကြီးသည့်နိုင်ငံများပါဝင်သော 'ပီ–၂၁' (P-21) ဖွဲ့စည်းဖို့ဖြစ်ပါသည်။ သို့မှသာလျှင် စစ်ဆေး၏ အမွေဆိုးများကို ဆိုရမည်ဖြစ်သော အားနည်းချွတ် ယွင်းချက်များကို ကျော်လွှားနိုင်ပါလိမ့်မည်။

**ဓားစာခံ**

ပထမဆုံးလက်ရှိ ကျင့်သုံးနေသည့် 'လုပ်ထုံးလုပ်နည်း' *(mechanism)* သုံးရပ်ကို ပြန်လည်ဆန်းစစ်ဖို့ လိုပါသည်။

အားလုံးသိကြသည့်အတိုင်း၊ **ကုလသမဂ္ဂအဖွဲ့ကြီးကို ကမ္ဘာငြိမ်းချမ်းရေး ထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့ကြခြင်းဖြစ်ပါသည်။ လက်တွေ့တွင်မူ၊ ဤအဖွဲ့ကြီးမှာ၊ အင်အားနိုင်ငံရေး (power politics)၏ ဓားစာခံသက်သက် မျှသာ ဖြစ်ခဲ့ရသည်။** အမြဲတမ်းအဖွဲ့ဝင် ငါးဦးကသာ ချုပ်ကိုင်လွှမ်းမိုးထားသော လုံခြုံရေးကောင်စီမှာလည်း အလှုပ်အယမ်းများလှသော ခေတ်ပြိုင် နိုင်ငံတကာ ရှုခင်းကို ထင်ဟပ်နိုင်စွမ်းမရှိတော့ပါ။ ဤအချက်ကို မကြာသေးခင်က ရင်ဆိုင်ခဲ့ရ သော အီရတ်ပြဿနာက ပြက်ပြက်ထင်ထင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ခက်နေသည်မှာ ကုလသမဂ္ဂအဖွဲ့ကြီးကို ပြန်လည် အသက်ဝင်လာစေရန်

ပြုပြင်ပြောင်းလဲဖို့ဆိုသည်မှာလည်း အဖွဲ့ဝင် (၁၉၁) နိုင်ငံ၏ ဘုံသဘောတူချက် မရဘဲ ဖြစ်နိုင်သည်မဟုတ်။ သို့ဖြင့် ကုလသမဂ္ဂ အလံအောက်တွင်ရှိသော ပထမလုပ်ထုံးလုပ်နည်းမှာ လိပ်ခဲတည်းလည်း အခြေအနေမှ မကျော်လွှားနိုင် ဖြစ်နေရတော့သည်။

## သူဌေးကလပ်

ဒုတိယလုပ်ထုံးလုပ်နည်းကို အဓိကစက်မှုနိုင်ငံကြီး ခုနစ်နိုင်ငံအစု အဝေး (ဂျီ–၇)က တာဝန်ယူပါသည်။ ဤအဖွဲ့ကြီးကို ပျက်စီးပြိုကျနေသော စစ်ပြီးခေတ် ငွေကြေးစနစ်အပေါ် ကိုင်တွယ်ဖြေရှင်းရန်နှင့်၊ ရေနံအကျပ်အတည်းကို ရင်ဆိုင်ရန် ရည်ရွယ်ချက်များဖြင့် ၁၉၇၅ ခုနှစ်က ပြင်သစ်သမ္မတ 'ဗလာရီဂျိစကတ်ဒက် စတိုင်း'၏ ဦးဆောင်မှုနှင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ထိုစဉ်က အမေရိကန်ပြည်ထောင်စု၏ အင်အားမှာ (နိူင်းယှဉ်လျှင်) အကျ ပိုင်းသို့ရောက်နေပြီး ကမ္ဘာ့စီးပွားရေးကိုယ်တိုင်သည်လည်း မရေရာ၊ မသေချာ မှုများနှင့် မှုန်မှိုင်းနေချိန်ဖြစ်ရာ အနောက်အုပ်စု ခေါင်းဆောင်များအတွက် စီးပွားရေး ကုန်သွယ်ရေးနှင့်လုံခြုံရေးပေါ်လစီများကို အနီးကပ် ညှိနှိုင်းဆောင်ရွက်စေရန် အခြေအနေကိုယ်တိုင်က တွန်းပို့သလိုဖြစ်ခဲ့သည်။ 'နိုင်ငံစုံ ပူးပေါင်းဆောင်ရွက် ရေးမှု' (Multilateralist Conviction) ကို တက်တက်ကြွကြွလိုလား ထောက်ခံ သူမဟုတ်သော သမ္မတရေဂင်လို လူမျိုးကပင် စစ်အေးတိုက်ပွဲ အေးအေး ဆေ့ာင်းဆေ့ာင်း ပြီးဆုံးခဲ့သည်မှာ 'ဂျီ–၇'၏ ပူးပေါင်းဆောင်ရွက်မှုကြောင့်ဟု အသိအမှတ်ပြုခဲ့ရသည်။

နောက်ပိုင်းတွင် ရုရှားကိုပါထည့်သွင်းပြီး 'ဂျီ–၈' ဖြစ်လာခဲ့သည်။ သို့နှင့်တိုင် ဂျီ–၈ မှာ ပြောင်းလဲလာသော ကမ္ဘာ့အခြေအနေကို ကိုယ်စားမပြုနိုင်တော့ပါ။ ဖွံ့ဖြိုးဆဲနိုင်ငံများက 'သူဌေးကလပ်' ဟု ယူဆထားကြရာ နိုင်ငံတကာတရားဝင်မှု (international legitimacy) မရတတ်နိုင် လောက်အောင် ဖြစ်နေတော့သည်။

## အာဏာမပိုင်

၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ အာရှဘဏ္ဍာရေးအကျပ်အတည်း ကာလမှာပင် ဂျီ–၇၏ ဦးဆောင်မှုဖြင့် ဂျီ–၂၀ကို ဖွဲ့စည်းခဲ့ပါသည်။ ဤအဖွဲ့သစ်တွင် လက်ရှိ

ဂျီ–၈ နိုင်ငံများသာမက အခြားစက်မှုနိုင်ငံများ၊ ဖြစ်ထွန်းစ ဈေးကွက်သစ်များ၊ ဥရောပသမဂ္ဂခေါင်းဆောင်များနှင့် ကမ္ဘာ့ဘဏ်နှင့် 'နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့' (အိုင်အမ်အက်ဖ်) တို့ပါ ပါဝင်လာသည်။ နိုင်ငံတကာဘဏ္ဍာရေးတည်ငြိမ်မှုကို ထိန်းသိမ်းမြှင့်တင်ရန် ရည်ရွယ်ဖွဲ့စည်း လိုက်ခြင်းဖြစ်သည်။ ဤသည်ပင် တတိယ လုပ်ထုံးလုပ်နည်း ဖြစ်ပါသည်။

သို့နှင့်တိုင် ဂျီ–၂၀ မှာ ဘဏ္ဍာရေးကိစ္စများကိုသာ ကန့်သတ်ဆွေးနွေးကြပြီး ဘဏ္ဍာရေးဝန်ကြီးအဆင့်သာ တက်ရောက်ကြသည်ဖြစ်ရာ လုပ်ပိုင်ခွင့်အာဏာ တိတိကျကျရှိသော အဖွဲ့အစည်းဖြစ်မလာခဲ့ပါ။ သို့ဖြင့် တည်ရှိဆဲလုပ်ထုံးလုပ်နည်း သုံးရပ်လုံးသည်ပင် ကိုယ်စားပြုမှု မလုံလောက်ခြင်း၊ လုပ်ပိုင်ခွင့်အာဏာ မည်မည်ရရမရှိခြင်း စသောအားနည်းချက်များ ရှိနေခဲ့ပါသည်။ သို့အတွက် ပိုမိုကျယ်ပြန့်ပြီး ပိုအာဏာပိုင်သော အဖွဲ့အစည်းသစ်တစ်ရပ် ပေါ်ထွက်လာရေးမှာ တစ်ခုတည်းသော ထွက်ရပ်လမ်းဖြစ်နေပါတော့သည်။ 'ပီ–၂၁' ဖွဲ့စည်းကြဖို့ ဖြစ်ပါသည်။

ပီ–၂၁ တွင်၊ ဂျီ–၈ မှ ရှစ်နိုင်ငံသာမက တရုတ်ပြည်သူ့သမ္မတနိုင်ငံလည်း ပါဝင်ဖို့လိုပါသည်။ ထို့ပြင် ဒီမိုကရေစီစနစ်၊ တရားဥပဒေ စိုးမိုးရေး၊ လူ့ပိုင်ခွင့်နှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးသောအခြား နိုင်ငံများကိုလည်း ထည့်သွင်းရပါမည်။ ဩစတြေးလျ၊ ဘရာဇီး(လ်)၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မက္ကစီကို၊ နိုင်ဂျီးရီးယား၊ တောင်အာဖရိက၊ တောင်ကိုရီးယား၊ တူရကီနှင့် မကြာမီ ပေါ်ထွက်လာတော့မည့် ဥရောပသမဂ္ဂ သမ္မတတို့ကို အကြမ်းအားဖြင့် စဉ်းစားထားသည်။ ဤအမြဲတမ်းအဖွဲ့ဝင် (၁၉) နိုင်ငံနှင့်ပင် တစ်ကမ္ဘာလုံးဂျီဒီပီ၏ ၈၀ရာခိုင်နှုန်းနှင့် ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံကို ကိုယ်စားပြုနိုင်ပြီဖြစ်သည်။ နှစ်စဉ် အုပ်ချုပ်ရေး အကောင်းဆုံး စံပြုနိုင်ငံတစ်ခုနှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်တို့ကို ထည့်တွက်လိုက်လျှင် ပီ–၂၁ အဖွဲ့ဖြစ်လာပါလိမ့်မည်။ ဆွေးနွေးကြသော အကြောင်းအရာပေါ် မူတည်ပြီး ကမ္ဘာ့ဘဏ်၊ အိုင်အမ်အက်(ဖ) စသော အဖွဲ့များကိုလည်း ပါဝင်စေရမည်ဖြစ်သည်။ အရေးကြီးသည့်အချက်မှာ ပီ–၂၁ ဆွေးနွေးပွဲများသို့တက်ရောက်သူသည် အစိုးရခေါင်းဆောင် ဖြစ်ဖို့လိုပါသည်။ သို့မှသာ အမှန်တကယ် ထိရောက်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်ဖြစ်သည်။

## ကမ္ဘာလုံးဖိုရမ်

ပီ–၂၁ ဖွဲ့စည်းခြင်းဖြင့် မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းမှ ဆုံးရှုံးနစ်နာစရာမရှိပါ။ ကုလသမဂ္ဂလုံခြုံရေး ကောင်စီမှာ၊ လုံခြုံရေးကိစ္စများကို တာဝန်ယူမြဲယူရပါလိမ့်မည်။ ဂျီ–၇ သည်လည်း မိုက်ခရိုစီးပွားရေး စီမံခန့်ခွဲမှုအပိုင်းကို ဆက်လက်တာဝန်ယူရပါမည်။ ဂျီ–၂၀ မှာ နိုင်ငံတကာ ဘဏ္ဍာရေးကိစ္စများကို ဆွေးနွေးကြမည့်ဖိုရမ် ဖြစ်မြဲဖြစ်ပါလိမ့်မည်။ ပီ–၂၁၏ အဓိကတာဝန်မှာ နိုင်ငံတည်ဆောက်ရေးမှစ၍ဆင်းရဲမှု၊ အိတ်(ဒ)ရောဂါ၊ သဘာဝပတ်ဝန်းကျင်ယိုယွင်းမှုအဆုံး လူသားတစ်ရပ်လုံးအပေါ် စိန်ခေါ်နိုင်သည့် ပြဿနာအထွေထွေကို နိုင်ငံတကာမိသားစု စိတ်ဓာတ်ဖြင့် တုန့်ပြန်ဖို့ဖြစ်သည်။

ပီ–၂၁ မှာ အမေရိကန်ပြည်ထောင်စုအတွက်လည်း အကျိုးများစရာ ရှိပါသည်။ ပီ–၂၁ က သတ်မှတ်ထားသော နှုန်းစံများမှာ အမေရိကန်တို့၏ တရားဝင်တန်ဖိုးများပင်ဖြစ်ရာ သဘောမတူညီနိုင်စရာမရှိဟု ယူဆရပါသည်။ နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကမ္ဘာကြီးကို ပို၍နေပျော်သော ပတိရူပဖြစ်အောင် ဖန်တီးကြဖို့ ဖြစ်ပါသည်။ ဥရောပအနေနှင့်လည်း ယခု လက်ရှိ ဂျီ–၇ မှ အဖွဲ့ဝင်လေးဦးအပြင် ဥရောပသမ္မတလည်း ပါဝင်ခွင့်ရမည်ဖြစ်ရာ ခိုင်မာသောအင်အားစုတစ်ခုအနေနှင့် ပါဝင်နိုင်မည် ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေနှင့်လည်းတန်းတူရည်တူအဆင့်ဖြင့် ပါဝင်ခွင့်ရမည်ဖြစ်ပါသည်။ ထို့ပြင်မက အရပ်ဘက်လူ့အဖွဲ့အစည်းမှ ကိုယ်စားလှယ်များအတွက်လည်း ပြောရေးဆိုခွင့်ရသောစင်မြင့်တစ်ခုအဖြစ်ဖန်တီးပေးရပါလိမ့်မည်။

မကြာသေးခင်က ကျင်းပပြီးစီးခဲ့သော ဂျီ–၈ အစည်းအဝေးတွင် ဦးတည်ချက်မှန်ကန်သော ခြေလှမ်းတစ်လှမ်းလှမ်းနိုင်ခဲ့သည်။ ဂျီ–၈ အဖွဲ့ဝင် မဟုတ်သောနိုင်ငံများကို ပါဝင်ဆွေးနွေးဖို့ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပါသည်။ ယခုနှစ် (၂၀၀၄) အတွက် ဂျီ–၈ အစည်းအဝေးအိမ်ရှင်မှာ အမေရိကန်ဖြစ်ရာ၊ သမ္မတဘု(ရှ)အတွက် အခွင့်အခါကောင်းဟုဆိုချင်သည်။ ၂၁–ရာစု နိုင်ငံ တကာစနစ်တစ်ခုချမှတ်နိုင်ရေး အတွက် ပီ–၂၁ကို ဖန်တီးပုံဖော်ဖြစ်ပါသည်။

စာညွှန်း

It's Broke, So Fix it

(By. Klaus Schwab)

ပန်းသက်တံစာပေ

# ကီရှိုးမာဘူဘာနီ

## အာရှ ခေတ်ဆန်းချိန်

*ယခုစာစုမှာ စင်္ကာပူနိုင်ငံသား၊ နိုင်ငံရေးရာခွဲခြမ်း စိတ်ဖြာသူ 'ကီရှိုး မာဘူဘာနီ' (Kishore Mahbubani) ၏သဘောထား အမြင်ဖြစ်ပါသည်။ 'မာဘူဘာနီ'မှာ၊ စင်္ကာပူနိုင်ငံ၏ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးဖြစ်ပြီး၊ 'အာရှသားတွေ စဉ်းစားတတ်ရဲ့လား' (Can Asians Think?) မှာ သူ၏ ထင်ရှားသောစာအုပ် ဖြစ်ပါသည်။*

ပန်းသက်တံစာပေ

ဩဂုတ်လ အစောပိုင်းလောက်က၊ ကျွန်တော်အိမ်ပြန်ခွင့်ကြုံခဲ့သည်။ စင်္ကာပူနိုင်ငံ 'အာရှယဉ်ကျေးမှု မျူစီယမ်' တွင် ဟောပြောရန်ရှိသဖြင့် ဇာတိမြေသို့ ပြန်ခွင့်ရခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်ဟောပြောရမည့်ခေါင်းစဉ်မှာ 'အနာဂတ် အာရှသည် အတိတ်၏အကျဉ်းသားအဖြစ်မှ ရုန်းထွက်နိုင်ပါမည်လော ...' ဟူ၍ ဖြစ်သည်။ အာရှမီဒီယာများကမူ ကျွန်တော်ဟောပြောမည့် အကြောင်းအရာကို စိတ်ဝင်စားကြလိမ့်မည်မထင်လှပါ။ ဤအတွက် ကျွန်တော့်အနေနှင့်လည်း အထူးအထွေ အံ့ဩလှသည်တော့မဟုတ်။ လာမည့်နှစ်များအတွင်း အာရှသားများ အနေနှင့် ချမ်းသာကြွယ်ဝရေးကိုသာ အာရုံကျနေလိမ့်မည်ထင်ပါသည်။ ကျွန်တော်ပြောဖို့ရည်ရွယ်ထားသည့် ပြဿနာကြီးများကို စိတ်ရောက်စရာရှိလိမ့်မည်မဟုတ်ဟု မှန်းဆရသည်။ သို့နှင့်တိုင် 'အာရှအံ့မခန်း အေးခဲချိန်' နှင့်အတူ ကျွဲကူးရေပါဆိုသလို ပေါ်ထွက်လာသော လူမှုရေး၊ နိုင်ငံရေး စိမ်ခေါ်ချက်များကမူ အာရှသားတို့၏အာရုံကို အနည်းနှင့်အများဆိုသလို နှိုးဆွနေဟန်ရှိပါသည်။

လာမည့် ဆယ်စုနှစ် အနည်းငယ်အတွင်းမှာပင် သမိုင်းတွင် မကြုံဖူးလောက်အောင်ကြီးမားကျယ်ပြန့်လှသည့် 'လူလတ်တန်းစား ဖြစ်ထွန်းမှုကြီး' တစ်ခု၊ အာရှဒေသတွင် ဗဟိုပြု၍ ဖြစ်ပေါ်လာနိုင်စရာ ရှိပါသည်။ ခရစ်နှစ် ၂၀၂၀ အရောက်တွင် အာရှ၏ မြို့ပြလူဦးရေမှာ နောက်ထပ် သန်း ၅၀၀ ခန့် တိုးပွားလာစရာ ရှိနေသည်။ သမိုင်းအတွေ့အကြုံအရ ပြောကြစတမ်းဆိုလျှင် လူလတ်တန်းစားများ အင်နှင့်အားနှင့် ဖြစ်ထွန်းလာသည်နှင့်အမျှ လူ့အဖွဲ့အစည်းတစ်ရပ်လုံးအနေနှင့်လည်း သူတို့၏ အဆင့်အတန်းနှင့်အညီ နေရာပေးကြရတော့မည် ဖြစ်ပါသည်။ သို့နှင့်တိုင် ဤဖြစ်စဉ်မှာ အာရှအတွက် လွယ်ကူချောမွေ့ချင်မှ ချောမွေ့ပါလိမ့်မည်။ အကြောင်းမူ အာရှလူ့အဖွဲ့အစည်းများ၏ သဘောသဘာဝနှင့် အာရှအီလစ်များ၏ စိတ်အခံမှာ၊ အတိတ်တွင် အမြစ်တွယ်နေသောကြောင့် ဖြစ်ပါသည်။

သူတို့၏ ယဉ်ကျေးမှုအခံမှာ အမျိုးသားရေး ဘောင်အတွင်းမှာပင် ဖွံ့ဖြိုးလျက်ရှိနေပြီး အစဉ်အလာအထူး အခွင့်အရေးများနှင့် ခံစားပိုင်ခွင့်များကို ဖက်တွယ်ထားလိုဆဲဟု မှန်းဆရသည်။ တရားဥပဒေစိုးမိုးရေးမှာ များစွာသော အာရှလူ့အဖွဲ့အစည်းများ၏ အသွေးအသားထဲထိ မရောက်တတ်သေးဟု ဆိုချင်ပါသည်။ မကြာခဏဆိုသလို ကြုံတွေ့နေရသော အကျင့်ပျက် ခြစားမှုများက

ဤအချက်ကိုလှစ်ပြသလိုရှိနေသည်။ ထို့ထက် ၁၉ ရာစုနှင့် ၂၀ရာစု၏ ကိုလိုနီအရိပ်မည်းကြီးမှာ ယခုထက်တိုင် အာရှဒေသကို လွှမ်းခြုံလျက်ရှိနေဆဲဖြစ်ရာ အာရှသားတို့၏ စိတ်အခြေအနေမှာ ဤအခြင်းအရာပေါ်တွင်လည်း တည်မှီနိုင်စရာရှိပါသည်။ တစ်ပြိုင်နက်တည်းမှာပင် လူ့လတ်တန်းစားတစ်ရပ် အားကောင်းမောင်းသန် ထွက်ပေါ်လာခြင်းနှင့်အတူ သူတို့တတွေ၏ တိုင်းရေးပြည်ရာတွင် ပိုမိုတက်ကြွစွာ ပါဝင်လှုပ်ရှားလိုသည့် ဆန္ဒမှာလည်း သဘာဝကျသော အခြင်းအရာ ဖြစ်နေသည်။

ဤကိစ္စနှင့် ပတ်သက်ပြီး အာရှခေါင်းဆောင်များကြားတွင် လူသိရှင်ကြားပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောကြားခြင်းမရှိသည့်တိုင် တိုးတိုးတိတ်တိတ်နှင့်မူလက်ခံအသိအမှတ်ပြုပြီး ဖြစ်ဟန်တူပါသည်။'အဝေးမြင်၊ အပေါ်ယံ အခြင်းအရာအရဆိုလျှင် အာရှမှာအထူးတည်ငြိမ်သည့်ဒေသတစ်ခု ဖြစ်မြဲဖြစ်နေပါသည်။ ပမာပြရလျှင် တည်ငြိမ်သည့်ကန်ရေပြင်ထက်တွင် ဘဲလေးတစ်ကောင် အေးအေးငြိမ့်ငြိမ့်ရေကူးနေသလိုမျိုးဖြစ်လိမ့်မည်။ ရေမျက်နှာပြင်အောက်တွင်မူ လှိုင်းတံပိုးထန်လျက်ရှိနေပြီး ဤရေအောက်လှိုင်းကပင် ဒေသကြီးတစ်ခုလုံးကို ရှေ့သို့တွန်းပို့လျက်ရှိနေသည်။ တရုတ်ခေါင်းဆောင်များကို တစ်ချက်ကြည့်လိုက်ပါ။ လူငယ်မျိုးဆက်သစ်များကို ရည်ရွယ်ချက်ရှိရှိမွေးမြူနေသည်မှာ အဆိုပါရေစီးကြောင်းအတွက် စနစ်တကျ ပြင်ဆင်နေခြင်းဖြစ်တန်ရာသည်။ တရုတ်ပြည်မြို့ကြီးများရှိ မြို့တော်ဝန်များ၏အသက်အရွယ်က ဤအချက်ကိုသာဓကတင်သလို ရှိနေသည်။ ရှန်ဟိုင်းမြို့တော်ဝန်မှာ ၄၉၊ ပီကင်းဒုတိယမြို့တော်ဝန်မှာ ၃၅ စသဖြင့်။ သူတို့အားလုံးမှာ ဟားဗတ်တက္ကသိုလ်တွင် ပညာဆည်းပူးခဲ့သူများ ဟုလည်းသိရသည်။ ဤလူငယ်ပညာတတ်များသည်ပင် တရုတ်ခေါင်းဆောင်မှု၏ သွေးသစ်မျက်နှာစာ ဖြစ်ပါသည်။

ပြောရလျှင် လူ့အဖွဲ့အစည်း တစ်ခုအတွင်းမှာသာမက နယ်နိမိတ်များကိုဖြတ်ကျော်လျက်ရှိနေသော အပြောင်းအလဲများလည်း မနည်းမနော ရှိနေသေးသည်။ ဤအချက်ကို အနောက်တိုင်းလေ့လာသူများကပင် တလေးတနက်သတိပြုမိဟန်မရှိပါ။ ဒေသခေါင်းဆောင်များ၏ အခါအားလျော်စွာ တွေ့ဆုံမှုများဖြစ်ပါသည်။ ယခုအခါ အာရှမှာတစ်ဟုန်ထိုး တိုးတက်ပွားစီးလာသည့် ကွန်ယက်ကြီးတစ်ခုဖြစ်လာပြီး အရှေ့တောင် အာရှနိုင်ငံများအသင်း (အာဆီယံ)မှာ အဆိုပါအာရှကွန်ချာ၏ ဗဟိုချက်မနေရာတွင်ရှိနေသည်။ အစဉ်အလာအရ တသီးတစ်သန့်

သဘောဆောင်သော အိန္ဒိယသည်ပင် အာဆီယံ၏ ပဏာမ ခြေလှမ်းများအောက်တွင် ဒေသကြီးတစ်ခုလုံးနှင့် ပို၍နီးလာဟန်ရှိသည်။ ယခုလောလောဆယ် 'အာဆီယံ'က ပေါင်းသင်မြေဆွလျက်ရှိသော 'အရှေ့အာရှသမဂ္ဂ' မျိုးစေ့သာ ရှင်သန်လာလျှင် လူပေါင်း ၂ ဘီလီယံကျော်ပါဝင်သော မဟာအင်စားစုကြီး တစ်ခု ဖြစ်လာဖို့ရှိသည်။ အပြောကျယ်လှသော တရုတ်ပြည်ကြီးကလည်း အာဆီယံနှင့် 'လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်' တစ်ခုရရန် အဆိုပြုကမ်းလှမ်းလျက်ရှိသည်။ ဤကျယ်ပြန့်သော ဒေသကြီးမှ ခေါင်းဆောင်များ လက်တွဲပြီး 'ဆားရောဂါ' ကပ်ဘေးကို တောထုတ်နိုင်ခဲ့သည်မှာ ထင်ရှားသော သာဓကတစ်ခု ဖြစ်ပါသည်။ ပြောရလျှင် အာရှမှာ တစ်သီးတစ်သန့်သဘော မဆောင်လှတော့ပါ။ ပိုနီးလာသည်။ ပိုပွင့်လင်းလာသည်။ ပို၍ပေါင်းစည်းလာဟန် ရှိသည်။

အဆိုပါ ဖြစ်ပေါ်တိုးတက်မှုမှာ အစိုးရအချင်းချင်းအဆင့်မှာသာ ရပ်တန့်နေမည့် သဘောမရှိပါ။ အရေအတွက်အရကော၊ အရေးပါမှု အရပါ ရှေ့ရောက်နေသည့် လူလတ်တန်းစားအလွှာက တက်ကြွသည့်အရပ်ဘက် လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာရေးအထိ ရည်မှန်းချက်ထားဟန်ရှိသည်။ အာရှမြို့ကြီးအချို့သည်လည်း ရီနေဆန့် (စ)ခေတ်၊ အီတလီမြို့ကြီးများလို၊ (သို့မဟုတ်) ဉာဏ်အလင်းခေတ် ပါရီလို အနေအထားထိ မျှော်လင့်ကြမည်ဆိုလျှင် သဘာဝကျသော အခြင်းအရာဟု ဆိုနိုင်ကောင်းပါသည်။ သို့နှင်တိုင် မည်သည့်အာရှမြို့တော်မှ ဒေသကြီးတစ်ခုလုံး၏ ပညာဗဟိုအဆင့်သို့ တိုးတွက်လာနိုင်သေးသည်တော့ မဟုတ်ပါ။ အာရှ၏ အကြီးဆုံးမြို့တော်များဟုဆိုနိုင်သော ဘုံဘေ၊ ရှန်ဟိုင်း၊ တိုကျို၊ ဂျာကာတာလို မြို့ကြီးများသည်ပင် ကုန်းတွင်းပိုင်းဒေသများ၏ လေးလံသော ဝန်ထုပ်ဝန်ပိုးများကို အနည်းနှင့်အများဆိုသလို ဖိစီးခံနေရဆဲဖြစ်သည်။ မည်သည့် မြို့တော်မှ ကော်စမိုပိုလီတန် သဘာဝအထိမရောက်တတ်သေးပါ။

ဤသို့ဖြစ်နေခြင်းသည်ပင်လျှင် အထိုက်အသင့် သေးငယ်သော မြို့တော်များစွာအတွက် စျေးကွက်အခွင့်အလမ်းများ ပို၍အခွင့်သာသလို ဖြစ်နေပြန်သည်။ အထူးသဖြင့် အရှေ့တောင်အာရှမြို့ကြီးများဖြစ်ပါသည်။ ပြောရလျှင် ကိုလိုနီခေတ် မတိုင်မီကပင် ဤမြို့ကြီးများမှာ အာရှ၏ လမ်းဆုံလမ်းခွလိုဖြစ်နေခဲ့သည်။ ဟိန္ဒူမှ မွတ်စလင်ထိ၊ ဗုဒ္ဓဘာသာမှ ကွန်ဖျူးရှပ်ဝါဒ ထိဖြစ်သော ယဉ်ကျေးမှုနှင့်ဘာသာရေး

ဆိုင်ရာကြိုးမှျင်များဖြင့် အရှေ့တောင် အာရှအထည်သားကို ရက်ရယ်ခဲ့ကြသည် ဟူ၍ပင် ဆိုနိုင်စရာရှိပါသည်။ စင်စစ် မလေးရှားနှင့် စင်္ကာပူမှာ အာရှ၏ကော်စမိုပိုလီတန် အကျဆုံး လူ့အဖွဲ့အစည်းများဟူ၍ပင် ဆိုနိုင်လောက်သည်။ သူတို့၏ လူမျိုးရေး ပဒေသာစုံအနေအထားမှာ အားနည်းချက်မဟုတ်ရုံမက အားကောင်းချက်ဖြစ်နေသည်ကို ရှေးမဆွကပင် နားလည်သဘော ပေါက်ခဲ့ပြီးဖြစ်ပါသည်။ **ယနေ့ 'ကွာလာလမ်ပူ' နှင့် 'စင်္ကာပူ' တို့တွင် တက္ကသိုလ်ကျောင်းတိုက်ကြီးများ ပညာရှင်အဖွဲ့များအတွက် အခြေခံအဆောက်အအုံများ ရှိနေပြီဟူ၍ပင်ဆိုနိုင်သည်။ ဤမြို့ကြီးနှစ်မြို့သည်ပင် အာရှတစ်ခေတ်ဆန်းရေးအတွက် သော့ချက်အခန်းမှ နေရာယူလိမ့်မည်ဟု မှန်းဆရသည်။** ဤအတိုင်း အမှန်တကယ်ဖြစ်လာခဲ့လျှင် 'ရီနေးဆန့်(စ)' အာရှက ဒေသကြီးတစ်ခုလုံး၏ ယဉ်ကျေးမှုနှင့် နိုင်ငံရေးမြေပုံကို ပြန်လည်ရေးဆွဲကြတော့မည်ဖြစ်ပါသည်။ ဤကာလကို သိပ်ကြာကြာစောင့်ရတော့မည် မထင်ပါ။

**စာညွှန်း**

An Asian Renaissance?

(By - Kishore Mahbubani)

# ဂျိုးဇက်စတစ်ဂလစ်

## အီရတ်၊ ကန်ကွန် ဇာတ်လမ်းမဆုံး

*ယခုစာစုမှာ ကိုလံဘီယာတက္ကသိုလ်မှ ဘောဂဗေဒ ပါမောက္ခ 'ဂျိုးဇက် စတစ်ဂလစ်' (Joseph Stiglitz)၏ သဘောထားအမြင် ဖြစ်ပါသည်။ ပါမောက္ခ စတစ်ဂလစ်မှာ ကမ္ဘာ့ဘဏ်တွင် နှစ်ပေါင်းများစွာ တာဝန်ယူဖူးသလို ၂၀၀၁ ခုနှစ်၏ ဘောဂဗေဒနိုဘယ်ဆုရှင် တစ်ဦးလည်းဖြစ်ပါသည်။ သူ၏ထင်ရှားသော ကျမ်းမှာ 'ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ၎င်း၏မကြေလည်စရာများ' (Globalization and is discontents) ဖြစ်သည်။ ၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ(၁)ရက် နေ့ထုတ် The Straits Times သတင်းစာပါ ပါမောက္ခစတစ်ဂလစ်၏ ဝေဖန်ချက် ဆောင်းပါးကို ဘာသာပြန်ဆို ဖော်ပြလိုက်ပါသည်။*

ပန်းသက်တံစာပေ

## ၂၀၀၃

၂၀၀၃ သည် ဂလိုဘယ်လိုက်ဇေးရှင်းအတွက် မင်္ဂလာအခါသမယ မဟုတ်ခဲ့ပါ။ ဤအချက်ကို ဘက်ပေါင်းစုံမှ ဖော်ပြလျက်ရှိနေပါသည်။ အမေရိကန်ပြည်ထောင်စုက ကုလသမဂ္ဂအခွင့်အာဏာမပါဘဲ အီရတ်ကို ဝင်တိုက်ခဲ့သည်။ ကုန်သွယ်ရေးဆွေးနွေးပွဲမှ ဖွံ့ဖြိုးရေးညီလာခံဖြစ်စေရမည်ဟု မျှော်လင့်ခဲ့ကြသော 'ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့' (WTO) ၏ ကန်ကွန်ညီလာခံမှာလည်း မည်သည့်ဆုံးဖြတ်ချက်မှ မည်မည်ရရမချနိုင်ဘဲ ပျက်သွားခဲ့သည်။ ဂလိုဘယ်လိုက်ဇေးရှင်း၏ နိုင်ငံရေးရော၊ စီးပွားရေး မျက်နှာစာတွင်ပါ ၂၀၀၄ သည် ၂၀၀၃ ထက်စာလျှင် ပိုကောင်းလာနိုင်စရာရှိပါသည်။ သို့နှင့်တိုင် အောင်ပွဲခံ နှစ်တစ်နှစ်အဖြစ် ပိုမတွက်မိဖို့လည်း လိုပါလိမ့်မည်။

## မအီမလည်အီရတ်

အီရတ်ဖြစ်ရပ်များက နိုင်ငံတကာအဆင့် ဒီမိုကရက်တစ်ဖြစ်စဉ်၏ နောက်ပြန်ဆုတ်မှုများကို ဖော်ပြလျက်ရှိနေသည်။ ဘုရှ်အစိုးရ၏ အီရတ်စစ်ပွဲနှင့် စစ်ပြီးကာလပေါ်လစီများမှာ 'ကျိုတိုပရိုတိုကော'နှင့် 'နိုင်ငံတကာ ရာဇဝတ်ခုံရုံး'တို့မှ နှုတ်ထွက်လိုက်သော ယခင်လုပ်ရပ်များလိုပင် 'တစ်ကိုယ်တော်ကျိတ်ဝါဒ' (Unilaterali-sm) ၏ ခြေရာလက်ရာများသာဖြစ်ပါသည်။ ဖြစ်ရပ်အားလုံးက ဖော်ပြနေသည်မှာ ကမ္ဘာကြီး၏ စုပေါင်းဆုံးဖြတ်ချက်များနှင့် သဘောထားမတိုက်ဆိုင်သည့်အခါတိုင်း 'ငါတကောပေါ်လစီ'ကိုသာ အာရုံကျတတ်သည့် အမေရိကန်၏ သဘောထား ဖြစ်တော့သည်။

**'အစုလိုက်အပြုံလိုက်ဖျက်ဆီးနိုင်သောလက်နက်များ' (W.M.D) နှင့် ပတ်သက်ပြီး ဘုရှ် အစိုးရအနေနှင့် ရည်ရွယ်ချက်ရှိရှိ လိမ်ညာခဲ့သည်ဖြစ်စေ၊ နှုတ်လွန်အာလွန် ဖြစ်သွားခဲ့သည်ဆိုစေ သိပ်အရေးမကြီးလှပါ။ အမှန်တကယ် အရေးကြီးသည့်ကိစ္စမှာ နိုင်ငံတစ်နိုင်ငံ (သို့မဟုတ်) အင်အားစုတစ်စု၏ လက်ထဲတွင် ပါဝါများအလွန်အကျွံ စုနေခြင်း၏ အန္တရာယ်သာဖြစ်ပါသည်။**

ဆူပါ ပါဝါပင်ဖြစ်စေ၊ စစ်အင်အားဖြင့် သိမ်းပိုက်ထားသော နိုင်ငံတစ်ခုမှာပင် လုံခြုံရေးအာမခံချက်ပေးနိုင်သည်တော့မဟုတ်ပါ။ ဤအချက်ကို အမေရိကန်ကိုယ်တိုင် သဘောပေါက်လောက်ပြီဟု ယူဆရသည်။ အီရတ်အာဏာပိုင်များကို

အလွယ်တကူနှင့် အနိုင်ရခဲ့သော်လည်း အီရတ်လူထု၏ စိတ်ဓာတ်နှင့် အသည်းနှလုံးကို ညွတ်နူးအောင်ဖန်တီးရေးမှာ မျှော်လင့်သလို ဖြစ်မလာခဲ့ပါ။ အီရတ်အာဏာပိုင်ဟောင်းတို့၏ ကြွေးမြီကိစ္စ ဖြေရှင်းရေးမှာလည်း အမေရိကန်၏ တာဝန်ဖြစ်လာရာ အလေးထားစဉ်းစားရမည့် ပြဿနာတစ်ခုဖြစ်ပါသည်။ ဤကိစ္စ ဖြေရှင်းဖို့ဆိုလျှင် စစ်ပွဲကို ဆန့်ကျင်ခဲ့သော မဟာမိတ်ဟောင်းများနှင့် ပြန်ပေါင်းထုတ်ဖို့လိုပါသည်။ ပူးပေါင်းဆောင်ရွက်ကြရမည်သာ ဖြစ်ပါသည်။

ဤသို့သော အကြောင်းရင်းခံများ ရှိနေသည့်အတွက် ၂၀၀၄ အမေရိကန်နိုင်ငံခြားရေးပေါ်လစီမှာ 'နိုင်ငံစုံညှိဝါဒဘက်' ပြန်လည်လာလေမည်လား မျှော်လင့်စရာရှိပါသည်။ သို့နှင့်တိုင် အီရတ်ပြန်လည်ထူထောင်ရေး ကန်ထရိုက်လုပ်ငန်းတွင် မြီရှင်နိုင်ငံများဖြစ်သည့် ပြင်သစ်၊ ဂျာမနီ၊ ရုရှားတို့ မပါရဟု ဆိုပြန်သောအခါ မျှော်လင့်ချက်တို့ မှေးမှိန်သွားရပြန်သည်။

အမေရိကန်ပြည်ထောင်စုအနေနှင့် 'ရှော့ရိုက်ကုနည်း' (Shock Therapy) ဖြင့် အီရတ်ပြန်လည်ထူထောင်ရေးကို ဆောင်ရွက်နိုင်လိမ့်မည်ဟု တွေးဆနေဟန်ရှိသည်။ ပုဂ္ဂလိကပိုင်ပြုရေးနှင့် လစ်ဘရယ် စီးပွားရေးအသွင်ပြောင်းလဲမှုတို့ကို 'စပိ'တင်လုပ်မည့်ကုထုံးဖြစ်ပါသည်။ ဤကုထုံးက အလုပ်လက်မဲ့ပြဿနာနှင့် မကျေနပ်ချက်များ တစ်သီတစ်တန်း မွေးထုတ်နိုင်သည်ကိုမူ သတိမူမိချင်မှမူမိပါလိမ့်မည်။ အတွေ့အကြုံအရပြောရလျှင် 'ရှော့ရိုက်ကုနည်း'မှာ အလုပ်မဖြစ်သည်က များပါသည်။

မည်သို့ပင်ဆိုစေ အိုင်ဒီအိုလိုဂျီအရသော်လည်းကောင်း၊ ဦးဆောင်မှုအရသော်လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံတည်းကို ယုံကြည်ပုံအပ်ထားရခြင်းမှာ အမှန်ပင်အန္တရာယ်ကြီးလှပါသည်။ ၂၀၀၄ ကို ဖြတ်သန်းမည့် ကမ္ဘာကြီးအနေနှင့် ဤအချက်ကို ကျကျနနလေ့လာဆန်းစစ်ဖို့ လိုပါလိမ့်မည်။ ယခု လောလောဆယ်အချိန်တွင် အထိနိုက် အနာကျင်ရဆုံးမှာ အီရတ်ဟုဆိုနိုင်သော်လည်း အကျိုးဆက်မှာ နိုင်ငံတစ်ခုတည်းနှင့် ရပ်တန့်နေမည်မဟုတ်ပါ။ ကမ္ဘာမြေအနှံ့ အပြန့်ကျယ်သွားနိုင်စရာရှိသည်။

## ယုံကြည်မှုပြို ကန်ကွန်

W.T.O ၏ ကန်ကွန်ညီလာခံမှာ (၂၀၀၃) ဂလိုဘယ်လိုက်ဇေးရှင်း၏

ပန်းသက်တံစာပေ

နောက်ထပ်နောက်ပြန်ဆုတ်မှုတစ်ခု ဖြစ်ပါသည်။ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့က ကန်ကွန်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများအကျိုးအတွက် ညှိနှိုင်းကြမည့် ညီလာခံဟု ကတိကဝတ်ပြုခဲ့ကြသော်လည်း လက်တွေ့တွင် ပြောသလို ဖြစ်မလာခဲ့ပါ။ ပြောရလျှင် ယခင်ကုန်သွယ်ရေးဆွေးနွေးပွဲ အကျော့များ၏ ချိန်ခွင်လျှာမညီမှုများကိုပင် တရားသဖြင့်ဖြစ်အောင် ဖန်တီးမပေးနိုင်ခဲ့ ဟူ၍သာ ဆိုရပါလိမ့်မည်။ ဤသို့သော မအောင်မြင်မှုများ၏ဒဏ်ကို အခံရဆုံးမှာ ထုံးစံအတိုင်း ဆင်းရဲသောနိုင်ငံများသာ ဖြစ်ပါသည်။

အမေရိကန်နှင့် ဥရောပသမဂ္ဂတို့အနေနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ကုန်သွယ်ရေး စည်းမျဉ်းစည်းကမ်းများ ချမှတ်နိုင်ရန် ကြိုးစားခဲ့ကြသည့်တိုင်၊ သူတို့၏ လယ်ယာထွက်ကုန်ကို အမတော်ကြေးနှင့်ကျားကန်သည့် ပေါ်လစီကိုမူ ဆက်လက်ကိုင်ဆွဲခဲ့ကြသည်။ ထိုမျှမက ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ဘဝအထွေထွေကို ပိုမိုဆိုးဝါးစေမည့် နောက်ထပ်တောင်းဆိုချက် အသစ်များကိုပင် ဖော်ထုတ်ခဲ့ကြသေးသည်။ ဤတွင် ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်း ကျောချင်းကပ်စုစည်းလာကြရာ နောက်ဆုံးဆွေးနွေးပွဲ ရပ်သွားသည်အထိ ဖြစ်ခဲ့ရသည်။

ကန်ကွန်အပျက်အပေါ် သူကြောင့်ငါကြောင့် အပြန်အလှန် စွပ်စွဲကြရင်းမှပင်၂၀၀၄တွင် ဖွံ့ဖြိုးရေးညီလာခံကို ပြန်စနိုင်ပါလိမ့်မည်ဟု အမေရိကန်ရော၊ ဥရောပသမဂ္ဂကပါ အခိုင်အမာပြောဆိုလျက်ရှိကြပါသည်။ သို့နှင့်တိုင် လယ်ယာထွက်ကုန်ကိစ္စ၊ ပညာပစ္စည်းပိုင်ဆိုင်ခွင့်ကိစ္စစသော သူတို့၏ လက်ရှိပေါ်လစီများကို အလျှော့ပေး စေ့စပ်မှုများမလုပ်သရွေ့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်မူ မည်သည့်အကျိုးကျေးဇူးမှ ရနိုင်မည်မဟုတ်ပါ။ ဖွံ့ဖြိုးဆဲနိုင်ငံများဘက်ကမူ အနောက်၏ လှည့်ကွက်များကို မျက်ခြေမပြတ် အကဲခတ်နေကြဟန်တူပါသည်။ ပြီးခဲ့သော နိုဝင်ဘာလအတွင်းက မီယာမီဆွေးနွေးပွဲတွင် 'အမေရိကန်က လွတ်လပ်သောကုန်သွယ်ရေးဇုန်' ထူထောင်ရန် သဘောတူညီခဲ့ကြသည်။ တကယ့်လက်တွေ့တွင်မူ အမှန်တကယ် လွတ်လပ်သောကုန်သွယ်ရေးဆိုသည်ထက် W.T.O အတွင်း သဘောတူညီချက် ရပြီးသားမှုများကိုသာ အခြေခံဖို့များပါသည်။ ယခုအချိန်ထိ ရရှိပြီးသား သဘောတူညီချက်အများစုတွင် မိမိတို့အကျိုးစီးပွား မည်မည်ရရ မပါသေးဟု ဖွံ့ဖြိုးဆဲနိုင်ငံများက ယူဆလျက်ရှိနေကြသည်။

(၂၀၀၄) အပါအဝင် အနာဂတ် W.T.O ဆွေးနွေးပွဲများ အောင်မြင်ဖို့

ဆိုလျှင် အဖွဲ့ဝင်နိုင်ငံများအတွင်း ပြိုဆင်းလျက်ရှိသော ယုံကြည်မှုဝင်ရိုးကို ပထမဆုံးခိုင်မာအောင် တည်ဆောက်ဖို့လိုပါလိမ့်မည်။

## ၂၀၀၄

မည်သို့ပင်ဆိုစေ (၂၀၀၄) မှာ မျှော်လင့်ချက် လုံးဝကင်းမဲ့နေသည်တော့ မဟုတ်ပါ။ ဂျပန်နှင့် အမေရိကန် စီးပွားရေးတို့ ပြန်လည်ဦးမော့လာနိုင်ပါသည်။ တရုတ်စီးပွားရေးမှာလည်း ဆက်လက်အားကောင်းနေဦးမည့်သဘော ရှိသည်။ (၂၀၀၃) က ကြုံခဲ့ရသော စီးပွားရေးကျဆင်းမှုအားလုံး အဆုံးသတ်နိုင်သည့် အလားအလာများ အပြည့်ရှိနေပါသည်။ (၄)နှစ်တာမျှ အကျဘက် ရောက်နေခဲ့သော အမေရိကန်စီးပွားရေးအတွက် ပြန်လည်နာလန်ထရန် အကောင်းဆုံး အချိန်ဟု မှန်းဆရသည်။

လက်တွေ့ဖြစ်၊ မဖြစ် ဆိုသည်ကိုမူ ဘု(ရှ်)အစိုးရပေါ်လစီက ဆုံးဖြတ်သွားပါလိမ့်မည်။ အစိုးရအဆိုပြုထားသော အခွန်ဖြတ်တောက်ရေးမှာ လူချမ်းသာများထက် ဆင်းရဲသားများနှင့် လူလတ်တန်းစားတို့၏ အကျိုးကို ပိုရှေ့ရှုဖို့ လိုပါသည်။ ဖြတ်တောက်လျှော့ချရန် လျာထားသည့် ပမာဏမှာ မသေးလှရာ စီးပွားရေးတိုးတက်မှုအတွက် တွန်းအားတစ်ခု ဖြစ်လာနိုင်စရာ ရှိပါသည်။ သို့နှင့်တိုင် ဤအတွက် ပေးဆပ်ရမည့် အရင်းအနှီးမှာလည်း မသေးလှပါ။ ရေရှည်တိုးတက်မှုနှုန်းကို ထိခိုက်နိုင်သော အလွန်ကြီးမားသည့် ဘဏ္ဍာရေး လိုငွေပြမှုကြီး ဖြစ်ပါသည်။

အဆိုပါဘဏ္ဍာရေးလိုငွေပြမှုနှင့်အပြိုင် နောက်ထပ်လိုငွေပြမှုကြီး တစ်ခုလည်း ရှိပါသေးသည်။ ကုန်သွယ်ရေး လိုငွေပြမှုဖြစ်သည်။ ဤလိုငွေ ပြမှုအမွှာညီနောင်က အမေရိကန်စီးပွားရေးတစ်ခုလုံး၏ အခြေခံကျန်းမာရေးကို အန္တရာယ်ပေးလာနိုင်စရာရှိသည်။ အထူးသဖြင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများ၏ ယုံကြည်မှုနှင့်ဒေါ်လာ ပေါက်ဈေးကို ထိခိုက်နိုင်ပါသည်။ (၂၀၀၄) တွင် ဒေါ်လာနှင့်ယှဉ်သော ယူရို တန်ဘိုးမှာ ဆက်လက်မာနေပါလိမ့်ဦးမည်။ ဤအတွက် အမေရိကန်မှာ ခုသာ ခံသာရှိနိုင်သော်လည်း ဥရောပအတွက်မူ ပို၍အကျပ်ရိုက်လာနိုင်စရာရှိသည်။

**စီးပွားရေး နာလန်ထမှု စတင်လိုက်သည်နှင့် အမေရိကန်နှင့် ဥရောပ ဘိဇနက်လောကမှ ချေးငွေလိုအပ်ချက်မှာ သိသိသာသာမြင့် လာပါလိမ့်မည်။**

**ဤသို့ဆိုလျှင် တစ်ကမ္ဘာလုံးအတိုးနှုန်းလည်း မလွဲမရှောင်သာ တက်လာပါလိမ့်မည်။ ဤအကျိုးဆက်မှာ အသစ်ဖြစ်ထွန်းကာစ ဈေးကွက်သစ်များကို ထိခိုက်လာနိုင်စရာရှိသည်။** အနှစ်ချုပ်ပြောရလျှင် ၂၀၀၄ သည်လည်း ဂလိုဘယ်လိုက်ဇေးရှင်း၏ မှန်းဆချက် လွဲချော်ပုံများကို နောက်ထပ် ဖွင့်လှစ်ပြသဦးမည့် တစ်နှစ်တာဖြစ်ဖို့များပါသည်။

**စာညွှန်း**

Looking ahead to 2004.

(Joseph Stiglitz)

# နီး(လ)ဖာဂူဆန်

## အမေရိကန် တာမီနေတာ

*ယခုစာစုမှာ ဗြိတိသျှလူမျိုး သမိုင်းပညာရှင် 'နီး(လ)ဖာဂူဆန်* (Niall Ferguson) *၏ လက်ရှိ အမေရိကန်ပြည်ထောင်စု အနေအထားအပေါ် အကဲဖြတ်ချက်များဖြစ်ပါသည်။ ပါမောက္ခဖာဂူဆန်မှာ နယူးယော့တက္ကသိုလ် စတန်းဘိဇနက်ကျောင်းတွင် သမိုင်းဘာသာရပ်ပို့ချနေသူ ဖြစ်သလို စတန်းဖို့ တက္ကသိုလ်၊ ဟူဗားအင်စတီကျူးရှင်း၏ အကြီးတန်းအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။ ခေတ်ပြိုင်ပညာရှင်တစ်ဦး၏ သဘောထားအမြင်များကို ဆိုးဝါးနိုင်ရန်အတွက် အနှစ်ချုပ်ဘာသာပြန်ဆို ဖော်ပြလိုက်ပါသည်။*

ပန်းသက်တံစာပေ

**အင်ပါယာအကျပ်**

ယခုအခါ အမေရိကန်ပြည်ထောင်စုကို အင်ပါယာဘွဲ့မည်တပ်၍ သရုပ်ဖော်နေကြသည်များရှိပါသည်။ ကျွန်တော့်အမြင်ပြောရလျှင် အင်ပါယာအဖြစ်သတ်မှတ်လျှင်သော်မှ သမိုင်းတွင် ပထမဆုံးအကြိမ် ထွက်ပေါ်လာသော ထူးထူးဆန်းဆန်းအင်ပါယာတစ်ခုသာ ဖြစ်ပါလိမ့်မည်။ ကျွန်တော်တို့ နောက်ဆုံးသိမီလိုက်သော ဗြိတိသျှအင်ပါယာမှာ ကမ္ဘာ့မြေပုံနှင့်ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံကျော်ကို လွှမ်းမိုးခြယ်လှယ်နိုင်ခဲ့သည်။ သို့နှင့်တိုင် ထိုစဉ်က ဗြိတိန်မှာတစ်ကမ္ဘာလုံးကုန်ထွက်၏ ဆယ်ပုံတစ်ပုံကိုမှ ဖန်တီးနိုင်ခဲ့သည်မဟုတ်ပါ။ ယနေ့အမေရိကန်၏ ဂျီဒီပီမှာ တစ်ကမ္ဘာလုံး၏ သုံးပုံတစ်ပုံနီးပါးမျှ ရှိပါသည်။ သို့ဖြစ်လင့်ကစား ကျွန်တော်တို့ခေတ်၏ ဆူပါ–ပါဝါမှာ အာဖဂန်နစ္စတန်နှင့် အီရတ်ဆိုသော နိုင်ငံငယ်လေးနှစ်ခုကို သိမ်းပိုက်ထိန်းချုပ်နိုင်ရန် ကျားကုတ်ကျားခဲ ရုန်းကန်နေရသည်။ ဤကဲ့သို့သောနိုင်ငံမျိုးကို အင်ပါယာဟုခေါ်မည်ဆိုလျှင် အံ့ဩဖွယ်ကောင်းလောက်အောင် ချည့်နဲ့လှသော အင်ပါယာဟူ၍သာ ဆိုရလိမ့်မည်ထင်ပါသည်။

အင်ပါယာတစ်ခု အတိုင်းအတာနှင့် ပြောရလျှင် အမေရိကန်မှာ အမှန်ပင်အားနည်းနေဆဲ ဖြစ်သည်။ ဤကိစ္စအတွက် 'ဘုရှ်'အစိုးရ၏ သံခင်းတမန်ခင်း မကျွမ်းကျင်မှု တစ်ခုတည်းကိုသာ အပြစ်ပုံချ၍မရပါ။ လွန်ခဲ့သည့်နှစ်များအတွင်း အမှားအယွင်းများကို သဘောပေါက်နားလည်စေရန် ပါဝါနှင့်ပတ်သက်သော အကောက်အယူကို ပြန်လည်ဆန်းစစ်ဖို့ လိုပါလိမ့်မည်။ **ကျွန်တော်တို့ တော်တော်များများအနေနှင့် ပါဝါကို ဓနု၊ လက်နက်၊ ဩဇာ၊ ဆွဲဆောင်နိုင်စွမ်း စသော အခြင်းအရာများနှင့် ဗလုံးဗထွေးနားလည်နေကြသည်။** ဤအရာအားလုံးကို အလျှံပယ်ရနိုင်ဖို့ ကောင်းကောင်းဖြစ်နိုင်ပါသည်။ သို့နှင့်တိုင် ပါဝါကိုမူ အကန့်အသတ်နှင့်သာ ရနိုင်စရာရှိသည်။ ဤသည်ပင် အမေရိကန်တို့၏ တကယ့်အကျပ်အတည်းဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စုတွင် ရောမ စီးပွားရေးကြီးရှိသည်။ သူ၏ ဂျီဒီပီကို ဒေါ်လာနှင့်တွက်လိုက်လျှင် ရုရှားထက်အဆ (၃၀) ပိုသည်။ အိန္ဒိယထက် အဆ (၂၀) များသည်။ တရုတ်ထက် ရှစ်ဆ၊ ဂျပန်ထက် နှစ်ဆခွဲ၊ ဥရောပ သမဂ္ဂထက် (၂၂) ဆ သာလွန်ပါသည်။ စစ်အင်အားဘက်မှ ကြည့်လိုက်လျှင်လည်း ပြိုင်ဘက်ကင်း အနေအထားဖြစ်သည်။ သူ၏ ကာကွယ်ရေး

**အသုံးစရိတ်မှာ သူ့နောက်ကပ်လျက် နိုင်ငံပေါင်း တစ်ဒါဇင်ကျော်ကျော်၏ စုစုပေါင်းစစ်စရိတ်ထက် များသည်။ သူကထုတ်လုပ်လိုက်သော စစ်လက်နက် ပစ္စည်းများမှာလည်း ပြိုင်စံမပေါ်ကမ္ဘာကျော်တွေသာ ဖြစ်သည်။ သို့အတွက်** အပြည့်အဝ လွှမ်းမိုးချုပ်ကိုင်နိုင်သော အနေအထားဟု ဆိုလျှင် ချဲ့ကားရာ မရောက်ပါ။

သို့နှင့်တိုင် အမေရိကန်ပါဝါကို ပိုမတွက်မိဖို့တော့ လိုပါလိမ့်မည်။ လွန်ခဲ့သောလအချို့အတွင်းက မှတ်တမ်းများကို တစ်ချက်မျှ ပြန်ကြည့်လိုက်ပါ။ အီရတ်နိုင်ငံတွင် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်ဖို့ကိစ္စမှာ အမေရိကန်နှင့် ဗြိတိသျှတို့၏ စစ်ရေးစွမ်းဆောင်ရည်ဖြင့် မကျော်လွှားနိုင် ဖြစ်နေရသည်။ ဆဒမ်ဟူစိန် ဖြုတ်ချနိုင်လိုက်ခြင်းက အရှေ့အလယ်ပိုင်း လိပ်ခဲတည်းလည်း အခြေအနေကို ဖောက်ထွက်နိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည့်တိုင် လက်တွေ့တွင် 'ယာဆာအာရာဖတ်' က ပါလက်စတိုင်း အုပ်ချုပ်ရေးအဖွဲ့ကို ပြန်ကိုင်နိုင်ခဲ့သည်။ ထိုအချိန်တွင် 'အေရီယယ်ရှာရွန်' ကမူ ပါလက်စတိုင်းလူမျိုးတို့ကို ဘာလင်တံတိုင်း အငယ်စားဖြင့် ဝင်းထရံခတ်လျက် ရှိနေသည်။ ဤအခိုက်မှာပင် အရှေ့ဖျားမှ လူသန်လေးတစ်ဦးက ဟိုက်ပါ ပါဝါကို နားရွက်တံတွေး ဆွတ်လိုက်သည်။ 'ချူကလီယာလက်နက်ထုတ်လုပ်ရေးကို ပြန်စတော့မည်' ဆိုသော မြောက်ကိုရီးယားမှ ရာဇသံဖြစ်ပါသည်။

၂၀၀၃ ခုနှစ်အတွင်းမှာပင် ကြုံခဲ့ရသော အခြားစွန့်စားခန်းတစ်ခုလည်း ရှိသေးသည်။ အမေရိကန်ပါဝင်ပတ်သက်ရန် အကြိမ်ကြိမ် တောင်းပန်မှုကြောင့်၊ အာဖရိက နိုင်ငံငယ်လေးတစ်ခုသို့ အမေရိကန်တပ်ဖွဲ့များ စေလွှတ်ခဲ့သည့်ကိစ္စဖြစ်ပါသည်။ ဩဂုတ်လအတွင်း အမေရိကန် မရိန်းတပ်သား (၄၅၀၀) ကို သယ်ဆောင်လာသော သင်္ဘောတစ်စင်း 'လိုင်ဘေးရီးယား' ကမ်းခြေသို့ ဆိုက်ကပ်လိုက်သည်။ ကုန်းပေါ်တက်သော (၂၂၅) ဦးအနက် လူ (၅၀) မှာ ငှက်ဖျားရောဂါနှင့် နဖူးတွေ့ဒူးတွေ့ ကြုံလိုက်ရတော့သည်။ သို့ဖြင့် (၂) လမျှအကြာတွင် အမေရိကန် တပ်ဖွဲ့အားလုံး တပ်ခေါက်ပြန်ခဲ့ရသည်။ ဤသည်မှာလည်း အမေရိကန်ပါဝါ၏ အကန့်အသတ်များကို ဖွင့်လှစ်ပြသရာတစ်ခုဟု ဆိုနိုင်ပါလိမ့်မည်။

## ဒဏ္ဍာရီထဲက ဇာတ်ကောင်

သို့နှင့်တိုင် တစ်ကမ္ဘာလုံးက ကြည့်ချယ်ရလောက်အောင် ‘စူပါ’မက ‘ဟိုက်ပါ’ ပင် ဖြစ်နေသော အမေရိကန်ပါဝါတွင် အကန့်အသတ်များ ရှိနေပြီဆိုသည်ကို လက်ခံဖို့ခက်နိုင်ပါသည်။ ဤကိစ္စကို မည်သို့ ရှင်းပြရပါမည်နည်း **ကာလီဖိုးနီးယား ရွေးကောက်ပွဲတွင် ဟောလီဝုစတား အာနိုးကြီးတစ်ယောက် အနိုင်ရလိုက်တော့မှ အမေရိကန်ပါဝါ၏ သဘာဝကို ခြေရာခံနိုင်လောက်သည့် သဲလွန်စ တစ်ခုကို တွေ့ရတော့သည်။** သူ၏ မကြာသေးမီက ရုပ်ရှင် ‘တာမီနေတာ(၃)’ တွင် အာနိုးမှာ ‘ရိုဘော့’အဖြစ် သရုပ်ဆောင်ရပါသည်။ ရိုဘော့အာနိုးမှာ လွယ်လွယ်နှင့် မဖျက်ဆီးနိုင်သော အကြမ်းပတမ်းခံ၊ ရေစိမ်ခံစက်ရုပ်ကြီးဖြစ်သည်။ **သူ့တာဝန်မှာ တစ်ချိန်တွင် ကမ္ဘာကြီးကို ကယ်တယ်ရန် သတ်မှတ်လျာထားခြင်းခံရသည့် လူငယ်လေးကို ကာကွယ်ဖို့ ဖြစ်သည်။**

ဇာတ်ထွက်ပိုင်း အရောက်မှာပင် ပြဿနာကစတော့သည်။ တာမီနေတာ ရိုဘော့မှာ စက်ကိရိယာ ဖောက်ပြန်ပြီးသကာလ ကိုးရိုးကားရား တွေဖြစ်ကုန်သည်။ အနာဂတ် ကယ်တင်ရှင်ကို ကာကွယ်ရမည့်အစား မသေမချင်း လိုက်သတ်ဖို့ အားထုတ်လာသည်။ ဤတွင် မူလပရိုဂရမ်က ဆန့်ကျင်ဘက် အမိန့်တွေပေးနေသော စင်တာကို ချေဖျက်ဖို့ တိုက်ပွဲဆင်ရတော့သည်။ နောက်ဆုံး ရိုဘော့ အာနိုး၏ခေါင်းထဲတွင် အနီရောင် စကားလုံး တစ်လုံးပေါ်လာသည်။ အက္ခရာ (၅) လုံးပါသော အဆိုပါ စကားအနီမှာ ABORT ‘အဘော့(ထ်)’ ဟူ၏။ အဓိပ္ပာယ်မှာ ‘ဖျက်ပစ်လိုက်’ ဟူ၏။ ‘ဖန်ရှင်’တွေ အကုန်ရပ်ပစ်ဖို့ အမိန့်ပေးခြင်း ဖြစ်သည်။ သည်တော့မှ ရိုဘော့ကြီးလည်း ဘာမှမလုပ်တော့ဘဲ ရပ်သွားကာ ထိန်းနိုင်သိမ်းနိုင်လိုက်သည်ဟု ဆိုပါသည်။

အမေရိကန် ပြည်ထောင်စု၏ ပါဝါကို ထိန်းချုပ်ထားသလို ရှိနေသည့် ‘လိုအပ်ချက်’ ကြီး သုံးခုရှိနေရာ တာမီနေတာ (၃) (တီ–သရီး)သည်ပင်၊ အပြည့်အဝ သရုပ်ဖော်နိုင်သော ဥပမာလို ဖြစ်နေတော့သည်။ ဤကိစ္စကို လောလောဆယ်အသာထား၍ အာနိုးကြီး အကြောင်းကို ဆက်ပါဦးမည်။ လူအာနိုးမှာ သူ့အရွယ်တစ်ဝက်မျှသာရှိသော လူငယ်လေးတစ်ယောက်၏ ခန္ဓာကိုယ် အချိုးအဆက်ရှိသည့်တိုင် မငယ်လှတော့ပါ။ အသက်ခြောက်ဆယ်နီးလာပြီ ဖြစ်သော အဘိုးကြီးအိုပေါက်စဖြစ်သည်။ ရာသက်ပန် မောင်စကြာဝဠာဘွဲ့ကို

ထိန်းသိမ်းထားလိုသော သူ့ရည်ရွယ်ချက်သည်ပင်လျှင် သူ့အရွယ်၊ မျိုးဆက်တစ်ခုလုံး၏ လိုအင်ဆန္ဒဖြစ်နိုင်သည်။ ဒုတိယကမ္ဘာစစ်အပြီး လူဖြစ်ကြီးပြင်းခဲ့ကြသော သူတို့မျိုးဆက်က 'ဇရာ'ကို ထည့်တွက်လေ့မရှိ။ 'ဘယ်တော့မှမအို' ဟု ကိုယ့်ကိုယ်ကို ထင်ထားလေ့ရှိသည်။ သို့နှင့်တိုင် ဇရာကို မည်သူမျှတားနိုင်သည် မဟုတ်ပါ။ အရေးကြီးသော စီးပွားရေး အကျိုးဆက်များနှင့်အတူ အာနိုးမျိုးဆက်တို့ ဇရာပိုင်းတို့ ချဉ်းနင်းဝင်ရောက်နေပြီ ဖြစ်ပါသည်။

ကာလီဖိုးနီးယား အုပ်ချုပ်ရေးမှူး ရုံးခန်းသို့ ဝင်လိုက်သည်နှင့် မအိုသေးသော အာနိုးကြီးမှာ လူကိုဦးနှောက်စား အိုစာစေသော ဘဏ္ဍာရေး ပြဿနာများနှင့် ပွဲဦးထွက် ရင်ဆိုင်လိုက်ရသည်။ အတော်စိတ်ညစ်သွားသည်ဟူ၏။ စင်စစ်သူကြုံတွေ့ရသည်မှာ အမေရိကန် ပြည်ထောင်စု တစ်ရပ်လုံးနှင့် နှိုင်းစာလိုက်လျှင် ပိစိကွေးလေးမျှသာ ဖြစ်ပါသည်။ သို့ဖြင့် ပထမဆုံး လိုအပ်ချက်ကြီးသို့ ရောက်လာရတော့သည်။ ဘတ်ဂျက်လိုငွေ ဖြစ်ပါ၏။

အမေရိကန်စီးပွားရေးကို ထရီလီယံဆယ်နှင့်ချီသော ဖောင်းပွ စီးပွားရေးဟု ခပ်ကြွားကြွား ပြောကြသည်များရှိသည်။ ဟုတ် မဟုတ်၊ မှန် မမှန်၊ ပြန်လည်စိစစ်ကြဖို့ လိုပါသည်။ နှစ်စဉ် တစ်ပြည်လုံးကုန်ထွက်၏ အများဆုံး အစိတ်အပိုင်းမှာ ပြည်တွင်းပုဂ္ဂလိက စားသုံးမှုအောက်တွင် ပျောက်ခြင်းမလှပျောက်သွားသည်။ ကိန်းဂဏန်းအတိအကျနှင့် ပြောရ လျှင် (၁၉၆၇) ခုနှစ်က ပြည်တွင်းစားသုံးမှုပမာဏမှာ (၆၁) ရာခိုင်နှုန်း ရှိရာမှ (၂၀၀၂) တွင် (၇၀) ရာခိုင်နှုန်းဖြစ်သွားသည်။ သဘာဝအရပင် စားသုံးမှုပိုလာသောအခါ စုဆောင်းမှုမှာ အကျဘက်ရောက်သွားရတော့သည်။ (၁၉၇၃) နှင့် (၁၉၈၃)ကြားတွင် စုဆောင်းမှုပမာဏ (၁၀) ရာခိုင်နှုန်းရှိရာမှ (၁၉၉၀) နှင့် (၂၀၀၀) ကြားတွင် ၁၆ရာခိုင်နှုန်း မျှသာရှိတော့သည်။ ဤတွင် အစဉ်အလာ စီးပွားရေးတိုးတက်မှုနှုန်းကို ထိန်းထားနိုင်ရန် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကို အားကိုးမရ ဖြစ်လာတော့သည်။ သို့ဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် ကျားကန်လာခဲ့ရရာမှာ တစ်ချိန်က မြီရှင်နိုင်ငံကြီးမှာ မြီစားနိုင်ငံဘဝသို့ လျှောကျလာခဲ့ရပါသည်။ တိုင်းပြည်၏ အသားတင် နိုင်ငံခြားရင်း နှီးမြှုပ်နှံမှုပမာဏမှာ (၁၉၈၀)တွင် ဂျီဒီပီ၏ (–၁၂) ရှိရာမှ (၂၀၀၂) တွင် (–၂၅) ဖြစ်သွားရတော့သည်။

ထို့ထက် ယနေ့အမေရိကန်ပြည်ထောင်စုအစိုးရ လက်ဝယ်ရှိ ကြွေးမြီ

(၄၆)ရာခိုင်နှုန်းကို ကိုင်ထားနိုင်သူများမှာ တရုတ်နှင့် ဂျပန်ဗဟိုဘဏ်များ ဖြစ်နေသည့် အချက်များမှာလည်း၊ လူသိမများလှသည့်တိုင် အလွန်ဆိုးဝါးသော အကျိုးဆက်များ အချိန်မရွေးထွက်ပေါ်လာနိုင်ပါသည်။ အမေရိကန်၏ ပြည်တွင်းဘဏ္ဍာရေး တည်ငြိမ်မှုမှာ တရုတ်ဗဟိုဘဏ်ပြုသမျှနုရတော့ မလိုပင် ဖြစ်နေရသည်။ အကယ်၍ အာနိုးတို့အရွယ် စစ်ပြီးခေတ်မျိုးဆက်များ ပင်စင်ယူချိန်ရောက်လျှင် အခြေအနေမှာပို၍ဆိုးဖို့သာရှိသည်။ ဘဝ၏ နောက်ဆုံးချိန်များအတွက် စနစ်တကျပြင်ဆင်ထားသူမျိုးမှာ မရှိသလောက်ပင် ရှားရာ နိုင်ငံတော်အသုံးစရိတ်တိုးလာမည့် အလားအလာ အပြည့်ရှိသည်။ မကြာသေးခင်ကထုတ်ပြန်ကြေညာခဲ့သော သုတေသန ခန့်မှန်းချက်တစ်ခုအရ အနာဂတ်အသုံးစရိတ်နှင့် အခွန်တော်မှဝင်ငွေကြား ကွာဟချက်မှာ မြင်ရုံနှင့် 'တွန့်' သွားလောက်သည့် ကိန်းဂဏန်း ဖြစ်နေတော့သည်။ ဒေါ်လာ (၄၅) ထရီလီယံ ဖြစ်ပါသည်။

ဤနှုန်းအတိုင်း ဆက်သွားလျှင် အမေရိကန်စားသုံးသူများ၏ ခေါင်းထဲသို့ အနီရောင်အချက်ပြစကားလုံးတစ်ခု မကြာမီ ရောက်လာဖို့ သေချာနေပါပြီ။ 'အဘော့ထ်' Aboret ဖြစ်ပါ၏။

## အဘော့ထ်

အဆိုပါ 'အဘော့ထ်' ဆိုသော ဝေါဟာရမှာ၊ ယခုပင်လျှင် အီရတ်စစ်မြေပြင်ရှိ၊ အမေရိကန်စစ်သားများ၏ ခေါင်းထဲသို့ ရောက်သလောက် ရှိနေပြီ ဖြစ်ပါသည်။ ရုပ်ရှင်ထဲမှ တာမီနေတာအာနိုးကြီး ဟီးရိုးဖြစ်နေခြင်းမှာ သူ့လိုလူ မရှိသောကြောင့် ဖြစ်နိုင်သည်။ တကယ့်ဘဝမှ အမေရိကန် တာမီနေတာကြီးသည်လည်း မိမိ၏ ပြိုင်ဘက်မရှိ အနေအထားကို အားရကျေနပ်နေသည်နှင့် ဒုတိယလိုအပ်ချက်ကြီးကို မေ့လျော့နေဟန် ရှိသည်။

ယနေ့အမေရိကန်မှာ ကမ္ဘာ့အကြီးဆုံး စစ်အင်အားဖြစ်သည့်တိုင် မိမိဖြန့်ကျက်ထားသော စစ်မြေပြင်နှင့် နှိုင်းယှဉ်လိုက်လျှင် မနိုင်ဝန် ဖြစ်နေပါသည်။ အီရတ်နိုင်ငံ ပြန်လည်အသားကျဖို့ဆိုလျှင် စစ်အင်အား (၁၃၀၀၀၀) မျှ လိုအပ်လိမ့်မည်။ စစ်ဆေးတိုက်ပွဲပြီးချိန်မှစ၍ အမေရိကန်မှာ မိမိ၏တပ် အင်အားကို လျှော့ချခဲ့ရာ ယခုအခါနိုင်ငံရပ်ခြား စစ်မြေပြင်တွင် တာဝန်ထမ်း ဆောင်နိုင်သော

အင်အားမှာ (၂၀၀၀၀၀) မျှသာရှိတော့သည်။ ဤစစ်သားများကိုပင် နှစ်ရှည်လများ တာဝန်ပေးနိုင်သည်မဟုတ်။ အမေရိကန်လူထု၏ ဆန့်ကျင်မှုကြောင့် ခြောက်လ၊ တစ်နှစ်ထက် ပိုကြာကြာထားလို့မဖြစ်။ (၁၉၆၅) မှ (၁၉၆၈) သုံးနှစ်ကာလအတွင်း ဗီယက်နမ် စစ်မြေပြင်တွင် အမေရိကန်စစ်သား (၃၀၀၀၀) မျှ ကျဆုံးခဲ့ရသည်။ ယခု အီရတ်စစ်ပွဲတွင် ပြေီမှစကတ်တင်ဘာ ငါးလကြာအတွင်း အမေရိကန်စစ်သား (၃၀၀) မျှ အသက်ပေးခဲ့ရပြီးဖြစ်သည်။ ဤအထဲမှ သုံးပုံတစ်ပုံမှာ မားယွင်းပစ်ခတ်မှုနှင့် ဖျားနာသောကြောင့်ဖြစ်သည်။ သို့နှင့်တိုင် အမေရိကန်လူထု၏ စစ်ပွဲအပေါ် သဘောထားမှာ ဗီယက်နမ်စစ်ပွဲကာလထက်ပင် အကျဘက်သို့ ရောက်နေသည်။

အခက်တကာ့အခက်ဆုံးမှာ ဤသို့စီးပွားရေးနှင့် စစ်ရေးမျက်နှာစာတွင် လိုအပ်ချက်ကြီးများရှိနေခြင်းကို အမေရိကန်အီလစ်များ ကိုယ်တိုင်က သဘောမပေါက်ခြင်းဖြစ်သည်။ သို့ဖြင့် တတိယလိုအပ်ချက်ကြီး ဖြစ်ပေါ်လာရတော့သည်။ ပထမနှင့်ဒုတိယလိုအပ်ချက်များအပေါ် လုံလောက်သည့် အာရုံစူးစိုက်မှုမရှိသော လိုအပ်ချက်ကြီးဖြစ်သည်။ စင်စစ် ဤတတိယ လိုအပ်ချက်သည်ပင်လျှင် အရေးကြီးဆုံးနှင့် အန္တရာယ်အကြီးဆုံးဖြစ်ပါသည်။ ပြောရလျှင် စီးပွားရေး လိုအပ်ချက်မှာ ဖြည့်နိုင်၊ ထည့်နိုင်သော အရန်အင်အားများရှိနိုင်သည်။ အထူးသဖြင့် ကမ္ဘာလုံးစီးပွားရေးခေတ်တွင် ထင်သလောက် ပြဿနာမကြီးနိုင်ပါ။ အမေရိကန် စားသုံးသူများက ပြည်တွင်းဖြစ်ထက် မိမိတို့၏ကုန်ပစ္စည်းများကို ဝယ်ယူအားပေးကြမည်ဆိုလျှင် နိုင်ငံတကာ ဘိဇနက်သမားများက ငွေထုပ်ပိုက်၍ လိုမ့်ဝင်လာကြမည်သာဖြစ်သည်။ စစ်ရေးလိုအပ်ချက်မှာလည်း ထိုနည်းလည်းကောင်းသာဖြစ်သည်။ အကယ်၍ အမေရိကန်အနေနှင့် 'တစ်ဦးတည်း ကျိတ်ဝါဒ' (Unilateralism) ကိုသာ အသေဆုပ်ကိုင်မထားလျှင် ကုလသမဂ္ဂ အလံလွှင့်၍ နိုင်ငံတကာ ငြိမ်းချမ်းရေးတပ်ဖွဲ့များ ချက်ချင်းရောက်လာနိုင်စရာ ရှိပါသည်။

အီရတ်ကဲ့သို့သော နိုင်ငံမျိုးတွင် တည်ငြိမ်သော စီးပွားရေး၊ နိုင်ငံရေး အဆောက်အအုံများ ဖြစ်ထွန်းလာစေရန် တစ်နှစ်မျှသော အချိန်ကာလနှင့် ဘယ်လိုမှမဖြစ်နိုင်ပါ။ ယာယီညွန့်ပေါင်းအုပ်ချုပ်ရေးအဖွဲ့၏ သက်တမ်းကို မြန်မြန်လျှော့ချလိုက်သည်နှင့်အမျှ အီရတ်ပြည်တွင်း အင်အားစုအားလုံး ပူးပေါင်း ပါဝင်လာရေးမှာပို၍ပင် ခက်ခဲနိုင်စရာရှိသည်။ သို့နှင့်တိုင် သမ္မတဘုရ်ှကမူ အမြန်ဆုံး

**အာဏာလွှဲပြောင်းရေးကို ကြွေးကြော်လျက်ရှိပြီး အောင်ပွဲခံ ပြည်တော်ပြန် အိပ်မက်ကိုသာ အာရုံကျလျက်ရှိသည်။ ဤအတိုင်းဆိုလျှင် 'အဘော့(ထ်)' ဆိုသော အနီရောင်စကားလုံး အိမ်ဖြူတော်ရောက်လာမှ တတိယလိုအပ်ချက်ကြီးကို ကျော်လွှားနိုင်မည့်ပုံရှိသည်။**

**ဤသည်ပင် 'တီသရီး' (T-3) နိမိတ်ပုံက ဖွင့်ဆိုလိုက်သော ဟိုက်ပါ-ပါဝါ၏ အကန့်အသတ်များ ဖြစ်ပါ၏။**

**တာဝီနေတာ**

အမေရိကန် ပြည်ထောင်စုအနေနှင့် ထင်ထားသလောက် ပါဝါမရှိဟု ဆိုလျှင် ဘာဖြစ်မည်နည်း။ သမားရိုးကျ နိုင်ငံတကာဆက်ဆံရေး အတွေ့အကြုံအရ အဖြေထုတ်လိုက်လျှင် နောက်ထပ်ပါဝါတစ်ခုခုကသူ့နေရာတွင် အစားဝင်လာလိမ့်မည်ဟု တွက်ဆနိုင်စရာရှိသည်။ အီး-ယူ (သို့မဟုတ်) တရုတ်သည် စိန်ခေါ်သူဖြစ်လာနိုင်သလော။ လက်တွေ့ကျကျ စဉ်းစားလိုက်လျှင် တစ်ခုမှဖြစ်မလာနိုင်ပါ။ **အီး-ယူစီးပွားရေးမှာ လိုအပ်သ လောက် မပျော့ပျောင်းနိုင်သေးသလို၊ အီး-ယူနိုင်ငံရေးမှာလည်း တစ်စစီကွဲနေဆဲဖြစ်သည်။ တရုတ်စီးပွားရေးမှာလည်း တည်ငြိမ်မှုနှင့် ဝေးနေဆဲဖြစ်သလို တရုတ်ပြည်ကြီးမှာဗဟိုချုပ်ကိုင်မှု တစ်ခုအောက်တွင် ရှိနေဆဲဖြစ်ပါသည်။ ဤသို့သော အခြေအနေတွင်ရှိနေသော အီးယူရော တရုတ်သည်ပါ အမေရိကန်ကို ပြိုင်ဘက်အဖြစ် သဘောထားကြလိမ့်မည်မဟုတ်ပါ။** အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်ဖို့သာ အားသန်ဖို့များပါသည်။

ထို့ထက်ပို၍ အရေးကြီးသည်မှာ ဂလိုဘယ်လိုက်ဇေးရှင်း ဖြစ်စဉ်ကြီး၏ 'သမုတိဝိရောဓိ' (Paradox) သဘောကို ဆင်ခြင်နိုင်ဖို့ ဖြစ်သည်။ ဤဖြစ်စဉ်ကြီးက ကမ္ဘာကြီးကို ပေါင်းစည်းရေးသို့ ဦးတည်သွားစေသည့်မှာ မှန်သော်လည်း 'ပါဝါ'မှာမူ စုမလာဘဲ ဖြန့်လာသည့်သဘောက ကဲသည်။ ဆိုဗီယက်ယူနီယံပြိုကွဲမှုနှင့်အတူ ကွဲကူးရေပါဖြစ်လာသော ချူကလီယာ အစည်းပြေမှုကြောင့်လည်း 'အစုလိုက်အပြုံလိုက် ပျက်စီးနိုင်သောလက်နက်များ' (WMD) မှာ ကမ္ဘာ့အနှံ့ပြန့်နေသည်။ ဤသို့သော ထူးခြားသည့် အခြင်းအရာများအောက်တွင် မည်မျှပင် အင်အားကြီးမားသော နိုင်ငံဖြစ်စေ၊ အထီးကျန်ဘဝဖြင့် မလုံခြုံနိုင်တော့ပါ။

ပြောရလျှင် ယနေ့အမေရိကန်မှာ နံပါတ်တစ် ဆူပါပါဝါဖြစ်ပြီဖြစ်လျက် ရှိပါသည်။ ဤအချက်ကို ငြင်းစရာမရှိပါ။ သို့နှင့်တိုင် ဆူပါအဆင့် ပါဝါမှာပင် အကန့်အသတ်များ အမှန်ပင်ရှိနေပါသည်။ သို့အတွက် အမေရိကန်၏ သရုပ်ကို အင်ပါယာဆိုသောစကားလုံးထက် 'တာမီနေတာ' ဆိုသော ဝေါဟာရကသာ ပို၍ပီပီပြင်ပြင်ထင်ဟပ်နိုင်လိမ့်မည်ဟု သဘောရပါသည်။

**ရည်ညွှန်း**

American Terminatior

(By Niall Pefrguson)

# သူတို့အပြော

## INTERVIEW

စတီဗင်ကား(လ)

ကိုဖီအာနန်

ဆယ်မျူရယ် ဟန်တင်တန်

ဖရန့်စစ် ဖူကူယားမား

အူးရစ်(ချ)ဘက်(ခ)

ဂျိုးဇက်အက်(စ)နိုင်း (အငယ်)

မိုက်ကယ်မန်လေ

ရှာရီတာကယ်(လ)

ပန်းသက်တံစာပေ

# အမေရိကန် လူထုအသံ

**မိတ်ဆက်နိဒါန်း**

*လာမည့် နိုဝင်ဘာလတွင် ကျင်းပတော့မည့် (၂၀၀၄) အမေရိကန် သမ္မတ ရွေးကောက်ပွဲမှာ ဆယ်စုနှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် နိုင်ငံခြား ရေး ပေါ်လစီပြဿနာအပေါ်တွင် ဗဟိုပြုဆုံးဖြတ်ရွေးချယ်ကြမည့်သဘော ရှိပါသည်။ ဤတွင် အီရတ်စစ်ပွဲ၊ အကြမ်းဖက်ဝါဒ၊ မြောက်ကိုရီးယားနှင့် လွတ်လပ်သောကုန်သွယ်ရေးစသော နိုင်ငံတကာ ပြဿနာများအပေါ် အမေရိကန် မဲဆန္ဒရှင်လူထု၏ သဘောထားအမြင်များမှာ အထူးအရေးပါလာရတော့သည်။ အရေးပါသည်ဆိုရာတွင် သက်ဆိုင်ရာ သမ္မတလောင်းများအတွက် သာမက၊ ကမ္ဘာကြီးတစ်ခုလုံးအတွက်ပါ အကျုံးဝင်ပါသည်။ အကြောင်းမူ (၂၀၀၅) ဆူပါ ပါဝါ၏ နိုင်ငံခြားရေး ပေါ်လစီကို အဆိုပါ လူထုသဘောထားအမြင်များတွင် ခြေရာခံနိုင်စရာ ရှိသောကြောင့် ဖြစ်သည်။*

*ရွေးကောက်ပွဲ မတိုင်မီခြောက်လအလိုတွင် နာမည်ကျော် Foreign Policy*

မဂ္ဂဇင်းကြီးက အမေရိကန် လူထုနှင့်အင်တာဗျူးလိုက်ပါသည်။ ပထမဆုံး အမေရိကန်လူမျိုး၊ အမျိုးသား အမျိုးသမီးများ မှည့်လေ့မှည့်ထရှိသော အမည်တစ်ခုကို ယူလိုက်သည်။ မစ္စတာဂျွန် (သို့မဟုတ်) မစ္စဂျိမ်း အမည်ရှိ လူထု ကိုယ်စားပြု သင်္ကေတတစ်ခုဖြစ်ပါသည်။ ပြီးမှ မကြာသေးမီက ကောက်ခံရရှိခဲ့သော လူထုသဘောထား စစ်တမ်းများကို အခြေခံပြီး ယေဘုယျအမြင်တစ်ခုကို စုစည်းယူလိုက်သည်။ ဤအမြင်နှင့် မစ္စတာဂျွန် (သို့) မစ္စဂျိမ်းက မဂ္ဂဇင်းကြီးမှမေးသောမေးခွန်းများကိုအဖြေပေးသည်။ ဤသို့သော အမေးအဖြေများကို မာရီလန်းတက္ကသိုလ်မှ ပါမောက္ခ 'စတီဗင်ကား(လ)'က အင်တာဗျူး ပုံသဏ္ဍာန်ဖြင့် ပြန်ရေးလိုက်ခြင်းဖြစ်ပါသည်။

Foreign Policy မဂ္ဂဇင်းကြီး၏ အားထုတ်ကြိုးပမ်းမှုမှာ အမေရိကန်မဲဆန္ဒရှင်လူထု၏ သဘောထားအမြင်များကို တစ်စုတစ်စည်းတည်း လေ့လာခွင့်ရသဖြင့် ခေတ်ဆန်းပရိသတ်များအတွက် ဘာသာပြန် ဖော်ပြလိုက်ခြင်း ဖြစ်ပါကြောင်း။

## အီရတ်စစ်ပွဲ

■ **အီရတ်ကို ဝင်တိုက်တဲ့ကိစ္စ ခင်ဗျားဘယ်လို မြင်လဲ။**

● ဒီကိစ္စက ဇာတ်ရှုပ်ကြီးပါဗျာ။ ဆဒမ်ဟူစိန်မှာ WMD တွေ ရှိနေပြီ၊ ဒါတွေကို အကြမ်းဖက်သမားတွေဆီပေးလိမ့်မည်လို့ သမ္မတ ဂျော့ဘုရ်(ရှ်)က ပြောတယ်လေ။ ဒါဖြစ်နိုင်စရာရှိတယ်လို့ ကျွန်တော်တို့ကလည်းထင်ခဲ့တယ်။ ဒီတော့ အီရတ်က WMD တွေဖယ်ရှားရေးဟာ လုပ်သင့်လုပ်ထိုက်တယ်လို့ ထင်ခဲ့တာပေါ့။

■ **အဲသလိုထင်တော့ ချက်ချင်းအရေးယူသင့်တယ်လို့ ခင်ဗျား ယူဆတယ်ပေါ့။**

● မဟုတ်ဘူးဗျ။ ကုလသမဂ္ဂမှာ အများထောက်ခံမှုရဖို့ အချိန်ယူသင့်တယ်လို့ အစောထဲကယူဆခဲ့တာပါ။ အီရတ်မှာ ကုလသမဂ္ဂစစ်ဆေးရေးမှူးတွေ ရောက် နေမှတော့ သူတို့ကို အခွင့်အရေးပေးသင့်တာပေါ့။ သူတို့အနေနဲ့ WMD တွေကို ဖော်ထုတ်နိုင်စွမ်း ရှိ မရှိဆိုတာက တစ်ကိစ္စလေ။ ဘာပဲဖြစ်ဖြစ်

ကုလသမဂ္ဂမှာ အများသဘောတူညီချက်တစ်ခုရအောင်တော့ ကျွန်တော်တို့ ကြိုးပမ်းသင့်တယ်။

■ **ကုလသမဂ္ဂ ထောက်ခံချက်ရရေးဟာ ဘာကြောင့် ဒီလောက် အရေးကြီး နေရတာလဲ။**

● ကျွန်တော်တို့ချည်း ချက်ချင်းဝင်တိုက်တာမျိုး မလုပ်သင့်ဘူးလို့ ထင်လို့ပေါ့ဗျာ။ အခုကိုပဲ ကျွန်တော်တို့ အမေရိကန်ဟာ ကမ္ဘာ့ပုလိပ်ကြီးလို့ အပြောခံနေရပြီမို့လား။ ပြီးတော့ ကျွန်တော်ကိုယ်တိုင် ဝေခွဲလို့မရတာတစ်ခုလည်း ရှိသေးတယ်။ နိုင်ငံတစ်နိုင်ငံဟာ နျူကလီယာလက်နက်တွေ လုပ်နေဦးတော့ အဲဒီနိုင်ငံကို ဝင်တိုက်ပြီး အဲဒီအစိုးရကိုဖြုတ်ချဖို့ ကျွန်တော်တို့မှာ အခွင့်အာဏာကောရှိလို့လား။

■ **ကုလသမဂ္ဂမှာကော ဒီလိုအခွင့်အာဏာမျိုးရှိလား။**

● ကုလသမဂ္ဂဆိုရင်တော့ ရှိတာပေါ့။

■ **တိုင်းပြည်တစ်ပြည်ဟာ အမေရိကန်ပြည်ထောင်စုအတွက် လတ်တလော ခြိမ်းခြောက်မှု ဖြစ်နေပြီဆိုရင်ကောဗျာ။ တစ်ကိုယ်တော် မကျိတ်သင့်ဘူးလား။**

● သူတို့ကလည်း ကိုယ့်ကို တိုက်တော့မယ်ဆိုရင်တော့ ကိုယ့်ကိုယ်ကို ကာကွယ်ခွင့် ရှိပါတယ်။ ဒါပေမယ့် ဒီလိုကိစ္စမျိုးဟာ ရှင်းရှင်းလင်းလင်းဖြစ်မှ ကောင်းတယ်ဗျ။

■ **အီရတ်ဟာ အဲသလို လတ်တလော ခြိမ်းခြောက်မှု ဖြစ်နိုင်လား၊ ခင်ဗျားအထင်။**

● မဖြစ်နိုင်ဖို့ များပါတယ်။

■ **ဘုရှ်အစိုးရအနေနဲ့ စစ်ပွဲကိုထောက်ခံဖို့၊ သက်သေအထောက်အထားတွေကို ရည်ရွယ်ချက်ရှိရှိ ချဲ့ကားပြတာလို့ကော ယူဆပါသလား။**

● ဟုတ်ကဲ့၊ အီရတ်မှာ WMD တွေ ရှိလိမ့်မယ်လို့တော့ အစိုးရ ကိုယ်တိုင်က ယုံခဲ့တယ်ထင်ပါရဲ့။ ဒါပေမယ့် ဘုရှ် အနေနဲ့ ဆဒမ်ကို ဖြုတ်ချဖို့ ဆုံးဖြတ်ပြီးသားဆိုရင်တော့လည်း ဒီကိစ္စက ဘာမှအရေးမပါတော့ပါဘူး။ တကယ်လို့ စီအိုင်အေက အီရတ်မှာ WMD တွေလည်း မရှိဘူး၊ အယ်(လ)ကိုင်းဒါးနှင့်လည်း ဘာမှမပတ်သက်ဘူးလို့ပြောလည်း ဘုရှ် အနေနဲ့ကတော့

ဘယ်လိုဖြစ်ဖြစ် တိုက်မှာပါပဲ၊ ကျွန်တော်အထင်ပေါ့ဗျာ။

■ **ဆဒမ်ဟာ အီရတ်လူထုရဲ့ ပိုင်ခွင့်တွေကို ချိုးဖောက်နေတဲ့ ငါ့မင်းငါ့ချင်း သမားမို့ အီရတ်စစ်ပွဲဟာတရားတယ်လို့ ပြောရင်ကောဗျာ၊ ခင်ဗျား ဘယ်လိုယူဆလဲ။**

● ဒီလိုကိစ္စမျိုးတွေမှာ ပါဝင်ဆောင်ရွက်ဖို့ အမေရိကန်ပြည်ထောင်စုမှာ အခွင့် အာဏာမရှိဘူးလို့ ထင်တာပဲ။ ကုလသမဂ္ဂအတည်ပြုချက်တော့ ရယူသင့် တယ် ထင်တယ်လေ။ တစ်ခုတော့ရှိတာပေါ့ဗျာ။ 'မျိုးဖြုတ်စစ်ပွဲ' လို သိပ် လွန်ကျူးလာရင်တော့ တစ်မျိုးပေါ့။

■ **ဆဒမ်ဟာ၊ ခင်ဗျားပြောတဲ့အဆင့် ရောက်နေပြီလို့ကော မယူဆဘူးလား။**

● ဆဒမ်ရဲ့လုပ်ရပ်တွေဟာ အတော်ဆိုးတာအမှန်ပဲ။ ဒါပေမယ့် မျိုးဖြုတ် စစ်ပွဲ တော့မဟုတ်ဘူးဗျ။ ပြီးတော့ ဆဒမ်လိုလူမျိုးက တစ်ယောက်တည်းရှိတာ မဟုတ်ပါဘူးဗျာ။ သူ့လိုလူစား အများကြီးပါ။

■ **ဒါဖြင့်ရင် အီရတ်စစ်ပွဲဟာ မှားတယ်ပေါ့။**

● ဒီလိုတော့ ပြောမရဘူးဗျ။ ဆဒမ်မှာ WMD တွေ ရှိကောင်းရှိနိုင်တယ်။ အယ်(လ)ကိုင်းဒါးနဲ့လည်း ပတ်သက်ကောင်း ပတ်သက်နိုင်တယ်။ သူဟာ အမေရိကန်အတွက် တစ်ခုတည်းသောခြိမ်းခြောက်မှုမဟုတ်ပေမယ့် သူမရှိ ရင် အမေရိကန်လုံခြုံရေးအတွက် ပိုကောင်းတာလည်း အမှန်ပဲ။ ပြီးတော့ သူကိုယ်တိုင်ဟာ လူကြိုက်များလှတဲ့ ခေါင်းဆောင်တစ်ယောက်လည်း မဟုတ်ပါဘူး။ ဒါ့ကြောင့် ဆဒမ်ကိုတိုက်တာမှားတယ်လို့တော့ ကျွန်တော် ယတိပြတ် မပြောနိုင်ပါဘူး။

■ **ဒါဖြင့် မှန်တယ်ပေါ့။**

● မှန်နိုင်စရာရှိပါတယ်။ ဒါပေမယ့် အကောင်းဆုံးနည်းတော့ဖြင့် ဟုတ်၊ မဟုတ် မသေချာဘူး။ ကျွန်တော်တို့သာ ဒီထက်အချိန်ယူပြီး ကုလသမဂ္ဂ ကတစ်ဆင့် တခြားတိုင်းပြည်တွေရဲ့ ထောက်ခံမှုကို ပိုရအောင်လုပ်နိုင်ရင် ပြဿနာအားလုံး ကျွန်တော်တို့ပခုံးပေါ်ကျရတဲ့အဖြစ်မျိုးနဲ့တိုးမှာမဟုတ်ဘူး။ တိုက်ဖို့က လွယ် တယ်ဗျ။ ထိန်းဖို့ကခက်တယ်။ ပြီးတော့ ကျွန်တော်တို့ ပေးရတဲ့အကျအဆုံး။

■ **ဒါဖြင့်ရင် အီရတ်က ဆုတ်ခွာသင့်တယ်လို့ ခင်ဗျားယူဆတယ် ပေါ့။**

● မဟုတ်ဘူးဗျ။ ဒီလိုလုပ်လို့ ဘယ်ရမှာလဲ။ ဝင်တုန်းမှာ မှားတယ် ပြောပြော၊

မှန်တယ်ပြောပြော၊ ခုချိန်မှတော့ ဆုတ်လို့မရတော့ဘူး။

■ **ဆဒမ်ကို ဖမ်းမိလိုက်တာကိုရော၊ ခင်ဗျားဘယ်လို သဘောထားလဲ။**

● ကောင်းပါတယ်။ ဘု(ရှ်)အတွက်တော့ စိတ်သက်သာစရာ ဖြစ်တာပေါ့။ ဒါပေမယ့် ဆဒမ်ကိုမိရုံနဲ့ လုံခြုံစိတ်ချရပြီလို့တော့ မဆိုနိုင်ပါဘူး။

■ **ဒီပွိုင့်မှာ ခင်ဗျားဆိုရင် ဘာလုပ်မလဲ။**

● ကျွန်တော်ဖြစ်စေချင်တာကတော့ အားလုံးကို ကုလသမဂ္ဂ ထိန်းချုပ်မှုအောက် ရောက်စေချင်တာဘဲ။ ရှေ့တန်းမှာ နေ့စဉ်လို အမေရိကန်စစ်သားတွေ အပစ်အခတ် ခံနေရတာမျိုး မဖြစ်စေချင်ဘူး။

■ **ခင်ဗျားဖြစ်စေချင်သလို ဖြစ်ဖို့ဆိုရင် အမေရိကန်ပြည်ထောင်စုအနေနဲ့ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေချတဲ့အခါမှာ တခြားတိုင်း ပြည်တွေကို ပါဝင်ခွင့်ပေးရမှာပေါ့။**

● ဒီကိစ္စ ဘာများပြဿနာရှိလို့လဲဗျာ။

■ **အီရတ်စစ်ပွဲကို လုံခြုံရေးကောင်စီက မထောက်ခံတာတောင် ခင်ဗျားက ကုလသမဂ္ဂကို အကောင်းမြင်နေတုန်းပဲလား။**

● ကုလသမဂ္ဂမှာ အများဆန္ဒကိုရအောင်မယူနိုင်ခဲ့တဲ့အတွက် စိတ်ပျက်တယ်။ ဒါပေမယ့် ကုလသမဂ္ဂနဲ့ ပတ်သက်ရင် မျှော်လင့်ချက်မစွန့်နိုင်သေးပါဘူး။ ကျွန်တော့်အနေနဲ့ ဒီအဖွဲ့ကြီးကို ဒီထက်ပို တာဝန်ယူစေချင်တယ်။ ကျွန်တော်တို့ဟာ ကမ္ဘာကြီးနဲ့ကင်းကွာနေလို့ မဖြစ်နိုင်ပါဘူး။ အမေရိကန် ဟာ ကုလသမဂ္ဂ အလံအောက်မှာပဲ ရှိနေသင့်ပါတယ်။

## အကြမ်းဖက်ဝါဒနဲ့ အယ်(လ)ကိုင်းဒါး

■ **ကောင်းပါပြီ။ အခု ကျွန်တော်တို့ အကြမ်းဖက်ဝါဒနဲ့ အယ်(လ)ကိုင်းဒါး အကြောင်း ဆက်ကြရအောင်။**

● ကောင်းပါတယ်။ ဒီကိစ္စက အီရတ်ထက်ပိုအရေးကြီးပါတယ်။

■ **အကြမ်းဖက်ဝါဒဆန့်ကျင်ရေးတိုက်ပွဲနဲ့ ပတ်သက်လို့ သမ္မတရဲ့ လုပ်ကိုင်ဆောင်ရွက်ပုံတွေကို ခင်ဗျား ဘယ်လိုသဘောရပါသလဲ။**

● အားရကျေနပ်စရာကောင်းပါတယ်။ သမ္မတဟာ ပိုင်းဖြတ်ချက်ရှိတဲ့

ခေါင်းဆောင်တစ်ယောက်ပါ။ ၂၀၀၁၊ စက်တင်ဘာ ၁၁–ရက် တိုက်ခိုက်မှုပြီးကာစဆိုရင် သမ္မတဘု(ရှ်)ကို ကျွန်တော်တို့ အများကြီးမျှော်လင့်ခဲ့တာပေါ့။ အင်း ခုတော့ ဒီလောက်မဟုတ်တော့ဘူးဗျ။ ဒါပေမယ့် ခုချိန်ထိဒီကိစ္စမှာ သူကောင်းကောင်း အလုပ်လုပ်နိုင်သေးတယ်လို့တော့ ထင်ပါတယ်။

■ **အာဖဂန်နစ္စတန်မှာ တာလီဘန်တွေကို တိုက်ခိုက်တဲ့ စစ်ပွဲကိုကောဗျာ။ ခင်ဗျားဘယ်လိုမြင်လဲ။**

● ဒီကိစ္စက လုံးဝရှင်းတယ်လေ။ ကျွန်တော်တို့ အတိုက်ခံရတယ်။ ဒါကြောင့် ကျွန်တော်တို့ အယ်(လ)ကိုင်းဒါးကို လိုက်တိုက်တယ်။ ဒါပဲပေါ့။ ပြီးတော့ အရေးကြီးဆုံးတစ်ချက်ရှိသေးတယ်။ ကျွန်တော်တို့မှာ ကုလသမဂ္ဂ အဖွဲ့ကြီး ရှိတယ်ဗျာ။ တခြားနိုင်ငံအများစုကြီးကလည်း ကျွန်တော်တို့ နောက်မှာ ရှိတယ်။

■ **ဒါဖြင့်ရင် ဒီတိုက်ပွဲက အောင်မြင်တယ်ပေါ့။**

● အောင်မြင်ပါတယ်။ ဒါပေမယ့် 'ဘင်လာဒင်'ကိုတော့ ခုထိဖမ်းမမိသေးဘူးဗျ။

■ **တစ်ခုလုံးခြုံကြည့်ရင်ကောဗျာ။ အစိုးရရဲ့ အကြမ်းဖက် ဆန့်ကျင်ရေး တိုက်ပွဲ ကြိုးပမ်းမှုတွေကြောင့် ခင်ဗျားအနေနဲ့ ပိုပြီးလုံခြုံစိတ်ချ လာတယ်လို့ ခံစားရပါသလား။**

● အဲသလောက်ထိတော့ မပြောနိုင်သေးဘူးဗျ။ နည်းနည်းတော့ စိတ် သက်သာရာရလာပါတယ်။

■ **စက်တင်ဘာ (၁၁) ပြီးကတည်းက အမေရိကမြေပေါ်မှာ ဘာတိုက်ခိုက်မှုမှ မဖြစ်သေးဘူးနော်။ ဒါကိုကြည့်ပြီး ဘု(ရှ်)အစိုးရရဲ့ ကြိုးပမ်းမှုတွေဟာ အလုပ်ဖြစ်တယ်လို့ ကောက်ချက်မချနိုင်ဘူးလား။**

● အင်း ပြောရခက်ပါတယ်။ အဲသလောက်တော့ မဟုတ်လှသေးဘူး။

■ **ဘာပဲဖြစ်ဖြစ် သမ္မတဘု(ရှ်)အနေနဲ့ လမ်းကြောင်းမှန် တည့်မိပြီလို့ကော မပြောနိုင်ပေဘူးလား။**

● ကျွန်တော့်အထင်ပြောရရင် သမ္မတအနေနဲ့ သံခင်းတမန်ခင်းကို ပိုအသုံးပြုဖို့ လိုလိမ့်မယ်ထင်တယ်။ ဒီပွဲက ကြမ်းတော့ကြမ်းတာပေါ့ဗျာ။ ကျွန်တော်တို့ အနေနဲ့ အကြမ်းဖက်သမားတွေကို လိုက်ရှာရမှာပဲ။ တွေ့ခဲ့ရင်လည်း ချေမှုန်း ရမှာပဲ။ တွေ့ရာသင်္ချိုင်းဓားမဆိုင်းပေါ့ဗျာ။ ဒါပေမယ့် အများ ထောက်ခံမှုရ

အောင် သိမ်သိမ်မွေ့မွေ့ လုပ်ဖို့လည်းလိုတာပဲ။ ကျွန်တော်တို့ သမ္မတဟာ ကိုယ့်ကိုယ်ကို ယုံကြည်မှုလွန်ကဲနေသလားလို့ အများနဲ့ ပူးပေါင်းဆောင်ရွက်ရေးမှာ အားနည်းတယ်ထင်တာပဲ။

■ **အစ္စလာမ်ကမ္ဘာက လူအများစုမှာ အယ်(လ)ကိုင်းဒါးရဲ့ အမေရိကန်ပြည်ထောင်စုနဲ့ ပတ်သက်တဲ့သဘောထား မျိုးရှိနိုင်ပါသလား။ ခင်ဗျားထင်မြင်ချက်ကို လုပ်စမ်းပါဦး။**

● ရှိနိုင်တယ်ဗျ။ အမေရိကန်ပြည်ထောင်စုနဲ့ပတ်သက်ရင် အစာမကြေတာတွေရှိနိုင်တယ်။ ဒီအချက်ကြောင့် အယ်(လ်)ကိုင်းဒါးမှာတပ်သားရေသောက်မြစ် ရနေတာဖြစ်နိုင်တယ်။ ဒါပေမယ့် မွတ်စလင်အများစုကတော့ အယ်(လ)ကိုင်းဒါးရဲ့ အကြမ်းဖက်နည်းတွေကို လက်ခံကြဟန်မတူပါဘူး။

■ **အရှေ့အလယ်ပိုင်းမှာ ဒီမိုကရေစီ တိုးတက်ထွန်းကားအောင် လုပ်ရမယ်ဆိုတဲ့ ဘု(ရှ်)ရဲ့ အယူအဆကိုကော ခင်ဗျားလက်ခံလား။**

● ဒီမိုကရေစီပျံ့နှံ့ရေးဆိုတာ ကိစ္စကောင်းပဲလေ။ ဒါပေမယ့် ဒီမိုကရေစီကို တင်ပို့လို့ ရ မရဆိုတာ စဉ်းစားစရာပဲ။ အရှေ့အလယ်ပိုင်းလို နေရာမျိုးမှာဆိုရင် အဲဒီက လူထုဟာ ကျွန်တော်တို့ အမေရိကန်ကို လွှမ်းမိုးတဲ့ အနေအထားမှာ သိပ်ရှိစေချင်ဟန် မတူဘူး။ ဒါကိုလည်း နားလည်ပေးဖို့ လိုလိမ့်မယ်ထင်တယ်။

■ **အရှေ့အလယ်ပိုင်းက အမေရိကန်တပ်ဖွဲ့တွေကို လျှော့ချသင့်တယ်လို့ ထင်ပါသလား။**

● လျှော့ချသင့်တယ်။ ခုဆိုရင် အီရတ်ဟာ ခြိမ်းခြောက်နိုင်တဲ့ အနေအထား မရှိတော့ဘူး။ ဒီတော့ ဆော်ဒီအာရေဗျက တပ်တွေကို ပြန်ရုပ်သိမ်းသင့်ပြီ။ အရှေ့အလယ်ပိုင်း တစ်ခုလုံးဆိုရင်တော့ နောက် ၅ နှစ်နဲ့ ၁၀ နှစ် အတွင်းမှာ သိသိသာသာ လျှော့ချသင့်မယ် ထင်ပါတယ်။

■ **ဒီတပ်ဖွဲ့တွေဟာ အကြမ်းဖက်ဆန့်ကျင်ရေးတိုက်ပွဲအတွက် အရေးမကြီးဘူးလားဗျာ။**

● လက်တွေ့ကျကျ ပြောရရင်တော့ ဒီတပ်ဖွဲ့တွေဟာ အကြမ်းဖက် တိုက်ခိုက်မှုတွေကို မီးထိုးပေးသလိုများ ဖြစ်နေမလားလို့။

## လုံခြုံရေးနဲ့ လွတ်လပ်ခွင့်

■ **အကြမ်းဖက်ဆန့်ကျင်ရေးတိုက်ပွဲရဲ့ ပြည်တွင်းမျက်နှာစာ အကြောင်း ပြောကြဦးစို့ဗျာ။ 'အမိနိုင်ငံ လုံခြုံရေးဌာန' (Department of Homeland Security) ဖွဲ့စည်းလိုက်တာနဲ့ ပတ်သက်လို့ ခင်ဗျားဘယ်လို သဘောရသလဲ။**

● လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စပါ။ တစ်ခုတော့ စဉ်းစားဖို့လိုမယ်ဗျ။ ဒီလောက် ကျယ်ပြန့်တဲ့ လုပ်ငန်းစဉ်ကြီးတစ်ခုလုံးကို အေဂျင်စီတစ်ခုရဲ့ လုပ်ပိုင်ခွင့် အောက်မှာ ထားလိုက်တာ ဖြစ်သင့်ဖြစ်ထိုက်ရဲ့လားလို့ ဗျူရိုကရေစီ ကြီးထွားဖို့ အကြောင်းရင်းတစ်ခု ဖြစ်လာမှာစိုးရိမ်ရတယ်။

■ **စက်တင်ဘာ ၁၁ တိုက်ခိုက်မှုဖြစ်ပြီး မကြာခင်မှာပဲ ကွန်ဂရက်မှ ဥပဒေ တစ်ခု ပြဌာန်းခဲ့တယ်မို့လား။ 'အမေရိကန်ပြည်ထောင်စု မျိုးချစ်ဥပဒေ' (U.S.A Patriot Act) ဆိုတာလေ။ ဒီဥပဒေအရ လူပုဂ္ဂိုလ်တစ်ဦးချင်းကို စောင့်ကြည့်တာတို့၊ အကျယ်ချုပ်ထားတာတို့အပေါ်ထားတဲ့ ကန့်သတ် ချက်တွေကို ဖယ်ရှားပစ်လိုက်တယ်မို့လား။ ခင်ဗျားအနေနဲ့ ဒီဥပဒေကို ဘယ်လို သဘောရပါသလဲ။**

● ဥပဒေအကြောင်း ကျွန်တော် သိပ်မနားလည်ဘူး။

■ **ခင်ဗျား နားလည်တာကိုအခြေခံပြီး ပြောပေါ့ဗျာ။ ဒီ မျိုးချစ်ဥပဒေဟာ ကောင်းလား၊ ဆိုးလားပေါ့။**

● အခြေခံအရ ကောင်းတယ်၊ လိုအပ်တယ်လို့ ပြောနိုင်ပါလိမ့်မယ်။

■ **ဒါဖြင့်ရင် အမေရိကန်လူမျိုးတွေ အနေနဲ့ အကြမ်းဖက်ဝါဒကို ထိထိ ရောက်ရောက် တိုက်ခိုက်နိုင်ဖို့ ကိုယ့်ရဲ့နိုင်ငံသား အခွင့်အရေးတချို့ကို စွန့်လွှတ်ရမယ်ဆိုတဲ့ သဘောပေါ့။**

● ဟုတ်တယ်။ စက်တင်ဘာ(၁၁) အရေးအခင်းပြီးခါစကတော့ ဒီသဘောကို ကျွန်တော်ကိုယ်တိုင်လက်ခံပါတယ်။ အခုတော့ သိပ်သဘောမတွေ့လှတော့ ဘူး။ အခြေအနေအရ အကြမ်းဖက်ဝါဒအကြောင်း ပြောနေရပေမယ့် ကျွန်တော်တို့အတွက် နိုင်ငံသားအခွင့်အရေးက အရေးကြီးတယ်ဗျ။

■ **ဘု(ရှ်)အစိုးရအနေနဲ့ နိုင်ငံသားအခွင့်အရေးတွေကို ကန့်သတ်တာမျိုး**

**လုပ်လာနိုင်ပါသလား။**

● မထင်ပါဘူး၊ ဒါပေမယ့် စိုးရိမ်တယ်။

■ **အမေရိကန်နိုင်ငံသားတစ်ယောက်ကို အကြမ်းဖက်အုပ်စု တစ်ခုခု နဲ့ ပတ်သက်တယ်လို့သံသယရှိရင် အဲဒီလူကို အကျယ်ချုပ်ထားသင့်ပါသလား။**

● ဟုတ်ကဲ့၊ လိုအပ်ရင် လုပ်သင့်ပါတယ်။

■ **အဲသလိုမျိုးဖြစ်လာရင် စွပ်စွဲခံရသူမှာ ဥပဒေအကြောင်းအရ ခုခံခွင့်ရှိပါသလား။**

● အတိအကျကို ရှိရပါလိမ့်မယ်။

■ **ဒါဖြင့်ရင် အကြမ်းဖက်အုပ်စုနဲ့ ပတ်သက်သူတွေ (ထားပါတော့ဗျာ) အကြမ်းဖက်သမားတွေမှာကော ဥပဒေအရ ခုခံလျှောက်လဲခွင့်ရှိသင့်တယ်ပေါ့။**

● ဟုတ်တယ်၊ ရှိရမယ်။ 'ဘာလဲ၊ ခင်ဗျားက မရှိသင့်ဘူးထင်လို့လား'။

## မြောက်ကိုရီးယား နျူကလီယာပြဿနာ

■ **မြောက်ကိုရီးယားရဲ့ နျူကလီယာအစီအစဉ်နဲ့ ပတ်သက်လို့ကော ခင်ဗျား မစိုးရိမ်ဘူးလား။**

● စိုးရိမ်တာပေါ့။ ခုချိန်မှာ ကျွန်တော်တို့အတွက် အကြီးဆုံး ခြိမ်းခြောက်မှုဟာ မြောက်ကိုရီးယားဖြစ်မယ် ထင်တယ်။ ဒီကိစ္စ သိပ်အရေးကြီးပါတယ်။

■ **ဆဒမ်ဟူစိန်ကို ဖြုတ်ချနိုင်လိုက်တာဟာမြောက်ကိုရီးယားရဲ့ ခြေလှမ်းတွေကို တန့်သွားစေနိုင်မယ်လို့ ထင်ပါသလား။**

● မထင်ဘူး။ ဒီကိစ္စကြောင့် သူတို့ရဲ့ နျူကလီယာ တည်ဆောက်ရေးကို အားသွန် လုပ်လာနိုင်စရာတောင်ရှိတယ်။ ဒီလူတွေဟာ ခပ်ညံ့ညံ့တွေမဟုတ်ဘူးဗျ။ အမေရိကန်ပြည်ထောင်စုဟာ နျူကလီယာလက်နက်ရှိတဲ့ နိုင်ငံတစ်ခုကို ဘယ်တော့မှ မတိုက်ဘူးဆိုတာ သူတို့ ကောင်းကောင်းသိတယ်။

■ **ဒီကိစ္စမှာ စစ်အင်အားကို အကန့်အသတ်နဲ့သုံးရင်ကော ဘယ်လို ဖြစ်မလဲ။ ဥပမာ – သူတို့ရဲ့ နျူကလီယာ အထောက်အကူပစ္စည်းတွေကို ဗုံးကြဲတာ**

**မျိုးပေါ့။**

- ● ဟန်မကျလောက်ပါဘူးဗျာ။ ပြီးတော့ ကျွန်တော်တို့မှာ ခင်ဗျားပြောသလို လုပ်ဖို့ အခွင့်အာဏာရောရှိရဲ့လား။ ဒီကိစ္စ ကျွန်တော် သံသယ ရှိတယ်။
- ■ **မြောက်ကိုရီးယားအစိုးရကို ဖြုတ်ချဖို့ ဆိုရင်ကော။**
- ● အတိအကျကို ပြောနိုင်ပါတယ်။ မလုပ်သင့်ဘူး။
- ■ **ဒါဖြင့်ရင် မြောက်ကိုရီးယားပြဿနာကို ဘယ်လို ချဉ်းကပ်ဖြေရှင်းမလဲ။**
- ● သံတမန်လမ်းကြောင်းကို ပိုအားပြုရမှာပဲ။ စစ်ရေးခြိမ်းခြောက်မှုထက် ဒစ်ပလို မေစီ က ပိုခရီးရောက်နိုင်တယ်ဗျ။
- ■ **ခင်ဗျားပြောချင်တာက ဘု(ရှ်)အစိုးရဟာ သံတမန်နည်းအရ ဖြေရှင်းမှုကို မလုပ်ဘူးလို့ ဆိုလိုတာလား။**
- ● ဒီထက်ပိုလုပ်စေချင်တဲ့သဘောပါ။
- ■ **တချို့ကတော့ ပြောကြတယ်ဗျ။ ဆွေးနွေးပွဲတွေ လုပ်နေတာဟာ မအောင်မြင်ခဲ့တဲ့ ၁၉၉၄ သဘောတူညီမှုကို ပြန်အသက်သွင်းတာပဲ တဲ့။ တကယ်လို့ အမေရိကန်ပြည်ထောင်စုကသာ စီးပွားရေး အကူ အညီပေးရင် မြောက်ကိုရီးယားဘက်က သူ့ရဲ့ နျူကလီယာလက်နက် စီမံကိန်းကို ရပ်ပစ်နိုင်သလား။ လက်နက်စစ်ဆေးရေးမှုးတွေကို လက်ခံ နိုင်မလား။**
- ● (ပခုံးတွန့်ပြီး) ကျွန်တော့်အမြင်ပြောရရင် (၁၉၉၄) သဘောတူညီချက်ကို ပြန်အသက်သွင်းနိုင်ဖို့ ကြိုးစားရမယ်ဗျ။ ကျွန်တော်တို့အနေနဲ့ နောက်ထပ် စစ်ပွဲတစ်ပွဲတိုက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။
- ■ **ဒါပေမယ့် ဒီသဘောတူညီချက်ကို ချိုးဖောက်ပြီး နျူကလီယာ လက်နက် စီမံကိန်းကိုပြန်စခဲ့တာ မြောက်ကိုရီးယားလေဗျာ။ ဒီလို အခြေအနေမျိုးမှာ မြောက်ကိုရီးယားနဲ့ ဆွေးနွေးညှိနှိုင်းနေတာ ပြန်ပေးသမားကို အလျှော် ပေး အညံ့ခံသလို မဖြစ်နိုင်ပေဘူးလား။**
- ● ဘာမှမဆိုင်ဘူး။ ကျွန်တော်တို့အတွက် 'ဒစ်ပလိုမေစီ'သာ အကောင်းဆုံး မျှော်လင့်ချက်ပဲ။
- ■ **ခင်ဗျား ဒစ်ပလိုမေစီက အလုပ်မဖြစ်ရင်ကောဗျာ။**
- ● အဲသလို ဖြစ်လာရင်တော့ စစ်ရေးလှုပ်ရှားကို ဦးတည်မယ့် ခြေလှမ်းမျိုးတွေ

တစ်ဆင့်ပြီးတစ်ဆင့်လာနိုင်တာပါ။ နောက်တစ်ခု အရေးကြီးတာက မြောက်ကိုရီးယားနဲ့ စစ်ဖြစ်ရမယ့်ကိစ္စကို တောင်ကိုရီးယားကိုယ်တိုင်က မလိုလားဘူးဗျ။ ဒီတော့ ကျွန်တော်တို့က နွားရှေ့ထွန်ကျူးလို့ မတော်ဘူးလေဗျာ။ တကယ်လို့စစ်ဖြစ်လာရင် အရင်ဆုံးဒုက္ခရောက်မှာက တောင်ကိုရီးယားလေ။

■ **ကိုင်းဗျာ၊ အမေရိကန်ပြည်ထောင်စုက မြောက်ကိုရီးယားကို အခြေအနေအရ တိုက်ရပြီဆိုပါတော့။ ဒီစစ်ပွဲကို ခင်ဗျား မထောက်ခံဘူးလား။**

● စစ်ဖြစ်လာပြီဆိုရင်တော့ ကိုယ့်စိတ်နဲ့တွေ့သည်ဖြစ်စေ၊ မတွေ့သည် ဖြစ်စေ၊ စစ်သေနာပတိရဲ့ အမိန့်ကိုနာခံရတာပေါ့ဗျာ။ ကုလသမဂ္ဂ အလံအောက်မှာ တိုက်တာမျိုးဆိုရင်တော့ အပြည့်အဝထောက်ခံပါတယ်။

■ **မြောက်ကိုရီးယားနဲ့ သံတမန်ဆက်ဆံရေး ထူထောင်ဖို့ကော ခင်ဗျား ထောက်ခံလား။**

● ထောက်ခံတာပေါ့။ ကျွန်တော်တို့ ဒီအတွက် ကြိုးပမ်းခဲ့တာပဲလေ။

■ **တကယ်လို့ မြောက်ကိုရီးယားကသာ သူ့ရဲ့ ချူကလီယာလက်နက် အစီအစဉ်ကို စွန့်လွှတ်မယ်ဆိုရင် အမေရိကန်ပြည်ထောင်စု အနေနဲ့ ဒီတိုင်းပြည်ကို ဝင်မတိုက်ပါဘူးလို့၊ တရားဝင်ကြေညာမယ် ဆိုရင်ကော ဗျာ။ ဒီလိုအပေးအယူမျိုးကို ခင်ဗျားထောက်ခံပါသလား။**

● သေချာပေါက် ထောက်ခံတာပေါ့။ ဘာ မထောက်ခံနိုင်စရာရှိလို့လဲ။

■ **ဒီလို အပေးအယူမျိုးနဲ့ မြောက်ကိုရီးယားကို ထိန်းနိုင်မယ်လို့ ခင်ဗျား ယုံကြည်တယ်ပေါ့။**

● မသေချာပေမယ့် ကျွန်တော်တို့ ကြိုးစားကြည့်သင့်တယ်။

■ **သူတို့ကို ဖိအားပေးတဲ့အနေနဲ့ ရိက္ခာအကူအညီကို ရပ်ပစ်လိုက်မယ် ဆိုရင်ကော။**

● မကြိုက်ဘူးဗျာ။ မြောက်ကိုရီးယားမှာ ဒုဗ္ဘိက္ခန္တရကပ် ဖြစ်လာရင် ကျွန်တော်တို့ အနေနဲ့ ရိက္ခာကို နိုင်ငံရေးလက်နက်လို အသုံးပြုနိုင်လိမ့်မယ်ဆိုတဲ့ လောဂျစ်ကို ကျွန်တော်ဘဝင်မကျပါဘူး။ သူတို့အစိုးရနဲ့ဖြစ်တဲ့ ပြဿနာအတွက် သူတို့လူထုကို ဒုက္ခမပေးသင့်ပါဘူး။

■ **ချူကလီယာလက်နက် အစီအစဉ်နဲ့ နိုင်ငံတကာ အကူအညီကို အပေးအယူ လုပ်မယ်ဆိုရင်ကော။**

- ကြိုက်တယ်။ ဒါဆိုရင် ထောက်ခံမယ်။ တကယ်တော့ မြောက်ကိုရီးယား အနေနဲ့ နျူကလီယာကိစ္စကို ကိုင်ထားတာရဲ့ တကယ့်အကြောင်းရင်းဟာ နိုင်ငံတကာ အကူအညီအတွက် ဖြစ်နိုင်တယ်။
- **ဒါဖြင့်ရင် နိုင်ငံတကာ အကူအညီတွေသာပေးလိုက် နျူကလီယာ လက်နက် အစီအစဉ်ရပ်သွားလိမ့်မယ်လို့ ယူဆတယ်ပေါ့။**
- သေချာပေါက်တော့ ဘယ်ပြောနိုင်မလဲ။
- **ခင်ဗျားပြောသလို အကူအညီတွေ ပေးပါပြီတဲ့ဗျာ။ ဒါတွေဟာ အမှန်တကယ်လိုအပ်တဲ့ လူထုလက်ထဲရော ရောက်ပါ့မလား။**
- ဒါလည်း ဘယ်သေချာပေါက်ပြောနိုင်မှာလဲ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ အကူအညီပေးသင့်တယ်လို့တော့ ယူဆတယ်ဗျာ။

## မိတ်ဆွေ/မဟာမိတ်

- **ဘယ်တိုင်းပြည်ဟာ အမေရိကန်ပြည်ထောင်စုအတွက် အကောင်းဆုံး မိတ်ဆွေလို့ ထင်ပါသလဲ။**
- အင်္ဂလိပ်စကားပြော တိုင်းပြည်တွေဖြစ်လိမ့်မယ်။ ဗြိတိန်တို့၊ ကနေဒါတို့၊ ဩစတြေလျတို့ပေါ့။ ပြီးရင် ဂျပန်ရှိမယ်။ ဥရောပနိုင်ငံတချို့ ရှိနိုင်တယ်။
- **ပြင်သစ်နဲ့ ဂျာမနီကော။ အီရတ်စစ်ပွဲမှာ သူတို့က အဓိက ဆန့်ကျင်သူတွေမို့လား။**
- ဒါတွေအားလုံး လွန်ခဲ့ပါပြီဗျာ။ အဲ ပြင်သစ်နဲ့ကတော့ တစ်မျိုးဖြစ် ကောင်းဖြစ်လိမ့်မယ်။
- **ရုရှားနဲ့ ဆက်ဆံရေးကော။**
- ကောင်းပါတယ်။ ရင်းရင်းနှီးနှီးပါပဲ။ ဒါပေမယ့် မဟာမိတ်တော့ မဟုတ်ဘူးဗျ။ ကျွန်တော်တို့ရဲ့ အကြမ်းဖက်ဆန့်ကျင်ရေးတိုက်ပွဲကို ရုရှားက ဝတ်ကျေတမ်းကျေလောက်ပဲ ထောက်ခံတယ်လို့ ထင်တယ်။
- **တရုတ်ပြည်နဲ့ ပတ်သက်လို့ကော။**
- ထိန်းထိန်းသိမ်းသိမ်းလုပ်မှ ဖြစ်မယ်ထင်တယ်။ နှစ်နိုင်ငံ ဆက်ဆံရေးကတော့ ရင်းရင်းနှီးနှီးပါပဲ။ ဒါပေမယ့် တရုတ်ပြည်ဟာ ကျွန်တော်တို့ နိုင်ငံထဲက

'လုပ်ငန်း'တွေကို လုယူသွားလေမလား စိုးရိမ်မိတယ်။

- ■ **ဆော်ဒီအာရေဗျကိုကော ခင်ဗျား ဘယ်လိုမြင်လဲ။**
- ● ကျွန်တော် သူတို့ကိုမယုံဘူး။ ဆော်ဒီဟာ ကျွန်တော်တို့အတွက် အမြဲထက် ပြဿနာပိုရှိမယ် ထင်တာပဲ။
- ■ **ဒါဖြင့် ဆော်ဒီဟာ အမေရိကန်ရဲ့ ရန်သူလား။**
- ● မဟုတ်ဘူး။ ဒါပေမယ့် မဟာမိတ်လည်း မဟုတ်ဘူး။ မိတ်ဆွေလို့ ပြောဖို့ တောင်ခက်မလားပဲ။

## ဂလိုဘယ်လိုက်ဇေးရှင်း

- ■ **ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ ပတ်သက်လို့ ခင်ဗျားအမြင်။**
- ● အခြေခံအရ ထောက်ခံတယ်။ လွတ်လပ်တဲ့ ကုန်သွယ်ရေး အိုင်ဒီယာကို မူအရ ထောက်ခံပါတယ်။ ဒါပေမယ့် အမေရိကန်အစိုးရအနေနဲ့ ကုန်သွယ်ရေးကြောင့် ဖြစ်လာတဲ့အလုပ်အကိုင် ဆုံးရှုံးမှုတွေကိုတော့ လုံလောက်အောင် ဖြေရှင်းမပေးနိုင်ဘူးလို့ ထင်တယ်ဗျာ။ ပြီးတော့ နိုင်ငံခြား 'ချွေးစက်ရုံ' (sweat shop)တွေက ထုတ်လုပ်တဲ့ ပစ္စည်းတွေကို ဝယ်နေတာကိုလည်း ဘဝင်မကျလှဘူး။ ဒီလိုပစ္စည်းတွေကို ဝယ်ယူအားပေးတာဟာ အဲဒီနိုင်ငံတွေက အလုပ်သမားတွေကို မစာနာရာရောက်မယ်ထင်တယ်။ ပြီးတော့ ကျွန်တော်တို့ ပြည်တွင်းဈေးကွက်မှာ ဈေးပြိုင်လျှော့ရောင်း လာကြတော့ အမေရိကန်အလုပ်သမားတွေအတွက်လည်း ထိခိုက်တာပေါ့။ နောက်တစ်ခုက ကျွန်တော်တို့ရဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေတွေကိုရှောင်ဖို့ အမေရိကန်ကုမ္ပဏီတွေ နိုင်ငံခြားရွှေ့ကုန်တာကိုလည်း စိုးရိမ်မကင်း ဖြစ်မိတယ်။ ဒီလိုကိစ္စမျိုးတွေ အလွန်အကျွံမဖြစ်ရအောင် ထိန်းသိမ်းသင့်တယ်လို့ ထင်တာပဲ။
- ■ **ဘောဂဗေဒပညာရှင်တွေကတော့ ခင်ဗျားအမြင်ကို လက်ခံမယ် မထင်ဘူး။ ခင်ဗျားပြောသလို အစိုးရက ဝင်ထိန်းလိုက်ရင် ကုန်သွယ်ရေး တိုးတက်မှုကို နှေးကွေးစေလိမ့်မယ်ဆိုပြီး ကန့်ကွက်ကြမှာပဲ။**
- ● အထိုက်အသင့်တော့ နှေးသွားမှာပေါ့ဗျာ။ သိပ်ဆိုးဆိုးဝါးဝါးကြီးတော့ ဖြစ်မယ်

မထင်ပါဘူး။ ဘာ၀မှာကုန်သွယ်ရေးလိုပဲအရေးကြီးတဲ့ (ပြောရရင်) ကုန်သွယ်ရေးထက်တောင်ပိုအရေးကြီးတဲ့တခြားကိစ္စတွေလည်းရှိသေးသဗျ။

■ **ဒါဖြင့်ရင် ခင်ဗျားက ဘယ်လိုမျိုးဖြစ်စေချင်တာလဲ။**

● အရေးအကြီးဆုံးကတော့ အမေရိကန်အလုပ်သမားတွေကို အကူအညီ ပေးဖို့ပဲ။ ဒီကိစ္စမှာ ဟုတ်ဟုတ်ညားညားလုပ်ပေးနိုင်တာ ဘာမှမရှိသေးဘူး။ အခုနောက်ပိုင်းမှာဆိုရင် အခြေအနေက ပိုဆိုးလာသလားပဲ။ မကြာသေးခင်နှစ်တွေကဆိုရင် ကာလတစ်ခုကြာလာတာနဲ့အမျှ အလုပ်သမားတွေလည်း ပြန်အဆင်ပြေလာလိမ့်မယ်လို့ မျှော်လင့်ခဲ့ပါသေးတယ်။ အခုတော့ သံသယဖြစ်လာပြီ။ ကုန်သွယ်ရေး အတားအဆီးတွေ ရှိသင့်တယ်ဆိုတဲ့ အိုင်ဒီယာမျိုးကိုတောင် ကြိုက်တဲ့သူက ကြိုက်နေကြပြီလေ။ ဒါကလည်း အကောင်းဆုံးချဉ်းကပ်နည်းတော့ မဟုတ်ပါဘူး။

■ **အမေရိကန်ပြည်ထောင်စုရဲ့ ကုန်သွယ်ရေး သဘောတူညီချက်သစ် ညှိနှိုင်းဆွေးနွေးပွဲတွေကိုရော ဘယ်လိုသဘောရလဲ။**

● တခြားနိုင်ငံတွေနဲ့ ကုန်သွယ်ရေးသဘောတူညီချက်တွေ ရပြီဆိုရင် ကျွန်တော်တို့ ကုန်သွယ်ဘက်တွေအနေနဲ့ သူတို့နိုင်ငံက အလုပ်သမားတွေနဲ့ သဘာ၀ပတ်ဝန်းကျင်ကိုတော့ မထိခိုက်စေသင့်ဘူးဗျ။ ဒီကိစ္စကို ကုန်သွယ်ရေးညှိနှိုင်းဆွေးနွေးပွဲတွေမှာ ခေါင်းစဉ်တစ်ခုအနေနဲ့ကို ထည့်သင့်တယ်။ ဒီအတွက်ကျွန်တော်တို့ကိုမလိုအပ်ဘဲ ဆူညံဆူညံလုပ်တယ်လို့ ပြောချင်လည်း ပြောကြမှာပေါ့ဗျာ။ ဒါပေမယ့် အရာအားလုံးဟာ အပြန်အလှန် ဆက်စပ်နေတော့ ဒီပြဿနာမျိုးတွေကို လျစ်လျူရှုလို့မဖြစ်ဘူး။

■ **သမ္မတရဲ့ သံမဏိအခွန်အကောက်ကိုကော ဘယ်လိုမြင်လဲ။**

● ထောက်ခံတယ်။ နောက်ပိုင်း WTO က တိုက်တွန်းလို့ ပြန်လျှော့ချလိုက်တာကိုလည်း လက်ခံပါတယ်။

■ **ဖွံ့ဖြိုးဆဲ နိုင်ငံတွေဘက်က ပြောကြဆိုကြတာတွေလည်း ရှိတယ်ဗျ။ အမေရိကန်ပြည်ထောင်စုရဲ့ လယ်ယာထွက်ကုန်ကို အမတော်ကြေးနဲ့ ကျားကန်တဲ့ပေါ်လစီဟာ ဆင်းရဲတဲ့တိုင်းပြည်က လယ်သမားတွေကို ထိခိုက်စေတယ်တဲ့။ ခင်ဗျားအနေနဲ့ကော အမတော်ကြေးတွေ ဖယ်ရှားပစ်စေချင်လား။**

- Yes ရော No ရော နှစ်မျိုးဖြေရလိမ့်မယ်ထင်တယ်။ အမေရိကန်ပြည်ထောင်စုက လယ်သမားတွေဘက်ကပြောရရင် အမတော်ကြီးကတကယ်လိုအပ်နေတယ်။ နှစ်တိုင်းမဟုတ်တောင် အဆင်မပြေတဲ့ နှစ်တွေဆိုရင် သူတို့ခမျာ သိပ်ဒုက္ခရောက်တာကလား။ ဆင်းရဲနိုင်ငံက လယ်သမားတွေဘက်က ကြည့်ရင်လည်း ထိခိုက်နစ်နာ စေတာအမှန်ပဲ။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ဗျာ။ လယ်ယာစီးပွားရေးမှာ တစ်နှစ်ထက်တစ်နှစ် အမတော်ကြေးတွေ များများလာတာ မဖြစ်သင့်တာတော့ အမှန်ပဲ။

## ဘုရှ်အတွက် ရီပို့ကပ်

- **အားလုံးခြုံငုံပြီး ပြောကြစို့ဗျာ။ နိုင်ငံခြားရေးပေါ်လစီနဲ့ ပတ်သက်ရင် သမ္မတဘုရှ်ကို ခင်ဗျားအဆင့် ဘယ်လောက်ပေးမလဲ။**
- စီအပေါင်း (C⁺) ပေါ့ဗျာ။ စက်တင်ဘာ (၁၁) ကိစ္စပြီး ကာစကတော့ ဘီ (B) အထိပေးမလားလို့။ ခုတော့ စီ အပေါင်းပဲ။
- **အကြမ်းဖက်ဝါဒီ တိုက်ဖျက်ရေးမှာကော။**
- ဒီအတွက်တော့ အမှတ်ပိုပေးနိုင်ပါတယ်။ 'ဘီအပေါင်း' (B⁺) ပေါ့။ ဘယ်နှယ့်လဲ။
- **အီရတ်စစ်ပွဲမှာကောဗျာ။**
- စစ်ပွဲကာလတုန်းကတော့ အပေါင်းလက္ခဏာထည့်မလို့ပါ။ ခုတော့ 'စီ' (C) သက်သက်ပဲ။ အပေါင်းလက္ခဏာ ပြုတ်သွားပြီ။
- **နိုင်ငံတကာ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်တဲ့အခါမှာ သမ္မတဟာ အမြော်အမြင်ရှိတယ်လို့ ယူဆပါသလား။**
- ယေဘုယျတော့ ယူဆပါတယ်။ ဒါပေမယ့် တဖြည်းဖြည်း သိပ်မယုံချင်တော့ဘူး။ နိုင်ငံခြားရေးပေါ်လစီနဲ့ပတ်သက်ရင် ကျွန်တော်က ရီဘတ်ပလီကင်တွေကို နည်းနည်းပို သဘောကျချင်တယ်။ (ဒါလည်း ယေဘုယျသဘောပြောတာနော်) အကြမ်းဖက်ဝါဒဆန့်ကျင်ရေးကိစ္စမှာဆို ဂျွန်ကယ်ရီထက် ဘုရှ်ကို ပိုကြိုက်တယ်၊ ဒါပေမဲ့ ပြည်တွင်းကိစ္စတွေမှာတော့ ကယ်ရီကို ပိုမျှော်လင့်တယ်ဗျ။

■ **သမ္မတဘု(ရှ်)ကို ရှုံးသွားတဲ့သူလို့ကော သတ်မှတ်လား။**

● အစက သူ့ကိုလူရိုးလို့ယုံထားခဲ့တာပါ။ ခုတော့ သိပ်မသေချာတော့ဘူး။ တစ်ခါတလေဆို၊ သူပြောတာတွေကို ကျွန်တော် သံသယရှိတယ်ဗျ။ ဥပမာ – အီရတ်အခြေ အနေတို့၊ WMD ကိစ္စတို့ပေါ့ဗျာ။

■ **သမ္မတဘု(ရှ်)နဲ့ ပတ်သက်လို့ ခင်ဗျားရဲ့ နိဂုံးချုပ်ကောက်ချက်။**

● ရောထွေးနေတယ်ဗျ။ ခိုင်မာတဲ့ ခေါင်းဆောင်တစ်ယောက်အနေနဲ့ ကြိုက်တယ်။ ပုရွက်ဆိတ်ခေါင်းကြီး လုပ်ချင်တာမျိုးတော့ မကြိုက်ဘူး။ အထူးသဖြင့် အများနဲ့ပူးပေါင်းဆောင်ရွက်ရေးမှာဆိုရင် ကျေနပ်လောက်စရာ မရှိဘူး။

■ **လာမယ့်စက်တင်ဘာမှာ ခင်ဗျား ဘယ်လိုဆုံးဖြတ်မလဲ။**

● ကျွန်တော် အများကြီးမျှော်လင့်ထားပါတယ်။ ဒါပေမယ့် အခုထိ ဘယ်သူ့ကိုမှ မရွေးရသေးပါဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ရှာဖွေနေတာကို ကျွန်တော် ကောင်းကောင်းသိပါတယ်။

**စာညွှန်း –**

Voice of A Superpower

(By Steven Kull)

# ကိုဖီအာနန်နှင့် အင်တာဗျူး

*ယခုစာစုမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အထွေထွေအတွင်းရေးမှူးချုပ် 'ကိုဖီအာနန်' သို့ တိုင်း(မ)မဂ္ဂဇင်းကြီး၏ တွေ့ဆုံမေးမြန်းချက်များနှင့် သူ၏ ပြန်လည်ဖြေကြားချက်များ ဖြစ်ပါသည်။*

ပန်းသက်တံစာပေ

## ကမ္ဘာ့ကုလသမဂ္ဂသည်သာလျှင် အဘယ့်ကြောင့်

- **အမေရိကန်ပြည်ထောင်စုဟာ ကုလသမဂ္ဂသဘော တူညီချက် မပါဘဲ အီရတ်စစ်ပွဲကို တိုက်ခဲ့တယ်နော်။ အခုတော့လည်း အီရတ် နိုင်ငံပြန်လည်ထူထောင်ရေးမှာ ကုလသမဂ္ဂ ပါဝင်ဆောင်ရွက်ပေးဖို့ အဆိုပြုနေပြန်ပြီ။ အဲဒါ ဘယ်လိုဖြစ်တာလဲ။**

- သူတို့ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုဟာ သူတို့ကြိုတင်မှန်းဆထားတာထက် အများကြီးကွာနေလို့ ဖြစ်မယ်ထင်ပါတယ်။ တကယ်တော့ ပြဿနာက နိုင်ငံတစ်ခုတည်း သဘောဆန္ဒနဲ့ ကိုင်တွယ်ဖြေရှင်းလို့ ရနိုင်တာမျိုးမှ မဟုတ်တာကလား။ ကမ္ဘာ့နိုင်ငံတွေ၊ ပိုပါဝင်ဆောင်ရွက်နိုင်လေ ပိုအဆင်ပြေပြေ စီမံခန့်ခွဲနိုင်လေ ဖြစ်ပါလိမ့်မယ်။

အခုဆိုရင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအားလုံးက အီရတ်နိုင်ငံ တည်ငြိမ်ရေးအတွက် ရတက်မအေးဖြစ်နေကြရတာပါ။ ဒီနိုင်ငံကို ကသောင်းကင်းအခြေအနေဆိုးကြီးထဲက ဝိုင်းဆွဲတင်နိုင်ဖို့ နိုင်ငံအားလုံးက စိတ်အားထက်

သန်နေကြပါတယ်။ ဒီတော့ စစ်ပွဲမတိုင်မီက သဘောထား ကွဲလွဲမှုတွေ ဘယ်လိုပဲရှိခဲ့ရှိခဲ့ ခုချိန်မှာ ဘုံသဘောတူညီချက်တစ်ခုချနိုင်ဖို့ ကြိုးစားကြရမှာပဲလေ။

■ **ကုလသမဂ္ဂအခွင့်အာဏာမပါဘဲ စစ်ပွဲတစ်ပွဲတိုက်ခဲ့ တာဟာ အမေရိကန်ရဲ့ အမှားလို့ အတွင်းရေးမှူးချုပ် ယူဆပါသလား။**

● ဒီကိစ္စ ရှင်းသွားပါပြီဗျာ။ အမေရိကန်ပြည်ထောင်စုအနေနဲ့ ဒီထက်ပို စိတ်ရှည်နိုင်ခဲ့ရင် တခြားနိုင်ငံတွေနဲ့အတူ လက်တွဲအလုပ်လုပ်နိုင်ခဲ့မှာပါ။ ဒီလိုဖြစ်ခဲ့ရင် ပိုကောင်းတာပေါ့။

■ **လုံခြုံရေးကောင်စီနဲ့ တခြားနိုင်ငံတွေရဲ့ ထောက်ခံမှုရဖို့ အမေရိကန်အနေနဲ့ ဘာတွေလုပ်ဖို့လိုမလဲ။**

● အပြုသဘောဆောင်တဲ့ နိုင်ငံတကာ လက်တွဲကြိုးပမ်းမှု တစ်ရပ်ဟာ အမှန်တကယ်ကို ဖြစ်သင့်ဖြစ်ထိုက်တဲ့ ကိစ္စပါ။ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတိုင်းက ဒီလိုပဲယုံကြည်ထားကြပါတယ်။ ဒီနေရာမှာ ကျွန်တော်ဆိုလိုတာက အရပ်ဘက်ရော စစ်ဘက်ရော နှစ်ခုလုံးကိုပြောချင်တာပါ။ ဝန်ထုပ်ဝန်ပိုးကို မျှထမ်းပေးတဲ့ သဘောသာမကဘူး၊ တာဝန် ယူမှုအပိုင်းရော လုပ်ကိုင်ခွင့် အခွင့်အာဏာပါ မျှဝေပေးဖို့ လိုပါတယ်။ ဒီတော့ အမေရိကန် ပြည်ထောင်စုအနေနဲ့ သူ့ရဲ့ကိုယ်ပိုင်ချဉ်းကပ်မှုကို ပြန်ဆန်းစစ်ဖို့ လိုတာ ပေါ့ဗျာ။ တခြားနိုင်ငံတွေ လက်တွဲပါဝင်လာနိုင်အောင် သူ့မူလအတိုင်းကို ဘယ်လိုချိန်ညှိသွားမလဲဆိုတာ ဆုံးဖြတ်ရမှာပေါ့။

■ **စစ်ရေးကိစ္စတွေမှာ သူတို့ကို အဆုံးစွန်လုပ်ပိုင်ခွင့် အာဏာပေးဖို့ လိုအပ်ပါသလား။**

● မလိုအပ်ပါဘူး။ ကျွန်တော်တို့မှာ နိုင်ငံစုံတပ်ဖွဲ့တွေ ရှိတာပဲ။

■ **အီရတ်မှာအရပ်ဘက်အုပ်ချုပ်ရေး လွှဲပြောင်းပေးနိုင်ဖို့ ကုလသမဂ္ဂက တာဝန်ယူသင့်ပါသလား။**

● ဒါ ကုလသမဂ္ဂရဲ့ အလုပ်ပဲလေ။ အာဖဂန်နစ္စတန်ကို ကြည့်မလား၊ ကိုဆိုဗိုကို ကြည့်မလား၊ အရှေ့တီမောကို ကြည့်မလား။ ကျွန်တော်တို့ ဒီအတိုင်း လုပ်ခဲ့ကြတာပဲ။

■ **အီရတ်မှာအစုလိုက်အပြုံလိုက်သေစေနိုင်တဲ့လက်နက် (W.M.D) တွေ**

**မတွေ့တော့ စစ်ပွဲအတွက် အကြောင်းပြချက်ဟာ မခိုင်လုံသလို ဖြစ်မနေဘူးလား။ ဒီကိစ္စကို လုံခြုံရေးကောင်စီက ဘယ်လိုသဘောထားမလဲ။ အတွင်းရေးမှူးချုပ်အနေနဲ့ရော ဘယ်လိုယူဆပါသလဲ။**

- အဖွဲ့ဝင်အများစုရဲ့ အမြင်အရပြောရရင် စစ်ပွဲရဲ့အကြောင်းပြချက်တွေက အားနည်းလှပါတယ်။ W.M.D တွေကို ရှာမတွေ့တော့ ပိုပြီးအားနည်းသွားတာပေါ့။ ကျွန်တော် ဒီလိုပဲ စဉ်းစားမိပါတယ်။

■ **W.M.D တွေနဲ့ပတ်သက်လို့ လက်နက်စစ်ဆေးရေးအဖွဲ့ရဲ့ ကြိုးပမ်းမှုတွေကို 'ဘုရ်ှ'အစိုးရအဖွဲ့က ဖွတ်ရုပ်သိမ်းခိုင်းတော့ အတွင်းရေးမှူးချုပ် ဘယ်လိုခံစားရပါသလဲ။**

- ကျွန်တော်တို့ရဲ့ လက်နက်စစ်ဆေးရေးအဖွဲ့ဝင်တွေဟာ သုံးနှစ်လုံးလုံး စနစ်တကျ ပြင်ဆင်ခဲ့တာပါ။ ဒါပေမယ့် သုံးလခွဲလောက်နဲ့ ရပ်ခဲ့ရတယ်။ ဒီလိုကိစ္စမျိုးမှာ အချိန်ပိုပေးဖို့လိုမယ်လို့ ကုလသမဂ္ဂလက်နက်စစ်ဆေးရေး တာဝန်ခံ 'ဟန်းဗလစ်' ကတောင် ပြောခဲ့ပါရောလား။ ကုလသမဂ္ဂရဲ့ အတွေ့အကြုံအရပြောရရင် လက်နက်ဖျက်သိမ်းရေးဆိုတာ အချိန်လိုတယ်၊ စိတ်ရှည်သည်းခံဖို့လိုတယ်၊ ဒါပေမယ့် ကျွန်တော်တို့ ဒီနှစ်ခုလုံး မရခဲ့ပါဘူး။ အီရတ်မှာကြုံခဲ့ရတဲ့ အတွေ့အကြုံအရပြောရရင် ကျွန်တော်တို့ ဆုံးဖြတ်ချက် မမှားဘူးလို့ ထင်တာပဲ။

■ **သမ္မတဘုရ်ှဟာ ကုလသမဂ္ဂအဖွဲ့ကြီးကို အလေးမထားဘူးလို့ အတွင်းရေးမှူးချုပ် ယူဆပါသလား။**

- စစ်ပွဲမတိုင်ခင် ဆွေးနွေးငြင်းခုံကြတုန်းက 'ကုလသမဂ္ဂ အဖွဲ့ကြီးဟာ ခေတ်နဲ့ မဆီလျော်တော့ဘူး' ဆိုတဲ့ ကြေညာချက်မျိုးတောင် ထွက်ဖူးပါတယ်။ ဒါတွေဟာ သွေးပူတုန်းနှုတ်လွန်အာလွန်ဖြစ်တာလို့ပဲ ကျွန်တော်ယူဆချင်ပါတယ်၊ ခုလို သွေးအေးသွားပြီဆိုတော့ ဒီအဖွဲ့ကြီးရဲ့ အခန်းကဏ္ဍကို တန်ဘိုးထားရကောင်းမှန်း သိလာကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်ရဲ့ ကုလသမဂ္ဂအဖွဲ့ကြီးဟာ အကြီးအငယ်မရွေး နိုင်ငံအားလုံးရဲ့ အကျိုးစီးပွားကို ကိုယ်စားပြုနေတာပါ။ ဒီကနေ့ ကျွန်တော်တို့ ကြုံတွေ့နေရတဲ့ ပြဿနာတွေဆိုတာကလည်း ဘယ်လောက်ပဲအင်အား ကြီးကြီး တစ်ကိုယ်တော်ကျိတ်လို့ ရနိုင်တာမျိုးမှ မဟုတ်တာကလား။ ဒီတော့ နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှုကို

ကိုယ်စားပြုတဲ့ ကုလသမဂ္ဂ အဖွဲ့ကြီးဟာ အရေးပါမြဲ ပါနေပါလိမ့်ဦးမယ်။

■ **အထွေထွေ အတွင်းရေးမှူးချုပ် တာဝန်ကို ဘယ်လောက် ကြာကြာထိ ယူသွားမယ် စိတ်ကူးထားပါသလဲ။**

● သုံးနှစ်လောက်တော့ လိုပါသေးတယ်။ ဒါပါပဲ။

■ **အဲဒီနောက်တော့ကော။**

● ခုထိတော့ ဘာမှ မယ်မယ်ရရ မဆုံးဖြတ်ရသေးပါဘူး။ မိတ်ဆွေတွေကိုတော့ ပြောဖူးတာရှိတယ်။ ခြံလုပ်မယ်လို့။ ကျွန်တော်က သဘာဝဆီ ပြန်သွားချင်တာလေ။ ကျွန်တော့် ဇနီးကတော့ ရယ်တယ်ဗျ။

ကျွန်တော့်စိတ်ထဲရှိတဲ့အတိုင်း ပြောရရင် အာဖရိကကိုပြန်ချင်တယ်။ ကျွန်တော်တို့ရဲ့ အာဖရိကတိုက်ကြီး၊ ကိုယ်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ဖို့ ကိုယ့်ဝမ်းစာဖူလုံဖို့ ကျွန်တော်ဘာကူညီနိုင်မလဲ . . ။ ကျွန်တော် တစ်ခုခုလုပ်ပေးချင်တယ်။ ဒီအတွေးနဲ့ကို ကျွန်တော်ဖြင့် ပျော်လှပါပြီ။

**စာညွှန်း**

Questions for Kofi Amman

# ဆယ်မျူရယ်(လ)ဟန်တင်ဟန်နှင့် အင်တာဗျူး

*ဟားဗတ်တက္ကသိုလ်၊ နိုင်ငံရေးသိပ္ပံပါမောက္ခ 'ဆယ်မျူရယ်(လ) ဟန်တင်တန်' (Samuel Hunting-tion) မှာ၊ ထင်ရှားသော ခေတ်ပြိုင်ပညာရှင်တစ်ဦး ဖြစ်ပါသည်။ အထူးသဖြင့် သူ၏ 'တတိယလှိုင်း' (The Third Wave) နှင့် 'ယဉ်ကျေးမှုများတိုးတိုက်မိခြင်း' (The Clash of Civiliztons) တို့မှာ ယခုထက်တိုင်၊ ပညာရှင်စားပွဲဝိုင်းများတွင် အတောမသတ် ငြင်းခုံနေရဆဲ ဖြစ်သည်။ ယခုစာစုမှာ New Perspectives Quarterly (N.P.Q) မဂ္ဂဇင်းအယ်ဒီတာ 'နာသန်ဂါဒယ်(လ)' (Nathan Gardels) ၏ ပါမောက္ခဟန်တင်တန်နှင့် တွေ့ဆုံမေးမြန်းချက်များမှ ကောက်နုတ်ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။*

ပန်းသက်တံစာပေ

## ပထဝီနိုင်ငံရေးအဆုံး ယဉ်ကျေးမှုနိုင်ငံရေးအစ

■ နှစ်ဆယ်ရာစုကုန်ကာနီးမှာ 'နိဂုံး' တွေ အတော်ခေတ်စားလာတယ်နော်။ ပထမဆုံး 'ဖရန့်ဆစ်ဖူကူယားမား' က သမိုင်းနိဂုံးလို့ ဆိုလိုက်တယ်။ အခုတစ်ခါ 'ခေတ်သစ်ပထဝီနိုင်ငံရေး ပဋိပက္ခ တွေရဲ့နိဂုံး' ဆိုတဲ့အသံကို ကြားနေရပြန်ပြီ။

နိုင်ငံခြားရေးဝန်ကြီးဟောင်း 'ဘရက်ဇင်စကီး' က နိုင်ငံတကာ ပြဿနာတွေဟာ အခြေခံအရ ဒဿနနဲ့ ယဉ်ကျေးမှုနယ်ပယ်ထဲမှာ ရှိတယ်လို့ ပြောတယ်။ ခင်ဗျား ရဲ့ 'ယဉ်ကျေးမှုများ တိုးတိုက်မိခြင်း' အယူအဆအရဆိုရင်တော့ အစဉ်အလာပထဝီနိုင်ငံရေး ပြဿနာတွေ နေရာမှာ ပထဝီယဉ်ကျေးမှု ထိပ်တိုက်တိုးမိတာတွေက နေရာယူလာလိမ့် မယ်လို့ နားလည်ရတယ်။ ဟုတ်ပါသလား။

● ဒီနေရာမှာ ပထမဆုံး ကြိုတင်နားလည်ထားဖို့ လိုတာတစ်ခုရှိပါတယ်။ ကျွန်တော့်အမြင်ဆိုတာ ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ 'မုချ' နိမိတ်ဖတ်ချက်

မဟုတ်ဘူးဆိုတာကိုပါ။ ဖြစ်နိုင်ခြေတစ်ခုကို မှန်းဆကြည့်တဲ့ အနုမာန တစ်ခုလို့ ယူဆစေချင်ပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ ဒီအလားအလာကို ဦးတည်နေတဲ့ ဖော်ပြချက်တွေ၊ မနည်းမနောမြင်နေရတာအမှန်ပဲ။ ကျွန်တော်တို့မှာ အနောက်တိုင်းယဉ်ကျေးမှု ရှိတယ်ဗျာ၊ အရှေ့အာရှမှာတော့ ကွန်ဖျူးရှပ်ယဉ်ကျေးမှု ထွန်းကားတဲ့ လူ့အဖွဲ့အစည်းတွေ ရှိနေတယ်။ ကျန်ကမ္ဘာ့ နေရာတွေကို ကြည့်လိုက်ဦး။ မွတ်စလင်ယဉ်ကျေးမှု အားကောင်းတဲ့ နေရာတွေ ရှိနေပြန်တယ်။ ခုလို ထွေပြားတဲ့ယဉ်ကျေးမှုမျိုးစုံကြားက အန္တရာယ်လမ်းကြောင်းတွေဟာ တစ်ချိန်မှာ ပြဿနာလမ်းကြောင်းတွ ဖြစ်မလာနိုင်ဘူးလား။ ကျွန်တော်တော့ ဒီမေးခွန်းကို မစဉ်းစားဘဲ မနေနိုင်ဘူး။

ကိုင်းဗျာ၊ ကျွန်တော်တို့ ဖြတ်သန်းနေတဲ့သမိုင်းကို ၁၆၄၈ ဝက်စဖေးနီးယားစာချုပ်လောက်ကပဲ ဖြတ်ကြည့်ကြရအောင်။ ပထမဆုံး ပြဿနာက ဥရောပ မင်းညီမင်းသားတွေကြားမှာ ရှိတယ်။ နောက်တော့ အမျိုးသား နိုင်ငံတွေကြားက ပြဿနာဖြစ်လာတယ်။ နှစ်ဆယ်ရာစု ရောက်တော့ အိုင်ဒီအိုလိုဂျီ ပြဿနာဖြစ်လာတယ်၊ ဒီ အထိ ပဋိပက္ခတွေဟာ အနောက်တိုင်းလူ့အဖွဲ့အစည်းတွေမှာသာ ဗဟိုပြုဖြစ်ခဲ့တာမို့လား။ 'အနောက်တိုင်းရဲ့ ပြည်တွင်းစစ်တွေ'လို့တောင် ခေါ်နိုင်လောက်ပါတယ်။ အခု စစ်အေးလွန်ခေတ်ရောက်တော့ ပြဿနာဟာ အနောက်တိုင်းမှာတင် ကန့်ထားလို့ရမယ် မဟုတ်တော့ဘူး။ အနောက်တိုင်း ယဉ်ကျေးမှုနဲ့ အနောက်မဟုတ်တဲ့ ယဉ်ကျေးမှုတွေကြားက ပြဿနာဟာ ရှေ့တန်းရောက်လာတာကိုး။ စင်ကာပူက 'ကီရှိုးမာဘာနီ'ရဲ့ စကားနဲ့ပြောရရင် အနောက်နဲ့ အနောက်မဟုတ်တဲ့ နိုင်ငံတွေရဲ့ ပဋိပက္ခမျိုးထိ ဖြစ်လာနိုင်စရာ ရှိနေပြီ။

'ယူရိုအာရှ' ဆိုတဲ့ အကြီးဆုံး၊ အကျယ်ဆုံးကုန်းမြေကြီးကိုပဲ ကြည့်ကြရအောင်ဗျာ။ အရှေ့အုပ်စု၊ အနောက်အုပ်စုဆိုတဲ့ အိုင်ဒီအိုလိုဂျီ အကွဲ မရှိတော့ဘူး။ ဒါအမှန်ပဲ။ ဒါပေမယ့် ဒီနေရာမှာ ယဉ်ကျေးမှုအုပ်စုကြီးတွေ အပြိုင်အရိုင်း ရှိနေတယ်။ (၁၅၀၀) ပြည့်နှစ်က ဗြိတိသျှပညာရှင် 'ဝီလီယံဝေါလေ့(စ)' စိတ်ကူးနဲ့ဆွဲခဲ့တဲ့ လမ်းကြောင်းကို ပြန်ကြည့်လေ။ ဒီလမ်းကြောင်းရဲ့ အနောက်ဘက်နဲ့ မြောက်ဘက်မှာ ပရိုတက်စတင့်နဲ့ ကက်သလစ်

ယဉ်ကျေးမှုတွေ ရှိတယ်။ ပဒေသရာဇ်စနစ်ကနေ ပြန်ဆည် ဆန်းသစ်ရေးခေတ်၊ ဉာဏ်အလင်းခေတ် ပြင်သစ်တော်လှန်ရေး စက်မှုတော်လှန်ရေးဆိုတဲ့ ဖြတ်သန်းမှုတွေကိုကျော်ပြီး ခေတ်သစ်ထဲကို ရောက်လာကြတယ်။ လမ်းကြောင်းရဲ့ အရှေ့ဘက်နဲ့ တောင်ဘက်မှာတော့ အောသိုဒေါ့(ခ) ယဉ်ကျေးမှုရှိတယ်။ မွတ်စလင်ယဉ်ကျေးမှု ရှိတယ်။ ကွန်ဖျူးရှပ် ယဉ်ကျေးမှုရှိတယ်။ အော်တိုမင် အင်ပါယာ၊ ရုရှားအင်ပါယာ စတဲ့ အင်ပါယာခေတ်တွေကို ဖြတ်ပြီးမှ ခေတ်သစ်ထဲကို ရောက်လာတယ်။ အနောက်ရဲ့ သမိုင်းဖြတ်သန်းမှုမျိုး သူတို့မှာမရှိဘူး။ ဒီတော့ အနောက် ယဉ်ကျေးမှုရဲ့ အကောက်အယူတွေဖြစ်တဲ့ တစ်ဦးချင်းဝါဒတို့၊ လစ်ဘရယ်ဝါဒတို့၊ တစ်ဦးချင်းပိုင်ခွင့်တို့၊ ဘာသာရေးနဲ့ နိုင်ငံရေး ခွဲခြားကျင့်သုံးမှုတို့၊ ဈေးကွက်တို့၊ ဒီမိုကရေစီတို့ဆိုတာ ကျန်တဲ့ယဉ်ကျေးမှုတွေအတွက် အညွတ်အနူးလက်ခံနိုင်ဖို့ အသင့်ရှိချင်မှ ရှိမယ်။ ဒါကို သဘောမပေါက်ဘဲ အနောက်ရဲ့ နှုန်းစံတန်ဖိုးတွေကို 'လောကလုံးဆိုင်ရာ' (Universal) ဖွတ်လုပ်ရင် တစ်ဖက်ကလည်း 'အခြေခံဝါဒ' (Fundamentalism) ပုံသဏ္ဍာန်မျိုးစုံနဲ့ တုန့်ပြန်လာနိုင်တယ်။ ကျွန်တော့်မှန်းဆချက်ကို ပြောရရင် ဒီလိုယဉ်ကျေးမှုချင်း ထိပ်တိုက် တိုးမိတာတွေဟာ လာမယ့်နိုင်ငံတကာဆက်ဆံရေးရဲ့ အဓိကအခြင်းအရာ ဖြစ်လာနိုင်တယ်လို့ ထင်ပါတယ်။

■ ဂျပန်စီမံခန့်ခွဲမှု ပညာရှင် 'ကင်နစ်ချီအိုမေ့(စ)'ရဲ့ အမြင်ကတော့ ခင်ဗျားနဲ့ ဆန့်ကျင်ဘက်ဖြစ်လိမ့်မယ်ထင်တယ်။ သူ့အလိုအရ ကမ္ဘာကြီးဟာ ပြိုကွဲလာတာမဟုတ်ဘူး။ ပေါင်းစည်းလာတာတဲ့။ 'ဂလိုဘယ် စားသုံးသူဈေးကွက်ကြီး' အနေနဲ့ စုစည်းလာတာတဲ့။ ဒါကို အနှစ်ချုပ်ပြီး သူက ခုလိုပြောတယ်လေ။ 'လူတွေဟာ မြေကိုလိုချင်တာ မဟုတ်ဘူး၊ ဆိုနီကိုသာလိုချင်တာ' တဲ့။ ဒေသခံယဉ်ကျေးမှု ဆိုတာထက် ဂလိုဘယ် သဘောဆောင်တဲ့ စားသုံးကုန်ပစ္စည်းတွေကို ပိုမက်တယ်လို့ ပြောချင်တာ ထင်ပါရဲ့။

ဒီတော့ တူရှုချက်ဟာ ဘာဖြစ်မလဲ။ သူပြောတဲ့ တသားတည်းကျမယ့် စားသုံးသူဝါဒလား၊ ဒါမှမဟုတ် ခင်ဗျားမှန်းဆတဲ့ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲမယ့် ယဉ်ကျေးမှုပဋိပက္ခဖြစ်မလား။

● ပြောကြစတမ်းဆိုရင် လူတွေဟာ ဆိုနီကို လိုချင်သလို မြေကိုလည်း အလိုရှိဆဲပဲဗျ။ ခေတ်မီဖွံ့ဖြိုးမှုရဲ့ အကျိုးကျေးဇူးတွေကို သူတို့ ခံစားချင်တယ်။ တစ်ပြိုင်နက်တည်းမှာပဲ သူတို့ကိုယ်ပိုင်ယဉ်ကျေးမှု နှုန်းစံ တန်ဘိုးတွေက လာတဲ့ အမှတ်အသားသရုပ်ကိုလည်း ဆက်ထိန်းချင်ကြတယ်။

ယဉ်ကျေးမှုချင်း တိုးမိတိုက်မိနိုင်စရာရှိတဲ့ အန္တရာယ်တွေကတော့ ကျွန်တော့်အမြင်မှာ အများကြီးပဲ။ ဂေါ်(ဒ)နဲ့လူသား တစ်ဦးချင်းနဲ့ အစုအဝေး၊ နိုင်ငံသားနဲ့နိုင်ငံတော်၊ မိဘနဲ့သားသမီး၊ လင်နဲ့မယား၊ လွတ်လပ်မှုနဲ့ အာဏာပိုင်မှု၊ အခွင့်အရေးနဲ့တာဝန်ယူမှု၊ ညီမျှမှုနဲ့ကွာဟမှု ပြောရရင် လူ့အခြေခံဆက်ဆံရေးအားလုံးမှာ ယဉ်ကျေးမှုအလိုက်မတူတဲ့ အကောက်အယူတွေ ရှိနေကြသမို့လား။ ခေတ်သစ်ဆက်သွယ်ရေးနည်းပညာတွေရဲ့ ကျေးဇူးကြောင့် ကမ္ဘာကြီးဟာ ပိုကျဉ်းလာတာလည်း အမှန်ပဲ။ ဒီလိုကျဉ်းလာတာနဲ့အမျှ ယဉ်ကျေးမှုချင်း အဆက်အစပ်တွေ ရှောင်မရဖြစ်လာတာလည်း အမှန်ပဲ။ ဒီအခြေအနေအောက်မှာ ဂလိုဘယ်ယဉ်ကျေးမှုနဲ့ ဒေသယဉ်ကျေးမှုကြားမှာ ဝိရောဓိတွေ ရှိလာမှာလည်း သေချာတယ်။ ဒီနေရာမှာ အရေးကြီးတဲ့ အချက်က အစဉ်အလာ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေးအတွက် အဓိက တာဝန်ကိုယူထားတဲ့ နိုင်ငံတော်ရဲ့အခန်း အားနည်းလာတာ ဖြစ်နိုင်တယ်။ ဒီကွက်လပ်နေရာမှာ ဘာသာရေးက အစားဝင်လာတာမျိုး မဖြစ်နိုင်ပေဘူးလား။ အခုပဲ ဂျပန်မှာဆိုရင် 'အာရှဆန်ရေး' ဆိုတာကို ပြန်ကြားနေရပြီ။ အိန္ဒိယမှာလည်း 'ဟိန္ဒူ ဇာတ်သွင်းရေး' ဆိုတဲ့ အသံကို ကြားရစပြုနေပြီ။ အာရပ်အမျိုးသားရေးဝါဒနဲ့ ဆိုရှယ်လစ်ဝါဒ မအောင်မြင်တဲ့ အရှေ့အလယ်ပိုင်းမှာကော အစ္စလမ်ပြန်သွားရေးဆိုတဲ့အသံကို ကျယ်ကျယ်လောင်လောင် ကြားနေရပြီမို့လား။

နောက်တစ်ခု အလေးထားစဉ်းစားဖို့ကောင်းတာက ဖွံ့ဖြိုးဆဲနိုင်ငံအတော်များများရဲ့ ထူးခြားတဲ့အပြောင်းအလဲတစ်ခုဖြစ်မယ်ထင်တယ်။ စစ်ပြီးကာစ ကိုလိုနီဘဝက လွတ်လပ်ခါစကဆိုရင် လူထုကြားမှာ အမျိုးသားရေးအခံက အတော်အားကောင်းခဲ့ဖူးတယ်။ အီလစ်တွေက အနောက်ကို မျှော်ပေမယ့် လူထုက အနောက်ကိုမယုံဘူး။ ခု ဒီတိမ်းညွှတ်မှုက ပြောင်းပြန်ဖြစ်သွားပြီလို့ ပြောရလိမ့်မယ်ထင်တယ်။ လူထုက ဂလိုဘယ်စားသုံးသူ

ယဉ်ကျေးမှုဘက် အာရုံညွတ်လာချိန်မှာ အီလစ်တွေက ဒေသဝါဒကို ခံတွင်းတွေ့လာကြသလိုပဲ။ ဒီနေ့ ရှေ့ရောက်လာတဲ့ စီးပွားရေးဒေသဝါဒရဲ့ နောက်ကွယ်မှာ ဒီထူးခြားချက် ရှိနေတာကို သတိပြုဖို့ လိုမယ်ထင်တယ်။ ဒါဟာ ယဉ်ကျေးမှုစီးပွားရေးဖြစ်သလို ယဉ်ကျေးမှုနိုင်ငံရေးလည်း ဖြစ်နိုင်တယ်။ အစဉ်အလာ ပထဝီနိုင်ငံရေးနဲ့ ချဉ်းကပ်လို့ ရနိုင်စရာမရှိဘူး။

■ **ဘာသာရေး အခြေခံဝါဒရယ်၊ ကွန်ဖြူးရှပ် အာဏာပိုင်ဝါဒရယ်၊ လူမျိုးစု အခြေခံဝါဒရယ် ဒီသုံးခုဟာ အနောက်တိုင်း လစ်ဘရယ်ဝါဒ အတွက် အဓိက စိန်ခေါ်သူတွေ ဖြစ်လာနိုင်သလား။**

● ဒီသုံးခုအပြင် စတုတ္ထစိန်ခေါ်သူကိုပါ ထည့်လိုက်ချင် သေးတယ်။ အဲဒါကတော့ အနောက်တိုင်း လစ်ဘရယ်ဝါဒကိုယ်တိုင်ရဲ့ ယိုယွင်းလာနိုင်မှုပါ။ ဒါဟာ မာက္ခ်လီနင်ဝါဒလို ပြိုင်ဘက်အိုင်ဒီအိုလိုဂျီကြောင့် ဖြစ်လာတာမျိုး မဟုတ်ဘူး။ ယဉ်ကျေးမှုပေါင်းစုံ အနေအထားအောက်မှာ ဖြစ်တန်ရာ ရှိနိုင်တဲ့ ယိုယွင်းမှုပါ။ အရင်ကတော့ လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ ဒီမိုကရေစီ၊ ပုဂ္ဂလိကဝါဒဆိုတဲ့ နိုင်ငံရေးအခြေခံမှုတွေနဲ့ ထိန်းလို့ရခဲ့ပါတယ်။ အခု လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုမျိုးစုံ၊ အသွင်ကွဲအဆင်ကွဲတွေရဲ့အောက်မှာ ဆက်ထိန်းနိုင်ပါ့မလား စဉ်းစားစရာ ရှိပါတယ်။

■ **ဒီအထဲက အန္တရာယ်အကြီးဆုံး စိန်ခေါ်သူဟာ ဘာဖြစ်နိုင်မလဲ။ တော်တော်များများကတော့ စစ်သွေးကြွလက္ခဏာပိုရှိတဲ့ ဘာသာရေး အစွန်းရောက်ဝါဒကို ရှေ့တင်ပြောကြမယ်ထင်တယ်။ ဖရန်ဆစ်ဖူကူယားမား ကတော့ ကွန်ဖြူးရှပ်ဝါဒကလာတဲ့ အပျော့စားအာဏာပိုင် ဝါဒဟာလည်း သမိုင်းနိဂုံးရဲ့ အော်(လ)တာနေးတစ်တစ်ခု ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ ပြောဖူးတယ်။ သူ့စကားအတိုင်း ပြောရရင် 'ဖရက်ဒရစ်ဟီးဂဲ(လ)' အတွက် အဖြေဟာ 'လီကွမ်ယူး' များ ဖြစ် မလားပေါ့။**

● သိပ်မကြာခင်ကပဲ ကျွန်တော် ကွန်ဖရင့်နှစ်ခုတက်ခဲ့ဖူးတယ်ဗျ။ အာရှနဲ့ အမေရိကန်ကြား လူ့တန်ဖိုးတွေနဲ့ ပတ်သက်လို့ ဆွေးနွေးကြတာပါ။ ဒီမှာ သဘောထားတင်းမာတဲ့ အာရှသားတချို့က အမေရိကန်ကို 'လူ့ပိုင်ခွင့် နယ်ချဲ့ဝါဒ'လို့ ဝေဖန်ကြတာရှိတယ်။ ဒါတင်မကဘူး သဘောထား ပျော့ပျောင်းတဲ့ အာရှသားတွေကိုယ်တိုင်မှာလည်း ကျွန်တော်တို့နဲ့ အမြင်မတူ

တာတွေ ရှိနေတယ်ဗျ။ ဒီနေရာမှာ စင်ကာပူကထင်ရှားတဲ့ ပညာရှင် တစ်ယောက်ရဲ့အမြင်ကို ပြန်ပြောချင်ပါတယ်။ သူက ဒီလိုပြောတယ်။ 'စင်ကာပူမှာဆိုရင် မူးယစ်ဆေးဝါးသုံးတယ်လို့ မသင်္ကာတဲ့ လူတစ်ယောက်ကို ချက်ချင်းဆွဲပြီး ဆီးစစ်လို့ရတယ်။ ဒါမျိုး အမေရိကန်မှာ ဘယ်လုပ်လို့ရမှာလဲ။ ဒါပေမယ့် စင်ကာပူမှာတော့ ဒီကိစ္စမှာ လုပ်သင့်လုပ်ထိုက်တဲ့ အပြုအမူလို့ အားလုံးက လက်ခံကြတယ်။ ဒါရဲ့ အကျိုးဆက် ကိုလည်းကြည့်ဦး။ ခင်ဗျား စင်ကာပူမှာ လမ်းကြိုလမ်းကြားမကျန် သွားချင်ရာသွား။ ဘာအန္တရာယ်မှ မရှိဘူး။ အမေရိကန်မှာဆိုရင် ဘယ်ဒီလိုလုံခြုံစိတ်ချရမှာလဲ' တဲ့။ ကျွန်တော် ပြောချင်တာက 'အော်(လ)တာနေးတစ်' တွေ တစ်ခုမကရှိနိုင်တယ် ဆိုတာ ကိုပါ။ ဒီလိုပါပဲ။ လောကီလောကုတ္တရာ ခွဲခြားကျင့်သုံးတဲ့ အလေ့အထမျိုး မရှိရင် 'သီယိုကရေစီ' ဟာ ပုံစံမျိုးစုံနဲ့ ပေါ်ထွက်လာနိုင်စရာ ရှိနေပါတယ်။ ကျွန်တော့်အထင် ဒီအလားအလာက ပိုအန္တရာယ်ကြီးမလားလို့။

■ **ကွန်ဖျူးရှပ် အစွလမ် အဆက်အစပ်လို့လည်း ခင်ဗျားပြောတယ်နော်။ ဒီအဆက်အစပ်ဟာ စစ်ရေးသဘောဆောင်သလား။ ယဉ်ကျေးမှုကိစ္စသက်သက်ပဲလား။ ရှင်းပါဦး။**

● ဟုတ်ကဲ့ ကျွန်တော်ပြောခဲ့ပါတယ်။ ဒီနေရာမှာ အဆက်အစပ် (Connection) ဆိုတဲ့ စကားကိုတော့ သတိပြုစေချင်တယ်။ မဟာမိတ် (Alliance) ဆိုတဲ့ စကားလုံးကို ကျွန်တော် တမင်မသုံးတာပါ။ အနာဂတ်မှာ ဘာဖြစ်မယ်ဆိုတာ ကျွန်တော် အတိအကျ မပြောနိုင်ပါဘူး။ ဒါကြောင့်လည်း တစ်ချိန်မှာ မဟာမိတ်အဆင့်ရောက်နိုင် မရောက်နိုင် ကျွန်တော်မခန့်မှန်းပါဘူး။ လောလောဆယ်မှာတော့ အဆက်အစပ်ရှိလာ နိုင်တဲ့ အလားအလာတွေ၊ ကျွန်တော် မြင်နေရတယ်။ အထူးသဖြင့် တရုတ်၊ မြောက်ကိုရီးယားနဲ့ အရှေ့အလယ်ပိုင်းမှာပေါ့။

ခင်ဗျားသိတဲ့အတိုင်းပဲ။ စစ်အေးလွန်ခေတ်မှာ ရုရှားနဲ့ အနောက်နိုင်ငံတွေက စစ်ရေးအသုံးစရိတ်တွေ သိသိသာသာ ဖြတ်တောက်လျှော့ချနေကြတယ်။ ဒီအချိန်မှာ အာရှနဲ့ အရှေ့အလယ်ပိုင်းနိုင်ငံ အချို့မှာတော့ စစ်အင်အားကို အကြီးအကျယ်ဖြည့်နေကြလေရဲ့။ အနောက်က နျူကလီယာလက်နက် မပြန့်ပွားရေးကို ဆော်ဩနေချိန်မှာ အဲဒီနိုင်ငံတွေက

'လုံခြုံရေးအရ လုပ်ပိုင်ခွင့်' ဆိုတာကို ရှေ့တန်းတင်နေကြတယ်။ အခုဆိုရင် တရုတ်နဲ့ ပါကစ္စတန်မှာ နယူကလီယာလက်နက်တွေရှိနေပြီ။ မြောက်ကိုရီးယား၊ အီရန်၊ အီရတ်၊ လစ်ဗျားနဲ့ အယ်လဂျီးယား မှာဆိုရင်လည်း ဒီလက်နက်မျိုး ပိုင်ဆိုင်နိုင်ဖို့ ပြောင်ပြောင်တင်းတင်း ကြိုးစားနေကြတယ်။ ပြီးတော့ ဒီနိုင်ငံတွေကြားမှာရှိနေတဲ့ လက်နက်ကုန်သွယ်ရေးကိုလည်း အလေးမထားလို့မဖြစ်ဘူး။ ခုလောလောဆယ်မှာတော့ စစ်ရေးနဲ့ ပတ်သက်တဲ့ ကုန်သွယ်ရေးနယ်ပယ်မှာပဲ ဆက်စပ်သေးတာပေါ့လေ။ ဒါပေမယ့် အနောက်ယဉ်ကျေးမှုနဲ့မတူတဲ့ ယဉ်ကျေးမှုအခံကလည်း ရှိနေလေတော့ တစ်ချိန်မှာ ဘယ်လောက်ထိ အပြန့်ကျယ်သွားမလဲ၊ ဘယ်သူမှပြောနိုင်မှာ မဟုတ်ဘူး။

■ **လောကလုံးဆိုင်ရာတန်ဘိုးလို့ ယူဆထားတဲ့ အနောက်တိုင်း လစ်ဘရယ်ဝါဒအနေနဲ့ အခုလို ယဉ်ကျေးမှုအပြိုင် အနေအထားကို ရင်ဆိုင်နိုင်ဖို့ ဘာတွေလုပ်သင့်လဲ။ ဒီအတွက် မဟာဗျူဟာ တစ်ခု ရှိနိုင်ပါသလား။**

● ပထမဆုံးသတိပြုဖို့လိုတာက အနောက်ရဲ့ နှုန်းစံတန်ဘိုးတွေနဲ့ ယဉ်ကျေးမှုကို ဒုက္ခပေးနိုင်တဲ့ အန္တရာယ်ဟာ အောင်မြင်တဲ့နိုင်ငံတွေထက် မအောင်မြင်တဲ့ နိုင်ငံတွေက ပိုလာနိုင်တယ်ဆိုတဲ့ အချက်ဖြစ်လိမ့်မယ်။ ဒီအချိန်မှာ အနောက်အတွက် အလုပ်သင့်အလုပ်ထိုက်ဆုံးက ကိုယ့်တန် ဘိုးကို မညစ်နွမ်းစေဖို့၊ ကိုယ့်အနေအထားကို ထိန်းသိမ်းဖို့ပဲ။ မအောင်မြင်တဲ့နိုင်ငံတွေရဲ့ စီးပွားရေးနဲ့လုံခြုံရေးကို တတ်စွမ်းသမျှကူညီသင့်တယ်။ ဒီနိုင်ငံတွေရဲ့ ဒီမိုကရေစီ တည်ဆောက်ရေးဖြစ်စဉ်ကို အပြုသဘောနဲ့ ချဉ်းကပ်အားပေးသင့်တယ်။ မတူတဲ့ယဉ်ကျေးမှုတွေကြားမှာ အပြန်အလှန် နားလည်မှုရှိအောင် ကြိုးပမ်းသင့်တယ်။

ဒီအတွက် လက်ရှိစစ်ရေးအားသာမှုကို တစ်ဖက်သတ် အားကိုး မယ်ဆိုရင်တော့ ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုတွေ ဖြစ်မှာပဲ။ လောလောဆယ်မှာ ကံအားလျော်စွာ ခေါင်းဆောင်မှုနေရာ မရသေး ပေမယ့် ရုရှားလိုနိုင်ငံမျိုးမှာ ဆလပ်အောသိုဒေါ့ယဉ်ကျေးမှုရဲ့ ဗဟိုဖြစ် ချင်တဲ့ အိပ်မက်တွေရှိနိုင်သေးတယ်။ ဂျပန်မှာလည်း အရှေ့အာရှအိပ် မက်မျိုး

အချိန်မရွေးပေါ်လာနိုင်တယ်။ ပြီးတော့ အရှေ့အလယ်ပိုင်းက အခြေခံဝါဒ လွှိုင်းလုံးတွေ၊ ဒီအင်အားစုတွေအားလုံးဟာ ယဉ်ကျေးမှုအပြိုင် အနေအထား ကို ကျကျနန အသုံးချပြီး လစ်ဘရယ်ဒီမိုကရေစီကို စိန်ခေါ်လာနိုင်တယ်။ ဒီနေ့နိုင်ငံရေးဟာ ပထဝီကို အခြေမခံတော့သလို အိုင်ဒီအိုလိုဂျီနဲ့လည်း တိုက်ရိုက်ပတ်သက်တာမဟုတ်ဘူး။ ယဉ်ကျေးမှုနဲ့ တိုက်ရိုက် ဆက်စပ်နေ တာ။ ဒီတော့ ယဉ်ကျေးမှုနဲ့ပဲပြဿနာကို အဓိက ကိုင်တွယ်ဖြေရှင်းရ လိမ့်မယ်လို့ သဘောရပါတယ်။

**စာညွှန်း**

Civilizations at Odds.

# ဖရန့်စစ်ပူကူယားမားနှင့် အင်တာဗျူး

*ဖရန့်စစ်ဖူကူယားမားဆိုသည်နှင့် (၁၉၈၉)ခုနှစ်က ထွက်ပေါ်ခဲ့သော သူ၏ 'သမိုင်းနိဂုံး' စာတမ်းကို အမှတ်ရကြလိမ့်မည်ထင်ပါသည်။ အဆိုပါ စာတမ်းတွင် ဖူကူယားမားက 'ဆိုဗီယက်ယူနီယံဆိုသော နိုင်ငံကြီးတစ်ခု ကမ္ဘာမြေပုံပေါ်မှ ကွယ်ပျောက်သွားတော့မည်၊ ခေတ်သစ်တစ်ခု၏ မိုးသောက်ယံသို့ ရောက်ခဲ့ပြီ' ဟု နိမိတ်ဖတ်ခဲ့သည်။ 'လူသားတို့၏ အိုင်ဒီအိုလိုဂျီ အီဗော်လူးရှင်းသည်လည်း နောက်ဆုံးပွိုင့်တစ်ခုသို့ ရောက်လာတော့မည်ဖြစ်ရာ ကွန်မြူနစ်ဝါဒကျဆုံးပြီး လစ်ဘရယ်ဒီမိုကရေစီ အောင်ပွဲခံလိမ့်မည်' ဟု ဟောကိန်းထုတ်ခဲ့သည်။ 'သမိုင်းနိဂုံး' စာတမ်းထွက်အပြီး လအချို့အတွင်းမှာပင် ဘာလင်တံတိုင်း ပြိုကျသွားသည်။ ကွန်မြူနစ်စနစ် ပြိုကွဲသွားသည်။ နောက်ဆုံး စစ်အေးတိုက်ပွဲသည်ပင် ဆုံးခန်းတိုင်သွားခဲ့ပါသည်။*

ပန်းသက်တံစာပေ

သို့နှင့်တိုင် ပြီးခဲ့သော (၂၀၀၃) ခုနှစ်၏ ဖြစ်ရပ်များကမူ 'ဖူကူယားမား'၏ အကဲဖြတ်ချက်နှင့် အဟပ်မညီသလိုဖြစ်နေခဲ့သည်။ ကမ္ဘာကြီး၏ အဓိက ပဋိပက္ခကြီးများမှာ ယနေ့ထက်တိုင် အားကောင်းမောင်းသန်ရှိနေဆဲဟု ဆိုရမလို ရှိသည်။ ပြောရလျှင် အနောက်တိုင်း လစ်ဘရယ်ဒီမိုကရေစီနိုင်ငံများကြားမှာပင် ရင်ကြားစေ့ဖို့မလွယ်လှသော ကွာဟမှု ချောက်ကမ်းပါးကြီးတစ်ခုရှိနေသည်။ ကမ္ဘာ့ကုန်သွယ်ရေး အငြင်းပွားမှုများမှ အရှေ့အလယ်ပိုင်းပြဿနာ ဖြေရှင်းရေးအထိ ဘယ်လိုမှ ညှိမရလောက်အောင် အခြေအနေကဆိုးနေသည်။ ထို့ထက် အချို့သော နိုင်ငံများအတွက် ဒီမိုကရေစီသို့ ဦးတည်ထားသောလမ်းများမှာ အန္တရာယ် အတိပြီးလျက်ရှိနေသည်။ အီရတ်စစ်ပွဲ၏ နောက်ဆက်တွဲ ပြဿနာ အထွေထွေမှာလည်း မပြီးနိုင်မစီးနိုင်ဖြင့် ၂၀၀၄ ခုနှစ်ထဲသို့ပင် ချဉ်းနင်း ဝင်ရောက်လာတော့သည်။

ဤနောက်ခံ အခင်းအကျင်းမှာပင် 'နယူးဝိ(ခ)' မဂ္ဂဇင်းကြီးက 'ဖရန့်စစ်ဖူကူယားမား' ကို တွေ့ဆုံမေးမြန်းလိုက်ခြင်း ဖြစ်ပါသည်။

## သမိုင်းနိဂုံးသို့မျှော်ကြည့်ခြင်း

■ **လာမယ့်နှစ်၊ ၂၀၀၄ ခုနှစ်မှာ ဘယ်ကိစ္စဟာ အရေးအကြီးဆုံး ပြဿနာ ဖြစ်မယ် ထင်ပါသလဲ။**

● အီရတ်ပြဿနာပါ။ ဒီထက်ကျယ်ကျယ်ပြန့်ပြန့်ပြောရရင်တော့ ကမ္ဘာကြီးမှာ အမေရိကန်ရဲ့ အဆင့်နေရာ ဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာ ဆက်ဆံရေးမှာ တန်ဘိုးကြီးကြီးပေးခဲ့ရပါတယ်။ ဂျာမနီတို့၊ ပြင်သစ်တို့လို မဟာမိတ်ဟောင်းတွေနဲ့ ဆက်ဆံရေးအပါအဝင်ပေါ့။ ကျွန်တော့်အထင်ပြော ရရင် **လက်ဦးမှုအရယူရေးကို ကျင့်သုံးလိုက်တာဟာ စားပွဲဝိုင်း ယဉ်ကျေး မှုနဲ့ဝေးရာကို ရောက်သလောက် ဖြစ်သွားစေသလားလို့။ ဒီလိုနဲ့ အီရတ် ဟာ တွင်းနက်ကြီးလို ဖြစ်လာရတော့တယ်။ ဒီတွင်းနက်ကြီးကပဲ ဘွတ်(ရှ်) ရဲ့ နိုင်ငံရေးပေါ်လစီ စွမ်းအင်အားလုံးကို စုပ်ယူလိုက်သလို ဖြစ်သွားတယ်။** အီရတ်ကိစ္စမှာ နိုင်ငံရေး အရင်းအနှီးအများကြီး သုံးစွဲလိုက်ရတော့ ကမ္ဘာမှာ အမေရိကန်ရဲ့ပါဝါကို နောက်တပ်ပြစရာမကျန်တော့သလောက် ဖြစ်ခဲ့ရတာ ပေါ့ဗျာ။

■ **လွတ်လပ်တဲ့ ကုန်သွယ်ရေးကို ဦးတည်သွားနေတဲ့လှုပ်ရှားမှုဟာ ကန်ကွန် ညီလာခံကြောင့် ပွန်းပြတ်၊ ပြတ်သွား နိုင်ပါသလား။**

● ကျွန်တော်တော့ ဒီလိုမယူဆပါဘူး။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဆွေးနွေးပွဲ တွေမှာ လယ်ယာထုတ်ကုန်ကိစ္စဟာ တကယ့်ပြဿနာကြီးဆိုတာ အားလုံး သိပါတယ်။ ဒီကိစ္စဟာ ပညာပစ္စည်းပိုင်ဆိုင်ခွင့်ကိစ္စနဲ့လည်း သွယ်ဝိုက် ဆက်စပ်နေပြန်တယ်။ ဒီကိစ္စတွေကို အပေးအယူလုပ် ညှိနှိုင်းကြဖို့ဆိုတာ ဖွံ့ဖြိုးပြီးနိုင်ငံတွေအတွက် တယ်လွယ်မှာမဟုတ်ဘူး။ ဒါကြောင့်လည်း ကန်ကွန် ညီလာခံမှာ ဘာသဘောတူညီချက်မှမရခဲ့တာ အံ့ဩစရာတော့ မဟုတ်ပါ ဘူး။ ဒါဟာ ပထမဆုံး မဟုတ်သလို နောက်ဆုံးလည်း မဟုတ်ပါဘူး။ ဒီလိုညီလာခံမျိုးတွေ ရှေ့ဆက်ကြုံရဦးမှာပဲ။

■ **ဥရောပသမဂ္ဂ (အီးယူ)မှာ ကြုံနေရတဲ့ အခက်အခဲတွေဟာ တစ်ခုတည်း သော ဥရောပဆိုတဲ့ အိုင်ဒီယာအတွက် နောက်ဆုံး ရိုက်ချက်တွေ ဖြစ်နိုင် ပါသလား။**

- ဘာအခက်အခဲတွေကို ပြောချင်တာလဲ။ ကျွန်တော့် အမြင်မှာတော့ အခက်အခဲဆိုတာထက် အပေးအယူလုပ် ညှိနှိုင်းရတာလို့ ယူဆပါတယ်။ တကယ်တော့ တစ်ခုတည်းသော ဥရောပဆိုတာ ရေရှည်စီမံကိန်းကြီးပါ။ အခက်အခဲတွေ၊ နောက်ပြန်ဆုတ်မှုတွေ ဘယ်လိုပဲ ကြုံရကြုံရ ဒီအိုင်ဒီယာအတိုင်း ရှေ့ဆက်သွားနေဦးမှာပါပဲ။ ကျွန်တော့်ထင်မြင်ချက်ကို ပြောရရင် အီးယူမှာ အစဉ်အလာ ပြင်သစ်နဲ့ ဂျာမနီရဲ့လွှမ်းမိုးမှုကနေ ဝေးရာကို ဆွဲခေါ်သွားတဲ့ ဆင့်ကဲဖြစ်စဉ်တစ်ခု ရှိနေပြီလို့ ယူဆပါတယ်။ ဒီဖြစ်စဉ်က သဘာဝကျသလို ပေါင်းစည်းရေးရဲ့ အကျိုးဆက်လည်း ဖြစ်တယ်။ ရေရှည်မှာ ဆက်ပြီး ပေါင်းစည်းသွားလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ အခုဆိုရင်ပဲ တစ်ခုတည်းသော လယ်ယာထုတ်ကုန် ပေါ်လစီဆိုတာကို အားလုံးက အလေးထားစဉ်းစားနေရပြီမို့လား။ တစ်ချိန်မှာ အီးယူအနေနဲ့ အမတော်ကြေးနဲ့ ကျားကန်ထားတဲ့ လယ်ယာထုတ်ကုန် ပေါ်လစီကို အလေးအနက် စိစစ်ကြဖို့ ရှိလာနိုင်ပါတယ်။

■ **အရှေ့အလယ်ပိုင်းလိုဒေသမျိုးမှာ လစ်ဘရယ်ဒီမိုက ရေစီအနေနဲ့ အောင်ပွဲခံနိုင်ပါမလား။**

- ကျွန်တော့်အနေနဲ့တော့ ယုံကြည်ဆဲပဲ။ ဒါပေမယ့် ပြဿနာရှိတာက 'အချိန်' ဖြစ်လိမ့်မယ်။ 'ဘယ်တော့လဲ' လို့ မေးရင်တော့ 'မခန့်မှန်းတတ်ဘူး' လို့ ဖြေရမှာပဲ။

■ **ရယ်ဒီကယ်အိုင်ဒီအိုလိုဂျီတွေဟာ အရှေ့အလယ်ပိုင်းလို ဒေသမျိုးမှာမှ ဘာကြောင့် အားကောင်းမောင်းသန် ပေါ်ထွက်လာရတာလဲ။**

- ဖွံ့ဖြိုးမှုနိမ့်တယ်ဗျာ။ ဒီမိုကရေစီအားနည်းတယ်ဗျာ။ အမေရိကန် နိုင်ငံခြားရေး ပေါ်လစီမှာလည်း အားနည်းချက်ယွင်းချက်တွေ ရှိနိုင်တယ်။ တခြားအချက်တွေလည်း ရှိပါလိမ့်ဦးမယ်၊ ဒီအချက်အလက်တွေအားလုံး အပြန်အလှန် ဆက်စပ်ပြီး ခုလိုတင်းမာတဲ့ အနေအထားမျိုး ဖြစ်လာတာလို့ ယူဆပါတယ်။ ဒီတော့ ဘယ်လိုဖြေရှင်းကြမလဲ။ ဖွံ့ဖြိုးဖို့လိုမယ်။ ပို၍ ဒီမိုကရေစီကျဖို့လိုမယ်။ ပါလက်စတိုင်းပြဿနာ ဖြေရှင်းရေးအတွက် အပြုသဘောဆောင်တဲ့ ဆုံးဖြတ်ချက်တွေလိုမယ် စသဖြင့်ပေါ့။ ဒါပေမဲ့ ဒီစီမံကိန်းတွေဟာ နောက်မျိုးဆက်တစ်ခု (သို့မဟုတ်) နှစ်ခုလောက်မှာမှ အကောင်အထည်ပေါ်ချင်လည်း

ပေါ်လိမ့်မယ်။

■ **ခင်ဗျားစာတမ်းထွက်ခဲ့တာ ၁၅–နှစ်ကျော်ပြီပေါ့နော်။ ကျွန် တော်တို့ဟာ သမိုင်းနိဂုံးထဲရောက်နေပြီလို့ ခင်ဗျား ဆက်လက်ယူဆဆဲပဲလား။**

● အခုလောလောဆယ်မှာတော့ ကျွန်တော်တို့ဟာ လှိုင်းထန်လေထန်ကာလ ကြီးကို ဖြတ်နေကြရတာပေါ့ဗျာ။ ဒါပေမဲ့ ရေရှည်အမြင်အရ ဆိုရင်တော့ ကျွန်တော့်ရဲ့ ဆယ့်ငါးနှစ်အလွန်က အယူအဆကို ခုထိယုံကြည်ဆဲပဲ။ တကယ်တော့ 'သမိုင်းနိဂုံး' ဆိုတာ ခေတ်မီရေး ဖြစ်စဉ်ကြီးက ဆောင်ကြဉ်း လာတဲ့ ဇာတ်ကွက်ကြီးတစ်ခုဗျ။ ဒီဇာတ်ကွက်ကြီးမှာ အဆုံးပွိုင့်တစ်ခု၊ ရှင်းရှင်းလင်းလင်း ရှိလိမ့်မယ်လို့ ကျွန်တော်စဉ်းစားတယ်။ ကမ္ဘာကြီးရဲ့ တစ်စိတ်တစ်ပိုင်းဆိုရင် ဒီအဆုံးပွိုင့်ကို ရောက်နေပြီ၊ ကျန်တဲ့ တစ်စိတ်တစ်ပိုင်း ဆိုရင်လည်း ဒီပွိုင့်ကို ဦးတည်ပြီး ရုန်းကန်နေကြတယ်။ ဥပမာပြောရရင် တရုတ်ပြည်ကြီးခေတ်မီလာတော့ ပိုပြီးဗဟုသဘောဆောင်တဲ့ အင်စတီ ကျူးရှင်တွေရဲ့ အခန်းကဏ္ဍကို ပိုသဘောပေါက် လာကြသလိုပေါ့။ ခင်ဗျား အနေနဲ့ ဖြစ်စဉ်ကြီးကို မြန်စေချင်လို့ စပိတင်လိုက်တာမျိုး လုပ်နိုင်မယ် မဟုတ်ဘူး။ ဘေးကပန်းပြီး အကူအညီ ပေးတာမျိုးပဲ ဖြစ်နိုင်စရာရှိလိမ့်မယ်။

•

**စာညွှန်း**

Looking to the End of History:

# ပါမောက္ခ အူးရစ်(ချ်)ဘက်(ခ)နှင့် အင်တာဗျူး

*ဂျာမနီနိုင်ငံ မြူးနစ်တက္ကသိုလ်မှ ပါမောက္ခ 'အူး ရစ်(ချ်)ဘက်(ခ)' (Ulrich Beck) မှာ ခေတ်ပြိုင်လူမှုသိပ္ပံပညာရှင်များထဲတွင် အထူးထင်ရှားသူ တစ်ဦး ဖြစ်သည်။ သူ၏ 'အန္တရာယ်လူ့အဖွဲ့အစည်း' (Risk Society) စာအုပ်ကြောင့် လည်း နိုင်ငံတကာစာဖတ်ပရိသတ်များမှာ သူ့အမည်နှင့်ယဉ်ပါးပြီး ဖြစ်ကြပါသည်။ ယခုစာစုမှာ တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ဖြေကြားခဲ့သော ပါမောက္ခ'ဘက်(ခ)'၏ ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ပတ်သက်သည့်အမြင်များ ဖြစ်ပါသည်။*

ပန်းသက်တံစာပေ

## ကော့စမိုပိုလီတန်စကားဝိုင်း

■ **ဂလိုဘယ်လိုက်ဖေးရှင်းနဲ့ ပတ်သက်ရင် ဆရာဟာ အထူးကျွမ်းကျင်သူ တစ်ယောက်လို့ သိရပါတယ်။ အခု ကျွန်တော် မေးချင်တာကလည်း ဂလိုဘယ်လိုက်ဖေးရှင်းနဲ့ ပတ်သက်လို့ပါ။ ကျွန်တော်တို့ ဂျာမနီနိုင်ငံဟာ ဒီနေ့ ခေတ်ပြိုင်ဂလိုဘယ်လိုက်ဖေးရှင်းမှာ ဘယ်လောက် အတိုင်းအတာ ထိ ရောက်နေပြီလဲဆရာ။**

● အတော် ကိုးလိုးကန့်လန့်နိုင်တဲ့ စကားလုံးနဲ့ဖြေမှရမယ်ဗျ။ Internally Globalized ပေါ့ဗျာ။ ဟုတ်တယ်။ ကိုယ့်တိုင်းပြည်၊ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်အိမ်မှာနေရင်းကကိုပဲ ကမ္ဘာကြီးနဲ့ထိနေတာ။ ဂလိုဘယ်သဘော ဖြစ်နေတာပါ။ အင်း ဂလိုဘယ်လိုက်ဖေးရှင်းဆိုတာနဲ့ တော်တော်များများက အပြင်ကကိစ္စလို့ ထင်နေကြဟန်တူတယ်ဗျ။ ကျွန်တော်ကတော့ ဒီလိုမမြင်ဘူး။ ဂလိုဘယ်လိုက်ဖေးရှင်းဟာ နိုင်ငံနယ်နိမိတ်ကို သာမကဘူး အိမ်ခြံစည်းရိုးကိုတောင် ကျော်ဝင်လာနေပြီ။ ခင်ဗျားကြည့်လေ၊ ကျွန်တော်တို့ ဂျာမနီက မိသားစုခြောက်စုမှာ အနည်းဆုံးတစ်ခုလောက်က ဂျာမန်စစ်စစ်လို့ ပြောမရတော့ဘူးဗျ။ လူတွေရဲ့အိမ်ထောင်ဘက် ရွေးချယ်မှုဟာဂလိုဘယ် ဖြစ်သွားပြီ၊ ဒီတော့ အိမ်တစ်အိမ်တည်းမှာပဲ လူမျိုးတစ်ခုမက ယဉ်ကျေးမှုတစ်ခုမက ထုံးတမ်းစဉ်လာ တစ်ခုမကရှိနေပြီ။ ဒါဟာ ဂျာမနီတစ်နိုင်ငံတည်း ကွက်ဖြစ်နေတာ မဟုတ်ဘူးနော်။ ဖွံ့ဖြိုးပြီးနိုင်ငံ အားလုံးလိုလိုမှာ ဒီသဘောတွေ ရှိနေပြီ။

နောက်တစ်ခု ဂလိုဘယ်လိုက်ဖေးရှင်းဆိုတာနဲ့ လူတွေက အနာဂတ်ကိစ္စလို့ တန်းမြင်လိုက်ကြတယ်။ တကယ်က ပစ္စုပ္ပန်ဖြစ်နေပြီ။ ကျွန်တော်တို့ရဲ့ နိစ္စဓူဝကိစ္စတွေကိုပဲကြည့်။ အခု ကျွန်တော်ဝတ်ထားတဲ့ ဂျင်းဘောင်းဘီဆိုရင် ဝါပင်ကစပြီး ပြန်ကြည့်လိုက်၊ အဆင့်ဆင့်ဖြတ်လာတာ အနည်းဆုံး နိုင်ငံငါးခုလောက်ရှိမယ်။ ဟော ကျွန်တော်ဖတ်နေတဲ့ သတင်းစာ၊ အီရတ်သတင်းလေဗျာ။ ခုချိန်မှာ ဒီသတင်းကိုပဲ ကျွန်တော့်လို ဖတ်နေတဲ့သူတွေ ဘယ်လောက်ရှိမလဲ။ ပြောချင်တာက ကျွန်တော်တို့ အားလုံးဟာ တစ်ခုတည်းသော ဒရမ်မာကြီးထဲမှာ တစ်ခုတည်းသော ဇာတ်ကွက်ကို ကိုယ့်နေရာ

နဲ့ကိုယ် ကနေကြရတဲ့ သဘောပဲဗျ။ ဒါကြောင့် ကျွန်တော်တို့ဟာ ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ အပြင်ကမဟုတ်ဘူး။ ဂလိုဘယ်လိုက်ဇေးရှင်းထဲ ရောက်နေပြီလို့ ကျွန်တော်ပြောချင်ပါတယ်။

■ **ဒါဖြင့် ကျွန်တော်တို့ရဲ့ ဗျာမန်အမျိုးသား ယဉ်ကျေးမှုဆိုတာ မရှိတော့ဘူးပေါ့။ ဟုတ်လား ဆရာ။**

● ဟုတ်တော့ ဟုတ်တယ်။ ဒါပေမဲ့ ဟုတ်လည်း မဟုတ်ပြန်ဘူး။ YES ရော၊ NO ရော နှစ်ခုလုံးဖြေမှ အမှန်နဲ့နီးလိမ့်မယ်။ ကျွန်တော်တို့ ဒီနေ့ မျက်မှောက်ပြုနေရတာ 'ကော့စမိုပိုလီတန် ယဉ်ကျေးမှုပေါ့'။ 'ကော့စမိုပိုလီတန်' ဆိုမှတော့ ဗျာမန်လည်းပါမယ်။ အမေရိကန်လည်းပါမယ်၊ တရုတ်လည်းပါမယ်၊ ဂျပန်လည်းပါမယ် အစုံပေါ့ဗျာ။ ဒါပေမယ့် တစ်ခုမှလည်း မဟုတ်ပြန်ဘူး။ တကယ့် 'အစစ်အမှန်' (Reality) က ကော့စမိုပိုလီတန်ပဲ။

■ **ဂလိုဘယ်လိုက်ဇေးရှင်းကို အမေရိကန်နိုက်ဇေးရှင်းလို့ ဘာသာပြန်ကြတာတွေလည်း ရှိတယ်နော်။ ဒီနေ့လို အကြမ်းဖက်ဝါဒနဲ့ ရင်ဆိုင်နေရတဲ့ ကာလမျိုးမှာ ဒီသဘောဟာ ပိုများမှန်လာသလားလို့။ ဆရာကော ဒါကို လက်ခံနိုင်ပါသလား။**

● လက်မခံပါဘူး။ ဒီအဖြေမှာတော့ No တစ်လုံးတည်းနဲ့ လုံလောက်ပါတယ်။ ဂလိုဘယ်လို့ပြောလိုက်တာနဲ့ ပင့်ကူမျှင်တွေယှက်နေပြီး သပွတ်အူလို ရှုပ်နေတဲ့ ကမ္ဘာကြီးကို ခင်ဗျားမျက်စိထဲတန်းမြင်ဖို့လိုတယ်။ ဒီနေ့ ပြဿနာတွေဟာ ရှုပ်ထွေးသလို နက်နဲတယ်။ နက်နဲတာနဲ့အမျှ တစ်ခုနဲ့တစ်ခုလည်း ချိတ်ဆက်နေပြန်တယ်။ ဒီလိုပြဿနာမျိုးကို တိုင်းပြည်တစ်ပြည်၊ အင်အားစုတစ်ခုတည်းနဲ့ ဖြေရှင်းနိုင်တယ်ဆိုတာ ကျွန်တော်မယုံဘူး။ ဒီလိုသာ ဖြေရှင်းနိုင်ရင် အကြမ်းဖက်ဝါဒဆိုတာ ဖြစ်လာစရာတောင် အကြောင်းမရှိဘူး။ တကယ်တော့ ဒီနေ့ အကြမ်းဖက်ဝါဒကိုယ်တိုင်ကိုက ပင့်ကူအိမ် သပွတ်အူကြီးကို အခြေခံပြီး ပေါ်လာတာကိုး။

အခုလို အကြမ်းဖက်ဝါဒအန္တရာယ် ရှိနေတာကိုကပဲ 'ဆူပါ-ပါဝါ' ဟာ တကယ်တမ်း 'မဆူပါ' နိုင်ဘူးဆိုတာကို ဖော်ပြနေတာဗျ။ ကမ္ဘာကြီးဟာ ပါဝါတစ်ခုတည်းနဲ့ ထိန်းလို့သိမ်းလို့ မရနိုင်အောင်ကို ကသောင်းကနင်းဖြစ်နေပြီဆိုတာကို ဖော်ပြနေတာပါ။ ပြောကြစမ်းဆိုရင် ဗဟိုတစ်ခုက

ချုပ်ကိုင်ပြီး အရာရာ ဖြေရှင်းနိုင်တယ်ဆိုတဲ့ခေတ်ဟာ လွန်ခဲ့ပါပြီဗျာ။

■ **စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုကြီးနဲ့ ကြုံလိုက်ရတာဟာ ဆရာပြော တဲ့ ကော်စမိုပိုလီတန် အမြင်တွေပိုအားကောင်းစေဖို့ ဖြစ်လာပါသလား။ ကျွန်တော်တို့မှာ အတိတ်နဲ့စာရင် ပိုကျယ်ပြန့်တဲ့ အမြင်မျိုးတွေ ရှိနေကြပြီ လား။ ဆရာ့ထင်မြင်ချက်ကို သိချင်ပါတယ်။**

● အံ့ဩထိတ်လန့်စရာကောင်းတဲ့ ဒီအကြမ်းဖက်မှုကြီးနဲ့ ရုတ်တရက် ရင်ဆိုင် လိုက်ရတဲ့ ကမ္ဘာကြီးဟာ အိပ်မက်ကလန့်နိုးသလို ဖြစ်လာတယ်။ ဒေါသ လှိုင်းလုံးကြီးတစ်ခု ကြွတက်လာတာပေါ့ဗျာ။ ဂလိုဘယ် အကြမ်းဖက်ဝါဒရဲ့ ရှေ့မှောက်မှာ ကျွန်တော်တို့အားလုံးဟာ တူညီတဲ့ကြမ္မာဆိုးကြီး တစ်ခု တည်းရဲ့ အောက်မှာ ရောက်နေသလို ဖြစ်လာတယ်။ ဒါနဲ့အမျှ ဘယ်တုန်းကမှ မမျှော်မှန်းနိုင်တဲ့ ဂလိုဘယ်မိသားစု စိတ်ဓာတ်တွေ ရှင်သန်လာတာပေါ့။ ဒါဟာ ကော့စမိုပိုလီတန် ယဉ်ကျေးမှု အားကောင်းလာစေတဲ့ အဓိက အချက်လို့ ဆိုနိုင်ပါလိမ့်မယ်။

ဒါပေမယ့် ဒီအကြမ်းဖက်ဝါဒဆိုးကြီးကို တုံ့ပြန်တဲ့နေရာမှာတော့ ကော့စမို ပိုလီတန်သဘော အပြည့်အဝ မဆောင်ပြန်ဘူး။ တုန့်ပြန်မှုတွေ အများကြီး ရှိတဲ့အထဲက ပထမဆုံး ရှေ့ရောက်လာတာက 'စစ်ရေး' လေ။ သမား ရိုးကျအဓိပ္ပာယ်နဲ့ပြောရရင် အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးဟာ 'စစ်' လို့ ပြောဖို့တောင် အတော်ခက်တာလား။ အကြမ်းဖက်သမားဆိုတာ ချိုပေါက် နေတာမဟုတ်ဘူးလေဗျာ။ ကိုယ်ဖျောက်ရန်သူ။ ပြီးတော့ အကြမ်းဖက်သမား စစ်စစ်သာဖြစ်ရင် ဒီလိုလူမျိုးနဲ့ ဘယ်လိုလုပ် စေ့စပ်လို့ဖြစ်မှာလဲ။ ပြောရရင် အနေအထားဟာ စစ်ပွဲတစ်ခုတည်းနဲ့ အပြီးအပိုင်ဖြေရှင်းလို့မရနိုင်တဲ့ အခြေ အနေမျိုးပါ။ ဒီတော့ တခြားဖြစ်နိုင်တဲ့ နည်းလမ်းအားလုံးကို စဉ်းစား ကြရမှာပဲလေ။

ဒီနေရာမှာ ကျွန်တော်အဓိကပြောချင်တာ 'ဒိုင်ယာလော့' ပဲ။ ကျွန်တော် တို့ အနောက်ယဉ်ကျေးမှုနဲ့ မွတ်စလင် ယဉ်ကျေးမှုကိုပဲကြည့်။ သီးခြားလို့ မပြောနိုင်ပါဘူး။ ကျွန်တော်တို့ထဲမှာ သူတို့ရှိနေသလို၊ သူတို့ထဲမှာလည်း ကျွန်တော်တို့ ရှိနေတာပဲ။ စောစောက ကျွန်တော်ပြောခဲ့သလို Internally Globalized ဖြစ်နေတာလေဗျာ။ ဒီလို ပင့်ကူအိမ် အနေအထားမှာ

'ဒိုင်ယာလော့' ဟာ ဖြစ်လည်းဖြစ်နိုင်သလို အကျိုးများ စရာလည်း ရှိပါတယ်။ ဒီနေရာမှာ အရေးကြီးဆုံးက ကော့စမိုပိုလီတန် အမြင်နဲ့ ဒိုင်ယာလော့ကြဖို့ပါ။ လူမျိုးစွဲ၊ ဘာသာစွဲ၊ ယဉ်ကျေးမှုစွဲတွေ တတ်နိုင်သလောက် မပါကြေးပေါ့ဗျာ။

- **ဒါပေမယ့် ဆရာရယ်။ မတူတဲ့ ယဉ်ကျေးမှုတွေကြားမှာ အပြန်အလှန် နားလည်မှုရရေးဆိုတာ လွယ်ကော လွယ်ပါ့မလား။ ဆရာ ကိုယ်တိုင် လည်း ကြုံဖူးတာပဲလေ။ စက်တင်ဘာ ၁၁ ကိစ္စ မတိုင်ခင်က ဆရာတို့ ကော်စမိုပိုလီတန် ယဉ်ကျေးမှုနဲ့ပတ်သက်လို့ နိုင်ငံ တကာ ကွန်ဖရင့်တစ်ခု လုပ်ခဲ့ကြသေးတယ်မို့လား။**

- ဟုတ်ပါတယ်။ 'ဟယ်စင်ကီး'မှာပါ။ ယဉ်ကျေးမှုပေါင်းစုံက လူမှုသိပ္ပံပညာရှင်တွေ၊ ပထမဆုံး စုံစုံညီညီတက်ခဲ့ကြတဲ့ ကွန်ဖရင့်ကြီးတစ်ခုပါ။ ဒီမှာ ကျွန်တော်တို့ အဓိကဆွေးနွေးခဲ့ကြတာက လူမှုသိပ္ပံနယ်ပယ်မှာ အစဉ်အလာ အမျိုးသားရေးအလံကိုပဲ ဆက်လက်ကိုင်စွဲကြမလား။ ဒါမှမဟုတ် ကော့စမိုပိုလီတန် လမ်းသစ်ဖောက်ဖို့ လိုမလားဆိုတဲ့ ကိစ္စပေါ့ဗျာ။ ဝမ်းနည်းစရာ ကောင်းတာက တူညီတဲ့ အဖြေတစ်ခုကို ကျွန်တော်တို့ မရခဲ့ကြဘူး။ ခါးသီးတင်းမာတဲ့ အငြင်းပွားမှုကြီး တစ်ခုနဲ့သာကြုံခဲ့ရတယ်။ အရှေ့အလယ်ပိုင်း၊ တောင် အာဖရိကနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတချို့က ပညာရှင်တွေနဲ့ အချေအတင် ဖြစ်ခဲ့ရ တာပါ။

ဒီအတွက် အဲဒီပညာရှင်တွေကို ကျွန်တော် အပြစ်မတင်ပါဘူး။ တင်လို့ လည်းမရပါဘူး။ သူတို့ အတွေ့အကြုံနဲ့ သူတို့မှန်နေကြတာပဲလေ။ ကျွန်တော် တို့က 'တံခါးဖွင့်စီးပွားရေး' လို့ပြောကြတော့ သူတို့က 'တကယ်ရော ဖွင့်ကြရဲ့လား' လို့ မေးခွန်းထုတ်တယ်။ မေးမှာပေါ့၊ သူတို့ ဥရောပကို ရောက်လာတော့ တံခါးတွေပိတ်ထားတဲ့အဖြစ်နဲ့ကြုံခဲ့ရတာကိုး။ ကျွန်တော် တို့က 'ဂလိုဘယ်လိုက်ဇေးရှင်း' လို့ပြောတော့ သူတို့က 'ဘယ်သူ့အတွက် လဲ' လို့ စောဒကတက်ကြတယ်။ တက်မှာပေါ့၊ ဒီဖြစ်စဉ်ကြီးရဲ့ အကျိုး ကျေးဇူးတွေကို သူတို့မှ အပြည့်အဝမရနိုင်သေးတာ။ ကျွန်တော်တို့က 'ကော့စမိုပိုလီတန်' လို့ပြောတော့၊ သူတို့က 'ကိုလိုနီနယ်ချဲ့စနစ်' လို့ အငေါ်တူးကြတယ်။ တူးမှာပေါ့၊ သူတို့ရင်ထဲက သမိုင်းရဲ့ ဒဏ်ရာဒဏ်ချက် တွေက ကျက်မှမကျက်သေးတာ။

ဒါပေမယ့် အခုလို တင်းမာမှုတွေကြောင့် ဒိုင်ယာလော့ မဖြစ်နိုင်ဆိုတဲ့ ကောက်ချက်မျိုးကိုတော့ ကျွန်တော် လက်မခံနိုင်ပါဘူး။ ဒီလို အမြင် သွေလွဲမှုတွေ ရှိနေလို့ကိုပဲ ဒိုင်ယာလော့ဟာမလွဲမရှောင်သာ လုပ်ကိုလုပ်ရမယ့် လမ်းကြောင်းလို့ ပိုသဘောပေါက်လာတယ်။ တစ်ခုတော့ ရှိတာပေါ့ဗျာ။ သမိုင်းအဆက်ဆက် အစိုင်အခဲ ဖြစ်လာတဲ့ အမုန်းတွေကို တစ်ချီထဲနဲ့တော့ ဘယ်အရည် ဖျော်ပစ်နိုင်မှာလဲ။

■ **ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ကြီးမှာ အမီလိုက်နိုင်ဖို့ ကျွန်တော်တို့ ဘာတွေလုပ်ဖို့လိုမလဲ ဆရာ။**

● နံပါတ်တစ်အရေးအကြီးဆုံးအချက်ကတော့ ပညာရေးပဲဗျ။ လူတစ်ယောက် လူပီပီရပ်တည်နိုင်ဖို့အတွက်အလုပ်လိုတယ်။ လူမှုလုံခြုံရေးလိုတယ်။ ဒါတွေ အားလုံးအတွက် ပညာက 'အခရာ'ပဲ။ ဒါဟာ ဂလိုဘယ်လိုက်ဇေးရှင်းကို အောင်အောင်မြင်မြင်ရင်ဆိုင်ဖို့ နိုင်ငံတိုင်းက လူတိုင်းအတွက် ကြိုတင် လိုအပ်ချက်ပဲ။ ပညာရေးရင်းနှီးမြှုပ်နှံမှု မလုပ်နိုင်တဲ့ ပထဝီဒေသဟာ ကျန်ရစ် မှာပဲ။ ပညာနဲ့ မတည်ဆောက်နိုင်တဲ့ ဘဝဟာ ကွဲမှာပဲ။

ဒီနေ့ ဂလိုဘယ်လိုက်ဇေးရှင်းကို (၁၉၃၀) အလွန်နှစ်တွေက ကြုံခဲ့ဖူးတဲ့ မဟာစီးပွားပျက်ကပ်ကြီးနဲ့ နှိုင်းယှဉ်ပြောကြတာတွေ ရှိတယ်။ အဲဒီတုန်း ကလည်း အခုလိုပဲ လူတိုင်းရဲ့ ခြေဖဝါးအောက်က မြေကြီးကိုယ်တိုင်က အိုးထိန်းစက်လို ချာချာလည်နေခဲ့တာပေါ့။ ဒါပေမယ့် (၁၉၃၀) အလွန်နဲ့ (၂၀၀၀) အလွန်ကြားမှာ အဓိက ကွာဟချက်ကြီးရှိနေတယ်ဗျ။ အဲဒီတုန်းက အမျိုးသားစီးပွားရေး သန့်စွမ်းအောင်တစ်နိုင်ငံချင်း ကြိုးစားပြီး အကျပ် အတည်းက ရုန်းထွက်ခဲ့ကြတယ်။ အခု ဒီလိုလုပ်လို့မရတော့ဘူး။ ဒီနေ့ ရင်ဆိုင်နေရတဲ့ ပြဿနာတွေက အပြန်အလှန် အမှီသဟဲပြုရတာတွေနဲ့ ကင်းလို့မှ မရနိုင်တော့တာ။ ဒီတော့ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနဲ့ အခက်အခဲတိုင်းကို ရင်ဆိုင်ဖြေရှင်းရတော့မယ်။ ဘယ်နိုင်ငံမှ အထီး ကျန်ဘဝနဲ့ မလုံခြုံနိုင်တော့ဘူး။

ဒီနေရာမှာ အမျိုးသားနိုင်ငံတစ်ခုခြင်းရဲ့ အချုပ်အခြာအာဏာမှာ ထိခိုက် နစ်နာစရာတွေ ရှိနိုင်မလားဆိုတဲ့ မေးခွန်းတစ်ခု ပေါ်လာနိုင်ပါတယ်။ ညှိရ နှိုင်းရတာတွေ၊ အပေးအယူ အလျှော့အတင်း လုပ်ရတာတွေဟာ

အချုပ်အခြာအာဏာအတွက် အန္တုတ်လက္ခဏာလို့ ကျွန်တော်မမြင်ဘူး။ အပေါင်းလက္ခဏာလို့ ယုံကြည်တယ်။ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ရင်းနဲ့ ကိုယ်ရဲ့စွမ်းဆောင်ရည်ဟာ ပိုလို့သာတိုးပွားလာနိုင်စရာ ရှိပါတယ်။ ကျဆင်းလာမှာ မဟုတ်ပါဘူး။

- **ဂလိုဘယ်လိုက်ဇေးရှင်းရဲ့အောက်မှာ နိုင်ငံအလိုက်၊ ယဉ်ကျေးမှု အလိုက်၊ မတူခြားနားမှုတွေ၊ ထူးခြားချက်တွေ၊ အသွင်ကွဲ၊ အဆင်ကွဲဆိုတာတွေ ရှိကောရှိနိုင်ပါဦးမလား။ ဥပမာ – ဥရောပ အမှတ်အသားသရုပ် ဆိုတာရဲ့ အောက်မှာ ကျွန်တော်တို့ တစ်နိုင်ငံချင်းရဲ့ အမှတ်အသားသရုပ်တွေ ဘာဖြစ်ကုန်မလဲဆရာ။**

- ဂလိုဘယ်လိုက်ဇေးရှင်းဆိုတာ ယဉ်ကျေးမှုပေါင်းစုံကို တစ်သားတည်း ဖြစ်အောင်ရောကျိုလိုက်တာမျိုး မဟုတ်ဘူး။ ယဉ်ကျေးမှုမျိုးစုံ အပြိုင်တည်ရှိတဲ့ 'ပဒေသာစုံယဉ်ကျေးမှု' (Diversity of Culture) ဖြစ်တယ်။ 'ကော့စပိုမိုလီတန်' ဆိုတာဟာလည်း လူမျိုးတွေ နိုင်ငံတွေအားလုံးကို ဖျက်သိမ်းဖို့ တောင်းဆိုတာ မဟုတ်ဘူး။ လူမျိုးအချင်းချင်း၊ နိုင်ငံအချင်းချင်း၊ အစွဲကင်းကင်းနဲ့ ငြိမ်းချမ်းစွာ အတူနေထိုင်ဖို့ ဖြစ်ပါတယ်။

ဒီတော့ မတူခြားနားမှုတွေကို အသိအမှတ်ပြုရပါလိမ့်မယ်။ အသွင်ကွဲ၊ အဆင်ကွဲတွေကို လေးစားရပါလိမ့်မယ်။ လူမျိုးတိုင်း၊ ယဉ်ကျေးမှုတိုင်းမှာ သူ့အားကောင်းချက်နဲ့သူ ရှိတတ်ပါတယ်။ 'ပေါက်ဖွားရှင်သန်နိုင်တဲ့ ဇ' (Niche) လို့ခေါ်တဲ့ အားကောင်းချက်ဖြစ်ပါတယ်။ ဂလိုဘယ်လိုက်ဇေးရှင်းဟာ Niche ကို ဖျက်ဆီးမှာမဟုတ်၊ ပိုအားကောင်းသထက် ကောင်းအောင် ဖန်တီးပေးဖို့ ဖြစ်ပါတယ်။

**စာညွှန်း**

Opening up Our View of The World.

# ဂျိုးဇက်အက်(စ်)နိုင်း (အငယ်)

ဟားဗတ်တက္ကသိုလ်ပါမောက္ခ 'ဂျိုးဇက်အက်(စ်)နိုင်း(အငယ်)' Joseph S Nye (Jr) ကို သူ၏ 'ပါဝါအပျော့' (soft power) အယူအဆဖြင့် လူသိများခဲ့သည်။ [illegible] ပါမောက္ခ [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] ပါဝါအပျော့ အယူအဆ [illegible] [illegible]

[illegible]

ပါမောက္ခနိုင်းမှာ သမ္မတ ကလင်တန်လက်ထက်က လက်ထောက်ကာကွယ်ရေးဝန်ကြီးတာဝန် ထမ်းဆောင်ခဲ့ဖူးသူဖြစ်ရာ (၂၀၀၃) စက်တင်ဘာလက ဝါရှင်တန်ဒီစီတွင်ကျင်းပခဲ့သော အမေရိကန်ထိပ်တန်း စစ်အရာရှိကြီးများ၏ ကွန်ဖရင့်သို့ တက်ရောက်ခွင့်ရခဲ့သည်။ ဤကွန်ဖရင့်မှာ ပင်လက်ရှိ ကာကွယ်ရေးဝန်ကြီး 'ဒေါ်နယ်ရမ်းစဖီး'ကို သတင်းထောက်များက 'ပါဝါအပျော့' နှင့် ပတ်သက်ပြီးမည်သို့ ယူဆပါသလဲဟု မေးခွန်းထုတ်ခဲ့သည်။ ပါမောက္ခနိုင်းကို ရှေ့ထားပြီး ရမ်းစဖီးပေးလိုက်သော အဖြေမှာ အတော်သင်းသည်။ 'ပါဝါအပျော့ ဆိုတာလား။ ကျုပ်ဖြင့် ဘာကိုဆိုလိုမှန်းမသိပေါင်ဗျာ' ဟူသတတ်။

ဤတွင် 'နယူးဝိ(ခ)မဂ္ဂဇင်းသတင်းထောက် 'ဂျေဆန်မက်လူယာ' က အဆိုပါ ကွန်ဖရင့်ကြီးအတွင်းမှာပင် ပါမောက္ခနိုင်းကို အင်တာဗျူးဖြစ်အောင် ဗျူးလိုက်ပါတော့သည်။ ယခုစာစုမှာ ဤအင်တာဗျူးမှ ကောက်နုတ်ချက်များ ဖြစ်ပါကြောင်း။

## ပေါ့ပျက်ပျက်မကွရာဇီလီ

■ **ရမ်းစဖီးရဲ့မှတ်ချက်ကို ဒေါက်တာ ဘယ်လိုတုန့်ပြန်မလဲခင်ဗျ။**

● (ရယ်ရယ်မောမောဖြင့်) သူလိုလူကမသိဘူးဆိုတော့ တကယ့်ပြဿနာပေါ့ ဗျာ။ ဒီလောက်ပဲ ပြောပါရစေ။

■ **ပါဝါအမာရဲ့ အကန့်အသတ်တွေကို ဒီနေ့ အီရတ်စစ်ပွဲက သက်သေပြ သလိုဖြစ်နေတော့ ဒေါက်တာရဲ့ တယ်လီဖုန်းကို ဘေးချထားရမယ် ထင်ပါရဲ့။ ဘယ်နှယ့်လဲ။**

● အစိုးရအဖွဲ့ထဲက တာဝန်ရှိသူတွေကို ကျွန်တော် အစောကြီးကတည်းက ပြောခဲ့ပါတယ်ဗျာ။ ခက်တာက သူတို့ကိုယ်တိုင်ကိုက အုပ်စုနှစ်စု ကွဲနေတာ ကလား။ ပါဝါအမာတစ်ခုတည်းနဲ့ လုံလောက်တယ်လို့ ယူဆတဲ့အစုနဲ့ ပါဝါ အမာရော အပျော့ရော ပေါင်းစပ်ကျင့်သုံးသင့်တယ်ဆိုတာ သဘောပေါက်တဲ့ အစုပေါ့။ ခင်ဗျားမြင်တဲ့အတိုင်းပဲလေ။ ကာကွယ်ရေးဝန်ကြီးဌာနမှာက ပါဝါ အမာသမားတွေများနေတာ။ ပါဝါအပျော့ကို လိုလားသူတွေက နိုင်ငံခြားရေး

ဝန်ကြီးဌာနမှာပဲ ရှိနေတာကို။

■ **ဒေါက်တာကတော့ အုပ်စုနှစ်ခုလုံးရဲ့ အဆက်အစပ်ရှိတယ်ပေါ့။**

● မဟုတ်ဘူးဗျ။ ပါဝါအမာကိုသာ အားထားချင်တဲ့သူတွေက ချိန်ညှိလုပ်ကြဖို့ ဆိုတာမျိုး စိတ်ဝင်စားတာ မဟုတ်ဘူး။

■ **ဒီလူတွေကို ဒေါက်တာ့အနေနဲ့ ဘာပြောချင်ပါသလဲ။**

● အမေရိကန်ဆန့်ကျင်ရေးလေထုဟာ ကြောက်စရာ ကောင်းလောက်အောင် အားကောင်းလာနေပြီဆိုတာ သတိပေးချင်တယ်။ လူထုသဘောထား စစ်တမ်းတွေကိုပဲကြည့်လေ။ လွန်ခဲ့တဲ့နှစ်နှစ်အတွင်း အမေရိကန်ရဲ့ သြဇာဟာ ဥရောပနိုင်ငံတွေမှာ (၃၀)ပွိုင့်အထိ ထိုးကျသွားတယ်။ အဲဒီထဲမှာ အီရတ်စစ်ပွဲကို ထောက်ခံတယ်ဆိုတဲ့ အီတလီနဲ့ စပိန်ပါ ပါတယ်နော်။ မွတ်စလင်ကမ္ဘာမှာဆိုရင် ဒီထက်ဆိုးတာပေါ့။ ကျွန်တော့်သဘောကတော့ ဒါကမှ တကယ့်ပြဿနာလို့ မြင်တယ်။

■ **အဓိက အမှားတွေက ဘာတွေလဲ။**

● စစ်ပွဲမတိုင်ခင် ကျယ်ပြန့်တဲ့ တပ်ပေါင်းစုသဘော မတည်ဆောက်နိုင်ခဲ့ဘူး။ ဒီအတွက် လုံလောက်တဲ့အချိန်မပေးဘဲ ဒရောသောပါး လုပ်ခဲ့တယ်။ တစ်လ၊ ဒါမှမဟုတ် (လွန်ရောကျွံရော) ခြောက်လလောက်တာ စောင့်နိုင်ခဲ့ရင် ပြင်သစ်ကို ကျွန်တော်တို့ ဝိုင်းပယ်နိုင်မှာပါ။ ခုတော့ ကျွန်တော်တို့ကို အထီးကျန်ဖြစ်အောင် ပြင်သစ်က လုပ်သွားနိုင်ခဲ့တာပေါ့။

■ **အမေရိကန်ဟာ မနိုင်ဝန်ထမ်းရတာကော မဖြစ်နိုင်ဘူးလား။**

● မဟုတ်ဘူးဗျ။ စစ်အေးကာလ အမြင့်ဆုံးအချိန်မှာ ကျွန်တော်တို့ရဲ့ စစ်အသုံးစရိတ်ဟာ ဂျီအင်ပီ (စုစုပေါင်း တိုင်းပြည်ထုတ်ကုန်တန်ဘိုး) ရဲ့ (၉) ဆရှိတယ်။ အခု အီရတ်စစ်ပွဲကာလမှာကိုပဲ ကျွန်တော်တို့ စစ်အသုံးစရိတ်က အဲဒီ တစ်ဝက်တောင်မရှိပါဘူး။ သမိုင်းမှာရှိတဲ့ အင်ပါယာတွေနဲ့ပဲ နှိုင်းယှဉ်ကြည့်ကြည့် ကျွန်တော်တို့ရဲ့ နိုင်ငံသမိုင်းနဲ့ပဲကြည့်ကြည့် ဒီလောက်တော့ ကျွန်တော်တို့ တတ်နိုင်ပါတယ်။ တကယ်လို့ အမေရိကန်ဟာ မနိုင်ဝန်ထမ်းနေတယ်လို့ ယူဆရင် ဒါဟာ စစ်ရေးတော့မဟုတ်ဘူး။ နိုင်ငံရေးပဲဖြစ်လိမ့်မယ်။ အမေရိကန်လူထုရဲ့ ထောက်ခံမှုနဲ့ တိုင်းတာမယ်ဆိုရင်တော့ ဘု(ရှ်)အစိုးရဟာ မနိုင်ဝန်ထမ်းနေတာလို့ ဆိုနိုင်ပါလိမ့်မယ်။

■ **ပါဝါအပျော့တွေဘက်ကို ပြန်ဦးလှည့်လာနိုင်ဦးမလား။**

● ကျွန်တော်ကိုယ်တိုင်လည်း စိတ်ဝင်တစား စောင့်ကြည့်နေတာပါ။ 'ဗီအိုအေ' တို့၊ 'ဖူးဘရိုက်ပရိုဂရမ်' တို့၊ နိုင်ငံခြားမှာ စာကြည့်တိုက်တွေဖွင့်ဖို့တို့စတဲ့ လူထုဒစ်ပလို မေစီပေါ့လေ။ ဒီအတွက် အသုံးစရိတ်ဟာ ဒေါ်လာ တစ်ဘီလီယံပျော့ပျော့လောက်ရှိမယ်။ အဲ စစ်ရေးအတွက် သုံးနေတာက တော့ ဒေါ်လာလေးရာဘီလီယံ နီးပါးရှိတယ်ဗျ။ ဒီတော့ ပါဝါအမာ–အပျော့ အချိုးချကြည့်ရင် 'လေးရာအချိုးတစ် '(၄၀၀း၁) ရှိမှာပေါ့။ အားတက်စရာ တော့ မကောင်းလှတာအမှန်ပဲ။ ကလင်တန် အစိုးရလက်ထက်က လူထု ဒစ်ပလိုမေစီ အသုံးစရိတ်ကို (၃၀) လျှော့ချခဲ့တယ်ဗျ။ စစ်အေးပြီးပြီဆိုတော့ ဒီလောက်သုံးစရာမလိုဘူးလို့ တွက်ခဲ့တာပေါ့ဗျာ။ အဲဒါ သိပ်မှားတယ်။

■ **၂၀၀၄ မှာကော ဘယ်လိုလဲ။**

● မနှစ်က 'ဒေဗို့(စ)' ညီလာခံမှာ ကျယ်ကျယ်လောင်လောင် ထွက်လာတဲ့ အာဘော်တစ်ခု ရှိပါရောလား။ "မပူပါနဲ့၊ နောက်ဆုံးတော့ နယ်မြေက စကားပြောသွားမှာပါ"ဆိုတာလေ။ အတော်တိမ်လွန်းတဲ့ အယူအဆပါဗျာ။ ပြောရရင် လူတိုင်းဟာ အကောင်ကြီးတွေကို မုန်းနေကြတာကလား။ အခုလည်း 'ပါဝါအပျော့' ကို မယုံသူတွေကပြောနေကြပြန်ပြီ "ဘာမှမပူနဲ့၊ တို့က အကောင်ကြီးတယ်။ တို့မှာ အားရှိတယ်။ "အကြောက်က 'အချစ်' ထက်ပို အရေးကြီးတယ်"တဲ့ဗျာ။ ဒါကတော့ မက္ကရာဗီလီရဲ့ စကားပါ။ ပါဝါအမာကြောင့် အနည်းအကျဉ်း ရချင်ရမှာပေါ့။ ဒါပေမယ့် တစ်ဖက်က အများကြီး ဆုံးရှုံးစရာရှိနေတယ်၊ ခပ်ပေါ့ပေါ့လေး သဘောထားလို့ မရဘူးဗျ။ အချစ်နဲ့အမုန်းရဲ့ အချိုးအဆဟာပုံသေမဟုတ်ဘူး။ ပေါ်လစီက စကားပြော လိမ့်မယ်။ ငါတကောမာနနဲ့ တင်းမလား။ သူများဘက်ကို ထည့်စဉ်းစားပေး မလား။ အမေရိကန်ရဲ့ ဥပဒိဟာ အကျဘက်ရောက်နေပြီဆိုတာကို အလေးထားစဉ်းစားကြရမယ့်အချိန် ရောက်နေပြီ။

**စာညွှန်း**

Shallow Machiavellis.

# မိုက်ကယ်မန်လေနှင့် အင်တာဗျူး

*'မိုက်ကယ်မန်လေ' (Michael Manley) မှာ ထင်ရှားသောတတိယကမ္ဘာ့ခေါင်းဆောင်တစ်ဦး ဖြစ်ပါသည်။ ဆိုရှယ်လစ်နိုင်ငံတကာ အဖွဲ့ချုပ်၏ ဒုတိယ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ဖူးသူဖြစ်သလို ဂျမေကာဝန်ကြီးချုပ် အဖြစ်လည်း နှစ်ကြိမ်တိုင် တာဝန်ယူခဲ့ဖူးသူလည်း ဖြစ်သည်။ ထို့ထက် ကျူးဘားသမ္မတ 'ဖီဒယ်(လ)ကက်စထရို (Fidel Castro) ၏ အရင်းနှီးဆုံး မိတ်ဆွေကြီးတစ်ဦးလည်း ဖြစ်ပါသည်။ 'မန်လေ'မှာ (၁၉၇၀) အလွန်နှစ်များလောက်ထိ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို သက်ဝင်ယုံကြည်ခဲ့သူ လက်ဝဲဝါဒီတစ်ဦး ဖြစ်သော်လည်း (၁၉၈၀) အလွန်နှစ်များတွင်မူ ဈေးကွက်စီးပွားရေးစနစ်ဘက်မှ ရပ်ခံတင်ပြခဲ့သူ ဖြစ်လာသည်။ New Perspectives Quarterty (N.P.Q) မဂ္ဂဇင်းကြီးက 'မန်လေ'၏ အမြင်များ ပြောင်းလဲမှုကို တွေ့ဆုံမေးမြန်းခဲ့ရာ ယခုစာစုမှာ အဆိုပါတွေ့ဆုံမေးမြန်းခန်းမှ ထုတ်နုတ်ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။*

## အဒမ်စမစ် မှန်တယ်

■ **ခင်ဗျားဟာ ကျွန်တော်တို့ခေတ်ရဲ့ အထူးခြားဆုံးနိုင်ငံရေး ခေါင်းဆောင်တစ်ယောက်လို့ ပြောနိုင်မယ်ထင်ပါတယ်။ အရင်က 'ဗီဒယ်(လ) ကက်စထရို' ရဲ့ ရဲဘော်ကြီးဖြစ်ခဲ့ပြီး ခုတော့ 'ဂျော့ဘု(ရှ်)' ရဲ့ မိတ်ဆွေကြီးဖြစ်နေပြီ။ ခင်ဗျားရဲ့ အမြင်တွေ ဘာကြောင့်ခုလို တစ်ရာ့ရှစ်ဆယ်ဒီဂရီပြောင်းသွားရတာလဲ။**

● လူတစ်ယောက်အနေနဲ့ အထူးသဖြင့် ခေါင်းဆောင်တစ်ယောက်အနေနဲ့ ပြောင်းလဲလာတဲ့ အဖြစ်သနစ်တွေကို ရဲရဲကြည့်ပြီး 'ကျုပ်မှားတယ်၊ အရာကိစ္စတွေဟာ ကျုပ်ထင်သလို ဖြစ်မလာခဲ့ဘူး' လို့ ရိုးရိုးသားသား ထုတ်ပြောဖို့ အခက်အခဲ ရှိနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ ဒီအတိုင်းပြောရမှာပဲ။ တစ်ခုတော့ ရှိတယ်ဗျ။ ကျွန်တော်ဖြစ်စေချင်တဲ့ဆန္ဒ (ကျွန်တော့် ရည်မှန်းချက်ပေါ့ဗျာ) နဲ့ ပတ်သက်ရင်တော့ အရင်ကလည်း ဒီအတိုင်းပဲ။ ခုလည်းဒီလိုပဲ။ ဘာမှအပြောင်းအလဲမရှိပါဘူး။ ဆင်းရဲတဲ့သူတွေ၊ မွဲမြဲမွဲနေတဲ့ အခြေအနေကြီးကို ကျွန်တော်မလိုလားဘူး။ အခြယ်လှယ်ခံတွေ၊ တစ်သက်လုံး တုံးအောက်ကဖား ဖြစ်နေရတာမျိုးကို ကျွန်တော် ဘဝင်မကျဘူး။ ကျွန်တော့်ရည်ရွယ်ချက်က ဒီလူတွေအတွက်အကောင်းဆုံး အနေအထားကို ဖန်တီးပေးချင်တာပါ။ ဒီအတွက် ဖြစ်နိုင်စရာရှိမယ်လို့ ယုံကြည်တဲ့ လမ်းကြောင်းတွေကို ကျွန်တော်လိုက်ကြည့်တာပဲ။

ကိုလိုနီအုပ်စိုးမှုအောက်က ကျားကုတ်ကျားခဲ ရုန်းထွက်ခဲ့ရတဲ့ တခြားတတိယကမ္ဘာနိုင်ငံတွေလိုပဲ ဂျမေကာဟာ ဆိုရှယ်လစ်ဝါဒဘက်ကို မျှော်လင့်တကြီး မျက်နှာမူခဲ့ဖူးပါတယ်။ နိုင်ငံတော်အာဏာကို အသုံးပြုပြီး လူမှုရေးတရားမျှတမှုတွေကို ဥပဒေနဲ့အညီ ဖန်တီးနိုင်လိမ့်မယ်လို့ ယုံကြည်ခဲ့တယ်။ ယုံကြည်တဲ့အတိုင်းလည်း လုပ်ခဲ့တယ်။ ပြောရရင် ကျွန်တော်တို့ တတွေရိုးရိုးသားသား လုပ်ခဲ့ကြတာပါ။ ဒါပေမယ့် ကျွန်တော်တို့ မအောင်မြင်ခဲ့ဖူး။ နိုင်ငံတော်ရဲ့ အခန်းကဏ္ဍနဲ့ပတ်သက်လို့ ကျွန်တော်တို့ အတွက်မှားသွားတယ်။

ကျွန်တော်တို့က နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဆိုတာနဲ့ အရာရာကို

စေတနာသန့်သန့် ဖန်တီးပေးနိုင်မယ်လို့ထင်ခဲ့တာကလား။ လက်တွေ့မှာတော့ ဘာရုပ်ဝတ္ထုမက်လုံးမှ ဖန်တီးမပေးနိုင်တဲ့ အခြေအနေအောက်မှာ လူထုကို အသိစိတ်ဓာတ်တစ်ခုတည်းနဲ့ မောင်းလို့မရပါလား ဆိုတာနားလည်လာရတယ်။ ရုပ်ဝါဒီလို့ ကိုယ့်ကိုယ်ကို ထင်ထားခဲ့တဲ့ ကျွန်တော်တို့တတွေ စိတ်ကူးယဉ်ခဲ့ကြတာပေါ့ဗျာ။ ကျွန်တော်တို့ မျှော်လင့်တာတွေဖြစ်မလာပေမယ့် မမျှော်လင့်တာတွေတော့ အများကြီး ဖြစ်လာခဲ့တယ်ဗျ။ လက်ဝါးကြီးအုပ် အနောက်အထားကိုဟန့်တားဖို့ ကြိုးစားရင်းက ဆန့်ကျင်ဘက် အကျိုးဆက်တွေ ဖြစ်လာတယ်။ စီးပွားရေးမှာ နိုင်ငံတော်ပိုင်ကဏ္ဍကြီးထွားလာ တာနဲ့အမျှ ပုဂ္ဂလိက ကဏ္ဍသေးကျုံ့လိုက်လာတယ်။ နောက်ဆုံး စီမံကိန်းနဲ့ အလုပ်မဖြစ်တော့ အမိန့်နဲ့မောင်းတာမျိုးတွေဖြစ်လာတယ်။ ပြောမယ်ဆိုရင်တော့ အများကြီးပေါ့ဗျာ။

ဒီလို ခါးသီးတဲ့ အတွေ့အကြုံတွေကို ဆယ်နှစ်ကျော် ဖြတ်သန်းပြီးမှ 'အဒမ်စမစ်' မှန်တယ်ဆိုတာ ကျွန်တော် အသိအမှတ်ပြုလာနိုင်တာပါ။ စမစ်ပြောခဲ့တဲ့ 'ကိုယ်ပျောက်လက်' ရဲ့အာနိသင်ကို ကျွန်တော်ကိုယ်တွေ့ယုံကြည်လာတယ်။ ဘာပဲဖြစ်ဖြစ် ဂျမေကာစီးပွားရေးကို အေးအေးဆေးဆေးချောင်းချောင်းနဲ့ ဈေးကွက်ပေါ်ပြန်တင်နိုင်လိုက်တဲ့အတွက်တော့ ကျွန်တော်ကျေနပ်ပါတယ်။ ကျွန်တော့်ကို ဘာကပြောင်းလဲစေခဲ့သလဲဆိုရင် သမိုင်းက ပြောင်းပစ်လိုက်တာလို့ပဲ ဖြေပါ့မယ်။

■ **ဓနကို ဘာက ဖန်တီးလဲ။ ဆင်းရဲမှုကို ဘာက ဖန်တီးလဲ။ ခင်ဗျားရဲ့လောလောဆယ်အမြင်ကို သိချင်ပါတယ်။**

● လူတွေ စုဆောင်းချင်တဲ့ ဆန္ဒရှိပြီး စုဆောင်းလို့ဖြစ်နိုင်မယ့် အခြေအနေလည်းရှိတဲ့၊ ပြီးတော့ စွမ်းဆောင်ရည် ပြည့်ကုန်ထုတ်လုပ်ရေးကို တွန်းတင်နိုင်မယ့် ဘယ်လိုစီးပွားရေးပုံစံမျိုးမဆို ဓနကိုဖန်းတီးနိုင်ပါလိမ့်မယ်။ အချုပ်ပြောရရင်တော့ အဒမ်စမစ်ပုံစံပေါ့။ ဈေးကွက်ပုံစံပေါ့။ အရာရာကို ဗဟိုတစ်ခုက စုစည်းယူပြီး အဲဒီကနေတစ်ဆင့် အညီအမျှပြန်လည်ခွဲဝေ ပေးရမယ်ဆိုတဲ့ ဘယ်လိုစီးပွားရေးပုံစံမျိုးမဆို ဆင်းရဲမှုနဲ့ ထိပ်တိုက်တိုး နိုင်စရာရှိတယ်။ အချုပ်ပြောရရင် စီမံကိန်းပုံစံပေါ့။ ကျွန်တော်တို့ လုပ်ခဲ့ဖူးတဲ့ ပုံစံဟောင်းပေါ့။

■ **တစ်ချိန်က တတိယကမ္ဘာက အဆိုပြုခဲ့ဖူးတဲ့ 'နိုင်ငံတကာ စီးပွားရေး**

**အစီအစဉ်သစ်' (New International Economic Order) ဆိုတာကို ဦးဆောင်တင်ပြခဲ့သူတွေထဲမှာ ခင်ဗျားလည်း ပါတယ်မဟုတ်လား။ ခုကော ဒီအယူအဆကို ဆက်လက်ကိုင်စွဲ ထားဆဲ ပဲလား။**

- ပထမဆုံး ဒီအစီအစဉ်ကို စဉ်းစားမိစေတဲ့ နောက်ခံကားက စပြောမှသင့်ပါလိမ့်မယ်။ ကိုလိုနီစနစ်ရဲ့ အကျိုးဆက်လို့ပြောရမှာပေ့ါ။ စစ်ပြီးခေတ် ကမ္ဘာစီးပွားရေး အခြေအနေဟာ တတိယကမ္ဘာနိုင်ငံတွေအတွက် အခွင့်မသာခဲ့တာအမှန်ပဲ။ ကျွန်တော်တို့က 'ထပ်ဆင့်တိုးတန်ဖိုး' (value added) မဖြည့်နိုင်တဲ့ ကုန်ကြမ်းတွေကိုသာ ထုတ်လုပ်နိုင်တယ်။ ဒါကို ဈေးနာနဲ့ရောင်းပြီးမှ ထပ်ဆင့်တိုး တန်ဖိုးဖြည့်ထားတဲ့ ကုန်ချောတွေကို ဈေးကြီးပေးဝယ်ရတယ်။ ဒီတော့ ခုနဟာ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာသာ စုနေတာ ဘာဆန်းတော့မလဲ။ ဒါဟာ ကမ္ဘာလုံးဆိုင်ရာ အရင်းရှင်စနစ်ရဲ့ မမျှတမှုလို့ ကျွန်တော်တို့ ယူဆလိုက်ကြတယ်။ ဒီတော့ ကမ္ဘာ့စီးပွားရေးကို မြေညီကွင်းဖြစ်လာအောင် 'ကုန်သွယ်မှုဆန္ဒန်း' (Terms of trade) ကို ပြန်ညှိရမယ်။ ဆင်းရဲတဲ့နိုင်ငံတွေအတွက် နည်းပညာသစ်တွေရနိုင်ဖို့ လမ်းကြောင်းတွေ ဖန်တီးပေးရမယ်. . . စသဖြင့်ပေ့ါဗျာ။ 'နိုင်ငံတကာ စီးပွားရေး အစီအစဉ်သစ်' ဆိုတာ ဒါကိုပြောတာပါ။ အဲဒီတုန်းကတော့ ဒီစဉ်းစားချက်ကို တော်တော်များများ လက်ခံကြပါတယ်။ ကုလသမဂ္ဂရဲ့ ဖွံ့ဖြိုးရေး စီမံကိန်းတွေဆိုတာကို အခြေခံခဲ့တာပါ။

ခုမှ ပြန်တွေးကြည့်လိုက်တော့ ကျွန်တော်တို့ စဉ်းစားတာက ကျင့်ဝတ်သီလဘက် တစ်ခုတည်းက ချဉ်းကပ်ခဲ့တာကလား။ ကောင်းတယ်၊ မှန်တယ်၊ ဖြစ်သင့် ဖြစ်ထိုက်တယ်။ ဒါပေမယ့် လက်တွေ့ဖြစ်မလာခဲ့ဘူး။ 'ဝီလီဘရန့်' ကြီး ဦးဆောင်ခဲ့တဲ့ တောင်၊ မြောက် ဆွေးနွေးပွဲတွေကိုပဲ ကြည့်ပေ့ါဗျာ။ နာမည်သာကြီးတယ်။ ဘာအဖြေမှ မရခဲ့ဘူး နောက်ဆုံး (၁၉၈၁) ကန်ကွန်ညီလာခံမှာ ရော်နယ်ရေဂင်ရဲ့ 'နိုး'(No) ဆိုတဲ့ စကားတစ်ခွန်းနဲ့ပဲ ကျွန်တော်တို့မျှော်လင့်ခဲ့တဲ့ နိုင်ငံတကာစီးပွားရေး အစီအစဉ်သစ်ဆိုတာ ရေဖြစ်သွားခဲ့ရတော့တယ်။

အဲဒီနောက်ပိုင်းကစပြီး ဖြစ်နိုင်စရာရှိတဲ့ 'အော်လတာနေးတစ်'တွေကို စဉ်းစားခဲ့ကြတာပါ။ 'တောင်–တောင် ပူးပေါင်းဆောင်ရွက်ရေး' (south

- south cooperation) ဆိုတာ ဒါတွေထဲက တစ်ခုပေါ့။ ခုထိလည်း နည်းလမ်းတွေ ရှာနေကြဆဲပါပဲ။ ဒီနေ့ (WTO) မှာ အဓိက ဆွေးနွေးနေကြရတာ ဒီကိစ္စပေါ့။ ဒါဟာကမ္ဘာလုံးဆိုင်ရာ အရင်းရှင်စနစ်ရဲ့စိန်ခေါ်မှုလည်း ဖြစ်ပါတယ်။

■ **လွတ်လပ်တဲ့ ကုန်သွယ်ရေးဖုန်တွေနဲ့ ပတ်သက်လို့ကော ခင်ဗျား ဘယ်လိုသဘောရပါသလဲ။**

● ဒါ သမိုင်းရဲ့လိုအပ်ချက်ပဲဗျာ။ လွတ်လပ်တဲ့ ကုန်သွယ်ရေးကို ကျွန်တော့်မှုအရ ထောက်ခံတယ်။ ဒါပေမယ့် ဒီနေ့ဖွံ့ဖြိုးပြီးရော၊ ဖွံ့ဖြိုးဆဲရော နိုင်ငံတိုင်းလိုလိုက 'ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒ'ကို သူနည်းနဲ့သူ ကျင့်သုံးနေကြတာကိုလည်း ကျွန်တော် နားလည်ပေးနိုင်ပါတယ်။ ပြောရရင်တော့ ဒီဝါဒဟာသမိုင်းရေစီးကို ခုခံဖို့ကြိုးစားကြည့်တာပါ။ ဒီနေ့လိုနည်းပညာနဲ့ မောင်းတဲ့စီးပွားရေးခေတ်မှာ အကောင်းဆုံးရွေးချယ်မှု မဟုတ်တာ သေချာပါတယ်။ သမိုင်းဟာ ဘယ်ကို ဦးတည်သွားနေလဲဆိုတာ သိဖို့ဆိုရင်တော့ နိုင်ငံရေးကိုမေ့ထားရလိမ့်မယ်ဗျ၊ နည်းပညာကို လေ့လာကြရလိမ့်မယ်။ ဒီလိုမှမဟုတ်ရင် ကျွန်တော်တို့ ကျန်ရစ်ခဲ့မှာပဲ။

■ **ခင်ဗျားရဲ့ ရဲဘော်ကြီး 'ကက်စထရို'ကတော့ ခင်ဗျားနဲ့ ဆန့်ကျင်ဘက်မှာ ကျန်ရစ်ခဲ့တယ်နော်။ ဒီရေစီးကို ဖြတ်ကျော်ဖို့ သူ့သိပ်များ အသက်ကြီးလွန်းသွားပြီလား။**

● အပြောင်းအလဲတချို့ဆိုတော့ စမြင်နေရပါပြီ။ ကျွန်တော် ပြောချင်တာက ကျူးဘားရဲ့ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းပေါ့။ နောက်တစ်ခု ပြောချင်တာက ဒီနေ့ ကျူးဘားရဲ့ အခက်အခဲတွေကိုလည်း ကျွန်တော်တို့ စာနာပေးသင့်ပါတယ်။

■ **ဒါဖြင့်ရင် အမေရိကန်ပြည်ထောင်စုရဲ့ ကျူးဘားအပေါ် စီးပွားရေး အရေးယူပိတ်ဆို့တဲ့ ပေါ်လစီကို ခင်ဗျားလက်မခံဘူးပေါ့။ ဒီကိစ္စ ခင်ဗျားရဲ့ အမေရိကန် မိတ်ဆွေတွေနဲ့ ဆွေးနွေးကြည့်သေးလား။**

● ကျူးဘားအပေါ် အရေးယူပိတ်ဆို့တဲ့ ပေါ်လစီကို ကျွန်တော် အရင်ကတည်းက မထောက်ခံခဲ့ပါဘူး။ ဒီကိစ္စကြီးရှိနေတော့ ဥရောပမှာ ဘာလင်တံတိုင်းပြိုခဲ့ပြီးပေမယ့် ကရစ်ဘီယံမှာ စစ်အေးမပြီးသေးသလို ဖြစ်နေတာပေါ့။

**စီးပွားရေး အရေးယူပိတ်ဆို့တဲ့နည်းနဲ့ 'ဗိုဒယ်ကက်စထရို' ကို ဖြုတ်ချနိုင်လိမ့်မယ်လို့လည်း ကျွန်တော်မယုံဘူး။ တကယ်တော့ ဒီစဉ်းစားချက်က 'ကက်စထရို' ကို 'ဟွန်နက်ကာ' နဲ့ တစ်တန်းတည်းထားပြီး ကြည့်တာက** လာတာဗျ၊ ပြောရရင် ကျူးဘားနဲ့ အရှေ့ဥရောပဟာ မတူပါဘူး။ အနည်းဆုံး ခြားနားချက်ကြီး နှစ်ခုရှိတယ်လို့ ကျွန်တော် ယူဆတယ်။ ဒါတွေကို နံပါတ်စဉ်တပ်ပြီး ပြောပါ့မယ်။

(၁) အရှေ့ဥရောပ ကွန်မြူနစ်ဝါဒဟာ အမျိုးသားရေး အခြေခံပေါ်က လာတာမဟုတ်ဘူး။ တပ်နီတော်က လာတာ။ ကျူးဘားမှာ ဒါမျိုးမဟုတ်ဘူး။ ကျူးဘားတော်လှန်ရေးဟာ အမျိုးသားရေး အခြေခံပေါ်ကလာတာ။ ''ကက်စထရို' ဆိုတာ ဒီတော်လှန်ရေးရဲ့သင်္ကေတပဲ။ (အဲ နောက်ဆုံး သင်္ကေတဖြစ်ချင်တော့ ဖြစ်မှာပေါ့ဗျာ) .

(၂) ဒုတိယအချက်က ကက်စထရိုရဲ့ နိုင်ငံရေး ဂုဏ်သိက္ခာနဲ့ဆိုင်တယ်။ သူ့မှာ ဆွစ်ဇာလန်ဘဏ်စာရင်း မရှိဘူး။ ကိုယ်ကျိုးရှာသမား မဟုတ်ဘူး။ သူယုံကြည်တဲ့စနစ်မှာ အာဏာရှင်သဘော ရှိချင်ရှိမယ်။ သူကိုယ်တိုင်ကတော့ ငါ့မင်းငါ့ချင်း ဝါဒသမားမဟုတ်ဘူး။ အရှေ့ဥရောပမှာ သူနဲ့ယှဉ်နိုင်တဲ့ ခေါင်းဆောင်မျိုး ဘယ်မှာရှိလို့လဲ။ ကက်စထရိုကို 'ဟွန်နက်ကာ' တို့ 'ချောင်စက်စကူး' တို့နဲ့ တစ်သဘောတည်း ကြည့်ရင် အကြီးအကျယ် မှားသွားလိမ့်မယ်။

■ **ခင်ဗျားကတော့ မပြောင်းလဲတဲ့ ခင်ဗျားရဲ့ ရည်ရွယ်ချက်အတွက် နည်းနာပိုင်းကို ပြောင်းခဲ့တာပေါ့။ 'ကက်စထရို' ကတော့ ခုထိ ဘာမှ မပြောင်းသေးဘူး။ ပြောင်းမယ့်လက္ခဏာလည်း မတွေ့ရဘူး။ ကျူးဘားနည်းဟာ ခေတ်မရှိတော့ဘူးလို့ပြောရင် ခင်ဗျား ဘယ်လိုယူဆမလဲ။**

● ခင်ဗျား ပြောတာ ဖြစ်နိုင်ပါတယ်။

**စာညွှန်း**

Adam Smith Was Right

(N.P.Q 1992 April)

# ရှာရီတာကယ်(လ)နှင့် အင်တာဗျူး

*မက်ဆာချူးဆက် နည်းပညာတက္ကသိုလ် (MIT) မှ ပါမောက္ခ 'ရှာရီတာကယ်(လ)' (Sherry Turkle) မှာ ခေတ်ပြိုင်တက္ကနိုလိုဂျီနှင့် ခေတ်ပြိုင် လူ့အဖွဲ့အစည်းတို့၏ အဆက်အစပ်ကို အထူးပြုလေ့လာနေကြသော ပညာရှင်များထဲတွင် အထူးထင်ရှားသူတစ်ဦး ဖြစ်ပါသည်။ လူမှုဗေဒပညာရှင်နှင့် စိတ်ပညာရှင်တစ်ဦး ဖြစ်သောသူမမှာ ကွန်ပျူတာအပါအဝင် အဆင့်မြင့်တက္ကနိုလိုဂျီပစ္စည်းများနှင့် လူသားတို့၏ အပြန်အလှန် တုန့်ပြန်ဆက်စပ်မှုကို နှစ်ပေါင်း (၂၀) ကျော်မျှ အချိန်ယူလေ့လာခဲ့သူဖြစ်သည်။ သူမ၏ တွေ့ရှိချက်များကို အခြေခံပြီး စာအုပ်အဖြစ်ရေးသားထုတ်ဝေခဲ့ရာတွင်လည်း အထူးအောင်မြင်မှုရခဲ့သည်ဟု သိရသည်။*

ပန်းသက်တံစာပေ

သူမ၏ ပထမဆုံးစာအုပ်မှာ 'ဒုတိယအတ္တ၊ ကွန်ပျူတာနှင့်လူ့စိတ်ဉာဉ်' *(The Second Self: Computers and The Human Spirit)* ဖြစ်သည်။ ဒုတိယစာအုပ်မှာ 'မှန်သားပြင်ပေါ်မှဘဝ၊ အင်တာနက်ခေတ်၏ အမှတ်အသားသရုပ်' *(Life on The Screen: Identity in The Age of Internet)* ဖြစ်ပါသည်။ ယခုအခါ သူမ၏ တတိယစာအုပ် 'ရင်းနှီးကျွမ်းဝင်ယန္တရား' *(Intimate Machines)* ကို ပြုစုနေဆဲဟုသိရသည်။ ပါမောက္ခ 'ရှာရီတာကယ်(လ)' ကိုယ်တိုင်ကမူ သူမ၏ တအုပ်သုံးအုပ်မှာ သုံးခန်းတွဲ ဒရမ်မာကြီးတစ်ခုဖြစ်ပြီး 'စိတ်နှင့်စက်တို့တွေ့သောအခါ ဖြစ်တန်ရာသည့် အနာဂတ်ရှုခင်းကို ကြိုးစားပုံဖော်ထားခြင်း' ဖြစ်သည်ဟု ဆိုသည်။

ယခုစာစုမှာ 'ဟားဗတ်ဘိဇနက်ရီဗျူး' *(H.B.R)*၏ ပါမောက္ခ 'ရှာရီ တာကယ်(လ)' နှင့်တွေ့ဆုံမေးမြန်းချက်များမှ ထုတ်နုတ်ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

## ဒုတိယအတွက်ကို ရှာဖွေခြင်း

■ **အပြောင်းအလဲတွေ အကြောင်းကစကြရအောင်၊ သိပ် မကြာလှသေးတဲ့ ဆယ်စုတွေအတွင်း ကွန်ပျူတာသိပ္ပံမှာ ဘာတွေများ ကြီးကြီးမားမား ပြောင်းလဲခဲ့ပါသလဲ။**

● (၁၉၈၀) ဝန်းကျင်လောက်ကဆိုရင် ကွန်ပျူတာဆိုတာ ကွန်ပျူတာ သိပ္ပံပညာရှင်တွေနဲ့သာ အဓိကသက်ဆိုင်တဲ့ ပစ္စည်းတစ်ခုလို့ ဆိုနိုင်တာပေါ့။ အခု ဒီလိုမဟုတ်တော့ဘူး၊ ရှင့်အနေနဲ့ဗိသုကာတစ်ယောက်ဖြစ်ချင်ဖြစ်မယ်။ ဆရာဝန်တစ်ယောက် ဖြစ်ချင်လည်းဖြစ်မယ်။ ဒါမှမဟုတ် ဘိဖနက်သမား တစ်ယောက်ရင်လည်း ဖြစ်ချင်ဖြစ်မယ်။ ဘာပဲဖြစ်ဖြစ် ကွန်ပျူတာကို ရှောင်လို့မရတော့ဘူး။ ကွန်ပျူတာမသုံးလို့ မဖြစ်တော့ဘူး။ ဒီအချက်က ဘာကိုပြလဲဆိုတော့ ကွန်ပျူတာဆိုတဲ့တက္ကနိုလိုဂျီပစ္စည်းတစ်ခုဟာဘဝရဲ့ ထောင့်တိုင်းနေရာတိုင်းကို ဒလစပ်ထိုးဖောက်ဝင်နေပြီဆိုတဲ့ အချက်ပေါ့။

ဒီအချက်ကိုပဲ ဆက်လက်အာရုံစိုက်လေ့လာလိုက်တော့ ပိုအရေးကြီး

တဲ့ နောက်တစ်ခုကို တွေ့လာရပြန်တယ်။ ကွန်ပျူတာ (အထူးသဖြင့် ဆော့ဝဲလ်)က လူ့စိတ်၊ လူ့အတွေးနဲ့ လူရဲ့စဉ်းစားပုံအပေါ် သက်ရောက်မှု ဖြစ်ပါတယ်။ ကွန်ပျူတာဆော့ဝဲ(လ)က ဗိသုကာတစ်ယောက်ရဲ့ အဆောက် အအုံနဲ့ပတ်သက်တဲ့ စဉ်းစားပုံကိုပြောင်းပစ်လိုက်တယ်။ ဒီလိုပဲ ခွဲစိတ်ဆရာ ဝန် တစ်ယောက်ရဲ့ လူ့ခန္ဓာကိုယ်နဲ့ပတ်သက်တဲ့ စဉ်းစားပုံကို ပြောင်းပစ် လိုက်တယ်။ ပညာရေးလောကမှာဆိုရင် ပိုပြီးတောင် သိသာထင်ရှားသေး တယ်။ ဆရာတွေရဲ့ သင်ကြားရေးနဲ့ပတ်သက်တဲ့ စဉ်းစားပုံ၊ ကျောင်းသား တွေရဲ့ သင်ယူမှုနဲ့ပတ်သက်တဲ့ စဉ်းစားပုံအားလုံးက သမားရိုးကျနဲ့ ဘယ်လိုမှ မတူနိုင်တော့ဘူး။ ကွန်ပျူတာဆော့ဝဲ(လ)ရဲ့ ဖန်တီးနိုင်စွမ်းက အဆုံးအဖြတ် နေရာကို ရောက်လာတယ်။

တက္ကနိုလိုဂျီသစ်တွေက လူတွေရဲ့ နိစ္စဓူဝဘဝတွေကို ပြောင်းစေ တယ် ဆိုတာကိုတော့ ကျွန်မတို့တော်တော်များများ သတိပြုမိကြပါတယ်။ သိပ် အလေးမထားမိကြတာက ကျွန်မတို့ လူသားတွေရဲ့ စိတ်အခံအပေါ် တက္ကနို လိုဂျီရဲ့ သက်ရောက်မှုပါ။ 'စိတ္တဗေဒသက်ရောက်မှု' (Psychological effect) လို့ ဆိုရမှာပေါ့။ ကျွန်မတို့ဟာ တက္ကနိုလိုဂျီသစ်တွေ ဖန်တီးရင်း 'စိတ်ကမ္ဘာကြီး (Psychological World) တစ်ခုကိုလည်း ဖန်တီးသလို ဖြစ်နေတယ်။ တက္ကနိုလိုဂျီ ပစ္စည်းတစ်ခုဟာ ဖန်တီးသူ ဒီဇိုင်းနာအတွက် သာမန်ကိရိယာတန်ဆာပလာဖြစ်ပေမယ့် အသုံးပြုသူအတွက်တော့ ပြင်ပက ပစ္စည်းသက်သက် မဟုတ်တော့ဘူး။ ဘဝထဲကို ချင်းနင်းဝင်ရောက်လာတဲ့ (ပြောရရင်) ဘဝရဲ့ အစိတ်အပိုင်းတစ်ခုလို ဖြစ်လာတဲ့ 'ဒုတိယအတ္တ' (second self) ဖြစ်လာတယ်။ ကျွန်မ စိတ်ဝင်စားတာ ဒါပဲ၊ ကျွန်မ အထူးပြုလေ့လာနေတာလည်း ဒါပါပဲ။

- ■ နေ့ကလေးထိန်းလုပ်ငန်းတွေမှာ လူသားနာနီတွေအစား နာနီ ရိုဘော့ တွေနဲ့ အစားထိုးဖို့ အစီအစဉ်တွေ ရှိနေပြီလို့သိရပါတယ်။ တချို့နိုင်ငံ တွေမှာဆိုရင် နာနီရိုဘော့တွေကို အစမ်းသဘော သုံးနေပြီလို့တောင် ကြားရတယ်။ ဒီနာနီတွေမှာ ကလေးချစ်တတ်တဲ့ ပရိုဂရမ် ထည့်ပေး ထားပါသလား။ ဒါမျိုးဟာ တကယ်ရော ဖြစ်နိုင်ပါရဲ့လား။
- ● 'ဝပီး(လ)ဘာ့(ဂ်)' ရဲ့ ဇာတ်ကောင်တစ်ယောက် ရှိပါရောလား 'အယ်(လ)'

လို့ခေါ်တဲ့ သိပ္ပံပညာရှင်ကြီးလေ။ သူက 'ဒေးဗစ်'လို့ခေါ်တဲ့ လူပုံပေါက်နေတဲ့ ရိုဘော့တစ်ခု ထွင်လိုက်တယ်။ ချစ်တတ်တဲ့ ပရိုဂရမ်ကိုလည်း ဒေးဗစ်မှာ ထည့်ပေးလိုက်တယ်။ ဒေးဗစ်ကိုသားအဖြစ် မွေးစားတဲ့ အမျိုးသမီးနဲ့ ဒေးဗစ်တို့ရဲ့အပြန်အလှန် သံယောဇဉ်ကို ဇာတ်လမ်းဖွဲ့ထားတာပေါ့။ ဒီရုပ်ရှင်လည်းပြပြီးရော အငြင်းပွားစရာတွေ တစ်သီကြီး လျှံကျလာတော့တာပေါ့။ ဒီလို ရိုဘော့မျိုး တကယ်ကော ထွင်နိုင်ပြီလား။ ဒီနေ့ တက္ကနိုလိုဂျီဟာ ဒီအဆင့်ထိ ရောက်ပြီလား။ တကယ်လို့ ထွင်နိုင်မယ်ဆိုရင်ကော ဘယ်လောက်ကြာဦးမလဲ။ ဘယ်တော့လောက် အကောင်အထည်ပေါ်မလဲ။ ဒါတွေကတော့ ပထမဆုံးထွက်လာတဲ့ မေးခွန်းတွေပေါ့လေ။ ရှင့်မေးခွန်းကလည်း ဒီသဘောပဲ ဖြစ်ပါလိမ့်မယ်။ မေးခွန်းရဲ့အဖြေကိုတော့ သက်ဆိုင်ရာပညာရှင်တွေကပဲ အတိအကျပေးနိုင်ပါလိမ့်မယ်။ ကျွန်မ သိရသလောက်ဆိုရင် ခုလောလောဆယ်မှာ အကောင်အထည်မဖော်နိုင်သေးပေမယ့် အလားအလာ အပြည့်ရှိနေပြီလို့ ကြားရတာပဲ။

ထားပါတော့၊ ကျွန်မ စိတ်ဝင်စားတာက ဒါမဟုတ်ဘူး။ လူ့စိတ်၊ လူ့အသိရှိတဲ့ လူသားပုံတူ ရိုဘော့တွေကို ကျွန်မတို့လူသားတွေက ဘယ်လိုသဘောထားကြမလဲ။ ဘယ်လိုတုန့်ပြန်ကြမလဲဆိုတဲ့ကိစ္စကို ပိုစိတ်ဝင်စားတယ်။ ဒါကို လေ့လာနိုင်ဖို့ ကစားစရာရိုဘော့တွေနဲ့ ကလေးတွေရဲ့ ဆက်ဆံရေးကို ကျွန်မသုတေသန လုပ်ကြည့်ဖူးတယ်။ ရိုဘော့အရုပ်လေးတစ်ခုဟာကလေးတွေနဲ့ မျက်လုံးချင်းစကားပြောနိုင်မယ်။ လက်ဟန်ခြေဟန်လည်း လုပ်ပြတတ်မယ်ဆိုပါတော့။ ဒီလို အရုပ်ရိုဘော့တွေနဲ့ ကလေးတွေကို ကာလတစ်ခု အတူကစားစေပြီးမှ ပြန်လေ့လာကြည့်လိုက်တော့ ကလေးတွေဟာ အဲဒီရိုဘော့လေးတွေကို အာရုံခံစားမှုရှိတဲ့ လူသား သူငယ်ချင်းတွေလို သံယောဇဉ်ဖြစ်နေတာ သွားတွေ့ရတယ်။ စကားလည်း အထိုက်အသင့်ပြောတတ်မယ်။ သာမန်ဂိမ်းလောက်ကိုလည်း ကလေးတွေနဲ့ အတူဆော့တတ်မယ်ဆိုတဲ့ ရိုဘော့အရုပ်တွေနဲ့စမ်းကြည့်တော့ ပိုပြီးတောင် သံယောဇဉ်ကြီးနေတာ တွေ့ရတယ်။

တကယ်တော့ ဒီအရုပ်ရိုဘော့တွေမှာ ချစ်တတ်တဲ့ ပရိုဂရမ်မပါသေးပါဘူး။ လူ့ခံစားမှုအပြည့် ထည့်ထားနိုင်တာ မဟုတ်သေးပါဘူး။ ဒါပေမယ့်

ကလေးတွေအတွက်တော့ လူသားသူငယ်ချင်းတွေလို ဖြစ်နေတယ်။ ကလေးဘဝရဲ့ အစိတ်အပိုင်းတစ်ခုလို့တောင် ပြောလို့ရသလို ဖြစ်နေပါပြီ။ အစဉ်အလာအရတော့ လူမှုဆက်ဆံရေး ပုံစံနှစ်မျိုးပဲရှိတယ်လေ။ လူလူချင်းဆက်ဆံရတယ်။ လူနဲ့ သဘာဝဆက်ဆံရတယ်။ အခု တတိယ ဆက်ဆံရေး ပေါ်လာပြီ။ လူနဲ့ရိုဘော့ရဲ့ ဆက်ဆံရေးပေါ့။ ဒီဆက်ဆံရေးနဲ့သဘောသဘာဝကို ကျွန်မတို့ဘာမှမသိသေးဘူးလို့ ပြောရလိမ့်မယ်။

- **ဆရာမက စပီး(လ)ဘာ့(ဂ်)ရဲ့ AI: Artificial ရုပ်ရှင်အကြောင်း ပြောတော့မှပဲ ကျွန်တော်ဖတ်ဖူးတာတစ်ခုကို သတိရတော့တယ်။ အနာဂတ္တိဆရာ 'အယ်လဗင်းတော်ဖလာ' ပြောတာထင်ပါရဲ့။ အနာဂတ်အကြောင်း သိချင်ရင် သိပ္ပံဝတ္ထုတွေဖတ်၊ သိပ္ပံရုပ်ရှင်တွေ ကြည့် ဆိုတာလေ။ 'ကမ္ဘာဆုံးထိ' (Unit the End of the World) ဇာတ်ကားမှာဆိုရင် လူတွေဟာ တက္ကနိုလိုဂျီကို ဘိန်းစွဲသလိုစွဲနေ တာတွေ့ရတယ်။ နာမည်ကြီး 'မက်ထရစ်' (Matrix) ဇာတ်ကားမှာ ဆိုရင် လူတွေနဲ့ ရိုဘော့တွေဟာ အစစ်အမှန်မဟုတ်တဲ့ အစစ်အမှန် နီးပါးလောကထဲမှာ ထွေးရောယှက်တင် ဖြစ်နေကြတာတွေ့ရပြန်ငရော။ ဒါမျိုးတွေ တကယ်ဖြစ်လာနိုင်ပါသလား။ တကယ်လို့ ဖြစ်လာနိုင်တယ်ဆိုရင် ဒီအတွက် ကျွန်တော်တို့မှာ တာဝန်မရှိနိုင်ပေဘူးလား။**
- လူတွေအနေနဲ့ လူ့အသိဉာဏ်နဲ့ လူ့အသိစိတ်ကို ပရိုဂရမ်သွင်းနိုင်မယ် ဆိုရင်တော့ ရိုဘော့တွေကိုယ်တိုင်လည်း 'စိတ္တဗေဒသတ္တဝါတွေ' (Pshchological beings) ဖြစ်လာနိုင်တာပေါ့။ တကယ်လို့ ဒီအတိုင်းသာ တီထွင်နိုင်ခဲ့ရင် အဲဒီလူဟာ သူကိုယ်တိုင် မွေးမြူကြီးပြင်းစေရတဲ့ သားသမီးလို ဒီရိုဘော့အပေါ်မှာ ခံစားမှုရှိလိမ့်မယ်ထင်တယ်။ ဒီခံစားမှုဟာ တာဝန်ယူစိတ်လို့ ပြောနိုင်ပါလိမ့်မယ်။ ရိုဘော့ပညာရှင်တွေအနေနဲ့ အသိစိတ်ရှိတဲ့ ရိုဘော့ကို မတီထွင်နိုင်ဘူးဆိုရင်တောင် သူတို့ကိုယ်တိုင် ထုတ်လုပ်ခဲ့တဲ့ လူ့အသွင်တစ်ခုကို လွယ်လွယ်နဲ့စွန့်ပစ်ချင်ကြမှာ မဟုတ်ပါဘူး။ ရိုဘော့ပိုင်ရှင်တွေ အနေနဲ့လည်း သူတို့ရဲ့ ရိုဘော့လေးတွေက 'ကောင်းသောညပါခင်ဗျား' လို့ နှုတ်ဆက်သံလေးကို ကြားပြီးမှ ခလုတ်ပိတ်လိုက်ချင်တာကလား။ ဖြစ်နိုင်မယ်ဆိုရင် ပရိုဂရမ်ချွတ်ယွင်းသွားတဲ့ ရိုဘော့မျိုးကိုတောင် အမှိုက်ပုံမှာ

တော်သလိုမပစ်ချင်ကြဘူးလေ။ အွန်လိုင်းပေါ်မှာ ရှိဘော့ သချိုင်းသာ ရှိမယ်ဆိုရင် အကျအန သင်္ဂြိုဟ်ချင်ကြလိမ့်မယ် ထင်ပါတယ်။

ရှင်ပြောတဲ့ တက္ကနိုလိုဂျီကို ဘိန်းစွဲသလို စွဲနေကြတာမျိုးကိုတော့ အခုကိုပဲ ဂိမ်းဆော့နေတဲ့ ကလေးတွေမှာ တွေ့နေရပါပြီ။ တကယ်လို့ ရှိဘော့တွေသာ စိတ္တဗေဒသတ္တဝါအဆင့်ထိ ရောက်လာရင် ဒီအစွဲအလမ်းဟာ 'ဒုတိယအတ္တ' (second self) မျိုးတောင် ဖြစ်လာနိုင်စရာရှိပါတယ်။ ဒီဒုတိယအတ္တဟာ လူဖြစ်တည်မှုကို ကောင်းကျိုးပေးမလား၊ ဆိုးကျိုးပေးမလားဆိုတာကိုတော့ ယတိပြတ်ပြောဖို့ စောပါလိမ့်ဦးမယ်။

■ **သရုပ်သကန်ဖန်တီးမှု (အတု)နဲ့ အစစ်အမှန်ဟာ ထွေးရောယှက်တင် ဖြစ်သွားရင်ရော အန္တရာယ်ရှိနိုင်ပါသလား။**

● ရှိနိုင်တယ်။ အသေအချာကို ရှိနိုင်တယ်။ ကျွန်မသမီး ၇–နှစ် အရွယ်တုန်းက ကျောင်းအားရက်တစ်ခုမှာ ကျွန်မသူကို အီတလီ ခေါ်သွားဖူးတယ်။ အဲဒီက ဒွန်နေးကမ္ဘာမှာ ကျွန်မတို့လှေစီးနေရင်း သမီးလေးက ရေအောက်က တစ်စုံတစ်ခုကို လက်ညှိုးထိုးပြပြီး အားရပါးရအော်တယ်ရှင်။ ''မေမေရေ ဟိုမှာ ငါးဖန်ခွက်လေး၊ တကယ့်ငါးလေးအတိုင်းပဲနော်''တဲ့။ ဒီကိစ္စကို ကျွန်မဒွန်နေးက သုတေသနမှူးနဲ့ ဆွေးနွေးကြည့်ဖူးတယ်။ သူက ဘာပြောလဲဆိုတော့ 'လူတွေဟာ အစစ်ထက် အတုကိုပိုစိတ်ဝင်စားတယ်' တဲ့။ သူတို့အသစ်ဖွင့်တဲ့ အောလန်ဒိုပန်းခြံမှာ ဆိုရင် တကယ့်သတ္တဝါအစစ်တွေထားတာ၊ ဒွန်နေးကမ္ဘာလောက် လူဝင်မများဘူးလို့လည်းပြောပြတယ်။ ဒါဟာ လူ့ရဲ့သဘောတ တပ်မက်မှုဖြစ်မယ် ထင်တယ်။ ဒုတိယအတ္တတစ်မျိုးလို့ ပြောနိုင်ပါလိမ့်မယ်။ အဲ ရှင်မေးသလို အတုနှင့်အစစ် ထွေးရောယှက်တင် ဖြစ်လာရင်တော့ ပြဿနာရှိနိုင်ပါတယ်။ ပထမအတ္တနဲ့ ဒုတိယအတ္တ တိုးမိတိုက်မိနိုင်တာပေါ့။ ဒီပြဿနာဟာ ဘယ်လောက်အတိုင်းအတာထိ အန္တရာယ်ရှိနိုင်မလဲဆိုတာတော့ မပြောနိုင်သေးပါဘူး။

■ **ကွန်ပျူတာဟာ လူတွေရဲ့ ကိုယ့်ကိုယ်ကို ကြည့်မြင်ပုံကို အပြောင်းအလဲ ဖြစ်စေတယ်လို့ ဆရာမ ပြောဖူးတယ်နော်။ အဲဒီကိစ္စ နည်းနည်းလောက် ရှင်းပြပေးပါလား။**

● လူဟာ ကိုယ့်ရဲ့အနီးဆုံးမှာရှိတဲ့ တစ်စုံတစ်ရာနဲ့နှိုင်းယှဉ်ပြီး ကိုယ့်ကိုယ်ကို

အကဲဖြတ်လေ့ရှိကြပါတယ်။ ကိုယ့်ဘေးမှာ ခွေးကလေး၊ ကြောင်ကလေးတွေ ရှိနေရင် ကိုယ့်ရဲ့အသိဉာဏ်မြင့်မားမှုက ထင်ရှားနေတော့ ကျေနပ်တာပေါ့။ ဒါကြောင့်လည်း လူဟာ အိမ်မွေးတိရစ္ဆာန် တွေကို ချစ်ကြတာဖြစ်နိုင်တယ်။ တကယ်လို့ ကျွန်မတို့ဘေးက ကွန်ပျူတာဟာ သာမန်စွမ်းဆောင်ရည်ပဲဆိုရင်တော့ ပြဿနာမရှိလှပါဘူး။ ကိုယ့်အသိဉာဏ်က ကွန်ပျူတာထက်သာနေတော့ ကိုယ့်အံ့တွက်ကို မထိခိုက်လှဘူးပေါ့။ ဒါပေမယ့် ကွန်ပျူတာတွေသာ လူ့အသိဉာဏ်ထက် သိသိသာသာမြင့်လာရင် လူ့အတွက်မှာ အနာတရဖြစ်လာနိုင်တယ်။ အငုံ့စိတ် တစ်မျိုး ဖြစ်လာနိုင်တာပေါ့။ ပြောရရင် "အတ္တပေမဝါဒ" (narcissim) ဆိုတာ ဒီလိုအငုံ့စိတ်မျိုးက လာတာလို့ ဆိုနိုင်တယ်။ ကမ္ဘာ့စစ်တုရင် ချန်ပီယံ ကက်စပါရော့ဆိုရင် အိုင်ဘီအမ်ရဲ့ 'အပြာရင့်' (Deep Blue) ကွန်ပျူတာကို ရှုံးသွားတော့ ခုလိုပြောဖူးတယ်။ 'ကျွန်တော် အရှုံးကို လှလှပပကြီး ခံစားလိုက်ရတယ်' တဲ့။

ဒီလိုပြောလို့ တက္ကနိုလိုဂျီတိုးတက်မှုတွေကို ကျွန်မ ဆန့်ကျင်နေတာ မဟုတ်ဘူးနော်။ ကွန်ပျူတာရဲ့ အပြန်အလှန် တုန့်ပြန်နိုင်တဲ့ အရည်အသွေး (interchange quality) ဟာ ဒုတိယအတွက်ကိုလည်း မွေးဖွားစေတာမို့ ပထမအတွက်ရဲ့ အနာတရကို ကုစားနိုင်တာမျိုးလည်း ဖြစ်နိုင်ပါတယ်။

**တည့်နှီး**

Technology and Human Vulnerability

## BOOK REVIEW

# ဖရန်စစ်ဖူကူယားမားရဲ့ နိုင်ငံတည်ဆောက်ရေး

**ဖရန်စစ်ဖူကူယားမား၏**
**နောက်ထပ်သမိုင်းနိဂုံးဖြည့်စွက်ချက်**

**မြိုင်သုံးပွိုင့်**

ဖရန်စစ်ဖူကူယားမား၏ စာအုပ်သစ်ထွက်သည်ဟု သိုးသိုးသန့်သန့် ကြားရသည်။ စိတ်ဝင်စား၍ အင်တာနက်ထဲ ဝင်ရှာကြည့်ရာ စာအုပ်က မထွက်သေးပါ။ ရှေ့လ(မတ်)မှ ထွက်မည်ဟု သိရသည်။ သို့ဖြင့် စာအုပ် ကြော်ငြာသာသာ တိုနုံနုံ စာအုပ်အညွှန်းလေးမျှနှင့် ကျေနပ်လိုက်ရသည်။ သို့နှင့်တိုင် စာအုပ်အမည်ကမူ စိတ်ဝင်စားစရာကောင်းသည်။ "နိုင်ငံတော်တည်ဆောက်ရေး" (State Building) ဟူ၏။ "နှစ်ဆယ့်တစ်ရာစု အုပ်ချုပ်ရေးနှင့် ကမ္ဘာ့အစီအစဉ် (Governance and World Order in the 21st Century) ဟူ၍ ဒုတိယခေါင်းစဉ် တပ်ထားသည်။

အားလုံးသိကြသည့်အတိုင်း 'ဖူကူယားမား' ဆိုသောအမည်မှာ 'သမိုင်းနိဂုံး စစ်တမ်း'နှင့်အတူ အတော်မြည်ခဲ့ဟည်းခဲ့ဖူးပါသည်။ စစ်အေးတိုက်ပွဲအပြီးတွင် လစ်ဘရယ်ဒီမိုကရေစီအောင်ပွဲနှင့်အတူ ဂလိုဘယ်အရင်းရှင် စနစ်ကြီး ဖြစ်လာလိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့သည်။ ဤစနစ်ကြီးကို လက်တွေ့အကောင်အထည် ဖော်နေသော 'ဂလိုဘယ်လိုက်ဇေးရှင်း' ဖြင့် သမ္မာကမ္ဘာကြီးကို ဦးတည်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ ဤဖြစ်စဉ်ကြီးအတွင်း 'အမျိုးသားနိုင်ငံများ' (Nation States) ၏ အခန်းကဏ္ဍ မှုန်ဝါးသွားကာ 'အမျိုးသားလွန် အဖွဲ့အစည်းများ' (Tran national bodies) ပိုရှေ့ရောက်လာလိမ့်မည်ဟုလည်း တွက်ဆခဲ့ကြသည်။ ယခု 'ဖူကူယားမား' ကိုယ်တိုင်က 'နိုင်ငံတော် တည်ဆောက်ရေး' ဟု ဆိုလိုက်သောအခါ ပြန်ကြည့်ပြည့်ညှိစရာတွေ အတော်ရှိနေလိမ့်မည်

ပန်းသက်တံစာပေ

ဟု ထင်သည်။

'ဘာလင်တံတိုင်းပြိုချိန်'ကို ပထမဆုံး 'ပွိုင့်' ဟု ယူလျှင် စစ်အေးလွန် ကမ္ဘာကြီးမှာ အနည်းဆုံး ပွိုင့်သုံးပွိုင့်ကို ဖြတ်သန်းခဲ့ပြီးပြီဟု ယူဆရသည်။ ဒုတိယပွိုင့်မှာ စက်တင်ဘာ (၁၁) အရေးအခင်းဖြစ်၍ တတိယပွိုင့်မှာ အီရတ်စစ်ပွဲဖြစ်သည်။ ပွိုင့်တစ်ခုကျော်တိုင်း 'ပါရာဒိုင်းအရွေ့များ' ဖြစ်လာရာ ပွိုင့်များကိုပင် အလှည့်အပြောင်းများဟုလည်း ယူဆနိုင်ပါလိမ့်မည်။ ဤတွင် 'သမိုင်းနိဂုံး' အပါအဝင်၊ ပထမပွိုင့်အလွန် မှန်းဆချက်များမှာ မူလအတိုင်း အခိုင်အမာရှိမနေတော့သည်ကို သတိပြုမိလာရသည်။ မူလမှန်းဆခဲ့သ လောက် မလွယ်မရှင်းလှသည်ကို သဘောပေါက်လာရသည်။ ခေတ်ပြိုင်ဖြစ်ရပ်များကို မပြတ်စောင့်ကြည့် အကဲခတ်နေသော ပညာရှင်ပီပီ 'ဖူကူယားမား' ကိုယ် တိုင်တွင်လည်း ဤသဘောများရှိလိမ့်မည်ဟု တွက်ဆရသည်။ အထူးသဖြင့် ၉/၁၁ အလွန် သူ့စာများက ဤအချက်ကို ဖော်ပြနေ သည်။ ယခုထွက်တော့မည့် စာအုပ်သစ်မှာ သူ၏ ပွိုင့်သုံးပွိုင့်အလွန် မှန်းဆချက်များဖြစ်တန်ရာသည်။

## ပထမပွိုင့် (နောက်ပြန်လှည့်)

ပထမပွိုင့်ဆိုသည်မှာ ဘာလင်တံတိုင်းအပြို တစ်နည်း စစ်အေးတိုက်ပွဲနိဂုံးကို ဆိုလိုရင်းဖြစ်သည်။ 'ဖူကူယားမား'က ပထမပွိုင့်အလွန်၊ အမေရိကန်ပြည်ထောင်စု ၏ စိတ်အခံကို အခြင်းအရာနှစ်ရပ်ဖြင့်ဖော်ပြသည် 'နည်းပညာဖြင့် အရာရာ အကောင်းဆုံး ဖြစ်စေရမည်ဆိုသော အယူအဆ' (techno libertarianism)နှင့် 'သီးသန့်ဝါဒသို့ ပြန်လည်သွားခြင်း' (Return to Isolationism) တို့ ဖြစ်ပါသည်။ ဤတိမ်းညွတ်မှုနှစ်ရပ်ကို မပြောမီ 'အမျိုးသားစရိုက်လက္ခဏာ' (National Character)နှင့် ပတ်သက်သော သူ၏ ပြန်လည်ဆန်းစစ်ချက်ကို ဦးစွာသိထားဖို့ လိုလိမ့် မည်ထင်သည်။

'ဖူကူယားမား'က တိုင်းပြည်များအနေနှင့် ဘေးဒုက္ခနှင့် အခက်အခဲ ပေါင်းစုံကို ဖြတ်ကျော်ရင်းဖြင့်သာ အမျိုးသား စရိုက်လက္ခဏာများ ဖွဲ့စည်းပုံဖော်ခဲ့ကြသည်ဟု ဆိုသည်။ ဥပမာ – စစ်ပြီးခေတ် ဂျပန်၏ 'ရွှေပြည်အေးဝါဒ' နှင့် ဂျာမနီ၏ 'တင်းကျပ်သော ငွေကြေးပေါ်လစီ'တို့မှာ စစ်ကြိုခေတ်နှင့် စစ်အတွင်း အတွေ့

အကြံများအပေါ် အခြေခံသည်။ ဥရောပ အမှတ်အသား သရုပ်ဆိုသည်မှာလည်း ဥရောပနိုင်ငံများ ဖြတ်သန်းခဲ့သော စစ်နှင့် တော်လှန်ရေးများဖြင့် ခွဲခြားမရ။ ပြောရလျှင် အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံသည်ပင် ပြည်တွင်းစစ်ကို ဖြတ် သန်းပြီးမှ ပီပီပြင်ပြင် ပေါ်ထွက်လာနိုင်ခြင်းဖြစ်သည်။ အမေရိကန်၏ အစဉ်အလာ သီးခြားဝါဒသည်လည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် တက်တက်ကြွကြွ ပါဝင်ရေးမူသည်လည်းကောင်း၊ သူနောက်ခံကားနှင့် သူဖြစ်သည်။ ဤနေရာတွင် သူဦးစားပေး မီးမောင်းထိုးပြလိုသည်မှာ 'နိုင်ငံအလိုက် မတူသော သမိုင်းနောက်ခံနှင့် မတူသောစရိုက်လက္ခဏာများ ရှိနေသည့်အဖြစ်' - ဟု ယူဆရပါသည်။

ဤကနဦး ကောက်ချက်ပေါ်မှနေ၍ စစ်အေးလွန်ခေတ် အမေရိကန် အီလစ်များ အာရုံရနေသော 'နည်းပညာဖြင့် အရာရာ အကောင်းဆုံး ဖြစ်စေမည်' အယူအဆကို ပြန်လည်သုံးသပ်ကြည့်ရာ 'နည်းပညာ အကောင်းမြင်ဝါဒ' (Techno Optimicism) ဟု ကောက်ချက်ချသည်။ နည်းပညာသာလျှင် တစ်ခုဟည်းသော 'တန်ဘိုးဖန်တီးရှင်' (value creator) အဖြစ် ယူဆလာရာမှ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး ပေါ်လစီများမှာ ဒုတိယနေရာသို့ ရောက်မှန်းမသိ ရောက်လာရတော့သည်။ သမိုင်းနှင့်ချီ၍ ဖြစ်တည်ခဲ့သော အမျိုးသားအမှတ်အသား သရုပ်များကိုလည်း နည်းပညာရေစီးဖြင့် အလွယ်တကူကျော်လွှားနိုင်လိမ့်မည်ဟု ပိုတွက်ခဲ့သည်။ ဤအချိန်တွင် မိမိတို့၏ တစ်ကိုယ်တော် ဆူပါပါဝါအစွမ်းနှင့် ပေါ်လစီ အောင်မြင်မှုများပေါ်မှလာသော 'အသွင်သစ် အမျိုးသားရေးဝါဒ' (New face of Nationalism) ကိုမူ အားလုံးက မေ့လျော့ထားခဲ့ကြသည်။ ဤအသွင်သစ် အမျိုးသားရေးဝါဒကပင် 'အမျိုးသားမာန' (National pride) အဖြစ် အလံလွှင့်လာရာမှ ဒုတိယစိတ်အခံ (သီးသန့်ဝါဒသို့ ပြန်လည်သွားခြင်း) ဖြစ်ပေါ်လာသည်ဟု ကောက်ချက်ဆွဲသည်။ ဤသည်ကို ဒီမိုကရက်များက 'ကမ္ဘာ့ရေးရာများမှ လက်ရှောင်ရေး' ဖြင့်ဖော်ပြပြီး ရီဘတ်ပလီကင်များက 'တစ်ကိုယ်တော်ကျိတ်ဝါဒ' (Unilateralism)ဖြင့် ဖော်ပြခဲ့ကြသည်။

စင်စစ် အမေရိကန် အီလစ်ပါတီကြီးနှစ်ရပ်၏ နိုင်ငံခြားရေး ပေါ်လစီမှာ ပုံညွှန်းဖော်ပြချက်များတွင် ခြားနားစေကာမူသီးသန့်ဝါဒနှင့် ပရောပရီ လုပ်သည့်နေရာတွင်မူ အတူတူပင် ဖြစ်သည်။ 'အစစ်အမှန်နိုင်ငံရေး' (Real Politic) ကို

လက်နက်ချလိုက်ခြင်းပင်ဖြစ်သည်။ လက်တွေ့အကျိုး သက်ရောက်မှုဘက်မှ ကြည့်လျှင် 'ဝိလဆင်ဝါဒ'မှ ဝေးရာသို့ ဆွဲခေါ်သွားခြင်းဟု ဝေဖန်လိုက်ပါသည်။

## ဒုတိယပွိုင့် (လမ်းကွေ့)

ဒုတိယပွိုင့်ဆိုသည်မှာ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက် တိုက်ခိုက်မှု ဖြစ်သည်။ ဤပွိုင့်ကိုပင် 'ဖူကူယားမား' က 'လမ်းကွေ့' (Detour) ဆိုသော စကားရပ်ဖြင့် သရုပ်ဖော်သည်။ စစ်အေးလွန်ကမ္ဘာကြီးမှာ ထင်ထားသလို ဖြောင့်ဖြောင့်မသွား။ လမ်းကြောင်းတွေ ကွေ့ကောက်သွားပြီဟု နားလည်လိုက်ရသည်။ သို့နှင့်တိုင် အဆိုးထဲမှအကောင်းဟူ၍ ဆိုရမည်လားမသိ။ ဤအရေးအခင်းကြီးက အမေရိကန်ပြည်ထောင်စုကို 'အကျိုးပြုသင်ခန်းစာ' (Salutary Lesson) တွေ ပေးလိုက်သည်ဟုဆိုသည်။ အဆိုပါသင်ခန်းစာတို့ကိုချုပ်လိုက်လျှင် ...

(၁) ၉/၁၁က အမေရိကန်တို့၏ စိတ်အခံတစ်ခုလုံးကို ကိုင်လှုပ်ပစ်လိုက်သည်။ ဒုတိယကမ္ဘာစစ်အစပိုင်း၊ ပါး(လ)ဆိပ်ကမ်းတိုက်ခိုက်မှုက အစွန်အဖျားဟာဝိုင်ရီတွင် ဖြစ်သည်။ ယခု နယူးယောက်မြို့လယ်၊ နှလုံးသားတည့်တည့်ကို အဆော်ခံရခြင်းဖြစ်ရာ အမေရိကန်တို့၏ 'မထိပါးနိုင်သော ကောင်းကင်ဘုံအိပ်မက်' (Safe heaven dream) မှ ရုတ်တရက် လန့်နိုးလာရသည်။ ဤအချက်က 'သီးသန့်ဝါဒ'ဘက် ခြေလှမ်းပြင်နေသော အီလစ်များအတွက် ကမ္ဘာကြီးကို ပြန်ကြည့်ဖို့ဖြစ်လာသည်။ တစ်နည်းဆိုလျှင် 'အိုစမာဘင်လာဒင်' က အမေရိကန် သီးသန့်ဝါဒ ဖန်လုံအိမ်ကို ရိုက်ခွဲလိုက်ခြင်း ဖြစ်ပါသည်။

(၂) 'အယ်(လ)ကိုင်းဒါး' လှုပ်ရှားမှုများက အင်ဖော်မေးရှင်း တက္ကနိုလိုဂျီ၏ အမှောင်ဘက်ခြမ်းကို ဖွင့်ပြလိုက်သလိုဖြစ်သွားသည်။ ကမ္ဘာပင့်ကူ အိမ်ကြီးမှာ ဂလိုဘယ်လိုက်ဇေးရှင်းလမ်းကြောင်းများ ပွင့်လာစေသလို ဂလိုဘယ်အကြမ်းဖက်ဝါဒအတွက် ဆုတ်တက်လှုပ်ရှားနိုင်သော စစ်တလင်းလည်း ဖြစ်နေသည်။ ဂလိုဘယ်အကြမ်းဖက်ဝါဒမှာ အိုင်ဒီအိုလိုဂျီအရ လစ်ဘရယ်ဒီမိုကရေစီကို မယှဉ်နိုင်သည့်တိုင် ကမ္ဘာကြီးမှာတစ်ခုတည်းသော 'တန်ဘိုး'၏ အလင်းရောက်အောက်တွင် ရှိမနေသေးကြောင်း သေချာသွားသည်။ ဤဖော်ပြချက်အသစ်များက 'နည်းပညာနှင့် အရာရာအကောင်းဆုံး ဖြစ်စေရမည် အယူအဆ'ကို ကျကျနန

စိန်ခေါ်လိုက်သည်။

(၃) ဂလိုဘယ်အကြမ်းဖက်ဝါဒက စစ်အေးလွန်ခေတ် 'ကမ္ဘာ့အစီ အစဉ်သစ်' **(New World Order)** အတွက် အရေးကြီးသော အခြေခံအခြင်းအရာ တစ်ရပ်ကို ဖော်ထုတ်ပြလိုက်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အဓိက ခြိမ်းခြောက်မည့်အန္တရာယ်မှာ အင်အားကြီးနိုင်ငံများမှ လာလိမ့်မည်မဟုတ်၊ အားနည်းချည့်နဲ့သော တစ်ဇောက်ကန်းနိုင်ငံ (Rouge Countries) အချို့တွင် ခြေကုပ်ယူနိုင်စရာ ရှိသည်ဆိုသော ကောက်ချက်ဖြစ်ပါသည်။ သို့နှင့်အမျှ ဖွံ့ဖြိုးမှု နောက်ကျသော နိုင်ငံများကို ခေတ်မီရေးလမ်းကြောင်းပေါ် ဆွဲတင်နိုင်ရေးမှာ ဂလိုဘယ် အကြမ်းဖက် ဝါဒဆန့်ကျင်ရေးအတွက် အရေးကြီးဖျူဟာ ဖြစ်လာသည်။ ဤအချက်က 'အကျိုးစီးပွား' (Interest) အခြေခံ 'ရီးယဲ(လ)ပိုလိုက်တစ်' တွင် အာရုံကျနေဟန်ရှိသော အီလစ်များကို လှုပ်နိုးလိုက်သည်။

(၄) ဂလိုဘယ်အကြမ်းဖက်ဝါဒကို ကမ္ဘာလုံး အတိုင်းအတာနှင့် ကျယ်ကျယ် ပြန့်ပြန့် ဆန့်ကျင်ဖို့ဆိုလျှင် သီးသန့်ဝါဒနှင့် မဖြစ်နိုင်သလို တစ်ကိုယ်တော် ကျိုတ်ဝါဒနှင့်လည်း အလားအလာ ကောင်းနိုင်စရာမရှိပါ။ အလားတူ 'ရီးယဲပိုလိုက် တစ်' သက်သက်နှင့်လည်း အကျိုးများဖွယ်ရာ မရှိလေရာ၊ ဝီလဆင်ဝါဒအလံကို ပြန်လွှင့်ရမည်ဟု ဆိုပါသည်။ ဤအတွက် 'နိုင်ငံစုံညှိဝါဒ' (Multilateralism) သည်သာလျှင် တစ်ခုတည်းသော ရွေးချယ်စရာ ဖြစ်လိမ့်မည်ဟု ကောက်ချက်ချ လိုက်သည်။

ဤသို့ ပြောင်းလဲလာသော တူရှချက်များကို ဆုပ်ကိုင်မိပြီး လက်တွေ့ ကျင့်သုံးနိုင်မည်ဆိုပါက ၉/၁၁ အလွန် 'လမ်းကွေး'မှာ ယာယီသာ ဖြစ်ပါလိမ့်မည် ဟုလည်း ဟောကိန်းထုတ်လိုက်သည်။

## တတိယပွိုင့် (ဝက်ပါလမ်း)

၂၀၀၃ ခုနှစ်၊ ဒုတိယပင်လယ်ကွေ့စစ်ပွဲ (အီရတ်စစ်ပွဲ)ကို တတိယပွိုင့် ဟု ယူကြည့်ခြင်းဖြစ်ပါသည်။ ပို၍ တိတိကျကျဆိုရလျှင် အာဖဂန်နစ္စတန် စစ်ပွဲအပြီးမှစ၍ တတိယပွိုင့်ထဲဝင်လာသည်ဟု ဆိုရပါလိမ့်မည်။ ဤစစ်ပွဲ နောက်ပိုင်းမှစ၍ အမေရိကန်ပေါ်လစီမိတ်ကာများ၏ ပါရာဒိုင်းမှာ 'နိုင်ငံစုံ ညှိဝါဒ'မှ

တဖြည်းဖြည်းဝေးလာပြီး 'တစ်ကိုယ်တော်ကျိတ် ပေါ်လစီ' ဘက်သို့ ညွှတ်လာသည်။ နိုင်ငံရေး ဒစ်ပလိုမေစီသဘောထက် 'စစ်ရေး လက်ဦးမှုအရယူရေး' (Militrany Preemption) ကို ပိုအာရုံရလာသည်။ အီရတ်စစ်ပွဲတွင်မူ ကုလသမဂ္ဂနှင့် အစဉ်အလာမဟာမိတ်များ၏ သဘောတူ ထောက်ခံမှုကိုပင် အချိန်ယူညှိနှိုင်းတောင်းခံခြင်းမပြုတော့ဘဲ တစ်ကိုယ်တော် ဆင်နွှဲလိုက်တော့သည်။

ဤစစ်ပွဲကို အမေရိကန်ပညာရှင်အများစုက မတူသော ရှုထောင့်အသီးသီးမှနေ၍ ဆန့်ကျင်ခဲ့ကြသည်။ ဟားဗတ်တက္ကသိုလ် ပါမောက္ခ 'ဂျိုးဇက်အက်(စ်)နိုင်း' က 'ပါဝါအပျော့' (Soft Power) အယူအဆပေါ်မှ ဝေဖန်သည်။ ဝါရင့်သံတမန် 'ဟင်နရီကစ်ဆင်းဂျား' က မိမိ၏ 'ရီးယဲ(လ) ပိုလိုက်တစ်'အထိုင်ပေါ်မှာပင် သတိပေးသည်။ အလားတူ နိုင်ငံရေး သိပ္ပံပညာရှင် ပါမောက္ခ 'ဆယ်မျူရယ်-ပေါ ဟန်တင်တန်'၊ သမိုင်းပညာရှင် ပါမောက္ခ 'နီး(လ)ဖာဂူဆန်'၊ နာမည်ကျော်ဘိဇနက်ခေါင်းဆောင်း 'ဂျော့-ဆိုးရော့' စသူတို့ကလည်း မတူသော မေတ္တာရပ်ခံချက်မျိုးစုံဖြင့် ဘက်ပေါင်းစုံမှ ဝေဖန်ထောက်ပြခဲ့ကြသည်။ သို့နှင့်တိုင် 'ဖူကူယားမား'၏ သဘောထားကိုမူ မကြားရသလောက် ရှိနေသည်။ သူသည် 'လက်ဦးမှုအရယူရေး' ကို မဆန့်ကျင်သည့်တိုင် 'တစ်ကိုယ်တော်ကျိတ်ပေါ်လစီ' ကိုမူ အတိအလင်း ထုတ်ဖော်ဝေဖန်ခဲ့သူဖြစ်သည်။ သို့အတွက် အီရတ်စစ်ပွဲကို တင်းတင်းမာမာ ဆန့်ကျင်သူများထဲတွင် မပါသော်လည်း သိပ်ခံတွင်းမတွေ့လှဟု မှန်းကြည့်ရ သည်။

အီရတ်စစ်ပွဲအလွန်၊ ကသောင်းကနင်း အခြေအနေရောက်မှ သူ့သဘောထားကို ကြားရတော့သည်။ ဝေါစတရိဂျာနယ်၊ နယူးဝိ(ခ)မဂ္ဂဇင်း နှင့် 'မာရီလင်းဖိုရမ်' တွေ့ဆုံခန်းများတွင် သူ့အမြင်ကို ဖော်ထုတ်ခဲ့သည်။ သူက တတိယပွိုင့် အလွန်ကာလကို 'ဝက်ပါထဲပိတ်မိခြင်း' ဟု အကဲဖြတ်သည်။ ဘာကြောင့် ဤသို့ဖြစ်ရသနည်းဆိုသည်ကို ဆန်းစစ်ရင်း 'ဒီမိုက ရေစီကို အဖွဲ့အစည်းဘောင်သွင်းခြင်းပြဿနာ' (Problem of Instituationa-lization of democracy) ကို မီးမောင်းထိုးပြသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတော်တော်များများတွင် လစ်ဟာနေတတ်သော ရင့်ကျက်သည့်အဖွဲ့အစည်းများမရှိမှု (သို့မဟုတ်) အားနည်းမှုကို ထောက်ပြသည်။ 'နိုင်ငံတော်တည်ဆောက်ရေး' ပြဿနာကို မကိုင်တွယ်ဘဲ စိတ်ဆန္ဒ သက်သက်နှင့် ဖွတ်အကောင်အထည်ဖော်လိုက်လျှင် လမ်းကွေးလမ်း

ကောက်တွေ ပိုရှည်နိုင်ပိုရှုပ်နိုင်သည်ဟု သတိပေးသည်။ ရှေ့လတွင် ထွက်မည့် သူ၏စာအုပ်သစ်တွင် ဤကိစ္စကို အနုစိတ် ဆွေးနွေးလိမ့်မည်ဟု မှန်းဆရပါသည်။

## တစ်ဆင့်ပြီးတစ်ဆင့်

ဒဿနဗေဒဘက် အားသန်သူ ပညာရှင်များကမူ 'ဖရန်စစ်ဖူကူ ယားမား' ကို မျက်မှောက်ခေတ် 'ဟီးဂဲ(လ) ဝါဒီ'ဟု သတ်မှတ်ကြသည်။ (၁၉) ရာစု ဒဿနဆရာ 'ဟီးဂဲ(လ)'က 'လူသည်သမိုင်းကို တစ်ဆင့်ပြီး တစ်ဆင့်သာ နားလည်ရသည်' ဟု ရေးဖူးသည်။ 'ဖူကူယားမား' ကိုယ်တိုင်ကလည်း သူ၏ သမိုင်းနိဂုံးမှာ 'သူ့အလိုလို ရောက်လာမည့်ဖြစ်စဉ်' (automatic procedure) မဟုတ်ဟု မူလကတည်းက ပြောခဲ့သည်။ လက်တွေ့ အကောင်အထည်ဖော်ရာတွင် 'တစ်ဆင့်ပြီး တစ်ဆင့်သာ ဖြစ်လိမ့်မည်ဆိုသည်ကိုမူ ပွိုင့်သုံးပွိုင့် အလွန် ရောက်မှ ဖြည့်စွက်လာခြင်း ဖြစ်သည်။

ဤတွင် စာရေးသူအနေနှင့် တွေးမိလိုက်သည်မှာ 'မည်သည့်အရာကို မှ အသေကြည့်၍မရ၊ ယတိပြတ်ကောက်ချက်ချမရ၊ အစွဲမကြီးဖို့ လိုသလို နှုတ်လွန် အာလွန် မဖြစ်ဖို့လည်း အရေးကြီးပါလားဟု သံဝေဂယူမိသည်။ တစ်ပြိုင်နက်တည်းမှာပင် ကွယ်လွန်သူဘောဂဗေဒပညာရှင် 'ဂျွန်မေးနတ်–ကိန်း' ၏ စကားတစ်ခွန်းကို လည်း အမှတ်ရလိုက်သည်။ သူ့စကားမှာ 'အချက်အလက်တွေ ရှုပ်ထွေးနေချိန်မှာ စိတ်ကိုဖွင့်ထားပါ' ဟူ၏။

'ဖူကူယားမား'၏ စာအုပ်သစ်ကိုဖတ်ပြီးလျှင် ရေးစရာတွေ ရှိလာဦး မည် ထင်ပါသည်။

**စာညွှန်း –**

1. The End of American Exceptionalism.

(By Francis Fukuyama)

2. Internet.

## ဖွံ့ဖြိုးရေးကွန်ချာ

## မဟာဗျူဟာ အထုပ်

ပြီးခဲ့သောလ (၂၀၀၄ ခုနှစ်၊ မေလ) က နာမည်ကျော် ဖရန်ဆစ်ဖူကူယားမား၏ စာအုပ်သစ်တစ်အုပ်ထွက်လာသည်။ ဖူကူယားမားဆိုလျှင် 'သမိုင်းနိဂုံး' အယူအဆနှင့်တွဲ၍ သိထားရာ ယခုစာအုပ်သစ်၏ အမည်ကိုက သူ၏မူလအထိုင်နှင့်တစ်မျိုးတစ်မည်ဖြစ်နေမည်လား စဉ်းစားမိသည်။ စာအုပ်အမည်မှာ 'နိုင်ငံတည်ဆောက်ရေး' (State Building) ဟူ၏။ 'နှစ်ဆယ့်တစ်ရာစု အုပ်ချုပ်ရေးနှင့် ကမ္ဘာ့အစီအစဉ်' (Governanece and World Order in th- 21th Century) ဆိုသော ဒုတိယ ခေါင်းစဉ်လည်းပါသေးသည်။

စစ်အေးတိုက်ပွဲ ဆုံးခန်းတိုင်ခြင်း၏ နိုင်ငံရေးဘောဂဗေဒအဓိပ္ပာယ်မှာ နိုင်ငံတော် စီမံခန့်ခွဲမှုအာဏာမှ ဈေးကွက်ယန္တရားလွတ်လပ်မှုနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းသို့ လှည့်ပြောင်းလာခြင်းဟု နားလည်ထားကြသည်။ ဤသည်ကိုပင် ဖရန်ဆစ်ဖူကူယားမားက 'သမိုင်းနိဂုံး' ဟု အထွတ်တင်လိုက်ခြင်း ဖြစ်သည်။ သို့ဖြင့် စစ်အေးလွန်ခေတ် 'မဟာဗျူဟာအထုပ်' (Strategic Package) တွင် ဈေးကွက်စီးပွားရေးစနစ်နှင့် လစ်ဘရယ်ဒီမိုကရေစီသာရှိတော့သည်။ ဤအထုပ်က ပေးလိုက်သော ပေါ်လစီအညွှန်းမှာ နိုင်ငံတော်ယန္တရားများကိုလျှော့ချပြီး ဈေးကွက်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းကို အစွမ်းကုန်ဖွံ့ဖြိုးစေဖို့ပင်ဖြစ်တော့သည်။ ဤသည်ပင် နိဂုံးဇာတ်ကွက်အခင်းအကျင်းဟု နားလည်ခဲ့ရသည်။ အိုင်အမ်အက (ဖ)၊ ကမ္ဘာ့ဘဏ်စသောနိုင်ငံတကာ အဖွဲ့အစည်းများက ထောက်ခံချက်ပေးထားသော လမ်းကြောင်းလည်း ဖြစ်ပါသည်။

ယခုစာအုပ်သစ်တွင်မူ ဖူကူယားမားကိုယ်တိုင်က ဤသို့ရေးလိုက်သည်။ 'ယခုအခါ အုပ်ချုပ်ရေးအဖွဲ့ အစည်းသစ်များ ဖန်တီးရေးနှင့်တည်ရှိပြီး အဖွဲ့အစည်းများကို ခိုင်မာအောင်တည်ဆောက်ရေး (တစ်လုံးတည်းပြောရလျှင်) နိုင်ငံတည်ဆောက်ရေးမှာ ကမ္ဘာ့မိသားစု တစ်ခုလုံးအတွက် အရေးကြီးသည်နှင့်အမျှ အတိမ်းအစောင်းမခံသောအချက်အချာ ပြဿနာကြီး ဖြစ်နေချေပြီ' ဟူ၏။ ဤတွင် 'နိုင်ငံတော်လက်တံများကို ကန့်သတ်လျှော့ချရမည့်အစား ခိုင်မာအောင် တည်ဆောက်

ရမည်' ဟု ဆိုလိုက်ခြင်းဖြစ်ရာ 'ဘယ်လိုလဲ' 'ဘာကြောင့်လဲ' ဟု မေးခွန်းမထုတ်ဘဲ မနေနိုင်အောင် ဖြစ်ရတော့သည်။

## ဖြည့်စွက်ချက်

ပထမဆုံးအနေနှင့် ဖူကူယားမားက ဆိုခဲ့ပါ 'မဟာဗျူဟာအထုပ်'ကို ဖြေကြည့်လိုက်သည်။ အထုပ်ပါ မဟာဗျူဟာအညွှန်းနှင့် ဖွံ့ဖြိုးရေးလမ်း ကြောင်းကို အပြိုင်ချီတက်ခဲ့ကြရာ အရှေ့အာရှနိုင်ငံများတွင် အံ့မခန်းအောင် မြင်မှုများရခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ သို့နှင့်တိုင် ကျန်ကမ္ဘာဒေသအများစုတွင် ဤအတိုင်းမဖြစ်။ အချို့လမ်းလျှောက်ရင်း လမ်းပျောက်သည်။ အချို့မှာ တစ်ဆင့် တစ်နေရာရောက်ပြီးမှ ပြန်လန်ကျသည်လည်း ရှိသည်။ အကျိုးဆက်အနေနှင့် အောင်မြင်မှု မရတတ်နိုင်သေးသော အားနည်း ချွတ်ခြုံကျ လူ့အဖွဲ့အစည်းများ ပေါ်ထွက်လာရတော့သည်။ *(failed and weak states)*

ဤဆက်ထုံးသို့အရောက်တွင် အငြင်းပွားဖွယ်ရာ အပြိုင်အယူအဆ နှစ်ခုထွက်ပေါ်လာရတော့သည်။ ပထမတစ်ခုက မဟာဗျူဟာအထုပ်ပါ နှုန်းစံတန်ဘိုးများကို လောကလုံးသဘောဟုယူသည်။ လက်တွေ့ အခက်အခဲများရှိနေသည့်တိုင် တစ်ချိန်တွင် အောင်ပွဲခံနိုင်လိမ့်မည်ဟုဟောသည်။ ဘောဂဗေဒပညာရှင်အများစု၏ အမြင်ဖြစ်ပါသည်။ ဒုတိယ အယူအဆကို အဓိကဟောသည်မှာ ဟားဗတ်နိုင်ငံရေး သိပ္ပံပါမောက္ခ' ဆယ်မျူရယ် ဟန်တင်တန်' ဖြစ်သည်။ မတူသော ယဉ်ကျေးမှုအခံများကိုထောက်ပြပြီး ယဉ်ကျေးမှုများ တိုးတိုက်မိမည့် အန္တရာယ်ကို သတိပေးသည်။

ဖူကူယားမားကိုယ်တိုင်ကမူ မည်သည့်ဘက်မှ ယတိပြတ်ရပ်သည် မဟုတ်ပါ။ မအောင်မြင်သော နိုင်ငံများ၏ အရေးကို စည်းသတ်လေ့လာပြီး မဟာဗျူဟာအထုပ်တွင် ဖြည့်စွက်ချက်တစ်ခု ထည့်လိုက်သည်။'အဖွဲ့ အစည်းဘောင်သွင်းခြင်း' (institutionalizaton) ဖြစ်ပါသည်။ 'ကျွန်တော် တို့အနေနှင့် အရင်းအမြစ်များ၊ လူများ၊ နည်းပညာများကို အလွယ်တကူတင်ပို့၍ ရနိုင်သည့်တိုင် စွမ်းဆောင်ရည်ပြည့်ဝသော အဖွဲ့အစည်းများတည်ဆောက်ရေးတွင်မူ ထင်သလောက် လွယ်ကူမည် မဟုတ်။ စနစ်တကျနှင့် ရေရှည်တည်ဆောက်ယူရမည့်အပိုင်း ဖြစ်သည်'

ဟု ကောက်ချက်ချသည်။ ဤခြည့်စွက်ချက်သည်ပင် သူတင်ပြလိုက်သော 'နိုင်ငံတည်ဆောက်ရေး' ဘာသာရပ် ဖြစ်ပါသည်။

ဆက်လက်ပြီး ''စစ်အေးနိဂုံး' ကို ဒုတိယအတွေးဖြင့် ပြန်လည် စိစစ်ကြည့်သည်။ သူအပါအဝင် အများစုအနေနှင့် ''စစ်အေးနိဂုံး''၏ အလားအလာ ကောင်းများကိုသာ အာရုံကျခဲ့ကြပြီး ဆိုးမွေများကိုမူ ဥပေက္ခာပြုထားခဲ့ကြသည်။ အနည်းဆုံး လျှော့တွက်ခဲ့ကြသည်ဟုဆိုသည်။ စစ်အေးတိုက်ပွဲတွင် လစ်ဘရယ်ဒီမိုကရေစီ အနိုင်ရခဲ့သည်မှန်သော်လည်း သမ္မတ်အုပ် လူအဖွဲ့အစည်းတော်တော်များများကိုလည်း ချန်ထားရစ်ခဲ့သည်။ ဤအချက်ကို ဘော်လကန်အဝ၊ ကော်ကေးရှပ်အလယ်၊ ဖဟိုအာရှနှင့် အရှေ့အလယ်ပိုင်းအဆုံး ကမ္ဘာ့ဒေသအသီးသီးတွင် အထင်အရှားတွေ့နိုင်သည်။ ဤနေရာ ဤဒေသများရှိ အကင်းမသေသတတ်သေးသော ဒဏ်ရာများမှ သွေးစီးချောင်းမှာ လူ့ဖြစ်တည်မှုတစ်ခုလုံးကိုပါ ခြိမ်းခြောက်စိန်ခေါ်သည့်အဆင့်ကို ရောက်လာသည်များရှိသည်။ ၁၉၉၀ အလွန်နှစ်များက ကြုံခဲ့ရသော ဆိုမာလီယား ဟေတီ၊ ကမ္ဘောဒီးယား၊ ဘော့စနီးယား၊ ကိုဆိုဗိုနှင့် အရှေ့တီမောဖြစ်ရပ်များက ဤအချက်ကို ဖော်ပြလျက်ရှိသည်။

သို့ဖြင့် စစ်အေးလွန်ကမ္ဘာတွင် 'အောင်မြင်မှုနှင့် အလှမ်းဝေးနေသော၊ အားနည်း၊ ချွတ်ခြုံကျနိုင်ငံများ' (failed, weak and collapse states) အထင်အရှားရှိနေတော့သည်။ ဤအခိုက်မှာပင် စစ်အေး၏ နောက်ထပ် လက်ကျန်တစ်ခုဖြစ်သော မျူကလီယား အစည်းပြေသွားခြင်းနှင့်အတူ နောက်ထပ်ပြဿနာသစ်တစ်ရပ် ဖြစ်တည်လာလျက်ရှိနေသည်။ 'အစုလိုက်အပြုံလိုက် ဖျက်စီးနိုင်သော လက်နက်များ' (W M D) ပျံ့နှံ့နေမှုဖြစ်သည်။ အဆိုပါ အခြင်းအရာနှစ်ခု (မအောင်မြင်သော နိုင်ငံများအရေးနှင့် WMD ကိစ္စ) ကို အင်ဖော်မေးရှင်းတက္ကနိုလိုဂျီ၏ အမြောက်အမြား အခြမ်းနှင့် ပေါင်းစပ်လိုက်သောအခါ စစ်အေးလွန်မဟာဗျူဟာအထုပ်ကို ယှဉ်ပြိုင်စိန်ခေါ်မည့် 'တန်ပြန်မဟာဗျူဟာအထုပ်' (Counter Strategic Package) တစ်ခု ဖြစ်ပေါ်လာတော့သည်။ ပြောရလျှင်

ဂလိုဘယ် အကြွမ်းဖက်ဝါဒမှာ အဆိုပါတန်ပြန်အထုပ်နှင့် ၂၁ ရာစုကို စိန်ခေါ်လိုက်ခြင်း ဖြစ်ပါသည်။


စစ်အေးလွန်ကာစ အမေရိကန်ပြည်ထောင်စု အပါအဝင် ကမ္ဘာမိသားစုမှာ ဤအချက်ကို မသိမဟုတ်။ သိသလောက် သိသည်။ သို့နှင့်တိုင် ကမ္ဘာလုံးအတိုင်းအတာ သဘောဆောင်သော ပြဿနာအဖြစ်မမြင်။ ဒေသဘောင်အတွင်းမှသာ ရှိသည့် အဖျားအနားကိစ္စဟု ခံယူထားခဲ့ကြသည်။ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုနှင့် ရင်ဆိုင်လိုက်ရတော့မှသာ 'တန်ပြန်မဟာဗျူဟာအထုပ်' အန္တရာယ်၏ အနက်အရှိုင်းနှင့်အကျယ်အပြန့်ကို မှန်းဆလာနိုင်ခဲ့ခြင်း ဖြစ်သည်။ တစ်ချိန်က အဖျားအနာကိစ္စဟု ယူဆခဲ့ကြသည့်ပြဿနာကို ဗဟိုအချက်အချာနေရာပေး၍ စဉ်းစားလာကြရသည်။ သို့နှင့်အမျှ အကြမ်းဖက်ဝါဒဆန့်ကျင်ရေးတိုက်ပွဲကို စစ်ပါဝါသက်သက်ဖြင့် အောင်ပွဲမခံနိုင်၊ မျက်နှာစာပေါင်းစုံမှ ဖြေရှင်းရမည်ဆိုသော အယူအဆများလည်း လှုံ့ကျလာခဲ့သည်။ ဖူကူ ယားမား၏ အလိုအရ အဆိုပါမျက်နှာစာအသီးသီးတွင် 'နိုင်ငံတည်ဆောက်ရေး'မှာ အဓိကဖြစ်ဖွယ်ရှိပါသည်။

## လေးစိတ်ကွန်ချာ

နိုင်ငံတည်ဆောက်ရေးနှင့် ပတ်သက်လျှင် အတော်အတန် သိရှိနားလည်ပြီးပြီဟု အများစုကထင်နေကြသည့်တိုင် လက်တွေ့တွင်မူ မသိသေးသော အရာများလည်း မနည်းမနောရှိနေသေးသည်။ ဥပမာ လက်ရှိတစ်ခုတည်းသော ဆူပါပါဝါနှင့် ပတ်သက်လျှင်ပင် ယတိပြတ်ကောက်ချက်မချနိုင် လောက်အောင်ရှိနေသည်။ 'မာဟာင်လစ်(ပ)ဆက်'တို့လို ဘောဂဗေဒပညာရှင်များက 'နိုင်ငံတော်ပါဝါ၏ နယ်ပယ်ကို အနည်းဆုံး အတိုင်းအတာထိ ကန့်သတ်ထားခြင်း'ကို အမှတ်ပေးသည်။ တစ်ပြိုင်နက်တည်းမှာပင် 'ပက်ဝက်ဘာ' အမျိုးပြုသော လူမှုဗေဒပညာရှင်များကလည်း နိုင်ငံတော်အဖွဲ့အစည်းများ၏ သန်စွမ်းမှုကို ရှေ့တန်းတင်ပြောကြသည်လည်းရှိသည်။

ဤသို့မတူသော ကောက်ချက်နှစ်ခုကို အခြေခံ ဝင်ရိုးနှစ်ခုအဖြစ် စဉ်းစားပြီး ဖူကူယားမားက နိုင်ငံတည်ဆောက်ရေးကွန်ချာတစ်ခုကို မှန်းဆကြည့်လိုက်သည်။

'နိုင်ငံတော် လုပ်ဆောင်မှုများ၏နယ်ပယ်' (Scope of state institution) ကိုရေပြင်ညီ ဝင်ရိုးအဖြစ် ယူသည်။ 'နိုင်ငံတော်အဖွဲ့အစည်းများ၏ သန်စွမ်းမှု' (Strength of State instituion) ကို ဒေါင်လိုက်ဝင်ရိုးအဖြစ်ယူသည်။ အဆိုပါ ဝင်ရိုးနှစ်ခုကြားမှ ရလာသော 'ခွင်'ကို လေးစိတ်ပိုင်းလိုက်ရာ နိုင်ငံဖွဲ့စည်းပုံ လေးမျိုးရလာသည်။ (ပုံကို ကြည့်ပါရန်)




ပထမပုံစံတွင် နိုင်ငံတော် အဖွဲ့အစည်းများ၏ သန်စွမ်းမှု အားကောင်းသော်လည်း နိုင်ငံတော်လုပ်ဆောင်မှုများ၏ နယ်ပယ်ကျဉ်းသည်။ အမေရိကန်၊ ကနေဒါစသော နိုင်ငံများပါဝင်သည်။ ဒုတိယပုံစံမှာ ပြင်သစ်၊ ဂျာမနီတို့ ကိုယ်စားပြုသော ဥရောပဖွဲ့စည်းပုံ ဖြစ်သည်။ နိုင်ငံတော် အဖွဲ့အစည်းများ၏ သန်စွမ်းမှု အားကောင်းသလို နိုင်ငံတော်လုပ်ဆောင်မှုများ၏ နယ်ပယ်လည်းကျယ်သည်။ တတိယပုံစံမှာ လူ့အဖွဲ့အစည်းများ၏ သန်စွမ်းမှုရော နိုင်ငံတော်လုပ်ဆောင်မှု နယ်ပယ်ပါ အားနည်းသည့်ပုံစံ ဖြစ်သည်။ ဆီရာလီယွန်လို အာဖရိကနိုင်ငံအများစုတွင် တွေ့ရသည်။ စတုတ္ထပုံစံမှာ တူရကီ၊ ဘရာဇီး(လ) စသော ရှေ့တန်းရောက်စက်မှုနိုင်ငံသစ်များတွင် တွေ့ရသည်။ နိုင်ငံတော် လုပ်ဆောင်မှုများ၏ နယ်ပယ် ကျယ်သည့်တိုင် အဖွဲ့အစည်းများ၏ သန်စွမ်းမှုအားနည်းလှသည်။

ဤသို့ ဖွဲ့စည်းပုံလေးမျိုးရှိသည့်အနက် မည်သည့်ပုံစံက ဖွံ့ဖြိုးရေးကို ဖန်တီးပေးနိုင်သည်ကို ဆက်လက်ဆန်းစစ်ကြည့်သည်။ စစ်အေးအလွန် အိုင်အမ်အက်(ဖ)

ပေါ်လစီအရ တတိယပုံစံမှာ အကောင်းဆုံးဖြစ်နေသည်။ နိုင်ငံတော်လက်တံများကို လျှော့ချဖို့အကြံပြုခြင်းဖြစ်ရာ လက်တွေ့တွင် စွမ်းဆောင်ရည်မပြည့်သော အဖွဲ့အစည်းများဖြင့် လှုပ်ရှားနေရသည်ဟု ဖူကူယားမားက ဝေဖန်လိုက်သည်။ အဖွဲ့အစည်းစွမ်းဆောင်ရည် ချည့်နဲ့မှု၏ အကျိုးဆက်အဖြစ် အဂတိလိုက်စားမှုများ၊ အကျင့်ပျက် ခြစားမှုများ၊ လာဘ်ပေးလာဘ်ယူမှုများနှင့်သာ လုံးလည်လိုက်ပြီး ဖွံ့ဖြိုးမှုနှင့် အလှမ်းဝေး နေလိမ့်မည်ဟု သတိပေးသည်။


စတုတ္ထပုံစံမှာလည်း အာရှကျားများခေတ်စားချိန်က လူကြိုက်များခဲ့သည့် ပုံစံဖြစ်သည်။ သို့နှင့်တိုင် အာရှစီးပွားရေး အကျပ်အတည်း (၁၉၉၇– ၉၈) နောက်ပိုင်းတွင်မူ ဤပုံစံ၏ အားနည်းချက်များမှာ ထင်ရှားလာသည်။ ဗျူရိုကရေစီကြိုးနီစနစ်နှင့် အဖွဲ့အစည်းများ၏ တာဝန်ယူနိုင်စွမ်း အားနည်းမှုတို့ ဖြစ်ပါသည်။ ဒုတိယပုံစံမှာ စက်မှုခေတ်၏စံနမူနာဖြစ်သည်။ အဖွဲ့အစည်းများ အားကောင်းသည့်တိုင် နိုင်ငံတော်လက်တံများ လိုအပ်သည် ထက်သန်စွမ်းနေ၍ လှုပ်ရှားမှုမမြန်၊ ဒိုင်းနမစ်မဖြစ်၊ ခေတ်သစ်ဂလိုဘယ် စီးပွားရေးနှင့် အဟပ်မညီဟု ဝေဖန်သည်။

သို့ဖြင့် ပထမပုံစံသည်သာ ဖွံ့ဖြိုးရေးအတွက် အာမခံချက်အရှိဆုံး ဖြစ်လိမ့်မည်ဟု ကောက်ချက်ချသည်။ ဈေးကွက်နှင့် အရပ်ဘက် လူ့အဖွဲ့ အစည်းအတွက် လှုပ်ရှားမှုနယ်ပယ် ကျယ်ကျယ်ပေးဖို့လိုသလို နိုင်ငံတော် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မှာလည်း မြင့်မားဖို့လိုလိမ့်မည်ဟု ဆိုသည်။ ဤသည်ပင် ဖူကူယားမား ဖော်ထုတ်လိုက်သော 'ဖွံ့ဖြိုးရေးကွန်ချာ' (development matrix) ဖြစ်ပါသည်။

## အပြောင်းအလဲ

အထက်တွင် ဖော်ပြခဲ့သော 'ကွန်ချာ' မှာ အသေမဟုတ် အရှင်ဖြစ်သည်။ နိုင်ငံတစ်ခုမှာ ပုံစံတစ်ခုခုတွင်သာ ထာဝရကျောက်ချနေလိမ့်မည်မဟုတ်။ ကျင့်သုံးသော ပေါ်လစီအပြောင်းအလဲပေါ်မူတည်ပြီး ပုံစံတစ်ခုမှ တစ်ခုသို့ ရွှေ့သွားနိုင်သလို ပုံစံတစ်ခုအတွင်းမှာပင် အလေးအပေါ့၊ အတိုင်းအဆတွင်လည်း အပြောင်းအလဲရှိနိုင်သည်။ ဖူကူယားမားက ဤအချက်ကို ၁၉၈၀ နှင့် ၁၉၉၀ အလွန်နှစ်များအတွင်း

ကြုံခဲ့ရသော ပေါ်လစီပုံ ပြင်များနှင့်ဆက်စပ်ပြီး နိုင်ငံသုံးခု၏အရွေ့ကို ထောက်ပြ ရှင်းလင်းသည်။ ရုရှား၊ ဂျပန်နှင့် နယူးဇီလန်တို့ ဖြစ်ပါသည်။ (ပုံးတွဲပါပုံကို ကြည့်ပါရန်)




ဆိုဗီယက်ယူနီယံမှာ ဒုတိယပုံစံအတွင်းမှဖြစ်သည်။ နိုင်ငံတော် အဖွဲ့အစည်းများအားကောင်းသည့်တိုင် စီးပွားရေးတစ်ခုလုံးမှာ နိုင်ငံတော်ပိုင် နယ်ပယ်ထဲတွင် သာရှိသည်။ ဆိုဗီယက်ယူနီယံပြိုကွဲအပြီး ရုရှားသမ္မတနိုင်ငံ ထူထောင်သောအခါ အိုင်အမ်အက်(ဖ)ပေါ်လစီ အညွှန်းဖြင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများလုပ်ခဲ့သည်။ နိုင်ငံတော်ကဏ္ဍမှ ပုဂ္ဂလိကကဏ္ဍသို့ ကူးပြောင်းခြင်းနှင့်အတူ နိုင်ငံတော်အဖွဲ့အစည်းများပါ ပြိုဆင်းလာခဲ့သည်။ အကျိုးဆက်အနေနှင့်မျှော်လင့်ထားသော ဖွံ့ဖြိုးမှုကိုမရဘဲ စီးပွားရေးကျဆင်းမှုနှင့်သာရင်ဆိုင်ခဲ့ရသည်။ တတိယ ပုံစံဖွဲ့စည်းပုံသို့ လျှောကျသွားသော သာဓက ဖြစ်ပါသည်။

ဂျပန်မှာလည်း ဒုတိယပုံစံ နိုင်ငံတစ်ခုဖြစ်သည်။ အဖွဲ့အစည်းများ အားကောင်းသော်လည်း စီးပွားရေးရာ နိုင်ငံတော်နှင့်ဆက်စပ်နေသော ကော်ပိုရိတ်စနစ်အောက်တွင်ရှိသည်။ ၁၉၈၀ နောက်ပိုင်း စီးပွားရေးတန့်ရပ်မှုများနှင့် ရင်ဆိုင်ရတော့မှ ပြုပြင်ပြောင်းလဲမှုများ လုပ်လာသည်။ ပုဂ္ဂလိကကဏ္ဍအတွက် လမ်းစအချို့ ပွင့်လာသည့်တိုင် အဖွဲ့အစည်းပိုင်းတွင် စွမ်းဆောင်ရည် ကျစပြုလာသည်။ ဤအချက်ကို ထိန်းနိုင်လျှင် ပထမပုံစံသို့ တက်သွားနိုင်စရာရှိသည်။ မထိန်းနိုင်လျှင်

တတိယပုံစံသို့ လျှောကျနိုင် သည်။ ယခုချိန်ထိတော့ ဒုတိယပုံစံတွင်းမှာပင် ရှိနေဆဲဖြစ်ပါသည်။

နယူးဇီလန်မှာ တတိယပုံစံထဲမှဖြစ်သည်။ စစ်ပြီးခေတ် တစ်လျှောက် လုံး 'ရွှေပြည်သာနိုင်ငံများ' (welfare states) လမ်းကြောင်းအတိုင်း လိုက်ခဲ့သည်။ ၁၉၈၁ နောက်ပိုင်း စီးပွားရေး ပြုပြင်ပြောင်းလဲမှုများတွင်မှ ရွှေပြည်သာ လမ်းကြောင်းကို သိသိသာသာခွာစပြုလာသည်။ နိုင်ငံတော်ပိုင်ကဏ္ဍကို လျှော့ချလာခြင်းနှင့်အတူ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ခဲ့သည်။ သို့နှင့်အမျှ ၁၉၉၀ အလွန်နှစ်များအရောက်တွင် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာပြီး ပထမပုံစံနိုင်ငံတစ်ခု ဖြစ်လာသည်။

အဆိုပါအချက်များက ဘာကိုဖော်ပြနေသနည်းဆိုလျှင် နိုင်ငံတည်ဆောက်ရေးတွင် အဖွဲ့အစည်းဘောင်သွင်းခြင်း၏ အချက်အချာအခန်းကို မီးမောင်းထိုးပြလိုက်ခြင်းဟု ဆိုပါသည်။ ဤအချက်ကို အလေးမထားဘဲ စစ်အေးလွန်အိပ်မက်ကို လက်တွေ့ အကောင်အထည်ဖော် နိုင်စရာမရှိဟု ထောက်ပြလိုက်သည်။ ကိုဆိုဗို၊ အာဖဂန်နစ္စတန်တို့တွင် တည်ငြိမ်မှုနှင့် အလှမ်းဝေးနေသေးခြင်း။ လက်ရှိ အီရတ်ပြဿနာကို အနားမသတ်နိုင်သေးခြင်းတို့မှာ နိုင်ငံတည်ဆောက်ရေး ဘာသာရပ်နှင့် တိုက်ရိုက်ဆက် စပ်နေသည်ဟု သုံးသပ်ဖော်ပြလိုက်ပါသည်။ စိတ်ဝင်စားသူတိုင်း အတွေးနယ်ချဲ့ကြပါကုန်။

**စာညွှန်း**

State Building (By Francis Fukuyama)

'ပန်းသက်တံစာပေ' မှ ထုတ်ဝေခဲ့ပြီးသော....

**မောင်ရှူးစမ်း**
**စင်ပြိုင်ဒရမ်မာကမ္ဘာကုန်ကျယ်သရွေ့နှင့် လှသောစိတ်**

*"လက်ဝဲယိုင်သည့် အသိပညာရှင်၊ လစ်ဘရယ်ဆန်သည့် အသိပညာရှင်တို့သည် ကမ္ဘာကြီး ဘယ်လိုပြောင်းလဲသွားသနည်း ဆိုသောအချက်နှင့် အလှမ်းဝေးနေကြပြီ . . . အကြမ်းဖက်ဝါဒသည် တစ်ကမ္ဘာလုံးကို အပြောင်းအလဲဖြစ်သွားစေပြီဆိုသော အချက်ကို မမြင်ပြီ။"*

**ကျော်ဝင်း**
**ဘိစနက်ဂျာနယ်လစ်ဇင်**
*(အကြံပြုချက် - ၁၀)*

*'လူသားရှုထောင့်' ဟာ ဘက်စုံဖို့တော့ လိုတယ်နော်၊ 'မြင်ထောင့်' တစ်ခုတည်းက အသေထိုင်ကြည့်လို့ကတော့ 'လူသားရှုထောင့်' ရမှာမဟုတ်ဘူး။ 'လူတစ်စုရှုထောင့်' သာဖြစ်လိမ့်မယ်။*

**OPINION**

ပီတာအက်(ဗ)ဒရပ်ကာ

ဆယ်မျူရယ်ဟန်တင်တန်

ဖရန်ဆစ်ဖူကူယားမား

အူးရစ်(ချ)ဘက်(ခ)

အယ်(လ)ဗင်းတော်ဖလာ...

စသော ကမ္ဘာ့သိ ပညာရှင်ကြီးများ

# ကျော်ဝင်း
# သူတို့အမြင် သူတို့အပြော

ကိုဖီအာနန်

ရီမွန်ပီရက်

ဂျင်မီကာတာ

မိုက်ကယ်မန်လေ

ကီရိုးမာဘူဘာနီ...

စသော ကမ္ဘာ့သိ ခေါင်းဆောင်ကြီးများ

**INTERVIEW**

design : MyomyintwiN